www.burmeseclassic.com





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၃၁၀၆၀၂
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၀၅၅၀၆၀၃
- ပထမအကြိမ် – ၂၀၀၆၊ အောက်တိုဘာလ – ခင်ရိုးဝင်း စာပေ
- အုပ်ရေ – ၁၀၀၀
- တန်ဖိုး – ၁၅၀၀
- ထုတ်ဝေသူ – ဦးကျော်တင်း (မြ–၀၉၁၀) ယုံကြည်ချက်စာပေ
- ပုံနှိပ်သူ – စိန်ကြည်ပုံနှိပ်တိုက်(မြ–၀၃၀၀၅)
  အမှတ်(၅၂)၊ လမ်း–၃၀၊ ပန်းဘဲတန်းမြို့နယ်
  ရန်ကုန်မြို့။
- မျက်နှာဖုံးပန်းချီ – ရန်နိုင်ဦး
  ဘူတာ(၁၁)လမ်း၊ ၃၁/ရပ်ကွက်၊ မြောက်ဥက္ကလာပ
- ကွန်ပျူတာစာစီ – မိုးဝင်း
  ဆုလာဒ်ဗွင်း(မိုးဝင်း ကွန်ပျူတာ)၊ မြောက်ဥက္ကလာပ
- စာအုပ်ချုပ် – ကြည်ကြည်ရွှေ
  အမှတ်(၆၄၀)၊ အောင်သဗ္ဗာ(၂)လမ်း၊
  ၄–တောင်ရပ်ကွက်၊ သာကေတ။
- ဖြန့်ချိရေး – ခင်ရိုးဝင်း စာပေ
  တိုက်–၂၊ အခန်း–၁၀၅၊ ဝေဇယန္တာအိမ်ယာ၊
  သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။
- ဖုန်း – ၅၇၃၅၀၅ (လိုင်းခွဲ – ၃၁၃)



www.burmeseclassic.com

စာရေးဆရာမကြီး မဝင်းမြင့် ရေးသားခဲ့သော မည်သည့်
ဝတ္ထု(သို့မဟုတ်) မည်သည့်အစိတ်အပိုင်းကိုမဆို ပုဂ္ဂလိက လေ့လာမှု၊
သုတေသနပြုမှု၊ ဝေဖန်မှု၊ ပြောဆိုမှု စသည်တို့အတွက် အကိုးအကား
အလျောက် တရားသဖြင့် အသုံးပြုခြင်းမှ အပ မူပိုင်ရှင်ထံမှ စာဖြင့်
ရေးသား ခွင့်ပြုချက် မရရှိဘဲ အသုံးမပြုရန် တားမြစ်သည်။

မူပိုင်

တဦးတည်းသောသမီး

ခင်နှင်းဝင်း

ခင်နှင်းဝင်း [illegible]

ဖုန်း - ၅၇၇၅၈၅ (လိုင်းခွဲ-၇၇၇)

တိုက်-၂၊ အခန်း-၁၀၅၊ ဝေဇယန္တာအိမ်ရာ၊

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

# ၁

"အချစ်သည် မျက်စေ့မရှိ Love is Blind ဆိုတဲ့ စကားကို လက်သုံးထားပြီး မကြာခဏ ငါ့တူမ ပြောနေတဲ့ စကားကို ဒေါ်လေးကောင်းကောင်း နားလည်တာပေါ့ကွယ်။ အချစ်နဲ့ပတ်သက်ရင် မျက်စေ့မရှိဘူး၊ မျက်စေ့ကန်းတယ် ဆိုတာကို ဒေါ်လေးဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ အချစ်နဲ့ ပတ်သက်ရင် မျက်စေ့ပိုပြီးမြင်ရမယ်။ ကြည်လင်ပြတ်သား ရမယ်။ အမှားအမှန် သင့်မသင့် တော်မတော်ကို ခွဲခြားနိုင်ရမယ်။ မျက်စေ့ကန်းခြင်းစိတ်ပေါ်လာရင်တောင် စဉ်းစားဉာဏ်ဆိုတဲ့ မျက်စဉ်းကို နာနာခပ်[illegible]ယ်တူမရဲ့။ နောက်တစ်ချက်ကလဲ ကိုယ်ချစ်မိပြီဆိုတဲ့လ[illegible]ယ်တစ်ယောက်ထဲ မျက်စေ့နဲ့မကြည့် ရဘူး။ ကိုယ်တစ်ယောက်ထဲကြားတဲ့ သတင်းစကားကိုမယုံရဘူး။ ဒီလူကိုပတ်ဝန်းကျင်မှာ ဘယ်လိုမြင်နေတယ်၊ ဘယ်လိုကြားနေ တယ်ဆိုတာ နားမျက်စေ့ဖွင့်ပြီး အကဲခပ်နေရတယ်။ ကိုယ့်ကို အုပ်ထိန်းသူရှိနေရင် တိုင်ပင်ရတယ်၊ အသိပေးရတယ်။ ပညာရှိသတိဖြစ်ခဲ့ဆိုတာလို ကိုယ့်ကိုယ်က ဘယ်လောက် အကင်းပါးနေစေကာမူ အချစ်နဲ့ပတ်သက်လာရင် အသိဉာဏ် ချို့ယွင်းတတ်တယ်တူမရဲ့"

ခင်နှင်းဝင်း [illegible]

www.burmeseclassic.com



ဘော်ဒီအကျႌကို နှိပ်ကြယ်သီးတွေ တတ်နေသော ဒေါ်ခင်မော်က မှန်တင်ခုံမှာ အလှပြင်နေသော တူမချော သီသီနိုင်ကို စီခါစဉ်ခါပြောနေသည်။ သီသီနိုင်သည် မျက်နှာပေါ်ကသနပ်ခါးကို သွားပွတ်တံဖြင့် ညှိနေရာမှ မှန်ထဲတွင်ပေါ်နေသော သူ့အဒေါ် ဒေါ်ခင်မော်၏ အသက်နှင့်မလိုက်အောင် နုပျိုသောရုပ်ရည်ကို ကြည့်ခါပြုံးလိုက်သည်။

''သီသီတို့ရုံးက မဆိုးဖို အရာရှိကြီးက ဒေါ်လေးကို မျက်စေ့ကျနေတယ်ဆိုတာ ပြောမိတာနဲ့ ဒေါ်လေးက အချစ်အဘိဓမ္မာကြီးဟောနေလိုက်တာ။ ဒေါ်လေးအဲ့ဒီလို စဉ်းစားလွန်းလို့လဲ အခုအသက်လေးဆယ်နားနီးအောင် အပျိုကြီး ဘဝနဲ့ နေနေရတာထင်ပါရဲ့''

သီသီနိုင်က ပြောပြီးရယ်လိုက်သည်။

''မရယ်နဲ့တူမ။ ဒေါ်လေးပြောတဲ့ စကားတွေက ဒေါ်လေးအဖို့သာ မဟုတ်ဘူး။ တူမဖို့လဲ သတိပေးတာဘဲ။ ဒို့မှာ အရင်းအချာဆုံးရယ်လို့ အပြေးအလွှားရေတွက်မှ ဒီတူအရီးနှစ်ယောက်တဲ့ ကျန်တော့တာဟုတ်လား။ ဒေါ်လေးမှာလဲ မိဘတွေ မရှိတော့ဘူး။ ရှားရှားပါးပါး ညီအစ်မနှစ်ယောက်ရှိပါတယ်၊ မမက သီသီကို မျက်နှာမြင်ပြီး မီးတွင်းထဲမှာ သေဆုံးသွားခဲ့တယ်လေ။ သီသီ့အဖေကဆိုရင် အခုနောက်မယားနဲ့ကြော့လို့။ သမီးလေး ရယ်လို့မှ လှည့်ကြည့်ရဲ့လား။ အိုလေ လှည့်ကြည့်စရာအကြောင်း ကလဲ မရှိတော့ဘဲကိုးတူမရဲ့။ အဲဒါလဲ အခုတင်က ဒေါ်လေး ပြောခဲ့သလို သီသီ့ အမေ ဒေါ်လေးရဲ့မမပေါ့လေ၊ အချစ်သည် မျက်စေ့မရှိဆိုတဲ့ တရားကို ယုံစားသွားမိလို့ မဟုတ်လား''





ဒေါ်ခင်မော်သည် အပျိုကြီးပီပီ စကားပြောလျှင် လျှာရှည်ရှည်ပြောတတ်သည်။ တစ်ခါတစ်ရံ သူလျှာရှည်ရှည်ပြောသည့် စကားများက မှတ်လောက်သားလောက်ဖြစ်သည်။ ထို့ကြောင့် သာလျှင် သီသီနိုင်သည် သူ့မိဘနှစ်ပါး၏ ဘဝဇာတ်ကြောင်းကို ရေလည်စွာသိလာခဲ့ရ၏။ ယခုဒေါ်ခင်မော်က သူ့အမနှင့် သူ့ခဲအို အကြောင်း စကားတစ်ခွန်းတစ်စပါလာသောအခါ သီသီနိုင်သည် အကျႌလဲဝတ်နေရင်းမှ သူ့မိဘအကြောင်းကို စိတ်ထဲမှာ ပြန်လည်ထင်မြင် သတိရလိုက်သည်။

သီသီနိုင့်မိခင် ဒေါ်ခင်သော်ကား ဒေါ်လေး ဒေါ်ခင်မော်ထက် အကြီးဖြစ်၏။ မိဘတွေက စစ်ပြီးခေတ်မှာ ကုမ္ပဏီပိုင်ရှင် သူဌေးတွေဖြစ်၏။ သမီးနှစ်ယောက်ဖြစ်သော သော်နှင့်မော်ကို ပညာသင်ခဲ့သော်လည်း သော်သည် အချစ်ဟူသည် မျက်စေ့မရှိဟူသာစကားကို လက်ကိုင်ထားခါ ပေါ့ပေါ့နေ ပေါ့ပေါ့စားမင်းသားရုပ်လိုလှပသည့် အလုပ်လက်မဲ့လူတစ်ယောက်နောက်သို့ မိုက်မှားစွာ လိုက်ပါသွားခဲ့သည်။ သဘောမတူနိုင်ဟူသော စိတ်ဖြင့် ပစ်ထားလျှင် သမီးအခြေအနေဆိုးမည်ကို စိုးရိမ်သော မိဘနှစ်ပါးက ပြန်လည်ခေါ်ယူခါ မိမိတို့ကုမ္ပဏီမှာပင် အလုပ်ပေးထားခဲ့သည်။ သီသီနိုင့် ဖခင်သည် ယောက္ခမအရှိန်အဝါကို ကြောက်ရွံ့သောစိတ်ဖြင့် အလုပ်လုပ်နေရသော်လည်း စိတ်တိုင်းကျ သုံးလိုဖြုန်းလို ပျော်ပါးလိုသော အခွင့်အရေးကို မရရှိသည့်အတွက် မည်သည့်အခါမှ မျက်နှာထားမကြည်လင်ခဲ့ချေ။ သူ့ ကုသိုလ်ကြောင့်ထင်သည်။ မခင်သော်၏ မိဘနှစ်ပါးမှာ စီးမှီးရေးကိစ္စဖြင့် မန္တလေးသို့ သွားရာမှအပြန်ခရီးတွင် သေဆုံးကျန်းသူ



www.burmeseclassic.com

www.burmeseclassic.com



တို့စနက်ဖြင့် ရထားမှောက်ရာတွင် နှစ်ယောက်လုံး ပါသွားရှာကြလေတော့သည်။

သီသီနိုင်၏ ဖခင် လက်ပန်းပေါက်ခပ်လေပြီ။ ထိုအချိန်မှာ မခင်မော်က ဘီအက်စ်စီ အောင်ပြီး၍ မိဘပိုင်ကုမ္ပဏီမှာ အုပ်ချုပ်လုပ်ကိုင်နေသူဖြစ်၍ ငွေရေးကြေးရေး စာရင်းအင်းကို ကောင်းစွာနိုင်နင်းနေလေသည်။ ထို့ကြောင့် သီသီနိုင်၏ဖခင် လုပ်ခြင်ရာလုပ်၍ မရသောအခါ မယားဖြစ်သူ မခင်သော်ကို ချော့မော့မြှောက်ပင့်ခါ အမွေခွဲခိုင်းလေသည်။ မျက်စေ့မှိတ်ပြီး ချစ်ထားသောလင်ဖြစ်၍ မခင်သော်က အမွေခွဲလေသည်။ လင် ယောက်ျားစကားကို ပျားသကာလိုချိုနေသော အမဖြစ်သူ၏ ဆန္ဒအရ မခင်မော်က လူကြီးစုံရာ စာချုပ်စာတမ်းဖြင့် ရှင်းလင်းပြတ်သားစွာ ခွဲဝေပေးလိုက်လေသည်။ မခင်သော်တို့ ဇနီးမောင်နှံ အိမ်ခွဲဆင်းသွားကြလေသည်။ မခင်မော်သည် စီးပွားရေးကို ဆက်မလုပ်တော့ဘဲ ဘဏ်မှာအပ်ထားသော ငွေတိုးဖြင့် အေးအေးလူလူပင် နေထိုင်ခဲ့သည်။ မခင်မော်အား ချစ်ကြိုက်သူ၊ လက်ထပ်လိုသူ ပေါ်လာသော်ငြားလည်း စဉ်းစားဆင်ခြင်ရာ၌ အလွန်စေ့စပ် သေချာသော မခင်မော်သည် စဉ်းစား၍သာ နေဆဲဝယ်၊ နေ့စေ့လစေ့ကိုယ်ဝန်ကိုလွယ်ခါ ညှိုးငယ်ပိန်ချုံးသော ရုပ်ရည်ဖြင့် အမဖြစ်သူ မခင်သော်က အိမ်ပေါ်တက်လာပြီး ဖြိုင်ဖြိုင်စီးကျသော မျက်ရည်ဖြင့် တောင်းပန်စကားများကို ငိုကာရှိုက်ခါပြောပြရှာသည်။ မခင်သော်ပြောပြသော စကား၏လိုရင်း အဓိပ္ပါယ်ကား သူ့ချစ်လင်သည် ပစ္စည်းဥစ္စာကို ဖြုန်းသုံးရုံဖြင့် အားမရဘဲ မယားငယ်ယူသည်။ ထိုမယားငယ်ကို အိမ်ပေါ်ခေါ်တင်လာပြီး





သူ့ကို မနေနိုင်အောင် နှိပ်စက်ညှဉ်းဆဲ၍ ညီမ မခင်မော်ထံ ပြန်လည်ခိုလှုံရန် တောင်းပန်ခြင်းပင်ဖြစ်သည်။

မခင်မော် မည်သည့်အပြစ်တင်စကားကိုမှ မဆိုလိုတော့ချေ။ ဆို၍လည်း အကြောင်းမထူးတော့ဟု စဉ်းစားမိသည်။ ထို့ကြောင့် မွေးဖွားလုဆဲဆဲ ကိုယ်ဝန်ဆောင်နေရသူ အမအား စိတ်ချမ်းသာရန်သာ ပြုစုရတော့သည်။ သို့သော် မခင်မော် ကြာရှည်မပြုစုလိုက်ရတော့ချေ။ သမီးလေး သီသီနိုင်ကို မျက်နှာမြင်ပြီး သုံးရက်အရမှာပင် အကြောင်းကြောင်းသော စိတ်ဆင်းရဲခြင်းတို့ဒဏ်ဖြင့် မခင်သော်တစ်ယောက် လူ့ဘဝကို စွန့်လွှတ်သွားရှာလေသည်။ အစကနဦးကပင် အိမ်ထောင်ပြုရေးမှာ စဉ်းစားဆင်ခြင်လွန်းသော မခင်မော်သည် အမဖြစ်သူ၏ ကိုယ်တွေ့မျက်မြင်ဒုက္ခကြောင့် ယောက်ျားယူချင်စိတ် လုံးဝကုန်ခမ်းပြီး အားကိုးရာမဲ့ တူမလေး သီသီနိုင်ကိုသာ သူ့အသဲနှစ်လုံးထဲမှ ရှိသမျှအချစ်တွေ ပုံပေးပြီးအပျိုကြီးဘဝဖြင့် မွေးမြူလာခဲ့သည်မှာ ယခုသီသီနိုင် အသက်နှစ်ဆယ်က သုံးနှစ်ပင် စွန်းခဲ့ပြီ၊ ဘီအေအောင်ခဲ့ပြီး ရုံးတစ်ရုံးမှ အငယ်တန်းအရာရှိမကလေး တစ်ယောက်ပင် ဖြစ်နေလေပြီ။

အကျီလုံချည်လဲဝတ်ပြီး၍ သူ့အနားမှာ လာထိုင်သော သီသီနိုင်ကို ဒေါ်ခင်မော်က အကျီကြယ်သီးတတ်နေရာမှ မော့ကြည့်လိုက်၏။ သီသီနိုင်မျက်နှာက ပြုံးနေသည်။ ပြုံးပုံကတစ်မျိုးဖြစ်သည်။ ဤကဲ့သို့ ပြုံးလျှင် သူ့အဒေါ် အပျိုကြီးထံမှ အခွင့်အရေးတစ်ခုခုကို တောင်းနေကျဖြစ်ကြောင်း ဒေါ်ခင်မော်က သိပြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....ဆိုစမ်း မိသီ.....ညီပြုံးရင် တစ်ခုခုဘဲ"

ဒေါ်ခင်မော်က စကားစပေး၏။

"ဒေါ်လေးက ကြိုသိနေပါလား"

သီသီနိုင်က ရယ်ပြီး ပြော၏။

"ညီအမေဝမ်းက ကျွတ်လို့ အူဝဲလို့ ပါးစပ်ကလေးဟတဲ့အချိန်ကစပြီး.....ငါ့တူမလေး ဗိုက်ထဲအူဘယ်နှစ်ခွေရှိလဲလို့ ဒေါ်လေး ကြည့်ထားခဲ့တယ်လေ"

ဒေါ်ခင်မော်က ခပ်ပြုံးပြုံးပင် ပြော၏။

"သီသီ့ သူငယ်ချင်းတစ်ယောက် အိမ်လာလည်မယ်လို့ ပြောထားတယ်။ အဲဒါ ဒေါ်လေးသိထားရအောင် ကြိုတင်ပြောတာပါ"

"တူမတို့ရုံးကဘဲလား"

"ဟုတ်တယ် ဒေါ်လေး"

"မောင်ကျော်ဆင့် ဆိုတာလား"

ဒေါ်ခင်မော်က နာမည်ပြောပြီး မေးလိုက်သောအခါ သီသီနိုင်က အံ့အားသင့်သွားသည်။

"ဒေါ်လေးကို ဘယ်သူပြောလဲ"

"ဒေါ်လေး ဧတ်ပညာတတ် အပျိုကြီးပါ တူမရယ်၊ ဒါလောက် မအ,ပါဘူး"

ဤမျှသာ ဒေါ်ခင်မော်က ဖြေသော်လည်း သီသီနိုင်မျက်နှာက ပန်းရောင်သွေးလေး မသိမသာလွှမ်းသွားသည်။ သာမဲ့ ဒေါ်လေးကို ကိုကျော်ဆင့်ဆိုတာ ဒီအပျိုကြီး ဘယ်လိုသိပါလိမ့် ဟု သီသီနိုင်ကတွေးသည်။ ထို့ကြောင့် မည်ကဲ့သို့ သိကြောင်း





ပြန်လည်မေးရပေလိမ့်မည်။

"ကိုကျော်ဆင့်ကို ဒေါ်လေးသိလို့လား"

"လူခြင်း မသိဘူး.....မြင်ဘူးတယ်ကွဲ့"

"ဘယ်မှာမြင်ဘူးလဲ ဒေါ်လေး"

"တူမတို့ရုံးမှာဘဲ။ တစ်ခါ ဒေါ်လေးကိစ္စရှိလို့ တူမတို့ရုံးရှေ့ကဖြတ်အသွား ရုံးအရှေ့မှာ ရပ်နေတာမြင်လို့ ဒီသူငယ် မောင်ကျော်ဆင့်ဘဲလို့ သိခဲ့တာပေါ့"

ဒေါ်ခင်မော်အဖြေကို သီသီနိုင်က ကွင်းဆက်ရှာပြီး တွေးနေသည်။ ရုံးရှေ့မှာရပ်နေသည်ကို မြင်ရုံဖြင့် ဒီသူငယ် မောင်ကျော်ဆင့်ဟု သိနေသည်ဆိုခြင်းမှာ သီသီနိုင်၏ ဘီရိုထဲမှာ သိမ်းထားသော မောင်ကျော်ဆင့်ဓါတ်ပုံကို ဒေါ်ခင်မော်တွေ့မြင်ထားပြီးဖြစ်၍သာ လူကိုမြင်သည်နှင့် ချက်ခြင်းမှတ်မိခြင်းဖြစ်ပေမည်။ ဓါတ်ပုံ၏ နောက်ကျောဘက်တွင် ချစ်သူတို့ သဘာဝ အလျောက် တီတီတာတာ ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးပြီး နာမည်ကို လက်မှတ်ထိုးပေးထားသည်။ ထိုသို့ ဓါတ်ပုံကိုတွေ့ပြီးဖြစ်လျှင် သီသီနိုင်သည် သူနှင့်မောင်ကျော်ဆင့်တို့ မေတ္တာရှိနေကြသည်ကို ဒေါ်ခင်မော် သိပြီးဖြစ်၍သာ အချစ်သည် မျက်စေ့ရှိသင့်ကြောင်း၊ မကန်းသင့်ကြောင်းတွေကို လျှာရှည်ရှည်ဖြင့် ဟောပြောနေခြင်း ဖြစ်ပေမည် စသည့် ကွင်းဆက်တွေကို တွေးမိသော သီသီနိုင်က သူ့အဒေါ်မျက်နှာကို ခပ်ရွံ့ရွံ့မော်ကြည့်၏။

တူအရီးနှစ်ယောက် သူငယ်ချင်းလို ရင်းရင်းနှီးနှီးပြောဆိုဝံ့သည်ဆိုစေကာမူ မိဘအရင်းထက် မကသော ကျေးရွာရှင် တစ်ယောက် ဖြစ်နေ၍ ရှိသေ လေးစားအောင် နေထိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မော်အား တကယ်တန်းဆိုလျှင် သီသီခိုင်က ကြောက်သည်၊ ရှိသေသည်၊ ပြောဆိုစီမံသည်ကို နာခံသည်၊ ထို့ကြောင့် သူ့အပြစ်ကလေးရှိနေသော သီသီခိုင်က လေပြော့ကလေးဖြင့် မျက်နှာပိုးသေသေ ပြန်ပြောသည်။

"ဟုတ်ပါတယ် ဒေါ်လေး၊ ကိုကျော်ဆင့်လာမှာပါ"

"ဒီသူငယ်က ဘယ်လိုလဲ၊ သူ့ရာဇဝင်ကို ဒေါ်လေး သိချင်တယ်"

"သူက မိဘတွေမရှိတော့ပါဘူး၊ ဇာတိက ပြည်မြို့က ပါ။ ဘွဲ့ကွမ်းအောင်ပြီးသား၊ သီသီ့အရင် ရုံးမှာအလုပ်ရနေပြီးသားပါ။ သူနဲ့သီသီနဲ့ ရာထူးလခချင်း အတူတူပါ ဒေါ်လေး။ အခု သူနေတာက သူ့မိဘများရဲ့ မိတ်ဆွေဟောင်းတစ်ဦးအိမ်မှာ ထမင်းလခပေးစား နေပါတယ်"

"ပြည်မြို့ကဆိုတော့ ဘယ်သူ့သားမြေးရယ်၊ နာမည်မေးစမ်းတူမ၊ ပြည်မှာ ဒေါ်လေးရဲ့ကျောင်းနေဘက်သူငယ်ချင်းတွေလဲရှိတယ်၊ နောက်ပြီး ဖေဖေတို့ရှိစဉ်က အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး ခင်မင်ထားဘူးတဲ့ မိတ်ဆွေဟောင်းတွေလဲ ရှိနေတယ်၊ သူတို့ဆီလှမ်းမေးလိုက်ရင် ဒီသူငယ် ဘယ်သူ့အဆက်အနွယ်၊ သူတို့ မျိုးရိုးဇာတိဘယ်လိုဆိုတာ အတိအကျ သိရတာပေါ့ကွယ်"

သီသီခိုင် ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ မောင်ကျော်ဆင့်နှင့်သူ မေတ္တာရှိကြသည်မှာ တစ်ယောက်၏မျိုးရိုးဇာတိ၊ မိဘဆွေမျိုး အဆက်အနွယ်ကို တစ်ယောက်က စုံလင်စေ့ငှအောင် မေးမြန်းထားခြင်းမရှိခဲ့ကြပေ။ မောင်ကျော်ဆင့်အနေဖြင့် သီသီခိုင်၏ မိဘဆွေမျိုး အဆက်အနွယ်ကို သိထားပြီးဖြစ်၍ပင် မမေးမမြန်း နေခဲ့ခြင်းပေလား။ သို့မဟုတ် သူလိုက်လှဲစွာချစ်လှပါသည်ဟု ဖွင့်ဟဝန်ခံထားခဲ့သော သီသီခိုင်စိတ်အနှောက်အယှက်ဖြစ်မည်၊ သံသယစိတ်ဖြင့် အထင်လွဲမည်ကို စိုးရိမ်၍ပေလား။ တစ်စွန်းတစ်စမှ မေးမြန်းစုံစမ်းခြင်းမရှိခဲ့ပေ။ ထိုသို့မောင်ကျော်ဆင့်က မမေးသောအခါ သီသီခိုင်အနေဖြင့် ပြန်လည်မေးမြန်းရမည်ကို အားနာနေသည်။ မောင်ကျော်ဆင့်က သူ့မိဘများသည် သူငယ်စဉ်ကပင် သေဆုံးကုန်၍ အဒေါ်တစ်ယောက်နှင့်အတူ နေရကြောင်းမျှလောက်သာ သူ့အလိုအလျောက် ပြောထား၍ သီသီခိုင် ဤမျှသာ သိထားခဲ့၏။ ယခု စေ့စပ်သေချာသော အဒေါ်အပျိုကြီးက မျိုးရိုးဇာတိအဆက်အနွယ်ကို မေးသောအခါ သီသီခိုင်ခမြာ မဖြေတတ်ရှာပေ။

"ပြောစမ်းပါအုံး မိသီရဲ့၊ လူမှာအမျိုး ကြက်မှာအရိုးတဲ့။ ဒေါ်လေးစိုးရိမ်တာက သူ့အဖေနဲ့အမေရော၊ သူရော အကျင့်စာရိတ္တကောင်းမကောင်း၊ သူ့မိဘတွေ အလုပ်အကိုင်က တိုင်းပြည်နဲ့လူမျိုးကို သစ္စာဖောက်မှု၊ အစိုးရအပြစ်ဒဏ်မကင်းတဲ့ ရာဇဝတ်မှု ကျူးလွန်သူတွေ ဖြစ်နေမလားဆိုတဲ့ စိုးရိမ်ချက်ပါ။ ပစ္စည်းဥစ္စာချမ်းသာတာ၊ ဆင်းရဲတာ၊ ဂုဏ်ရှိတာ မရှိတာ အရေးမဟုတ်ပါဘူး၊ အကျင့်စာရိတ္တ သန့်ရှင်းဖို့သာ အရေးကြီးပါတယ်"

သူ့မေးခွန်းကို မဖြေဘဲ ခပ်ငိုင်ငိုင်ဖြစ်နေသော တူမကို စေ့စေ့ကြည့်ရင်း ဒေါ်ခင်မော်က သူလိုချင်သော အချက်အလက်တွေကို ပြောဆိုမေးမြန်းလိုက်ပြန်သည်။ တော်တော်ကိုစေ့စေ့စပ်စပ် လျှာရှည်တဲ့ဒေါ်လေးပါလားဟု သီသီခိုင် စောင့်ကြည့်မိသည်။ သို့သော် နှုတ်က ဖွင့်ဟမပြောရဲချေ။





www.burmeseclassic.com

www.burmeseclassic.com

''သီသီ ပြန်မေးပါအုံးမယ် ဒေါ်လေး''

သီသီနိုင်က နှုတ်လေးလေးဖြင့် အဖြေပေးသည်။ ဒေါ်ခင်မော်က ပြန်မေးလိုက်၏။

''ညီးတို့ မေတ္တာရှိတာ ဘယ်လောက်ကြာပြီလဲ''

''ခြောက်လကျော်ပါပြီ''

''ဖြစ်မှဖြစ်ရလေ တူမရယ်၊ ကိုယ်ချစ်နေတဲ့လူရဲ့ မိဘ နာမည်နေရပ် အလုပ်အကိုင်ကလေးမှ မသိဘူးဆိုတာ မလွန်လွန်း ဘူးလား။ ရေမြောကမ်းတင် လွင့်ချင်ရာကလွင့်လာတဲ့လူကို ဖမ်း ပြီး အရမ်းကြိုက်ပစ်တာနဲ့တူနေပြီတူမရဲ့''

အင်း....ဒေါ်လေး ပြောတာ ဟုတ်သလိုလိုပါလား။ ငါက လဲ နေဘဲနေနိုင်လွန်းတယ်။ သူ့မိဘနာမည်တောင် မမေးမိဘဲ ကိုးဟု သီသီနိုင်က သူ့ဒေါ်လေးကို စိတ်မဆိုးဘဲ သူတို့နှစ်ယောက် လုံး တက်ညီလက်ညီ မမေးမြန်း နေခဲ့ပုံကို ပြန်တွေးခါ မျက်နှာ က ပြုံးစေ့စေ့ ဖြစ်သွားသည်။

''ဘာပြုံးတာလဲ မိသီရဲ့''

တူမကို စေ့စေ့ကြည့်နေသော အဒေါ်ကမေး၏။ သီသီနိုင် က အသံထွက်အောင်ရယ်ပြီး ပြန်ဖြေသည်။

''ဒေါ်လေးပြောမှ သတိရလို့ မိသီတို့နှစ်ယောက် နမော် နမဲ့နိုင်တာ ပြန်တွေးမိတယ်။ ဟုတ်တယ် မိဘတွေ ဘယ်သူ ဘာအလုပ်လုပ်တယ်ဆိုတာ သူကလဲမမေးဘူး သီသီကလဲ မမေး မိဘူး ဒေါ်လေးရဲ့''

''ဖြစ်ရလေအေ....အံ့ရော....ညီးတို့ခေတ်က နောက် ကြောင်းရာဇဝင်တွေ၊ မိဘမျိုးရိုး အကျင့်စာရိတ္တတွေ ဘာဖြစ်





နေနေ၊ တစ်ယောက်ကိုတစ်ယောက် ကြိုက်ချင်ရင် မစဉ်းစား မတွေးတော့ဘဲ ကြိုက်လိုက်တာဘဲလား၊ ပြင်မရအောင် လက် လွန်ပြီးမှ ဆုပ်လဲစူး၊ စားလဲရူးတဲ့ ပဒိုင်းသီးလို လူစားတွေ၊ ကျားမြီးဆွဲမိသလို လွှတ်ရအခက် ဆွဲရအခက်ဖြစ်နေတဲ့ လူစား မျိုးတွေ၊ ပစ်ရမှာလဲ အဆီနဲ့ရဲရဲ၊ စားရမှာလဲ သဲနဲ့ရှုပ်ရှုပ် လူစား မျိုးတွေဖြစ်နေရင် ဘယ်လိုလုပ်ပါမလဲ၊ ဒါကြောင့် အချစ်မှာ မျက်စေ့မကန်းနဲ့၊ မျက်စေ့ကျယ်ကျယ် ဖွင့်ထားလို့ ဒေါ်လေး ပြောတာတူမရဲ့''

ဒေါ်ခင်မော်က သူ့ဝသီအတိုင်း လေရှည်ကြီး မြည်နေ သည်။

''ဒေါ်လေးပြောတာတွေမှန်ပါတယ်''

သီသီနိုင်က ဝန်ခံ၏။

''ကဲ....ဟိုသူငယ်လာရင် စုံစုံစေ့စေ့ မေးစမ်း''

ဒေါ်ခင်မော်က အမိန့်ချ၏။

''ဒေါ်လေးကိုယ်တိုင်မေးပါ၊ သီသီမေးရင် အစီအစဉ်တွဲ့ မှာ မဟုတ်လား''

သီသီနိုင်က တာဝန်ပြန်ပေး၏။

''အေးပေါ့အေ....ညီးက မေးဆို ဒေါ်လေးကတော့ ဆံ ချည်တမျှင် ဝင်စရာတောင် မကျန်အောင်စေ့စေ့စပ်စပ်မေးမှာ နော်။ တော်တော်ကြာ ဒေါ်လေးက ဘယ်ကိုကပ်သီးကပ်သပ် မေးလို့ သူစိတ်ဆိုးသွားပြီ၊ မိသီ ဘယ်လို စိတ်ဆင်းရဲရတယ်ဆို တာတော့ မကြားချင်ဘူးနော်၊ အဲဒီလို မှတ်ကျောက်အတင်ခံနိုင် ပါ့မလား''



www.burmeseclassic.com

www.burmeseclassic.com



''မေးသာမေးပါ ဒေါ်လေးရာ၊ မိသီ ကျေနပ်ပါတယ်''

သီသီခိုင်က ကြည်ဖြူစွာ ပြန်ပြောသည်။

''အေး....ငါမေးဖို့စကားစရအောင်လဲ တူမက မိတ်ဆက်ပေးအုံးကွဲ့''

''ဆက်ပေးမယ်ဒေါ်လေး''

တူအရီးနှစ်ယောက် အတိုင်အဖောက်ညီညီ ပြောနေကြစဉ်မှာပင်၊ မောင်ကျော်ဆင့်က ရောက်လာသည်။ သီသီခိုင်က ဣန္ဒြေသိက္ခာရှိရှိပင် ဆီးကြိုနှုတ်ဆက်ခါ နေရာထိုင်ခင်းပေး၏။

''သီ တစ်ယောက်ထဲလား''

မောင်ကျော်ဆင့်က မေးသည်။

''သီသီ့ဒေါ်လေးရှိတယ်လေ၊ ကိုကျော်ဆင့်နဲ့ မိတ်ဆက်ပေးရအုံးမယ်''

သီသီခိုင်က ပြန်ပြောပြီး အခန်းထဲမှာရှိနေသော ဒေါ်ခင်မော်ကို သွားခေါ်လာသည်။ ထို့နောက် အဒေါ်ဖြစ်သူအား များစွာရိုသေလေးစားနေရာထားသည့် ဟန်မူရာကို မောင်ကျော်ဆင့် သိမြင်အောင် ထင်ထင်ရှားရှားပြပြီး မိတ်ဆက်ပေးသည်။

''ဒါ သီသီရဲ့ ဒေါ်လေးအရင်းပါဘဲ ကိုကျော်ဆင့်၊ သီသီ့အဒေါ်ဆိုပေမဲ့ အမေအရင်းလို ပြုစုခဲ့တဲ့ ကျေးဇူးရှင်ပါဘဲ''

အလွန်ရှိသေသော သီသီခိုင်၏ ဟန်မူရာကြောင့် မောင်ကျော်ဆင့်က ထိုင်ရာမှထကာ ကိုယ်ကိုခပ်ရို့ရို့ရပ်ပြီး....

''ဟုတ်ကဲ့ဒေါ်လေး....ကျွန်တော်က သီသီခိုင်နဲ့ တစ်ရုံးထဲအမှုထမ်းနေတဲ့ မောင်ကျော်ဆင့်ပါ''

ဟု သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်သည်။





''အေး.....အေး.....တွေ့ရသိရတာ ဝမ်းသာပါတယ် မောင်ကျော်ဆင့်၊ ထိုင်ပါ.....ထိုင်ပါ''

ဒေါ်ခင်မော်က ချိုသာသောမျက်နှာ ဖော်ရွေသော လေသံဖြင့် တုန့်ပြန်လိုက်သဖြင့် မောင်ကျော်ဆင့်က ကြည်လင်သော အပြုံးကို မျက်နှာမှာဖုံးပြီး ထိုင်ရင်းစွဲ ကုလားထိုင်ပေါ်မှာ ကြို့ကြို့ရှုံ့ရှုံ့ ပြန်ထိုင်လိုက်သည်။

''ဒေါ်လေးနဲ့ ကိုကျော်ဆင့် စကားပြောနေကြပါအုံး၊ သီသီ မီးဖိုချောင်ခဏ ဝင်လိုက်အုံးမယ်''

စားသောက်ဖွယ်ရာ တစ်ခုခုဖြင့် ဧည့်ဝတ်ပြုရမည့်ကိစ္စကို အကြောင်းရှာခါ သီသီခိုင်က ဒေါ်ခင်မော် စိတ်တိုင်းကျမေးနိုင်စေရန် ရှောင်ထွက်သည့်သဘောဖြင့် မီးဖိုဆောင်ထဲဝင်လာခဲ့သည်။

''တူမောင် အလုပ်လုပ်တာဘယ်လောက်ကြာပြီလဲကွဲ့''

ဒေါ်ခင်မော်က မေးခွန်းအစပျိုးလေပြီ။

''သီသီခိုင်ထက် တော်တော်ပဲစောပါတယ် ဒေါ်လေး''

''နေတာကရော ဘယ်ရပ်ကွက်မှာလဲကွဲ့''

''ကျွန်တော်တို့ ခြောက်မိုင်ခွဲမှာပါ၊ ခြံနာမည်က နွယ်နီရိပ်သာတဲ့''

နွယ်နီရိပ်သာအမည်ရှိသော ခြံနာမည်နှင့် ခြောက်မိုင်ခွဲမှာနေသည်ဆိုခြင်းကြောင့် အခြေအနေ တည်တည်တန့်တန့်ကလေးဖြစ်ဟန်တူရဲ့ဟု ဒေါ်ခင်မော်ကတွေးပြီး မေးခွန်းထုတ်လိုက်ပြန်တသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေက ဘာအလုပ်လုပ်သလဲကွဲ့၊ ရန်ကုန်ဇာတိဘဲလား၊ နာမည်တွေပါ ပြောပါအုံး မောင်ကျော်ဆင့်"

ဒေါ်ခင်မော်၏ မေးခွန်းကို မောင်ကျော်ဆင့်က ရုတ်ချည်း ပြန်မဖြေပေ၊ မောင်ကျော်ဆင့်၏ အမူအရာသည် ငိုင်သွားသလိုလို ပျက်သွားသလိုလို ဖြစ်သွားသည်ဟု ဒေါ်ခင်မော်က ထင်လိုက်၏။

"စိတ်မရှိပါနဲ့ တူမောင်၊ ဒေါ်လေးစိတ်က ရှေးဆန်တယ်ကွဲ့၊ သီသီနိုင်က တူမဆိုပေမဲ့ သူ့မိဘရှိတော့တာ မဟုတ်ဘူး။ သူ့အမေဝမ်းက ထွက်ပြီဆိုတဲ့အချိန်ကစလို့ ဒေါ်လေးမွေးလာခဲ့ရတာ၊ ဒေါ်လေးသမီးဆိုလဲဟုတ်တယ်၊ အဲဒီတော့ သီသီနိုင်နဲ့ ပတ်သက်သိကြွမ်းတဲ့ မိတ်ဆွေအပေါင်းအသင်းတွေဆို ဒေါ်လေးက မျိုးရိုးဇာတိ၊ မိဘနာမည်၊ နေရပ်တွေကို အစုံအလင်မေးမြန်းသိထားရမှ ကျေနပ်တယ်၊ ဟုတ်တယ်လေ.....သီသီကို ဒေါ်လေးက အုပ်ထိန်းနေရတာ မဟုတ်လား.....ဒေါ်လေးမှာ အများကြီးတာဝန်ရှိတယ်။ ဒါကြောင့် ဒေါ်လေးမေးနေတာကွဲ့....."

ဒေါ်ခင်မော်က လေရှည်ရှည် ရှင်းပြနေသည်။ မောင်ကျော်ဆင့် စိတ်ထဲတွင်ကား အတော်လျှာရှည်စေ့စပ်တဲ့ မိန်းမကြီးဘဲဟု တွေးမိသည်။

"ဒေါ်လေးသိချင်တာ ပြောစမ်းပါအုံး တူမောင်"

ဒေါ်ခင်မော်က တိုက်တွန်းသည်၊ မောင်ကျော်ဆင့်က တိတ်တခိုး သက်ပြင်းချပြီး တိုတိုပြတ်ပြတ်ပင် အဖြေပေးလိုက်သည်။





"ကျွန်တော့်အဒေါ်က ပြောတော့ ကျွန်တော့်မိဘတွေ ကျွန်တော်ငယ်ငယ်လေးကဘဲ ဆုံးသွားပြီ၊ ဒီအကြောင်းဆက်မမေးနဲ့လို့ပြောထားလို့ ကျွန်တော်ဒါ[illegible]က်ဘဲ ဖြေနိုင်ပါတယ် ဒေါ်လေး"

"အော်....မိဘနာမည်လောက်နဲ့ မိဘဇာတိရပ်ရွာလောက်ကိုတော့ သိမယ်ထင်တယ်"

"ကျွန်တော် လုံးဝမသိပါဘူး ဒေါ်လေး"

မောင်ကျော်ဆင့် အဖြေများက တိုလွန်း၊ ပြတ်လွန်း၊ ရှင်းလွန်းသည်၊ ဒေါ်ခင်မော်က စိတ်မလျှော့သေးချေ။

"ကဲ....ထားပါတော့လေ၊ မောင်ကျော်ဆင့် မပြောနိုင်ပေမဲ့ မောင်ကျော်ဆင့် အဒေါ်ကတော့ ပြောနိုင်ပါလိမ့်မယ်"

"ကျွန်တော့် အဒေါ်ကို သွားမေးမယ်လို့လားဒေါ်လေး"

မောင်ကျော်ဆင့်က မေး၏။

"မောင်ကျော်ဆင့် အဒေါ်က ဒီအကြောင်းတွေကို သူမွေးထားရတဲ့ တူအရင်း မောင်ကျော်ဆင့်ကိုတောင် မပြောပါဘူးဆိုရင် ဒေါ်လေးတို့လို အပြင်လူက သွားမေးတော့ ပြောမှာတဲ့လား၊ ဒေါ်လေး ဒါလောက်စဉ်းစားဉာဏ် မနည်းပါဘူးကွယ်၊ နောက်ဆုံး ဒေါ်လေးသိချင်တာ တစ်ခုဘဲပြောခဲ့တော့....."

မောင်ကျော်ဆင့်က စိတ်သက်သာသွားသည်။ ထို့ကြောင့် ပေါ့ပါးသွက်လက်သောအသံဖြင့် ပြန်ပြော၏။

"ဟုတ်ကဲ့ပြောပါ ဒေါ်လေး"

"မောင်ကျော်ဆင့်တို့ တူအရီးနေတဲ့ အိမ်လိပ်စာတော့ သိချင်တယ်....."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခုတင်ကပြောခဲ့ပါပြီ ဒေါ်လေး၊ နွယ်နီရိပ်သာခြံ၊ ခြောက်မိုင်ခွဲဆိုတာ"

"ဒါနဲ့ မလုံလောက်သေးဘူးလေ၊ ခြံအမှတ်ကိုပြောအုံး"

"ခြံအမှတ်ရယ်လို့ မရှိပါဘူး ဒေါ်လေး၊ အသိမိတ်ဆွေတွေဘဲဖြစ်စေ၊ စာတိုက်က စာတွေပဲဖြစ်စေ နွယ်နီရိပ်သာခြံလို့ဘဲ အသိအမှတ်ပြုကြပါတယ်"

"ဖြစ်မှဖြစ်ရလေ၊ ခြံအမှတ်မရှိဘူးဆိုတာတော့ အံ့သြစရာဘဲ၊ ခြံမျက်နှာစာမှာ နွယ်နီရိပ်သာဆိုတဲ့ ဆိုင်းဘုတ်ရော ရှိလား....."

"မရှိပါဘူး"

မောင်ကျော်ဆင့်၏အသံတွင် စိတ်တိုဟန်က ရေးရေးမျှ ထင်လာသည်။

"မောင်ကျော်ဆင့် အဒေါ်နာမည်ရော....."

"ဒေါ်မေကြိုင်ပါ"

"အိမ်ထောင်မရှိဘူးလား....."

"မရှိပါဘူးခင်ဗျာ"

"ဘယ်လိုမရှိတာလဲ၊ အပျိုကြီးလား....."

"ဟုတ်ကဲ့"

"တူလိုက်ပလေကွယ်၊ ဒေါ်လေးလိုပေါ့ အပျိုကြီး အချင်းချင်းဆို စကားပြော လေပေးဖြောင့်တတ်တယ်၊ ဒေါ်လေးနဲ့ မိတ်ဆက်ပေးအုံးကွဲ့....."

"ဟုတ်ကဲ့"

"အသက်ဘယ်လောက်ရှိပြီလဲ....."





"လေးဆယ်ကျော်ပါပြီ"

"ဒေါ်မေကြိုင်ကရော ဒီရန်ကုန်ဇာတိပဲလား၊ ဒေါ်မေကြိုင် မိဘတွေက ဘယ်သူတွေလဲ မောင်ကျော်ဆင့်....."

"ကျွန်တော်မသိဘူး ဒေါ်လေး"

"မဟုတ်သေးပါဘူးကွယ်၊ ဒေါ်မေကြိုင်နဲ့ ခင်းက တူ အရီးအရင်းဆိုရင် ဒေါ်မေကြိုင်မိဘတွေဟာ မင်းဘိုးဘွားအရင်းတွေပေါ့၊ ဒါလောက်မှ နာမည်တွေ မသိဘူးဆိုတာတော့ လွန်လွန်းတယ် မောင်ကျော်ဆင့်....."

ဒေါ်ခင်မော် စကားကြောင့် မောင်ကျော်ဆင့်က ခပ်ငိုင်ငိုင်ဖြစ်သွားသည်၊ ဒေါ်ခင်မော်က မေးခွန်းဆက်ထုတ်၏။

"ပြည်မြို့ဘက်မှာ ဆွေမျိုးရှိလား....."

"မရှိပါဘူး ဒေါ်လေး"

"ဒါနဲ့ သိသီခိုင်ကို မောင်ကျော်ဆင်က ပြောထားဆို၊ မိဘတွေဇာတိက ပြည်ကပါလို့....."

မောင်ကျော်ဆင့်က ဒေါ်ခင်မော်မျက်နှာကို ဖြတ်ခနဲ့ ကြည့်လိုက်၏။

"ဟုတ်ကဲ့ ကျွန်တော့်အဒေါ် ပြောထားဘူးတဲ့ စကားလေးပါ၊ အဒေါ်ပြောတဲ့အထဲမှာ ဆွေမျိုးရှိတယ်လို့ မပါပါဘူး"

မေးခွန်းထုတ်နေသော ဒေါ်ခင်မော်က စိတ်ပျက်ဟန် ပေါ်လာသည်။

"မောင်ကျော်ဆင့်အဒေါ် ဒေါ်မေကြိုင်က ဘာအလုပ် လုပ်သလဲ....."

"ဘာမှ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မော်က နောက်ထပ်ဆက်မမေးတော့ဘဲ ညှော်ခန်းထဲမှ ထွက်လာခဲ့သည်။ ညှော်ခန်းနှင့် ထမင်းစားခန်း အကူးဒေါင့်ကွေ့တွင် ဒေါ်ခင်မော်နှင့် မောင်ကျော်ဆင့်တို့ ပြောစကားကို သေသေချာချာ ချောင်းပြီးနားထောင်နေသော သီသီနိုင်ကို တွေ့ရသည်။ သူ့အနားရှိ စားပွဲဝိုင်းကလေးတွင် အခွံခွာခါ အကြောတွေ အမေ့တွေ သင်ထားသော လိမ္မော်သီးစိတ်တစ်ပန်းကန်၊ ငှက်ပျောသီးတစ်ပန်းကန်ကို တွေ့ရသည်။

"ညီးလူကို ငါစိတ်ပျက်ပြီ၊ ညီးဘာသာမေးစမ်း....."

ဒေါ်ခင်မော်က တိုးတိုးပြောပြီး ထမင်းစားခန်းထဲ ဝင်သွားသည်။ သီသီနိုင်က ဦးခေါင်းငြိမ့်ပြပြီး သစ်သီးပန်းကန်ကို ကိုင်ကာ ကူကြွေမပျက် ညှော်ခန်းသို့ ထွက်လာခဲ့သည်။ မောင်ကျော်ဆင့်က ထွက်လာသော သီသီနိုင်ကို ကြည့်နေ၏။ သူ့မျက်နှာတွင်ကား အခုမှလာရသလား၊ ဒီမှာ ခင်ဗျားအဒေါ်က စေ့စေ့စပ်စပ် လျှာရှည်နေတာ လူကို ငိုချင်စိတ်ပေါက်လာပြီဟူသော အဓိပ္ပါယ် ပေါ်နေသည်။

"ဒီအသီးလေးတွေ သွားယူနေတာ ဒါလောက်တောင်ကြာရသလား သီသီရယ်....."

သူ့ရှေ့ ခုံကလေးပေါ်မှာ လိမ္မော်သီးပန်းကန်နှင့် ငှက်ပျောသီးပန်းကန်ကို ချနေသော သီသီနိုင်အား မောင်ကျော်ဆင့်က စိတ်တိုသံဖြင့် အပြစ်တင်၏။

သီသီနိုင်က သူ့ဝသီအတိုင်း အေးအေးမြမြပင်ပြုံးသည်။

"လိမ္မော်သီးက အိမ်မှာမရှိလို့ နောက်ဘက် တံခါးပေါက်ကဆင်းပြီး သွားဝယ်ရတယ် ကိုကျော်ဆင့်ရဲ့ ဒါကြောင့်





ကြာသွားတာ"

သူတိတ်တခိုး ချောင်းနားထောင်နေသည်ကို မရိပ်မိရန် သီသီနိုင်က ဖုံးဖုံးဖိဖိပြော၏။

"ခင်ဗျားဒေါ်လေး အခု ဘယ်ရောက်သွားပြီလဲ"

"ထမင်းစားခန်း ဟိုတက်က ဝါးရုံတာမှာ စာဖတ်နေပြီ"

သူချောင်းနားထောင်ခဲ့သော ဒေါင့်ကွေ့မှာ ရှိနေသော ဒေါ်ခင်မော်အား သီသီနိုင်က ဝါးရုံတာရောက်နေကြောင်း မောင်ကျော်ဆင့်ကို အဖြေပေးလိုက်၏။

"တော်တော်ကို ကပ်သီးကပ်သပ် မေးတတ်တယ်။ ဒါကြောင့် သူ အပျိုကြီးဖြစ်နေတာ"

အိမ်နောက်ဘက် ဝရုံတာရောက်နေပြီဟူသော စကားကိုယုံ၍ မောင်ကျော်ဆင့်က အတင်းပြော၏။

"ဘာတွေမေးလို့လဲ ကိုကျော်ဆင့်"

သီသီနိုင်က မသိဟန်ဆောင်ပြီး ပြန်မေး၏။

"ဘာတွေမှန်း မသိပါဘူး သီသီရာ။ ရဲအရာရှိစစ်တာက သူ့လောက် သေချာမှာမဟုတ်ဘူး"

"ကိုကျော်ဆင့်ကရော ကျေနပ်အောင် ဖြေရဲ့လား....."

"ကိုယ်မသိတာတွေ လိုက်မေးနေတော့ ဘယ်လိုမှ မဖြေတတ်ဘူး သီသီ"

"ဟုတ်ပါတယ်လေ မသိတာတော့ ဘယ်ဖြေတတ်မလဲ"

သီသီနိုင်က လိုက်လိုက်လျောလျောပြောပြီး လိမ္မော်သီးစိတ်တွေကို လှမ်းပေးသဖြင့် မောင်ကျော်ဆင့်က စားနေသည်။ ထိုအခိုက် သီသီနိုင်က အမှတ်မထင် သဘောမျိုးဖြင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



''ကိုကျော်ဆင့် ရတဲ့လခ အကုန်သုံးပစ်လား။ အဒေါ်ကို ပြန်အပ်ရလား''

''ပြန်အပ်ရတယ်သီသီ့.....မပေးရင်း မိုးမီးလောင်သွားမှာပေါ့''

မောင်ကျော်ဆင့်က လွှတ်ခနဲ့ပြောပြီးမှ သူ့စကားကို ပြန်ထိန်း၏။

''ဒေါ်ဒေါ်က သိပ်စည်းကမ်းကြီးတာ။ ကိုယ်အရမ်းဖြုန်းပစ်မှာစိုးတယ်လေ။ ဒါကြောင့် စုပေးထားရတာ''

''ကိုကျော်ဆင့် လခကို စုပေးထားတယ်ဆိုတော့ စားစရိတ် သုံးစရိတ်ကရော''

မောင်ကျော်ဆင့်က အဖြေမပေးချေ။ သီသီနိုင်က ထိုစကားကို မဆက်ဘဲ လမ်းလွှဲလိုက်၏။

''ခြောက်မိုင်လိုနေရာမှ ညဘက်ဆို ပျင်းစရာကြီး။ တစ်ခါတစ်လေ ဒေါ်ဒေါ့်ကို ရုပ်ရှင်ကြည့်ရအောင် အပျင်းပြေခေါ်ခဲ့ပါလား''

ဒေါ်ဒေါ်က အိမ်မှာသိပ်မနေပါဘူး။ မြို့ထဲမပြတ်လာနေတာဘဲ သီသီရဲ့''

''ဟုတ်လား.....ဒါဖြင့် မြို့ထဲရောက်ရင် သီသီတို့အိမ်ဝင်ဘို့ပြောစမ်းပါ ကိုကျော်ဆင့်''

''ဘာကိစ္စရှိလဲ သီသီ''

''ဘာကိစ္စမှမရှိဘူး၊ ကိုကျော်ဆင့်နဲ့ ပတ်သက်ပြီးခင်လို့ခင်လို့ပေါ့''

''ဖြေးဖြေးတော့ တွေ့ရမှာပေါ့ သီသီရယ်''





''တွေ့ရမဲ့ဟာ သီသီက ချက်ခြင်း တွေ့ချင်မြင်ချင်တယ်''

မောင်ကျော်ဆင့်က ဘာမှပြန်မပြောဘဲ၊ လိမ္မော်သီးတစ်တ်ကို ကောက်ဝါးနေလိုက်သည်။ အတန်ကြာမှ မောင်ကျော်ဆင့်က မေးခွန်းပြန်ထုတ်၏။

''ကိုယ့်ကိုတော့ ရတဲ့လခ ဘာလုပ်လဲလို့ မေးတယ်။ သီသီရော ဘာလုပ်လဲ''

''ကိုကျော်ဆင့်လိုပေါ့၊ ဒေါ်လေးက အားလုံးစုပေးတယ်''

''စားစရိတ် သုံးစရိတ်ရော''

''အို.....ဒေါ်လေးက အားလုံးစိုက်တယ်လေ။ ဒေါ်လေးပိုင် ပစ္စည်းတွေက နဲတာမှမဟုတ်ဘဲ။ ဘဏ်မှာ အပ်ထားတာက သုံးသိန်းကျော်ရှိတယ်။ လက်ဝတ်ရတနာ အတွင်းပစ္စည်းတွေက နှစ်သိန်းကျော်ဘိုးလောက် ရှိတယ်။ ဒီတိုက်ကလဲ ကိုယ်ပိုင်ဟုတ်လား။ ဘဏ်ကရတဲ့ အတိုးနဲ့ကို စားလောက်နေတော့ သီသီ့လခလေးလောက်ကို ဒေါ်လေးက ဘာသွားလုပ်မှာလဲ ကိုကျော်ဆင့်''

''အတွင်းပစ္စည်းတွေက အိမ်မှာထားသလား။ အိမ်မှာထားရင် လုံခြုံဘို့က အရေးကြီးတယ် သီသီ။ ဘယ်နေရာမှာထားလဲ''

မောင်ကျော်ဆင့်က စဉ်းစားပူပန်ဟန်ဖြင့် ပြော၏။

''အိမ်မှာ တခုမှမရှိဘူး၊ အားလုံးဘဏ်မှာချည်းဘဲ''

သီသီနိုင်က သွက်လက်စွာ ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက် ဒေါ်ခင်မော်က ယခုမှ အိမ်ဘေးဝရံတာမှ ထွက်လာသည့် ဟန်မျိုးဖြင့် ညှော့ခန်းထဲ ဝင်လာ၏။

"သီသီ ဒို့ဦးလေးတစ်ယောက် နေမကောင်းတာ သွားကြည့်ဖို့ပြောထားတယ်။ ဦးလေးကတော့ ဒို့တူအရီးကို မျှော်လှရော့မယ်"

ဒေါ်ခင်မော်က တူမဖြစ်သူ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြော၏။ အဒေါ်၏ အရိပ်အကဲကို နားလည်သော တူမကလည်း

"ဟုတ်ပါရဲ့ သီသီလဲ မေ့နေမိတယ်"

ဟု အတိုင်ဖောက်ညီစွာ ပြောသည်တွင် မောင်ကျော်ဆင့်က သူပြန်ရန်သင့်ပြီဖြစ်ကြောင်း သဘောပေါက်သွား၍ ဒေါ်ခင်မော်နှင့် သီသီနိုင်ကို နှုတ်ဆက်ပြီး ပြန်သွားလေသည်။



## ၂

"မိသီ.....ညည်းလူကတော့ သိပ်မဟန်ဘူးအေ့"

ဒေါ်ခင်မော်က စကားစလိုက်၏။

"ဘယ်လိုမဟန်တာလဲ ဒေါ်လေး"

"သူ့ ကိုယ်ရေးရာဇဝင် မိဘမျိုးရိုးဇာတိတွေ မေးတော့အားလုံး ဘူးခံတယ်။ တခုမှ တိတိကျကျ မပြောဘူး။ ဟော.....ငါ့ပစ္စည်းတွေနဲ့ ပတ်သက်လာတော့ ဘယ်နေရာမှာ ထားလဲ ဆိုတဲ့အထိ သူစုံစမ်းလာတယ် မဟုတ်လား"

ထိုအခါမှ သီသီနိုင်က စဉ်းစားလိုက်မိသည်။ မောင်ကျော်ဆင့်က ပစ္စည်းတွေ ထားရာကို မေးခြင်းသည် စေတနာလား၊ ဝေဒနာလားဟု သံသယ ဖြစ်လိုက်မိ၏။ ဒေါ်ခင်မော်က ဆက်ပြောသည်။

"ပစ္စည်းတွေ စကားစလိုက်တော့ ငါ့တူမ စကားအမှားပါသွားမှာစိုးလို့ ဒေါ်လေး ကဗျာကသီ ထွက်လာပြီး ပညာရှိနှင်နည်းမျိုး နှင်လိုက်ရတယ်"

"အဲဒါတော့ သီသီရိပ်မိလိုက်တယ် ဒေါ်လေး"

သီသီနိုင်က ရယ်ပြီးပြော၏။


www.burmeseclassic.com

www.burmeseclassic.com

''သူ့မိဘ သူ့အဒေါ်နဲ့ ပတ်သက်ပြီး ဒို့မေးတာကို မဖြေဘဲနေတာ အကြောင်းရှိရမယ်လို့ ဒေါ်လေးတွက်တယ်။ လူရယ်လို့ ဖြစ်လာရင် မိနဲ့ဖနဲ့ တည်တည်တန့်တန့် လူဖြစ်လာသူတွေဟာ ကိုယ့်မိဘ ဘယ်လိုအတန်းအစား ဖြစ်စေ နာမည်နဲ့ နေရပ်ဇာတိတော့ သိထားကြတဲ့လူချည်းပါ တူမရဲ့။ သူက လုံးလုံးသာ ဘူးခံနေတော့ ဒေါ်လေးခံပြင်းလွန်းလို့ ကိုယ့်ကိုယ်ကို အလွတ်စုံထောက် ဘဝပြောင်းပြီး စုံစမ်းခဲ့တယ်။ သိတန်သရွေ့တော့ သိလာခဲ့ပြီလေ''

ဒေါ်ခင်မော် စကားကြောင့် သီသီနိုင်က ပြုံးလိုက်သည်။ သတ္တိရှိသော ဤအပျိုကြီးသည် သူလုပ်ချင်သော အလုပ်တစ်ခုကို မဖြစ်နေလုပ်တတ်ကြောင်း သီသီနိုင်က သိပြီးဖြစ်၏။

''ဟုတ်လား....ဒေါ်လေး ဘယ်လိုစုံထောက်ပြီး ဘာတွေ သိလာလဲ''

''ငါ့ကိုယ်ငါ ပွဲစားယောင်ယောင်၊ ကုန်သည်ယောင် ယောင်ပေါ့၊ မျက်နှာကို နဲနဲပါးပါး ရုပ်ဖျက်ပြီး လိုင်းကားနဲ့ ခြောက်မိုင်ခွဲ လိုက်သွားတယ်၊ နွယ်နီရိပ်သာ ဆိုတဲ့ခြံကို ရှာလိုက်ရတာအေ''

''တွေ့လား ဒေါ်လေး....''

''တွေ့တော့ တွေ့တယ်အေ၊ ဒါပေမယ့် ဒီခြံက သူ့အဒေါ် ဒေါ်မမကြိုင် ပိုင်မဟုတ်တော့ဘူး၊ ကြွေးနဲ့နှိမ် ရောင်းလိုက်ရလို့ သူများလက်ထဲ ရောက်နေပြီ၊ သူတို့က ခြံစောင့်သဘောပေါ့၊ ခြံဒေါင့်က အစေခံတန်းလျားကလေးမှာ နေကြတယ်''



''ဖြစ်မှ ဖြစ်ရလေ''

သီသီနိုင်က စိတ်ပျက်လက်ပျက် ပြော၏။ ဒေါ်ခင်မော်က စကားဆက်ပြန်သည်။

''ငါက မြေပွဲစားပေါ့လေ၊ ဒီခြောက်မိုင်ခွဲမှာ ရောင်းဖို့ရာ ခြံမြေအလွတ်တွေများ ရှိသလား လိုက်စုံစမ်း မေးမြန်းတယ် ဆိုပြီး မေးတော့မှ နွယ်နီရိပ်သာခြံအကြောင်း သိရတဲ့အပြင် ဒေါ်မမကြိုင် အကြောင်းပါ သိလာခဲ့ရတယ်''

သီသီနိုင်က စိတ်ဝင်စားလာသည်။

''အင်း....ပြောပါအုံး ဒေါ်လေး....''

''ညီး စိတ်ဝင်စားလာပြီပေါ့လေ''

''ဟုတ်တယ် ဒေါ်လေးရဲ့....''

''ပြောမှပါအေ....ညီး ရှုံးသွားနေခိုက် ငါစုံထောက်ထားရတာတွေ၊ နေပါအုံး ငါ ရေသောက်ချင်သေးတယ်''

ဒေါ်ခင်မော်က ဈေးကိုင်လိုက်၏။

''နေပါ၊ နေပါ သီသီ သွားခပ်ပေးပါမယ်''

သီသီနိုင်က ဒေါ်ခင်မော် ရေသွားသောက်လျှင် သူ့မျက်စေ့ရှေ့တွေ့သည့် အိမ်အလုပ်တစ်ခုကို ကောက်ခါငင်ခါ လုပ်တတ်သည့် ဝသီအတိုင်း လုပ်နေလျှင် စကားအဆက်ပြတ်သွားမည်စိုး၍ ကဗျာကသီ ရေသွားခပ်ပေးသည်။ ဒေါ်ခင်မော်က ရေသောက်ပြီး ဆက်ပြော၏။

''ဒေါ်မမကြိုင်ဆိုတာက ဘယ်ကပြောင်းလာမှန်း မသိဘူးတဲ့၊ ဒီခြံက သူ့အမွေရထားတဲ့ခြံတဲ့၊ သူ့ယောက်ျားကလေ မိနေတယ်လို့ သူပြောတာ ခြံနားနီးချင်း ကြားရတာပေါ့လေ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com

ခြံထဲမှာက အစက သစ်သားအိမ်ကြီးတစ်လုံးရှိတယ်တဲ့၊ ဒေါ်မမကြိုင်က ဖဲသိပ်ရိုက်တယ် ဆိုပါလား၊ ဖဲရှုံးတာနဲ့ အိမ်ကြီး ဖျက်ရောင်းပြီး ခြံဒေါင့် အစေခံတန်းလျားမှာနေ၊ နောက်တော့ ဖဲကြွေးနဲ့ဘဲ ခြံကြီးပါဆုံးတော့ အစေခံတန်းလျားမှာ ခေကပ်နေတာ ဘယ်လိုမှ နှင်မရလို့ ခြံရှင်က ခြံစောင့်သဘောမျိုးထားနေတာတဲ့၊ သူတို့မထွက်ပေးလို့လဲ ဒီခြံကို ဘယ်သူကမှမဝယ်ဘဲ ဖြစ်နေတာတဲ့ မိသီရဲ့''

''ကိုကျော်ဆင့်နဲ့ တူအရီးဆိုတာရောဟုတ်ရဲ့တဲ့လား—''

သီသီနိုင်က မေးသည်။

''အဲဒါလဲ ဒေါ်မမကြိုင် အပြောဘဲတဲ့၊ ဒီခြံ ဒီအိမ်ရောက်လာချိန်က ဒီကောင်လေးက အသက်ဆယ်နှစ်တောင် ပြည့်တတ်သေးတဲ့ အရွယ်ကလေးတဲ့၊ ကောင်လေးက ဉာဏ်ကောင်းတော့ စာမေးပွဲ မှန်မှန်အောင်၊ ဆယ်တန်းအောင်တော့အခု ညီးတို့ရုံးမှာ အောက်တန်းစာရေး ဝင်လုပ်ရင်း လုပ်သက်ကောလိပ်တက်ပြီး ဘွဲ့ရတာတဲ့အေ့''

သီသီနိုင်က ဘာမှပြန်မမေးဘဲ သူ့ဒေါ်လေး မျက်နှာကိုသာငေးကြည့်နေသည်။ ဒေါ်ခင်မော်က စကားဆက်ပြန်၏။

''ဒီကောင်လေး အလုပ်ရမှ တူအရီးနှစ်ယောက် ခြောက်ပြောင်လေး ဝတ်ရစားရတာလို့ ပြောတယ်၊ ဒေါ်မမကြိုင်ကလူမမာလင်ကို ပစ်ထားပြီး အပြင်ချည်း ထွက်နေတာဘဲတဲ့၊ မိန်းမချောကြီးလို့ ပြောတယ်''

''ဒေါ်လေး မမြင်ခဲ့ဘူးလား''





''တန်းလျားလေးက တံခါးပိတ်ထားတယ်အေ့၊ အထဲမှာလူရှိမရှိ မသိဘူး၊ ခြံက နောက်ဘက်ဘေးဘက်က ကွေ့ပတ်သွားလို့ မဖြစ်ဘူး၊ ခြံဝနဲ့ တန်းလျားကလေးကလဲ တော်တော်အလှမ်းသား၊ ငါ အသံပြုအော်ခေါ်ကြည့်တယ်၊ ရစ်ခွန်းတိတိအသံကုန်ဟစ်တာဘဲအေ့၊ အရိပ်အရောင်တောင် မတွေ့ရဘူး၊ ငါလဲ ဆက်အော်ရမှာ မောတော့ လက်လျှော့ပြန်လာခဲ့တာပေါ့''

သီသီနိုင်က သက်ပြင်းချသည်။

''သက်ပြင်းချရုံနဲ့ မပြီးဘူးတူမ၊ အချိန်ယူ စုံစမ်းဖို့ အများကြီး လိုတယ်နော်၊ အခုသိလာခဲ့ရတာက အပေါ်ယံသာမန်အကြောင်းလောက်ဘဲ၊ ဘယ်ကရောက်လာ၊ ဘာမှန်းမသိ၊ သူ့ယောကျ်ားဘယ်သူမှန်းမသိ၊ ဒါလောက် အိုးအိမ်ခြံမြေပါ ပျောက်အောင် ဖဲရိုက်တယ်ဆိုတာကတော့ မိန်းမကောင်းကို မဟုတ်နိုင်ဘူး။ ညည်းလူကလဲ မေးသမျှအားလုံး ဘူးခံနေတယ်ဆိုတာလဲ ထည့်စဉ်းစားအုံး မိသီရဲ့''

''ဒေါ်လေးပြောတာတွေ ဟုတ်ပါတယ်''

သီသီနိုင်က ထောက်ခံသည်။ သီသီနိုင် စိတ်ထဲမှာ မောင်ကျော်ဆင့်ကို ဘယ်လိုစီရင်ရမှန်းမသိ ဖြစ်နေသည်။ အချစ်ဦး၊ ရည်းစားဦးဖြစ်၍ ချစ်သည်။ သူ့အပေါ် သတင်းကြားရ၍ စိတ်ပျက်သည်။ မေးမြန်းသည်ကို ဆင့်ဝှေ့ရန်ရှောင် စကားတွေဖြင့် ဘူးခံသွားသည်ကို မျက်မိသည်။ တစ်သက်လုံး မခွဲမခွာ ကြင်ကြင်နာနာ လက်တွဲသွားရမည့် ချစ်သူတစ်ယောက်လုံးကို မိဘနားမည်၊ မျိုးရိုးဇာတိမပြောဘဲ အဘယ်ကြောင့် ဖုံးကွယ်လျှို့ဝှက်ထားပါသနည်းဟု မခံချိမခံသာ တွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေသော တူမဖြစ်သူအား ဒေါ်ခင်မော်က သတိပေး စကားဆို၏။

"အခြေအနေ ဇာတ်စစ်မြစ်ကို အတိအကျမသိရသေး ခင်မှာ ကိုယ့်ဘက်က မမှားစေနဲ့ကွဲ့။ မမှားနဲ့ဆိုတာက တစ်ခြား မဟုတ်ဘူး၊ ယောက်ျားကချော့ပြီး မယူမဖြစ်တဲ့ အခြေအနေမျိုး ရောက်အောင် အုပ်လိုက်တာ မခံရစေနဲ့လို့ ဆိုလိုတာ၊ ဒေါ်လေး ပြောတဲ့ သဘောပေါက်ရဲ့လား"

"သီသီနိုင်က စိတ်ရှုပ်စိတ်ပျက်သော မျက်နှာဖြင့် ခေါင်း ငြိမ့်ပြ၏"

"အေး....သတိရှိပါစေ၊ အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး ရေးစာဆိုပညာရှိပုဂ္ဂိုလ်ကြီးတစ်ပါးက ရေးသွားဘူးတဲ့ ‌တေးထပ် ရှိတယ်ဟုတ်လား။ တက္ကသိုလ်ဆရာတစ်ဦးက မှာဘူးသည့် နှုတ် ရည်၊ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခု ချက်မပိုင်လျှင်၊ နောင်ပြင်နိုင်ခဲသည့်အမျိုး....ဆိုတဲ့ တေးထပ် ကလေးလေ"

သီသီနိုင်က စိတ်ရှုပ်ရာမှ ရယ်လိုက်မိသည်။

"ဘာရယ်တာလဲ မိသီရဲ့"

ဒေါ်ခင်မော်က မေး၏။

"အော်....သီသီ့ အနေနဲ့ တက္ကသိုလ် ဆရာတစ်ဦးရဲ့ မှာဘူးတဲ့ နှုတ်ရည်ကို အထူးနှစ်လုံးပိုက်နေစရာ လိုသေးလား။ ဒေါ်လေး ဆုံးမသတိပေးနေတဲ့ စကားတွေက အဲဒီတေးထပ်ထက် ပါတာနဲ့ ဘာထူးလဲ။ တက္ကသိုလ် ဆရာတစ်ဦးရဲ့ နှုတ်ရည်နဲ့ ဒေါ်လေးရဲ့ နှုတ်ရည်အတူတူပါဘဲ။ ဒေါ်လေးလဲ တေးထပ်တစ်





ပုဒ်လောက်ရေးပါလား။ အပျိုစင်ခင်ခင်မော်ရဲ့ မြင်မြော်တဲ့ နှုတ်ရည်....လို့ အစချီတာပေါ့"

ဒေါ်ခင်မော်က သဘောကျသော အပြုံးဖြင့်.....

"ငါက အကောင်းမှတ်လို့ မိသီနော်၊ ဘယ်သူက မှာ တဲ့ နှုတ်ရည်ဘဲဖြစ်ဖြစ် သတိတော့ လက်မလွှတ်စေနဲ့တူမရဲ့" ဟုဆို၏။

"စိတ်ချပါ ဒေါ်လေး၊ မိသီမမိုက်ပါဘူး"

သီသီနိုင်က ကတိပေးလိုက်၏။ ဒေါ်ခင်မော်ကကျေနပ် သွားသည်။ ထိုအကြောင်းကို စကားဖြတ်ပြီး လွှဲလိုက်၏။

"မိသီက အညောင်းသမားဆိုတော့ ကိုယ်လက်လှုပ်ရှား တာလဲ လှုပ်ရှားပေါ့။ အကြောအချဉ်ကလေး လျှော့အောင် တစ် လတစ်ခါလောက်တော့ အနှိပ်ခံလို့ ဒေါ်လေးပြောထားတာ သတိ ရရဲ့လား"

"ရပါတယ်။ မိသီ အနှိပ်သည်မှာထားပါတယ်"

"ဘယ်က အနှိပ်သည်လဲ"

"ရုံးကလူတွေ လက်သုံးပေါ့၊ အကြောအချဉ် သိပ်နား လည်တယ်ပြောတယ်။ နက်ဖြန် ရုံးအားရက်လာဖို့မှာထားတယ် ဒေါ်လေး"

"မိန်းမလား....ယောက်ျားလား"

"မိန်းမပါ ဒေါ်လေးရဲ့"

"အေး....အေး....တစ်ချို့က ယောက်ျား အနှိပ်သည် ကမှ လက်သန်သလေး၊ ဘာလေးနဲ့၊ ယောက်ျားအနှိပ်သည်ကို များ တစ်သက်လုံး မသုံးနဲ့အေး၊ ဒင်းတို့ယောက်ျားတွေဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ယုံရတာ့မဟုတ်ဘူး၊ နှိပ်ရင်းနဲ့ စိတ်ထဲကမပြစ်မှားဘူးလို့ ဘယ်သူ ပြောနိုင်မလဲ''

ဒေါ်ခင်မော်၏ စကားကြောင့် သီသီနိုင်သည်

''ဟား....ဟား....ဟား....ဟား''

ဟု အားရပါးရ အော်ဟစ် ရယ်မောလိုက်လေလည်း။

⌖ ⌖ ⌖



## ၃

သီသီနိုင် မှာကြားချက်ကြောင့် ရောက်လာသော အနှိပ်သည်ကို ဒေါ်ခင်မော်က အသေအချာ အကဲခတ်လိုက်သည်။ အသက်အရွယ်က ငါးဆယ်လောက်ရှိပြီဟု ဒေါ်ခင်မော်မှန်းဆ၏။ အသားညိုစိမ့်စိမ့်၊ အဆင်ပြေသော အလုံးအရပ်ရှိသည့် အနှိပ်သည် အမျိုးသမီး၏ မျက်နှာသည် ရှေးယခင် အသက်အရွယ်နုစဉ်က တော်တော်ပင်ကြည့်ကောင်းသည့် မျက်နှာမျိုးဖြစ်ကြောင်း ဒေါ်ခင်မော်က ယူဆ၏။ သီသီနိုင် အနှိပ်ခံနေစဉ်မှာ အိပ်ရာကုတင်ဘေးရှိ ကုလားထိုင်တစ်လုံးမှာ ဒေါ်ခင်မော်ကထိုင်ပြီး စောင့်ကြည့်နေသည်။ မတော်တဆ သူ့တူမလေးကို မေ့ကြော နှိပ်လိုက်မိလျှင် မခက်ပါလား။

''နာမည် ဘယ်လိုခေါ်လဲ''

ဒေါ်ခင်မော်ကမေး၏။ အနှိပ်သည် အမျိုးသမီးက ပျော့ပြောင်းငြင်သာသောအသံဖြင့် ဖြေသည်။

''အခုတော့ မအုံ့လို့ဘဲခေါ်ကြပါတယ်''

''အို....ဘယ်လိုကြောင့် အခုတော့မအုံ့ဖြစ်ရမဲ့ နာမည်ရင်းရှိလား''



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်သေချာသော အပျိုကြီး ဒေါ်ခင်မော်က စေ့စေ့စပ်စပ်မေးစပြုလေပြီ။ အနှိပ်သည် အမျိုးသမီးက စိတ်ရှည်ရှည်ပင်ဖြေ၏။

"ကျွန်မနာမည်ရင်းကို မပြောချင်ပါဘူး အမရယ်၊ ကျွန်မက မှန်တဲ့အတိုင်း ပြောပေမဲ့ သူများတွေ စိတ်ထဲမှာ မတန်မရာ ကြီးကျယ်ရန်ကောလို့ ထင်ပြီး အမြင်ကပ်ခံရမှာစိုးပါတယ်"

မအုံက သီသီနိုင်၏ ခြေသလုံးကို ဦးခေါင်းငုံ့ဆုပ်နယ်နေရာမှ ဖြေသည်။

"ပြောသာပြောပါ မအုံရယ်၊ ကျွန်မတို့က ဒီလိုအထင်မသေးတတ်ပါဘူး"

ဒေါ်ခင်မော်က တိုက်တွန်း၏။ မအုံက အတန်ငယ်ဆိုင်းနေပြီးမှ ခပ်တိုးတိုးအသံဖြင့်ဖြေသည်။

"နာမည်ရင်းက ခင်စောအုံပါတဲ့"

"ခင်စောအုံ.....ဟုတ်လား"

ဒေါ်ခင်မော်က သူနားကြားလွဲသွားသလားဟူသော သံသယစိတ်ဖြင့် ပြန်မေးသည်။

"ဟုတ်ပါတယ် အမ၊ ကျွန်မနာမည်ရင်းက ခင်စောအုံပါ၊ ဒါပေမဲ့ အနှိပ်သည်ဘဝမရောက်ခင် အချိန်တော်ကြာကတဲ မအုံဖြစ်နေခဲ့ပါပြီ"

ဒေါ်ခင်မော်က ဦးခေါင်းငြိမ့်ပြီး.....

"အသက်ဘယ်လောက်ရှိပြီလဲ"

ဟုမေး၏။

"လေးဆယ့်ရှစ်နှစ်ပါ"





ဒေါ်ခင်မော်သည် မအုံကိုစေ့စေ့ကြည့်နေ၏။ ငါ့ထက်အသက်ကြီးပါလားဟုတွေးပြီး လေးလေးစားစားပင် ပြောသည်။

"မအုံ နာမည်ရင်းနဲ့ မအုံရဲ့ ရုပ်ရည်ကို ဆက်စပ်ပြီး အကဲခတ်ကြည့်ရင်း ကျွန်မစိတ်ထဲပေါ်လာတဲ့ ယူဆချက်အတိုင်း ပြောချင်တယ်၊ ဟုတ်မဟုတ်တော့ မသိဘူးပေါ့လေ"

"ပြောပါ အမရယ်"

"မအုံဘဝက ဆွေကြီး၊ မျိုးကြီး၊ အထည်ကြီးပျက်နဲ့တူတယ်၊ ငယ်ရွယ်နုပျိုစဉ် ခင်စောအုံဘဝမှာ တော်တော်ကို တင့်တင့်တယ်တယ်နဲ့ ကြည့်ကောင်းမဲ့ ရုပ်ရည်ရှိခဲ့မှာပဲ၊ တော်တော်လေး အဆင့်အတန်းမြင့်တဲ့ မိဘက ဆင်းသက်တယ်လို့ ယူဆမိတာပဲလေ၊ ကျွန်မယူဆချက်မှန်ရင် ခင်စောအုံ ဆိုတဲ့ နာမည်နဲ့က တန်ပါတယ်"

ဒေါ်ခင်မော်က မှုမှုတတတွေးပြီး တရားသော ထင်မြင်ချက်ကို ဖွင့်ပြောသည်။ မအုံသည် ဦးခေါင်းငုံ့နှိပ်နေရာမှ ဒေါ်ခင်မော့် မျက်နှာကို ဖြတ်ခနဲ မော့ကြည့်သည်။ မအုံ၏ မျက်လုံးတွင် မျက်ရည်များက ရစ်ဝိုင်းနေသည်။

"ကျေးဇူးတင်လိုက်တာ အမရယ်"

မသိမသာ တုန်ရင်သောအသံဖြင့် မအုံက ပြော၏။

"ဘာကိုကျေးဇူးတင်တာလဲ မအုံ"

ဒေါ်ခင်မော်က နားမလည်ဟန်ဖြင့် မေးသည်။

"အမက သူတော်ကောင်းစိတ်ရှိတော့ တရားမျှတတဲ့ အတွေးအဆနဲ့ ခင်စောအုံ နာမည်ကို အသိအမှတ်ပြုတာ ကျေးဇူးတင်လိုက်တာအမရယ်၊ လူတွေက အမလို သူတော်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



အတွေးမတွေးပဲ ချိုးဖဲ့ကြ၊ ရှုံ့ချကြလွန်းလို့ ကျွန်မနာမည်အမှန် ခင်စောအုံ့ဆိုတာကို ဖုံးကွယ်ပြီး မအုံ့ဘဝ ပြောင်းခဲ့ရတာပါ"

မအုံ့က လှိုက်လှဲသောအသံဖြင့် ဖြေသည်။

"ဆွေကြီး၊ မျိုးကြီး၊ အထည်ကြီးပျက်လို့ ကျွန်မယူဆ တာရောမှန်လား"

ဒေါ်ခင်မော်က ကျေနပ်စွာမေးသည်။

"မှန်ပါတယ် အမ"

မအုံ့က ဖြေသောအခါ ငြိမ်သက်စွာ အနှိပ်ခံနေသော သီသီနိုင်က ပြောလိုက်၏။

"ဒီလို ရုပ်ရည်မျိုး၊ ဒီလိုအဆင့်အတန်းမျိုးက ဆင်းသက် လာခဲ့တဲ့ ဒေါ်ဒေါ်က ဘယ်လိုအကြောင်းကြောင့် အနှိပ်သည် ဘဝ ရောက်နေရတာလဲ၊ သီသီမေးတာ စပ်စုတယ်လဲ မထင်နဲ့ နော် ဒေါ်ဒေါ်"

"မထင်ပါဘူးကွယ် မထင်ပါဘူး။ ဒီလိုမေးသင့်တဲ့ အခြေ အနေမျိုးကို ကျွန်မကလဲ ရောက်လာခဲ့ပေတာကိုး"

မအုံ့က တကယ်ပင် စိတ်မဆိုးဘဲ ပြောသည်။

"ကဲ....ဒါဖြင့်လဲ....မအုံ့ နောက်ကြောင်း ရာဇဝင်ကလေး က စိတ်ဝင်စားစရာ ကောင်းနေမယ်ထင်လို့ နားထောင်ချင်၊ သိချင်တယ် မအုံ့ရေ၊ ပြောနိုင်ရင် ပြောပါလား...."

ဒေါ်ခင်မော်က တိုက်တွန်းသည်၊ မအုံ့က သူတို့တူအရီး နှစ်ယောက်ကို တစ်လှည့်စီကြည့်ပြီး သနားကြင်နာဖွယ်ကောင်း သော လေသံဖြင့် ပြော၏။

"ကျွန်မဘဝ ဖြစ်ခဲ့ရပုံတွေကို ဟောဒီရန်ကုန်ရောက်မှ





တစ်ခါမှ မဖွင့်ဟဘဲ နှုတ်လုံလုံနေခဲ့ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ အမတို့တူအရီးလို မျှမျှတတ တွေးတောယူဆသူမရှိပဲ အောက်တန်းစား အနှိပ်သည်က မတန်မရာ နာမည်ကြီးမှည့်ပြီး ကိုယ့်ရည်သွေးနေတယ်လို့ ပြောကြမဲ့ လူစားတွေချည်းတွေ့နေ ခဲ့ရလို့ပါ အမရယ်၊ အခု စိတ်ကောင်းရှိတဲ့ အမတို့တူအရီးက ကျွန်မအကြောင်း သိချင်တယ်ဆိုတာကို ကျေးဇူးတင်စိတ်နဲ့ မထိမ်မဝှက် ပြောပြပါမယ်"

ထိုအခါ သီသီနိုင်က မအုံ့ဆုပ်နယ်နေသော ခြေထောက် ကို အသာအယာရုပ်သိမ်းလိုက်သည်။ မအုံ့က နားမလည်သော မျက်နှာဖြင့် .....

"နှိပ်လို့မပြီးသေးပါဘူး....."

ဟုဆို၏။ သီသီနိုင်က ပြန်ပြောသည်။

"ဟုတ်ကဲ့.....ဒေါ်ဒေါ့ဘဝဖြစ်စဉ်ကို နားထောင်ချင်လို့ ပါ၊ ဒေါ်ဒေါ်နှိပ်ပေးရင်း ပြောနေရမှာ အားနာလို့ပါ၊ ဒီနေ့အနှိပ် မခံတော့ဘူး၊ ဒါပေမဲ့ နှိပ်ခရော၊ ကားခရော ပေးမယ်၊ ထမင်းလဲ ကျွေးမယ်၊ အေးအေးဆေးဆေးသာ ပြောပြပါတော့ဒေါ်ဒေါ်"

သီသီနိုင်၏ စကားကို ဒေါ်ခင်မော်က ထောက်ခံသည်။

"ဟုတ်တယ်၊ မအုံ့ သက်သာသလိုထိုင်ပြီး စုံစုံစေ့စေ့ သာ ပြောပြပေတော့၊ တူမက အနှိပ်ခံခပေးတဲ့အပြင် ပုံပြောခ အဖြစ် ကျွန်မက အပိုဆုချအုံးမယ်"

စိတ်ချမ်းမြေ့စဖွယ် အတိုင်အဖောက်ညီညီ ပြောနေကြ သော တူအရီးနှစ်ယောက်ကို မအုံ့က တစ်လှည့်စီကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တိမ်မဲညှိုမြူလွှာဖုံးခါ လုံးလုံးကြီး ပြောင်းလဲခဲ့ရသော သူ့ဘဝကို ပြန်လည်စဉ်းစား ထင်မြင်လိုက်သည်။ စိတ်အာရုံတွင် ပေါ်လာသော အတိတ်ဇာတ်ကြောင်းသည် မအုံ၏နှုတ်မှ ဖြေးလေး ပြတ်သားစွာ စီကာစဉ်ကာ ထွက်ပေါ်လာသည်ကို တူအရီးနှစ်ယောက်လုံး စိတ်ဝင်စားစွာ နားစိုက်နေကြသည်။

⌖ ⌖ ⌖



၄

စစ်မဖြစ်မီ ခေတ်ဟောင်းအချိန်ကဆိုလျှင် မန္တလေးမြို့မှာ မြန်မာဘုရင်၏ ဆွေတော်မျိုးတော် အဆက်အနွယ်တွေ အမြောက်အမြားရှိနေသည့်အနက် ပုခန်းမင်းကြီး ဦးရန်ဝေး၏ ဇနီးထိပ်တင်၏ တူမတော်ဖြစ်သူ ဒေါ်ခင်မင်းသည် အယူအဆ အလွန်ပင်ရှေးကျသူတစ်ဦးဖြစ်သည်။ ဒေါ်ခင်မင်း၏ အရီးတော် ဖြစ်သူ ထိပ်တင်ကား ရွှေဘိုမင်း၏မိဖုရားဖြစ်ခဲ့သည်။ ရွှေဘိုမင်း နတ်ရွာစံပြီးသည့်နောက် မိဖုရားထိပ်တင်သည် ရိုးရိုးကုပ်ကုပ် အေးအေးပင်နေခဲ့သည်၊ ရတနာပုံနန်းမြို့ကို တည်ထောင်တော်မူသော ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် အထွဋ်အထိပ် ရောက်တော်မူပြီးနောက် မင်းကျောင်း ဆရာတော်ကြီးအား တိုင်းပြည်အုပ်ချုပ်ရာ၌ တိုင်ပင်ဖော် တိုင်ပင်ဖက်အဖြစ် အားကိုးအားထားပြုလိုကြောင်း တောင်းပန်လျှောက်ကြား၍ လူထွက်ပြီး မင်းတုန်းဘုရင်နှင့်အတူ တိုင်းပြည်တာဝန်ကို ထမ်းဆောင်သည်၊ လူအမည်မှာ ဦးရန်ဝေးဟုတွင်သည်။ ဝန်ကြီး ဦးရန်ဝေးအား ပုခန်းမြို့ကို အပိုင်စားစေသည်ဖြစ်၍ မင်းတုန်းဘုရင်ကိုယ်တော်တိုင်က ဦးရန်ဝေးအား ပုခန်းမင်းကြီးဟူ၍လည်းကောင်း၊ ပုခန်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဘုရင်ဟူ၍လည်းကောင်း လေးလေးစားစား ခေါ်ပြောဆက်ဆံသည်။ ငယ်ဖြူရှင်လူထွက် ဦးရန်ဝေးအား ရွှေဘိုမင်း၏ မိဖုရားဖြစ်ခဲ့သူ ထိပ်တင်နှင့် လက်ဆက်ပေးတော်မူသည်။

မိဖုရားဟောင်းထိပ်တင်သည် မင်းကြီးကတော်ဘဝမှာ မာန်မာနမရှိပဲ သိမ်မွေ့အေးချမ်းစွာ နေထိုင်သော်လည်း ဇာတိမာန်၊ မျိုးချစ်စိတ်သည် ခင်ပွန်းသည် ပုခန်းမင်းကြီးကို အမှီလိုက်သူဖြစ်၏။ သီပေါမင်း ပါတော်မူပြီးသည့်နောက် မုဆိုးမဘဝဖြင့် နေထိုင်ရာမှ ဆွေတော်မျိုးတော် အရင်းအချာထဲမှ ခင်မင်းဆိုသော သူငယ်မလေးကို ချစ်မြတ်နိုးလှသောကြောင့် သမီးရင်းသဖွယ် မွေးစားထားခဲ့လေသည်။ ခင်မင်းသည် သူ့မိဘကိုယ်တိုင်က ပူပန်သောကမရှိ၊ အေးအေးလူလူ စားနိုင်သောက်နိုင်သော ပစ္စည်းအင်အားရှိသူဖြစ်၏။ ဤပစ္စည်းများကား တစ်ဦးတည်းသော သမီးဖြစ်သူ ခင်မင်းသာ ရယူပိုင်ဆိုင်ရမည်ဖြစ်၏။ တဖန် မွေးစားမိခင်ဖြစ်သူ ထိပ်တင်အနေဖြင့် ပုခန်းမင်းကြီးထံမှ ဥစ္စာပစ္စည်း မကျန်ရစ်စေကာမူ မိဖုရားဘဝမှာ ရွှေဘိုမင်းက ချစ်မြတ်နိုးသောအားဖြင့် သနားချီးမြှင့်တော်မူထားသော အဖိုးထိုက်တန်လှသည့် မိုးကုတ်တွင်းထွက် ပတ္တမြား၊ မြနှင့်နီလာအစစ်ကျောက်မျက်ရတနာများက တော်တော်များများပါလာသည်။

ခင်မင်းကို ထိပ်တင်က မွေးစားသည့်အချိန်မှာ ခင်မင်း၏ အသက်သည် ခြောက်နှစ်ပင်မပြည့်တတ်သေးပေ။ လုသလိုပုံသွင်း၍ ရနိုင်သည့် နုနယ်သော အရွယ်ဖြစ်သူ ခင်မင်းအား ထိပ်တင်သည် ဗမာဘုရင်များ၏ ဘုန်းအာဏာစက် ကြီးမားခဲ့ပုံများ၊ ကြင်ယာတော် ရွှေဘိုမင်း၏ ထက်မြက်သော ဇာတိမာန်





နှင့် လက်ရုံးရည်၊ ခင်ပွန်းသည် ပုခန်းမင်းသားကြီး ဦးရန်ဝေး၏ တိုင်းပြည်အုပ်ချုပ်ရေးမှာ ဉာဏ်အမြော်အမြင်ကြီးမားပုံ၊ မျက်နှာဖြူတွေကို ရွံမုန်းပုံ၊ ဤမျက်နှာဖြူများသည် သူတို့စာ၊ သူတို့စကားကိုသာ လူရာသွင်းပြီး ဗမာစာ၊ ဗမာစကားကို နှိမ်ထားပုံ၊ ဗမာမိန်းမတွေဆိုလျှင် သူတို့စာတတ်အောင်သင်သူကို သူတို့လိုစိတ်မျိုးဝင်အောင်သွေးဆောင်၍ ဇာတိမာန်မျိုးချစ်စိတ်ကို ဖျက်ဆီးတတ်ပုံ ဗမာမိန်းကလေးတွေအနေဖြင့် မျက်နှာဖြူ လူကိုရော၊ စာကိုရော၊ စကားကိုရော လုံးဝအရေးမစိုက်ဘဲ ဗမာအမျိုးသမီး ပီပီနေထိုင်မှ သင့်လျော်ပုံ စသည်တို့ကို အခါအခွင့်သင့်တိုင်း ပုံပြောသလို စီခါစဉ်ခါ ပြောပြလာခဲ့သည်ဖြစ်ရာ ခင်မင်းကလေးသည် အရီးတော်ထိပ်တင်၏ ပြောစကားများကို ဦးနှောက်ထဲမှာ စွဲပြီး နှလုံးသားတွင် သံမှိုနှက်သလို မြဲလာခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၅၇–ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်နေ့တွင် အရီးတော်ထိပ်တင် နတ်ရွာစံလွန်တော်မူသောအချိန်ကဆိုလျှင် ခင်မင်း၏အသက်သည် ဆယ့်သုံးနှစ်အရွယ်သာရှိသေးသည်။ မွေးစားမိခင်ထိပ်တင် လွန်တော်မူပြီးသောအခါ မိဘအရင်းများနှင့် ပြန်နေခဲ့သောခင်မင်းသ် အရီးတော်ထိပ်တင် ပုံသွင်းထားခဲ့သည့်အတိုင်း မျက်နှာဖြူအစိုးရအမှုထမ်းတွေကို မည်သည့်အခါမှ ကြင်ယာအဖြစ် စိတ်မကူးခဲ့ချေ။ လာရောက်စေ့စပ်ပြောဆိုသည်များကို တွင်တွင်သာငြင်းပြီး ခေါင်းခါခဲ့၏။ ဤသို့ဖြင့် သူတစ်ဦးတည်း စိတ်ဓါတ်စစ်ဆင်ရေး လုပ်လာခဲ့သော မခင်မင်းကို မိဘအရင်းများက သူတို့မျက်စေ့မမှိတ်ခင် စိတ်ချလက်ချဖြစ်လိုသော ဆန္ဒဖြင့် မခင်မင်း မငြင်းနိုင်အောင် ဆွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မျိုးထဲကလည်းဖြစ်၊ မျက်နှာဖြူစာကိုလည်း မသင်ဘဲ ကိုယ့်လယ်ယာကိုယ်ထွန်ယက်စိုက်ပျိုးပြီး ရိုးရိုးကုပ်ကုပ်နေသော မောင်လှအောင်ဆိုသူနှင့် လက်ဆက်ပေးလိုက်လေသည်။ ထိုသို့လက်ဆက်ပေးလိုက်သည့် အချိန်က မခင်မင်း၏ အသက်သည် သုံးဆယ်ပြည့်ရန် နှစ်လမျှသာ လိုတော့၏။ မခင်မင်း၏ မိဘအရင်းများက မခင်မင်းကို နေရချလိုက်သည်မှာ အချိန်တော်ပင်ဖြစ်သည်။ မခင်မင်း လက်ထပ်ပြီး၍ တစ်နှစ်အတွင်းမှာပင် မိဘနှစ်ပါးလုံးရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြလေတော့သည်။

အရိုးတော်ထိပ်တင်ထံမှ ရလိုက်သော ကျောက်မျက်ရတနာများ၊ မိဘများထံမှ ရလိုက်သော အမွေအနှစ်၊ ခင်ပွန်းသည် လူရိုးလူအေးကြီး ကိုလှအောင်ထံမှ ပါလာသော ပစ္စည်းများဖြင့် မခင်မင်း၏ဘဝကား မျက်နှာဖြူစာမသင်ခဲ့မိလေခြင်းဟူသော နောင်တရစရာအကြောင်း လုံးဝမပေါ်ခဲ့ချေ။ ထို့ကြောင့်သာလျှင် မခင်မင်းသည် အသက်သုံးဆယ်ကျော် လေးဆယ်နီးမှကံကောင်းထောက်မ၍ ရလိုက်သော ရင်နှစ်သီးချာ သမီးရတနာကလေး ခင်စောအုံကို အင်္ဂလိပ်မျက်နှာဖြူစာတွေကို မသင်စေတော့ပေ။ ဗမာလူမျိုးပီပီ ဗမာစာကို ညက်ညက်ကြေအောင်တတ်စေရမည်ဟူသော အယူအဆဖြင့် ဗမာကျောင်းမှာသာထား၍ ဗမာစာသက်သက်ကိုသာ သင်ကြားစေလေသည်။ သမီးခင်စောအုံကို ပဲပြင်သွန်သင်ဆုံးမရေးမှာ ဒေါ်ခင်မင်း၏ ခင်ပွန်းလူအေးကြီး ဦးလှအောင်က တစ်ခွန်းတစ်ပါဒမျှ မစွက်ဘက်ချေ။ သူမွေးထားတဲ့ သမီးဘဲ ဖျက်ဆီးရာပျက်စီးကြောင်းဖြစ်အောင်တော့ သူစီမံမည်မဟုတ်ဟူသောအတွေးဖြင့် အေးအေးသာနေခဲ့သည်။





''အမေတို့မှာ ရှိထား၊ ပိုင်ဆိုင်ထားတဲ့ပစ္စည်းက တစ်သက်စားကုန်နိုင်စရာမရှိဘူး၊ သမီးအနေနဲ့ မျက်နှာဖြူစာမတတ်တော့ကော ဘာအရေးလဲ၊ လခစားအလုပ်၊ ကျွန်အလုပ်လုပ်စားစရာ မလိုပါဘူးကွယ်''

သမီးခင်စောအုံအား ဒေါ်ခင်မင်းက သူ့အယူဝါဒကို ဖြန့်ချီသည်။ ခင်စောအုံအနေဖြင့် သူနှင့်ရွယ်တူ သူငယ်ချင်းတွေက အင်္ဂလိပ်စာသင်ကျောင်းမှာနေပြီး အင်္ဂလိပ်စကားပြောကြသည်ကို ကြားရတိုင်း အားကျနေသည်။ အင်္ဂလိပ်စာသင်ချင်နေသည်။ ထို့ကြောင့် မိခင်၏ ဝါဒစွဲကို စောဒကတက်လိုက်သည်။

''အမေပြောတာလိုဖြင့် ဘာသာမျိုးခြား၊ စာစကား၊ သင်ကြားသင့်သည်မှတ်''ဆိုတဲ့ ဆောင်ပုဒ်ဟာ အဓိပ္ပါယ်မရှိဖြစ်နေမှာပေါ့။ ကျွန်အလုပ်၊ လခစားအလုပ် မလုပ်လိုပေမဲ့ သူများနည်းတူတတ်ထားရင် ကောင်းတာပေါ့အမေရယ်။

အသက် ဆယ့်ငါးနှစ်ကျော် ဆယ့်ခြောက်နှစ်အရွယ်ရောက်၍ ဗမာစာကောင်းစွာ ရေးတတ်၊ ဖတ်တတ်နေမှ ကျောင်းဆက်ထားရန် မလိုဟူသော အယူအဆဖြင့် မိခင်က ကျောင်းနုတ်ပြီး အိမ်မှာထိုင်နိုင်းထားသောအခါ ခင်စောအုံက သူ့ဘဝအခြေအနေကို ပျင်းလာသည်။ ငြီးငွေ့လာသည်။ ထို့ကြောင့် မိခင်၏ အယူဝါဒကိုစောဒက တိုက်လိုက်ခြင်းဖြစ်၏။

''အောင်မယ်.....ငါ့သမီးက စကားတွေ အတော်တတ်နေပြီဘဲ။ အဲဒီလိုမြန်မာစကား ကောင်းကောင်းပြောတတ်တာ၊ မြန်မာစာကို တန်ဖိုးထားသင်ခဲ့လို့ပေါ့ သမီးရဲ့''



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်မင်းက ကျေနပ်စွာဆိုသော်လည်း ခင်စောအုံက မကျေနပ်ချေ။ ဒေါ်ခင်မင်းက စကားဆက်ပြော၏။

"အမေတို့ ချမ်းသာသမျှပစ္စည်းဟာ သမီးတစ်ယောက် ထဲပိုင်ရမယ်။ လယ်မြေတွေရော၊ ဟောဒီတိုက်ကြီးရော၊ အတွင်း ပစ္စည်းရတနာတွေဆိုတာ သမီးမြင်တဲ့အတိုင်းဘဲ။ ဒါလောက် ချမ်းသာနေတာ အင်္ဂလိပ်စာသင်နေဖို့ မလိုပါဘူးကွယ်။ ကိုယ့် မြန်မာစာကို ကောင်းကောင်းရေးတတ်၊ ဖတ်တတ်ပြီး စာရင်းမှတ် တတ်ရင်တော်ပြီပေါ့။ ငွေရေးကြေးရေး သုံးစွဲရေးမှာလဲ သမီးကိုင် တွယ်တတ်သွားဘဲ။ ကိုယ့်ပစ္စည်းကိုယ်စာရင်းလုပ်သိမ်းတတ်၊ မှတ်တတ်ရင် တော်ပြီပေါ့၊ ဒါလောက်ဆို သမီးကိုသူများမလိမ် နိုင်ပါဘူး"

ချစ်လှသော သမီးလေးကို ဒေါ်ခင်မင်းက စိတ်ရှည် လက်ရှည် ပြောပြနေသည်။ ပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာ၍ လခ စားအလုပ်ကို လုပ်စားရန်မလိုသော အခြေအနေမှာ ဒေါ်ခင်မင်း ပြောပြသောစကားတွေက ခင်စောအုံအဖို့ ကျေနပ်စရာကောင်း ပါသည်။ သို့သော်အိမ်မှာ စားပြီးအိပ်၊ အိပ်ပြီးစားနေရသော အလုပ်ကို ခင်စောအုံက ပျင်းရိငြီးငွေ့လှသည်။ ရွယ်တူသူငယ် ချင်းတွေလို အုပ်ဖွဲ့ပြီး ကျောင်းတက်လိုသည်။ လည်ပတ်သွား လိုသည်။ ထို့ကြောင့် တစ်နေ့နေ့ အိမ်ရှေ့ဝရံတာမှာ ထွက်ထိုင် ပြီး လမ်းသွားလမ်းလာတွေကို ငေးကြည့်သည့်အလုပ်ဖြင့် အချိန် ကုန်နေရသော ခင်စောအုံဘဝအဖို့ တစ်နေ့တွင် ကြည်နူးသာ ယာဖွယ်ကောင်းသော အာရုံသစ်တစ်ခုပေါ်လာသည်။





ဤနေ့မှာ ခင်စောအုံက ဝါရံတာကို အထွက်မှာ အိမ် ရှေ့လမ်းတစ်ဘက်ဘေး ပိတောက်ပင်ကြီးအောက်တွင် ဘိုင်စကယ် ဘီးပေါက်နေသလို စပို့တံကျိုးနေသလိုလိုဖြင့် ဘိုင်စကယ်ကို ဟိုနှိုက်ဒီကိုင်ဖြင့် လုပ်နေသော ယောက်ျားပျိုတစ်ယောက်ကို စူးစိုက်ကြည့်မိလိုက်သည်။ ယောက်ျားပျိုကအသက်နှစ်ဆယ် ကျော်မျှရှိပေလိမ့်မည်။ ဖြူဝင်းသော အသားရောင်နှင့်လိုက်အောင် နံ့သာနုရောင် ပိုးပြော့ရှပ်လက်တို၊ ရှားရောင်မန္တလေးဘန်ကောက် ညွန့် ပိုးလုံချည်ကို ဝတ်ထားသည်။ မျက်နှာနှင့်ကိုယ်လုံးကိုယ် ပေါက်က ယောက်ျားပီသချောမောတောင့်တင်းသူတစ်ယောက် ဖြစ်၏။ ဘိုင်စကယ်ကို ပြင်သလိုလို ကိုင်နေရာမှ ဝရံတာတွင် ရပ်နေသော ခင်စောအုံကို မော့ကြည့်၏။ ခင်စောအုံက ကြည့် နေသည်နှင့် မျက်လုံးချင်းဆိုင်မိလိုက်ကြသည်။ ယောက်ျားပျိုက မျက်နှာထားကို ပြုံးယောင်ယောင် ပြုလိုက်သည်။

"တော်တော်ချောတဲ့ လူဘဲ"

ဟူသော အသိအမှတ်ပြုသည့်စိတ်က ခင်စောအုံ၏ နှလုံးသားတွင် ခိုဝင်လိုက်၏။ အသက်ဆယ့်ခြောက်နှစ်အရွယ် အပျိုရိုင်းကလေးပီပီ ထိုလူ၏အပြုံးကို နှစ်ခြိုက်သာယာမိသည်။ သို့သော် ပြန်လည်ပြုံးခြင်းကိုကား မပြုမိချေ။ ကြည့်နေသည့် မျက်လုံးကို မရုပ်သိမ်းမိဘဲ ကြည့်မြဲတိုင်းကြည့်နေသည်။ ထိုလူက ဘိုင်စကယ်ကို ပိတောက်ပင်အောက်မှ တွန်းထွက်လာသည်။ ချစ်စဖွယ်အပြုံးဖြင့် ခင်စောအုံကို မော့ကြည့်ခါ ဘိုင်စကယ်ပေါ် လှပစွာ လွှားတက်ခါ ထွက်ခွာသွားလေသည်။ ခင်စောအုံသည် ချောမောသော ထိုယောက်ျားပျိုကို မျက်စေ့တစ်ဆုံး မျှော်ကြည့်

www.burmeseclassic.com

ခါ မျက်စေ့အောက်မှ ပျောက်ကွယ်သွားသောအခါ မသိမသာ သက်ပြင်းချလိုက်၏။

"သူဘယ်သူပါလိမ့်၊ ငါ ဝရံတာ အမြဲထွက်နေတာကြာ ပါပြီ။ ဒီတစ်ခါပဲ သူ့ကိုမြင်ဘူးတယ်။ တော်တော်ချစ်ဖို့ကောင်း တဲ့ ရုပ်ရည်ပဲ။ ငါ့ကိုခပ်ပြုံးပြုံးကြည့်သွားတဲ့မျက်နှာဟာ ငါ့မျက် လုံးထဲက မထွက်တော့ပါဘူး။ နောက်တစ်နေ့လာအုံးမလား မသိဘူး။ နက်ဖန် ငါသတိထား စောင့်ကြည့်အုံးမယ်"

ခင်စောအုံသည် ချောမောသော ထိုယောက်ျားပျိုကို စိတ်ဝင်စားစွာ တွေးနေမိလေသည်။

⌖ ⌖ ⌖



## ၅

နောက်တစ်နေ့တွင်ကား ခင်စောအုံသည် ခါတိုင်းလို ရိုးရိုးတန်းတန်း အဆင်အပြင်မျိုးတို့ဖြင့် မဟုတ်တော့ပဲ အင်္ကျီ နှင့်ထမီကို အဆင်ပြေစေရန် အရောင်အသွေး ရွေးချယ်ဝတ်ဆင် သည်။ နုနယ်စိုပြေသော မျက်နှာကလေးကို သနပ်ခါးဖွေးဖွေး လိမ်းပြီး မျက်ခုံးမွေးကို သေသေချာချာဆွဲသည်။ ဆံမြိတ်ရှည်ချ တစ်ပတ်လျှိုဆံထုံးမှာ အပင်ကပွင့်သည့် နှင်းဆီပန်းအဖြူရောင် အပွင့်ကြီးတစ်ပွင့်ကို ပန်ထားသည်။ ခင်စောအုံသည် မှန်ထဲမှာ တွေ့ရသော ချစ်စရာကောင်းသည့် သူ့ရုပ်ရည်ကို ကျေနပ်စွာ ကြည့်ခါ ဝရံတာသို့ ထွက်လာခဲ့လေသည်။

ဒေါ်ခင်မင်းကား သမီးအမူအရာ အဆင်အပြင်ကို ဂရု မစိုက်မိချေ။ သူစီမံရာနာခံ သူပုံသွင်းသလိုနေပြီး လူကြီးမိဘ မပါဘဲ အပြင်အပထွက်လည်ခြင်း၊ ပတ်ခြင်းမပြုတတ်သော သမီး ကို ယုံကြည်စိတ်ချနေသည်။ အိမ်ထဲမှာ ဝတ်ချင်သလိုဝတ်၊ ဆင်ချင်သလိုဆင်၊ စိတ်ထင်သလို အလှပြင်နေခြင်းကို အမြဲ ကျေနပ်သူဖြစ်၏။ ထို့ကြောင့် ခင်စောအုံက လွတ်လွတ်လပ်လပ် အလှပြင် နေနိုင်ခြင်းဖြစ်သည်။

ဝရံတာတွင် ခင်းထားသော ဖျာကလေးပေါ်မှာ ခင်စောအုံ

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိပြီး မကြာခင်မှာပင် မနေ့က ပိတောက်ပင်အောက်ရောက်လာခဲ့သော ယောက်ျားပျိုက ဘိုင်စကယ်ကို ဖြေးဖြေးမှန်မှန်နင်းလာသည်။ ခင်စောအုံရှိရာ ဝါရံတာကို မသိမသာ မစောင်းမော့ကြည့်လိုက်၏။ စောင့်ဆိုင်းကြည့်ရှုနေသော ခင်စောအုံ၏မျက်လုံးနှင့် တည့်တည့်ဆိုင်လိုက်မိကြသည်။ ရူးရှတောက်ပြောင်သော ယောက်ျားပျို၏ မျက်လုံးကို ရင်ဆိုင်လိုက်ရသော ခင်စောအုံ၏ ရင်ထဲမှာ တစ်ခါမှမကြုံဘူးသော တုန်လှုပ်ခြင်းကို ခံစားလိုက်ရသည်။ ကြောက်လန့်သော တုန်လှုပ်ခြင်းကားမဟုတ်။ ကြည်နူးဖိုလှိုက်သော တုန်လှုပ်ခြင်းမျိုးဖြစ်သည်။ နေ့စဉ် ဤနည်းအတိုင်းမျက်လုံးခြင်းဆုံမိရာမှ ရက်သတ္တပတ်ကျော်သောအခါ ယောက်ျားပျိုက ဘိုင်စကယ်ကို လမ်းဘေးကပ်စီးလာသည်။ ခင်စောအုံတို့အိမ်ရှေ့တဲ့တဲ့ရောက်သောအခါ ခြံစည်းရိုးနားကပ်ပြီး စာတစ်စောင်ကို ပစ်သွင်းသွားလေသည်။ ပစ်သွင်းသွားပုံမှာ ကျင်လည်လျင်မြန်လှ၍ အိမ်ရှိလူကြီးတွေမည်သူမှမမြင်ချေ။ ခင်စောအုံသာလျှင် ယောက်ျားပျို၏ လှုပ်ရှားမှုကို အထူးစိတ်ဝင်စားစွာမျက်တောင်မခပ်ကြည့်နေမိ၍ မြင်လိုက်၊ သိလိုက်ခြင်းဖြစ်သည်။ ယောက်ျားပျို၏ ဘိုင်စကယ်ကား တဖြေးဖြေးဝေးခါ မျက်စေ့အောက်မှ ပျောက်ကွယ်သွားသည်။

ခင်စောအုံသည် အိမ်ပေါ်မှ အိခြွေမပျက် ဆင်းလာခဲ့ပြီး အိမ်ရှေ့ခြံထဲသို့ လျှောက်လာသည်။ ပန်းပင်သစ်ပင်ကိုကြည့်သလိုလိုနှင့် ယောက်ျားပျို စာချသွားသည့်နေရာကို ရောက်လာ၏။ ဖက်ဖူးရောင် စာရွက်ခေါက်ကလေးကား သစ်ရွက်စိမ်းမြက်ပင်စိမ်းများနှင့် ရောနေသည်။ ခင်စောအုံ စာခေါက်ကလေး





ကို အမှတ်တမဲ့ကောက်ခါ ဘော်ဒီအင်္ကျီအိတ်ထဲထည့်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့၏။ အိပ်ခန်းထဲ... တံခါးပိတ်ပြီးမှ စာကိုဖတ်လိုက်သည်။ စာထဲတွင်ကား ...ဟာအုံ ကြိုတင်မျှော်လင့်တွေးတောထားသည့်အတိုင်း ချစ်ခင်မြတ်နိုး စုံမက်ကြောင်းတွေကို ထိမိပြောင်မြောက်သော စကားလုံးများဖြင့် ရေးသားဖွဲ့နွဲ့ဖော်ပြထားသည်။ ချစ်ကြောင်း၊ ကြင်နာကြောင်းတွေ ရေးသားပြီးသော စာကြောင်းအောက်မှ သူ့ကိုယ်ရေးရာဇဝင်ကို အကျဉ်းချုံးရေးသားထားသည်

နာမည် မောင်ထွန်းမြင့်
အသက် ၂၂-နှစ်
ပညာ ကောလိပ်ကျောင်းမှာ ပညာသင်ဆဲ
ယခုနွေကျောင်းပိတ်ရက်ကျောင်းမှပြန်လာ။
မိဘ ယခုမှ ဤမြို့ကို ပြောင်းလာသော နယ်ပိုင်ကြီး၏သား။

ခင်စောအုံ၏ ကျေနပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ နှစ်သိမ့်ကြည်နူးခြင်းကား အဆုံးမထင်တော့ပေ။ သူ့ချစ်သူ၏ စာအောက်ဆုံးတစ်ကြောင်းကား သူ့မေတ္တာကို တုန့်ပြန်ပါသည်ဆိုလျှင် နက်ဖန် သူဘိုင်စကယ်နှင့် ရောက်လာပါက ပြုံးပြ၊ ဦးခေါင်းငြိမ့်ပြခြင်းဖြင့် အမှတ်သညာပြုပါဟု ပန်ကြားထားသည်။ ခင်စောအုံအဘယ်မှာလျှင် ငြင်းပါတော့မည်နည်း။

သူ့ဘဝကို အလွန်အမင်း ပျင်းရိငြီးငွေ့နေရှာသူ အဖြိုးဖြန်း၊ အပျိုရိုင်းကလေးသည် ယောက်ျားပျိုဟူသော အတွေ့အကြုံနှင့်ပတ်သက်၍ ရိုးရိုးအသိမိတ်ဆွေပင် မရှိခဲ့သော အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေမှာ ရုပ်ရည်၊ ပညာ၊ မိဘဂုဏ်မှစ၍ ဆိုစရာအပြစ်မရှိသော မောင်ထွန်းမြင့်ကို နှုတ်သိကြားများက ပို့လိုက်သော မိုးကျရွှေကိုယ်သဖွယ် မှတ်ထင်လိုက်မိသည်။ အင်္ဂလိပ်စာကို အလွန်အမင်း သင်လိုလျက်နှင့် မသင်ရသော ခင်စောအုံသည် ယခု အင်္ဂလိပ်စာတတ် ကောလိပ်ကျောင်းသား ချစ်သူကိုများစွာမြတ်နိုးတန်ဖိုးထားလိုက်တော့၏။

နောက်တစ်နေ့တွင် မောင်ထွန်းမြင့် ပန်ကြားသော အမှတ်သညာကိုပြခြင်းဖြင့် ခင်စောအုံနှင့် မောင်ထွန်းမြင့်တို့ စိတ်တူ၊ သဘောတူ ချစ်သူများအဖြစ် ချောချောမောမော ရောက်သွားကြလေသည်။

ချစ်သူအဖြစ်ရောက်ပြီး မကြာမီမှာပင် မောင်ထွန်းမြင့်က ကျောင်းဖွင့်လျှင် ကျောင်းပြန်သွားရမည်ဖြစ်၍ မခွဲခွာမီ နှစ်ကိုယ်ချင်းတွေ့လိုကြောင်း တွေ့ခွင့်ပေးပါက ညသန်းခေါင်အချိန်တွင် လာမည်ဖြစ်ကြောင်း၊ ခြံထဲသစ်ပင်ရိပ်က စောင့်စေလိုကြောင်းဖြင့် အချိန်းအချက် အစီအစဉ်ကို ကျကျနနရေးပြီး ပေးသည့်စာကို ခင်စောအုံက ပီတိဖြစ်စွာ ဖတ်သည်။ ခြွင်းချက်မရှိသဘောတူသည်။ မောင်ထွန်းမြင့် ချိန်းသည့်အတိုင်း အတွေ့ခံသည်။ ခြေမြန်လက်မြန် အပိုင်ကြံသော မောင်ထွန်းမြင့်အား ခင်စောအုံသည် အစွဲကြီးစွဲလေတော့၏။ မောင်ထွန်းမြင့်နှင့် တွေ့ရဆုံရပုံကို ကြည်နူးစွာ တွေးနေသော ခင်စောအုံအား ဒေါ်ခင်မင်းက တစ်နေ့သောအခါ သူ့စီစဉ်ချက်ကို ပြောပြသည်။

''သမီးအသက်ဆယ့်ခြောက်နှစ်တော့ ကျော်ပါပြီ။ ငယ်သေးတယ်ဆိုပေမဲ့ အမေတို့မျက်စေ့ မမှိတ်ခင် စိတ်ချလက်ချ





ဖြစ်အောင် စီမံထားခဲ့ဖို့ အမေစိတ်ကူးတယ်သမီး''

ခင်စောအုံ ထိတ်လန့်သွားသည်။

''ကျွန်မကို အိမ်ထောင်ချမလို့လား အမေ''

''ဟုတ်တယ် သမီး''

''ဘယ်သူနဲ့လဲ.....ဟင်''

ခင်စောအုံက စိုးရိမ်ပူပန်စွာ မေး၏။

''တစ်ခြားတော့ မဟုတ်ပါဘူးကွယ်။ အမေတို့လို မြေပိုင်လယ်ပိုင်ရှင်ပါဘဲ။ သူငယ်လေးက သိပ်ရိုးတယ်။ သားတစ်ယောက်ထဲရှိတယ်။ သူ့မိဘလယ်မြေကို သူကိုယ်တိုင် ဦးစီးပြီး လုပ်နေတာကွဲ့''

မိခင် ဒေါ်ခင်မင်း စကားကြောင့် ခင်စောအုံသည် ဟစ်ငိုချင်လောက်အောင်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ ရွယ်တူတွေကို အားကျပြီး အင်္ဂလိပ်စာ အင်္ဂလိပ်စကားကို အလွန်အမင်း သင်ကြားလိုပါလျက်နှင့် မိခင် ဒေါ်ခင်မင်း၏ အစွဲအလမ်းကြီးလှသော စိတ်ကြောင့် အင်္ဂလိပ်စာ မသင်ကြားခဲ့ရသည်ကို ရှိပါစေဦး။ ယခုနေရာချထားပေးမည့်သူသည် အင်္ဂလိပ်စာတတ်မဟုတ်ဘဲ အဖေ့လိုဗမာစာသာ တတ်သည့် လယ်သမားရိုးရိုး ဖြစ်နေလေမည်ဟု တစ်ထစ်ချတွေးမိသောကြောင့် ခင်စောအုံ ငိုချင်စိတ်ပေါက်ရခြင်းဖြစ်သည်။ သို့သော် သေချာအောင် မေးရပေအုံးမည်။

''သူက လယ်သမားရိုးရိုးပဲလား အမေ''

''ဟဲ့.....ရိုးလိုက်တာမှ ပါးစပ်ထဲ လက်ညှိုးထဲ့လို့တောင် မကိုက်တတ်ဘူး။ ဘယ်လောက်များရိုးသလဲဆိုရင် ကောကဓါတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတောင် နေဘူးတာမဟုတ်ဘူး သမီးရဲ့၊ ဘုန်းတော်ကြီးကျောင်းကထွက်တာ ဗုဒ္ဓဘာသာကျမ်းဂန် စာပေမှာတော့ သိပ်နံ့စပ်တာပေါ့။ ဒါပေမဲ့ စာတတ်တာ၊ မတတ်တာ အရေးမကြီးပါဘူးအေ၊ သူတို့ပစ္စည်းတွေက သမီးဆယ်သက်ထိုင်စားတော့ မကုန်ဘူး၊ အမေက အတွင်းသိ အစင်းသိအေ့''

ခင်စောအုံသည် မိခင်အစီအမံကို သဘောတူသည်၊ မတူသည်ဟူ၍ပင် ပြန်ပြောလိုသော စိတ်မရှိတော့ချေ၊ ငိုင်နေမိလေသည်။ ဆိတ်ဆိတ်နေ သဘောတူသည်ဟု ယူဆသော မိခင်ဒေါ်ခင်မင်းက အားပါးတရ ဆက်ပြော၏။

''ယောက်ျားယူမယ်ဆိုရင် ရုပ်ရည်ကို သိပ်ဇီဇာချဲ့မနေရဘူး၊ ရုပ်ရည်က သွေးပြီးသောက်ရတာလဲမဟုတ်၊ ကိုက်ဖဲ့ပြီး စားရတာလဲမဟုတ်ဘူး၊ ရိုးသားတာရယ်၊ သဘောကောင်းတာရယ်၊ ကိုယ့်ကိုကြင်ကြင်နာနာနဲ့ လုပ်ကျွေးမှာရယ်၊ အဲဒါကို ဦးစားပေးရွေးရတယ်သမီးရဲ့၊ အခုအမေရွေးထားတဲ့ သူငယ်က အမေလိုချင်တဲ့ အချက်တွေအားလုံး ပြည့်စုံတယ်''

''အရုပ်တော့ ဆိုးတယ်ပေါ့ ဟုတ်လား အမေ.....''

ခင်စောအုံက သူ့ထင်မြင်ချက်ကိုမေး၏။

''မကြည့်ရက်စရာဆိုးနေတာ မဟုတ်ပါဘူးအေ၊ အသားညိုညိုတုတ်တုတ်ပေါ့၊ နှာတံက နဲနဲပြားတယ်၊ ညီးအဖေလောက် အရုပ်မမြင့်လှဘူး''

ဒေါ်ခင်မင်းကဖြေသည်။

''ဒါဖြင့်မဲမဲတုတ်တိုကြီးပေါ့.....''

ခင်စောအုံက စိတ်တိုသံဖြင့် ပြောသည်။





''ဟဲ့.....ရုပ်ရည်က သွေးပြီးသောက်ရတာမဟုတ်ပါဘူးလို့ အမေပြောခဲ့ပြီကော၊ ကိုယ့်စိတ်ချမ်းသာမှုကို အဖက်ဖက်က ပြည့်စုံနေရင် ဒီယောက်ျားမျိုးကို အားကိုးထိုက်တယ်သမီး.....''

''အရုပ်ဆိုးဆိုး မဲမဲတုတ်တိုကြီးကို လင်အဖြစ်ယူထားရတာ စိတ်ချမ်းသာစရာလား အမေရယ်၊ အရုပ်ကလဲဆိုး၊ အင်္ဂလိပ်စာကလဲမတတ်''

ခင်စောအုံက စောဒကတက်လိုက်သည်။

''သမီး.....ဘာမှ ဆင်ခြေဆင်လက်တွေ ပေးမနေနဲ့တော့ အမေတို့လူကြီးချင်း ကျေကျေနပ်နပ် ပြောပြီးဆိုပြီးကြပြီ၊ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေထဲက လယ်ကလေးရာ၊ ရွှေငါးဆယ့်ငါးကျပ်သား၊ ပတ္တမြားကြီးတွေ အလုံးလေးဆယ် လက်ဖွဲ့ဖယ်လို့ ကတိပေးတယ်၊ အဲဒါ အခုဝါမဝင်ခင် ကိစ္စအပြီးစီမံမယ် သမီး''

ဒေါ်ခင်မင်းက တစ်ချက်လွှတ်အမိန့်ချပြီး ခင်စောအုံ၏ စကားအပြန်ကို မစောင့်တော့ပဲ ခင်စောအုံအနားမှ ထွက်ခွာသွားသည်။ ခင်စောအုံသည် ငိုင်ပြီးကျန်ရစ်ခဲ့၏။

သူကိုယ်တိုင်က ဆင်စွယ်ထုထားသည့် ပန်းပုရုပ်ကလေးလိုမလှ၊ မချောလင့်ကစား လူ့သဘာဝစိတ်အတိုင်း ချောသူလှသူကိုသာချစ်လို၊ မြတ်နိုးလိုသည်၊ ယခု အမေသဘောတူသော လုလင်က သူ့အလွန်မှ မက်မောမြတ်နိုးလှသည့် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားမတတ်သည်သာမဟုတ်၊ ရုပ်ရည်ကပါ အကျည်းတန်သူဖြစ်ကြောင်း ခင်စောအုံကောင်းကောင်း အမိပွါပါပေါက်သွားသောအခါ သူချစ်ခင်စုံမက် စွဲလန်းနေသော မောင်ထွန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



၏ ပုံသဏ္ဍာန်က မျက်လုံးထဲမှာ ပေါ်လာသည်။

ရုပ်ရည်ချောမောဖြူစင်သူ အင်္ဂလိပ်စာတတ်၊ ကောလိပ်ကျောင်းသား၊ တန်ခိုးအာဏာရှိသော နယ်ပိုင်ကြီး၏ သားဟူသော ဂုဏ်ပုဒ်တွေက တသီကြီးပေါ်လာသည်။

''ဘယ်ဘက်ကမှ လိုလေသေးမရှိတဲ့ ကိုထွန်းမြင့်ကို ပစ်ပယ်ပြီး မီးလောင်တိုင်ငုတ်လို အင်္ဂလိပ်စမတတ်တဲ့ မဲမဲသဲသဲ လယ်သမားကိုတော့ ငါဘယ်နည်းနဲ့မှ မယူနိုင်ပါဘူး''

ဟု ခင်စောအုံက စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုသို့ စိတ်ကိုဆုံးဖြတ်ပြီးသောအခါ မောင်ထွန်းမြင့်နှင့်တိုင်ပင် ဆွေးနွေးရန်အတွက် တွေ့ဆုံနေကျ အိမ်နောက်ဘက်ခြံအစွန်ရှိ သရက်ပင်အိုကြီးအောက်ကိုလာခဲ့ရန် ချိန်းဆိုလိုက်လေသည်။ မောင်ထွန်းမြင့်ကမူ ထိုကဲ့သို့သော အခွင့်အရေးမျိုးကို မည်သည့်အခါမှ လက်လွှတ်သူ မဟုတ်သည့်အလျောက် မပျက်မကွက် ရောက်လာသည်။ ခင်စောအုံက သူ့မိဘ အစီအခံတွေကို ပြောပြ၏။

''ခင်က အမေသဘောတူတဲ့ လယ်သမားကို ယူမယ် စိတ်ကူးလား ခင်ရယ်.....''

မောင်ထွန်းမြင့်က အသနားခံသောအသံဖြင့် မေးသည်။

''အဲဒီလူကို မယူချင်လို့ မောင့်ကို အခုလို ခေါ်တွေ့ပြီး ပြောပြတာပေါ့၊ မောင်ကလဲ ပညာသင်ရက်တန်းလန်းဆိုတော့ ခင့်ကို လက်ထပ်နိုင်မှာ မဟုတ်ဘူးနော်.....၊ ခင် ဘာလုပ်ရမလဲ ဟင်.....အမေ့လယ်သမားကြီးကိုတော့ ဘယ်နည်းနဲ့မှ ခင်မကြည်ဖြူနိုင်ဘူး မောင်ရယ်.....''





ခင်စောအုံက စိတ်ပူစွာပြောသည်။ မောင်ထွန်းမြင့်မှာ ပညာသင်ကြားနေဆဲ ကျောင်းသားတစ်ယောက်မျှသာ ဖြစ်၍ သူ့ဖခင်နယ်ပိုင်ကြီးက မည်သည့်နည်းနှင့်မှ ပညာရေး အပျက်ခံပြီး မိန်းမယူခွင့်ပြုမည်မဟုတ်ချေ။ ယူခွင့်ပြုသည်ထားဦး၊ ဒေါ်ခင်မင်းက သူ့သမီးကို မောင်ထွန်းမြင့်နှင့်လုံးဝ သဘောတူခွင့်ပြုမည်မဟုတ်ကြောင်း ခင်စောအုံက တွေးမိသည်။ ထို့ကြောင့် စဉ်းစားသည့်အမူအရာဖြင့် နှုတ်ဆိတ်ခါငိုင်နေသော မောင်ထွန်းမြင့်ကို ခင်စောအုံက ပြောလိုက်သည်။

''မောင် အကြံမပေးတတ်တော့ဘူးလား.....''

မောင်ထွန်းမြင့်က အလွန်အမင်း စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချပြီးပြော၏။

''မောင့်စိတ်ထဲမှာ စီစဉ်မိတာတစ်ခုတော့ရှိတယ်၊ အဲဒါ ခင့်ကို ပြောရကောင်းမလား၊ မကောင်းလား စဉ်းစားနေတာ''

''အမယ်လေး မောင်ရယ်.....တစ်ယောက်ကို တစ်ယောက် ဒါလောက်ချစ်လာခဲ့ရပြီးမှ ဘာမဆို ပွင့်ပွင့်လင်းလင်းပြောကြတာ အကောင်းဆုံးပါ၊ မောင့်အစီအစဉ်ကို ပြောပါအုံး''

''မောင်ပြောလိုက်ရင် ခင့်စိတ်ထဲမှာ မောင့်ကို အထင်သေးမလား၊ အထင်မှားမလား၊ စိတ်ဆိုးမလားဆိုတာ မောင်တွေးပြီး ရွံနေလို့ပါ''

''ခက်လိုက်တာနော်၊ မောင့်ကို ခင့်တစ်ကိုယ်လုံးပုံပေးထားခဲ့ပြီးတဲ့ အခြေအနေရောက်မှ ဒါတွေ တွေးနေရသလား၊ ပြောသာပြော၊ ခင် စိတ်လဲမဆိုးဘူး၊ အထင်လဲမမှားဘူး၊ အထင်လဲမသေးဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ဒါဖြင့် ပြောမယ်နော်''

''လျှာရှည်လိုက်တဲ့ မိကျောင်းမင်းရယ်၊ ပြောပါ''

''ဒီလိုလေ.....မောင်က ပညာသင်ယူနေဆဲကျောင်းသား ဆိုတော့ ဖေဖေတို့က မိန်းမယူဖို့ ဘယ်နည်းနဲ့မှ ခွင့်ပြုမယ်မဟုတ်ဘူးဆိုတာ ခင် စဉ်းစားမိလား''

မောင်ထွန်းမြင့်က မဝံ့မရဲလေသံဖြင့်မေး၏။

''ခင် စဉ်းစားမိပြီးသားပါ မောင်''

ခင်စောအုံက ဖြေသည်။

''ကျောင်းသားဖြစ်တဲ့ မောင့်လက်ထဲမှာ ငွေကြေးပစ္စည်း မရှိဘူးဆိုတာလဲ ခင် တွေးမိတယ်ပေါ့''

''ခင် သိပါတယ်''

''ခင့်ကို မောင်ကလွဲပြီး ဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်အောင်ချစ်တဲ့ မောင့်မေတ္တာကိုရော ယုံသလား ခင်''

''ယုံပါတယ် မောင်''

''အဲဒီတော့.....ဖြစ်ချင်ရာဖြစ်၊ ခင့်ကို မောင်ဘေးကင်းရာကို ခိုးပြေးမယ်၊ ခင်စွန့်ရဲ့တဲ့သတ္တိရှိမလား''

''အို.....မောင်ကသာ ခင့်အနားမှာ အမြဲရှိနေမယ်ဆိုရင်လေ နတ်ပြည်တက်မလား။ ငရဲပြည်ဆင်းမလား။ မောင်သွားရာ ဖဝါးခြေထပ် ခင်လိုက်နိုင်တယ်''

ခင်စောအုံက လှိုက်လှဲသော မေတ္တာစေတနာ၊ လေးနက်သောအသံဖြင့်ပြော၏။

''တကယ်နော်.....ခင်''

''တကယ်ပါ''





''ဒါပေမဲ့ တစ်ခုခက်နေတာက.....''

မောင်ထွန်းမြင့်က စကားဖြတ်ပြီး တွေနေသည်။

''ဘာခက်နေတာလဲ မောင်ရယ်၊ ပြောစမ်းပါအုံး''

မောင်ထွန်းမြင့် ပြောရခက်သောဟန်မျိုးဖြင့် ဆိုင်းနေပြီးမှ.....

''ငွေရေးကြေးရေးပေါ့ ခင်ရယ်''

ဟု အရဲစွန့်ပြောရသော ဟန်မျိုး၊ အားနာရှက်ရွံ့သောလေသံဖြင့်ပြောသည်။ ခင်စောအုံက အသံကိုအုပ်ပြီးရယ်လိုက်၏။

''ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ ခက်နေတယ် ဆိုတော့ ခင့်အပြင် တစ်ခြားမိန်းမများ ရှိသေးသလားလို့ စိတ်ပူလိုက်မိတာ၊ အခုမှ ရင်ထဲပေါ့သွားတယ်၊ ငွေရေးကြေးရေးအတွက်တော့ စိတ်အနှောက်အယှက် မဖြစ်ပါနဲ့မောင်ရယ်၊ အမေ့ငွေသေတ္တာထဲက လုံလောက်အောင် ခင် နှိုက်လာခဲ့ပါမယ်၊ စိတ်အေးအေးသာနေပါ''

သူ့ချစ်သူ စိတ်ညစ်မည်စိုးသော ခင်စောအုံက ကြီးမားသော စေတနာမေတ္တာဖြင့် တာဝန်ယူလိုက်သည်။

''ဘယ်လောက်ယူခဲ့မယ် စိတ်ကူးလဲ ခင်''

''မောင်က ဘယ်လောက်ယူစေချင်လဲ''

''ခင့်အမေ ငွေသေတ္တာထဲမှာ ဘယ်လောက်များများထားလေ့ရှိလဲ''

''အမှန်မရှိဘူး မောင်ရဲ့။ စပါးဖိုးတွေရတဲ့အခါဆို လေးငါးသောင်းလောက်ရှိတယ်၊ တစ်ခါတစ်လေလဲ တစ်ထောင်ကိုးရာလောက်ပဲရှိတယ်''

''အခုနွေရာသီပဲ၊ စပါးဖိုးငွေတွေရှိအုံးမှာပေါ့နော်ခင်.....''



www.burmeseclassic.com

www.burmeseclassic.com



"ရှိလိမ့်မယ်ထင်တယ် မောင်"

"ဘယ်လောက်ပဲရှိရှိ အကုန်သာ နှိုက်ခဲ့ပါ ခင်ရယ်၊ မောင်တို့က တစ်မြို့တစ်ရွာမှာ ကိုယ့်ဘဝ ကိုယ်ထူထောင်ရမှာဆိုတော့ ငွေကြေးလုံလောက်အောင် ပါလာတာ ကောင်းတာပေါ့....မဟုတ်ဘူးလားခင်.....၊ ကြင်စဦး ဇနီးမောင်နှံဆိုတော့လဲ တစ်ယောက်ကိုတစ်ယောက် ယုယကြင်နာနေ၊ ချစ်နေကြတာနဲ့ အလုပ်အကိုင်ကို ချက်ခြင်းရှာနိုင်မှာ မဟုတ်သေးတော့ ချစ်သူနှစ်ဦး အေးအေးလူလူ ထိုင်စားနေရမဲ့ အချိန်ကလေးအတွက်လဲ ငွေပိုပိုလျှံလျှံပါလာသင့်တယ်မဟုတ်လား ခင်"

မောင်ထွန်းမြင့်က သာယာညှင်းပြောင်းသော လေသံဖြင့် အကျိုးသင့်အကြောင်းသင့် ပြောပြသည်ကို ခင်စောအုံက များစွာ သဘောကျ ကျေနပ်သွားသည်။ ထို့ကြောင့်.....

"စိတ်ချပါမောင်ရယ်၊ လုံလောက်အောင်ယူခဲ့ပါမယ်"

ဟု လေးလေးနက်နက်ကတိပေးသည်

"မောင် တစ်ခုပြောစရာ ကျန်သေးတယ် ခင်ရဲ့"

မောင်ထွန်းမြင့်က ယခုမှ သတိရဟန်ဖြင့်ဆို၏။

"ပြောပါမောင်၊ ဘာများလဲ"

"အော်....တစ်မြို့တစ်ရွာမှာ မောင်တို့ဇနီးမောင်နှံအဖြစ်နေကြတော့ ခင့်ကို သူများအထင်မသေးစေချင်ဘူးလေ၊ လူမှာအဝတ်၊ တောင်းမှာအကွပ်ဆိုတဲ့ စကားရှိတယ်မဟုတ်လား မောင့်ဇနီးဟာ မိန်းမချောတစ်ယောက်ဖြစ်ကြောင်း၊ ဆွေကြီးမျိုးကြီး၊ စည်းစိမ်ရှင်သူဌေးသမီးဖြစ်ကြောင်း လူတွေသိစေချင်တယ်၊ အဲဒီတော့ ခင့်အဖို့ တင့်တင့်တယ်တယ် ကြက်သရေရှိရှိ ပြင်ဆင်နေနိုင်အောင် စိန်ရွှေလက်ဝတ်ရတနာတွေ လိုတယ်





ခင်ရဲ့၊ အဲဒါတွေပါ ယူနိုင်ရင် ယူခဲ့ပါလား ခင်ရယ်"

ဤစကားကိုလည်း ခင်စောအုံ ကျေနပ်သဘောကျသွားပြန်သည်။ သူ့ကိုချစ်သော မောင်ထွန်းမြင့်သည် မယားအလှကို ကြွားဝင့်ဂုဏ်ယူလိုပေမည်ဟု ခင်စောအုံကတွေး၏။ ထို့ကြောင့်

"စိတ်ချပါ မောင်ရယ်၊ အနည်းဆုံး ပတ္တမြားတစ်ဆင်စာတော့ ပါလာပါစေမယ်၊ အမေ့ အရီးတော်ဘုရားဆီက အမွေရထားလိုက်တဲ့ တွင်းထွက်ပတ္တမြားအစစ်တွေ ညမှောင်ထဲမှာဆို မီးကျီးခဲလို ရဲရဲတောက်နေတာ တန်ဖိုးကတော့ ဘယ်နည်းလိမ့်မလဲ မောင်၊ အဲဒီလို ပတ္တမြားမျိုးဝတ်ထားနိုင်တဲ့ မောင့်မယားကို သူများအထင်သေးနိုင်အုံးမလား ဟင်"

"မသေးနိုင်ပါဘူးတဲ့ ခင်ဗျာ၊ မောင့်မယားအချောအလှ ပတ္တမြားတစ်ဆင်စာထဲဝတ်နေလို့ ရိုးနေမှာပေါ့၊ အလဲအလှယ်ဝတ်ရအောင် တစ်ခြားရတနာတွေပါ ယူခဲ့အုံးနော် ခင်"

"ဒီလိုဆိုရင် မြနဲ့ နီလာတွေပါ ယူခဲ့မယ်၊ အဲဒါလဲ အမေ့အရီးတော်ဘုရားပေးခဲ့တဲ့ ရတနာတွေဘဲ၊ သူလဲတန်ဖိုးမနဲ့ဘူး၊ ကျေနပ်ပြီမဟုတ်လားမောင်"

"ကျေနပ်ပါပြီ ခင်ရယ်.....ကျေနပ်ပါပြီ၊ ကဲ....မောင်တို့ ဘယ်နေ့ထွက်မယ်ဆိုတာ ရက်သတ်မှတ်ကြရအောင်"

"ဒီလိုလုပ်လေ၊ မောင်ခါတိုင်းလို ညနေတိုင်း အိမ်ရှေ့က လာမြဲတိုင်းလာပေါ့၊ ပစ္စည်းတွေအားလုံး ခင့်လက်ထဲ ရောက်နေပြီဆိုရင် မောင့်ကိုခင် နှင်းဆီပန်းအနီတွေ ဆံထုံးမှာဝေနေအောင်ပန်ပြထားမယ်၊ အဲဒီည ဒီသရက်ပင်အောက်မှာ မောင်လာစောင့်ပေတော့၊ ခင် အပြီးအစီး ဆင်းလာခဲ့မယ်"

ခင်စောအုံက အစီအစဉ် ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

''ကောင်းပြီခင်ရေ့၊ မောင်တို့ ချစ်သူနှစ်ယောက် ပျော်ပျော်ကြီး နေရတော့မယ်နော်''

မောင်ထွန်းမြင့်က ဝမ်းသာကြည်နူးစွာ ပြောလိုက်သည်။



## ၆

စစ်မဖြစ်မီ ရှေးခေတ် ငွေတန်ဖိုး အလွန်ရှိနေသော အချိန်အခါက ခင်စောအုံယူလာခဲ့သော ငွေသားသုံးသောင်းခွဲ တန်ဖိုးများစွာ ထိုက်တန်လှသည့် နန်းတွင်းရတနာများကို ပိုင်ဆိုင်ထားသော မောင်ထွန်းမြင့်နှင့် ခင်စောအုံတို့သည် သူတို့ရောက်ရှိ နေထိုင်သော မြို့မှာ ညားခါစ သူဌေးကလေးဇနီးမောင်နှံဟူ၍ ပတ်ဝန်းကျင်မှ လူအများက အသိအမှတ်ပြုကြသည်။ ဤမြို့ကိုရောက်၍ သုံးလမျှကြာသောအခါဝယ် ခင်စောအုံ၏ ကြည်နူးပျော်ရွှင်နေသောစိတ်ကို ချေဖျက်သလိုဖြစ်စေသော အကြောင်းက ပေါ်လာသည်။

ခင်စောအုံ အမေ ဒေါ်ခင်မင်း၏ ယယ်စဉ်ကပင် မွေးကျွေးလာခဲ့သော သစ္စာရှိလူယုံတော် ကိုထွန်းဦးကရောက်လာသည်။ ထိုအချိန်တွင် မောင်ထွန်းမြင့်သည် အိမ်မှာမရှိချေ။

ခင်စောအုံသည် မောင်ထွန်းမြင့်နောက် လိုက်လာပြီး ပထမဆုံး ဤမြို့ရောက်လာသည်။ ပထမတွင် အိမ်ငှားနေကြသည်။ ထို့နောက် မောင်ထွန်းမြင့်ကပင် အိမ်ငှားနေရသည်မှာ ဂုဏ်ငယ်ကြောင်းပြောသည်။ ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com

ဆို၍ သူ့စိတ်တိုင်းကျအိမ်ကိုရှာ၏။ ထိုသို့ရှာရာမှာ ယခုနေထိုင်သော တိုက်ခံအိမ်ကြီးကို သဘောကျသဖြင့် ဝယ်ရန်စီစဉ်သည်။

''မောင်ရယ်.....ဒီအိမ်ကြီးကြည့်ရတာ ခင့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ခင်တို့လင်မယားနှစ်ယောက်ထဲပဲဟာ သင့်တော်ရုံအိမ် ခပ်သေးသေးဆို တော်ရောပေါ့။ အိမ်ကြီးက မကြီးလွန်းဘူးလား.....''

လူမနေသည်မှာ အတော်ကြာမြင့်လှပြန်တူသော ကြီးမားသည့် တိုက်ခံအိမ်ကြီးကို မောင်ထွန်းမြင့်က သူ့သဘောနှင့်သူဝယ်ယူရန် စီစဉ်သောအခါ ခင်ဓောအုံက ပြောသည်။

''အို....ခင်ကလဲ ဒီလောက်ကောင်းတဲ့ အိမ်ကြီးကို ဈေးသက်သက်သာသာနဲ့ ရမှာခင်ရဲ့''

မောင်ထွန်းမြင့်က ဆင်ခြေကန်သည်။

''အို....အဲဒီလို ဈေးသက်သာတာကိုပဲ ခင်စိတ်ထဲသံသယ ဖြစ်နေတာ''

''ဘယ်လိုသံသယလဲ.....''

''မောင် စဉ်းစားကြည့်လေ.....ဒါလောက်ကောင်းတဲ့ အိမ်ကြီးကို ပိုင်ရှင်ကမနေပဲ၊ မယုံနိုင်အောင် သက်သာတဲ့ဈေးနဲ့ ရောင်းမယ်ဆိုတာ သူတို့ အကြောင်းရှိရမယ်။ စုံစမ်းပါအုံးလား မောင်ရယ်''

ခင်စောအုံစကားကြောင့် မောင်ထွန်းမြင့်က အားပါးတရရယ်သည်။

''မောင်က ဘာရယ်တာလဲ.....''

''အော်.....ခင်အစိုးရိမ်လွန်လို့ ရယ်တာပါ။ ဒီလိုအိမ်





ကြီးမျိုးဟာ ထိုက်သူတွေ့ရင် အကျိုးပေးတတ်တယ် ခင်ရဲ့၊ ခင်က အသက်ကလဲငယ်၊ အတွေ့အကြုံကလဲ မရှိပဲကိုး''

''ဘယ်လိုမျိုး အကျိုးပေးတတ်သလဲ မောင်ရယ်..... ပြောစမ်းပါအုံး.....''

ထိုအခါ မောင်ထွန်းမြင့်သည် သူတို့မိသားစု နယ်ပိုင်ဝန်ထောက်ကြီး ပြောင်းရွှေ့ရာလိုက်ပါရင်း တွေ့ခဲ့ရသော ဒီစတြိတ်မြို့ကြီးတစ်မြို့က အိမ်ကြီးတစ်အိမ်အကြောင်း ပြောပြလေသည်။

''ဒီလိုခင်ရဲ့.....၊ မောင်တို့ရောက်ခဲ့ဖူးတဲ့ မြို့ကြီးတစ်မြို့မှာ အိမ်ကြီးတစ်လုံးရှိတယ်၊ ဒီလို တိုက်ခံအိမ်တော့ မဟုတ်ဘူးပေါ့၊ သစ်သားအိမ်ကြီးပဲ၊ နှစ်ထပ်အိမ်ကြီးမှ အကြီးကြီး၊ ပိုင်ရှင်ကမွန်အမျိုးသားကြီး၊ ဒီအိမ်ကြီးမှာ သူတို့မနေဝံ့ဘဲဖြစ်နေတယ်၊ ဘာကြောင့် မနေဝံ့တာလဲမေးတော့ အကြောင်းမယ်မယ်ရရ မပြောနိုင်ပဲ ကြောက်တယ်လို့ချည်း အဖြေပေးကြတယ်။ ဈေးတော်တော်နဲ့ ရောင်းမယ်ဆိုတော့ လိုချင်တဲ့လူက ဝယ်တာပေါ့လေ၊ ဒါပေမဲ့ အဲဒီလူကလဲ မမြဲဘူး၊ ဘာဖြစ်လို့လဲလို့မေးတော့ အိမ်ပေါ်မှာ ဘာမှန်းမသိတဲ့ ရောမဖြူဖြူအကောင်ကြီး တစ်ကောင်ကို မကြာခဏတွေ့နေရလို့ မနေရဲဘူးတဲ့၊ နောက်တစ်ဦးပြောင်းတော့လဲ ဒီဖြူဖြူကောင်ကြီးက နှောက်ယှက်လို့ဆိုပြီး ပြေးပြန်ရော၊ ဒီလိုနဲ့အိမ်ကြီးကို ပိတ်ထားရတာ တော်တော်ကြာတယ်တဲ့၊ နောက်ဆုံးတော့ တောရွာတစ်ရွာက ဓါးမြတိုက်လို့ မနေဝံ့တော့ပဲ မြို့ပေါ်တက်လာတဲ့ တရုတ်အမျိုးသား မိသားစုက အိမ်ကြီးကို လာကြည့်တယ်၊ နှစ်ရက်လောက်နေတော့ ချက်ခြင်းငွေချေတာပဲ၊ အိမ်နားနီးချင်းတွေက ဒီအိမ်ကြီး ဒီလိုပဲ


www.burmeseclassic.com

www.burmeseclassic.com


လို့ ဝိုင်းပြောတော့ တရုတ်ကြီးက ကိစ္စမရှိဘူးလေတဲ့၊ သူတို့တစ်တွေတက်နေကြတော့ ဘာဖြစ်တယ်ထင်လဲ ခင်....."

မောင်ထွန်းမြင့်က စကားဖြတ်ပြီး မေးခွန်းထုတ်၏။

"ခင် ဘယ်သိမလဲ မောင်ရဲ့"

ခင်စောအုံက ထင်မြင်ချက်မပေးပဲ ရိုးရိုးပင်ဖြေသည်။

မောင်ထွန်းမြင့်က ဆက်ပြော၏။

"စီးပွားဖြစ်လိုက်တာ ခင်ရယ်၊ ချမ်းသာသွားလိုက်တာ မယုံနိုင်စရာပဲ။ အဲဒီတော့မှ တရုတ်ကြီးက ဖွင့်ပြောတယ်။ သူတို့ ဒီအိမ်ကို ပထမဦးဆုံးလာကြည့်သွားတဲ့နေ့က ညဘက်အိမ်မက်တယ်တဲ့၊ အိပ်မက်ထဲမှာ လူဖြူဖြူကြီးက ဒီအိမ်ဟာ နင်တို့နဲ့ ထိုက်တယ်။ နင်တို့ချမ်းသာအောင် ငါမ စမယ်၊ ဝယ်ဖြစ်အောင် ဝယ်ကြလို့ အိပ်မက်ပေးတယ်တဲ့ ခင်ရဲ့၊ အဲဒီလိုပေါ့ ကိုယ်နဲ့ ထိုက်တဲ့ပစ္စည်း လက်မလွှတ်ကောင်းဘူး"

"မောင်က အိပ်မက်လို့လား"

"အိပ်မက်တော့ မမက်ဘူးပေါ့၊ ထိုက်လို့သာ အခုလို အဆင်သင့်ရတာ"

"တော်တော်ကြာ လူဖြူဖြူကြီးက မကူညီပဲ လူမဲကြီးတွေက လည်ပင်းညှစ်မှဖြင့်....."

ခင်စောအုံ စကားမဆုံးမီ.....

"တိတ်စမ်းခင် နိမိတ်မင်္ဂလာမရှိတဲ့စကားကို ဘာဖြစ်လို့ ပြောချင်ရတာလဲ....."

ဟု မောင်ထွန်းမြင့်က မျက်နှာတင်းတင်း လေသံမာမာဖြင့် မာန်မဲ ဟန့်တားလိုက်ရာ ခင်စောအုံက မျက်နှာငယ်လေး



ဖြင့် တိတ်သွားရှာသည်။ စိတ်ထဲမှာကား ဤအိမ်ကြီးပေါ်နေရမည်ကို များစွာစိတ်လေးနေမိသည်။

မောင်ထွန်းမြင့်သည် ခင်ေး . . စကားကို နားမထောင်ဘဲ သူ့သဘောနှင့်သူ အိမ်ကြီးကို ဖွတ်ပင်ဝယ်သည်။ အိမ်ပိုင်ရှင်ကုလားကမူ မောင်ထွန်းမြင့်ကို ကျေးဇူးတင်လွန်းသောကြောင့် ဆလံအထပ်ထပ် ပေးလေတော့သည်။

"အိမ်ကြီးက ကျယ်လွန်း ကြီးလွန်းတယ် မောင်ရယ်၊ ခင်တစ်ယောက်ထဲ မနေရဲဘူးနော်....."

ခင်စောအုံက အသနားခံသော လေသံဖြင့် ပြောရှာသည်။

"ခင်ကလဲကွာ အစွဲအလမ်းကြီးလိုက်တာ"

မောင်ထွန်းမြင့်က ပေါ့ပေါ့ဆဆပင် ပြော၏။

ကြီးမားသော အိမ်ကြီးကို ဝယ်ယူပြီးသည့်နောက် မောင်ထွန်းမြင့်သည် ညဘက်မှာတော့ မှန်မှန်ပြန်အိပ်သော်လည်း နေ့ဘက်မှာတော့ နံနက်ထမင်းစားပြီးချိန်မှ ထွက်သွား သည်မှာ နေဝင်မှပင် ပြန်လာတော့၏။ တနေ့တရက်မဟုတ် နေ့စဉ်ပင် သွားနေရာ ခင်စောအုံက မေးမိသည်။

"နေ့တိုင်း ဘယ်ကိုသွားနေတာလဲ မောင်ရယ်....."

"ကိစ္စရှိလို့သွားတာပေါ့ ခင်ရဲ့"

ဟူသော အဖြေကို ပေး၏။

"ဘာကိစ္စလဲမောင် နေ့စဉ်ရက်ဆက်ထွက်နေတာ ခင် မသိရဘူးလား....."

"စီးပွားရေးပေါ့ ခင်ရယ်၊ နောင်အရှည်သဖြင့် မောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဘဝကို ထူထောင်ရမယ် ဟုတ်လား၊ အလုပ်အကိုင် အတွက် သွားနေရတာပါ''

ဤကား မောင်ထွန်းမြင့် ပေးနေကြ ဆင်ခြေဆင်လက်များဖြစ်၏။ သို့သော် အပြင်ထွက်သွားသောအခါ မောင်ထွန်းမြင့်သည် အလုပ်အကိုင်အတွက် သွားသော အပြင်အဆင်မျိုး မဟုတ်ချေ။ ရည်းစားကို ချိန်းတွေ့ရန် သွားသည့် လူပျိုလူရွယ်ကလေး၏ အဆင်အပြင်အတိုင်း ကြော့နေအောင် ဝတ်စားဆင်ပြင်ပြီးမှ ထွက်သည်။

''မောင်သွားနေတာ ရိုးရိုးမှ ဟုတ်ရဲ့လား– ဒီမြို့ကလဲ သူဌေးကလေးထင်နေကြတော့ ချစ်သူအသစ်နဲ့များ သွားတွေ့နေရော့သလား.....''

ဟု ခင်စောအုံက စိတ်ပူစွာ တွေးမိသည်။ ယခု လူယုံတော် ကိုထွန်းဦး ရောက်ချိန်မှာလည်း မရှိချေ။ သို့သော် ခင်စောအုံက ဟန်မပျက် နေရသည်။

''နင်တို့ ဘယ်ရောက်နေတယ်ဆိုတာ စုံစမ်းလိုက်ရတာ ခင်စောအုံရယ်၊ အခုမှ သတင်းရလို့ အမက လွှတ်လိုက်တာနဲ့ လာခဲ့ရတယ်။ နင့်ယောကျာ်းရော''

ဒေါ်ခင်မင်းကို ကိုထွန်းဦးက ရိုသေသမှုဖြင့် အမဟုခေါ်သည်။ ကိုထွန်းဦးကို ခင်စောအုံက ဦးလေးဟုခေါ်သည်။

''မရှိဘူး ဦးလေး၊ အပြင်သွားတယ်၊ အမေက ဘာကိစ္စလွှတ်လိုက်တာလဲ။ အမေနဲ့အဖေရော နေကောင်းရဲ့လား''

ခင်စောအုံက ဝမ်းမြောက်ဝမ်းသာ မေးသည်။

''အေး.....နင် ထွက်သွားပြီးချိန်ကစလို့ အမမှာ လူရော





စိတ်ရော နေမကောင်းလူးတဲ့၊ နင့်အဖေဆုံးတာလဲ တစ်လကျော်လောက် ရှိသွားပြီ''

ခင်စောအုံ မျက်လုံးပြူးသွားသည်။

''ဘာ.....ဦးလေး၊ အဖေဆုံးပြီ ဟုတ်လား''

ခင်စောအုံက မေးရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာသည်။ သဘောကောင်း၍ ရိုးသားအေးဆေးလှသော ဖခင်ကို မြင်ယောင်လွမ်းဆွတ်ခါ စိတ်ထဲမှာ များစွာယူကြုံးမရ တသကြေကွဲခြင်းဖြင့် အားရပါးရ ငိုကြွေးလိုက်၏။

''အေး.....ငိုပါ ငါ့တူမ အားရအောင်ငို၊ ဒါမှ နောက်ဆက်တွဲကြားရမဲ့ သတင်းတွေအတွက် ခံနိုင်ရည် ရှိမယ်၊ နင်ငိုလို့ဝမှ ငါက စကားဆက်ပြောမယ်''

ကိုထွန်းဦးက အားပေးစကားပြော၏။ ခင်စောအုံက ငို၍ကျေနပ်သွားသောအခါမှ.....

''အဖေ ဘာဖြစ်လို့ ဆုံးတာလဲ ဦးလေး''

ဟု ရှိုက်သံဖြင့် မေး၏။ ကိုထွန်းဦးက မျက်နှာကိုမဲ့ပြီးဖြေသည်။

''အကိုနဲ့အမက ရှိသမျှ အချစ်မေတ္တာတွေကို နင့်အပေါ်အားလုံးပုံ ချစ်ခဲ့တယ်မဟုတ်လား။ နင့်စိတ်ကြောင့် စိတ္တဇဖြစ်ပြီး အကိုသေတာပေါ့ဟဲ့၊ အခုအမကလဲ သိပ်နေ ကောင်းတာမဟုတ်ဘူး။ နင်တို့သတင်းကို စုံစမ်းနေခဲ့တာ တနေ့ကမှ ဒီမြို့ရောက်ပြီး အိမ်ဝယ်နေထိုင်ကြတယ် ကြားလို့ အမက ငါ့ကို လွှတ်လိုက်တာနဲ့ ငါလိုက်လာတာ၊ နင်တို့ ဒီအိမ်ဝယ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်လောက်နဲ့ ဝယ်လိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com

ကိုထွန်းဦးက စကားကို တောက်လျှောက်ကြီး ပြောနေမေးနေသည်။ ခင်စောအုံက တစိမ့်စိမ့်ကျလာသော မျက်ရည်ကို သုတ်ရင်း....

''ဒီအိမ်ဝယ်တာ ဆယ်ရက်လောက်ဘဲ ရှိပါသေးတယ်၊ သုံးထောင်ပေးရတယ်''

ကိုထွန်းဦးက အံ့ဩသွားသည်။ အိမ်အခြေအနေကို မျက်လုံးလှည့်ပတ်ကြည့်လိုက်ပြီး....

''ဒီလောက်ကောင်းတဲ့ အိမ်ကြီး သုံးထောင်နဲ့ ရတယ်ဆိုတော့ ဈေးတော်လှချေလားဟဲ့''

ဟုပြောသည်။

''ဟုတ်တယ် ဦးလေး၊ ဥစ္စာရှင်က ငွေအပူတပြင်းလိုတယ်ဆိုပြီးရောင်းတာ၊ ကိုထွန်းမြင့်က သဘောကျတယ် ဆိုပြီး ဝယ်လိုက်တာဘဲ''

ဟု ခင်စောအုံက ဖြေလိုက်ပြီးမှ.....

''အဖေမရှိတော့လဲ အမေကလဲ ကောင်းကောင်းမမာဘူးဆိုတော့ ကျွန်မတို့ကို အမေက ပြန်လာဖို့ ခေါ်ခိုင်းလိုက်တာလား ဦးလေး''

ဟုမေး၏။ ကိုထွန်းဦးက ခေါင်းခါရမ်းပြသည်။

''ဒါဖြင့် ဘာကိစ္စလွှတ်လိုက်တာလဲ ဦးလေးရယ်၊ ဘာဘဲဖြစ်ဖြစ်လေ၊ အမေနေမကောင်းဘူးဆိုရင် ကျွန်မ ပြန်လာခဲ့မယ်.....''

ခင်စောအုံက စိတ်မကောင်းစွာ ပြော၏။

''အမက နင့်ကို သေခန်းဖြတ် အမွေဖြတ်၊ အိမ်ရိပ်





တောင် အနင်းမခံဘူးလို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားကြောင်း ပြောခဲ့လို့လဲ မှာလိုက်တယ်။ နောက်ပြီးတော့.....''

ကိုထွန်းဦးက စကားဖြတ်ပြီး ခင်စောအုံ မျက်ရည်ကျသည်ကို စိတ်မကောင်းစွာ ကြည့်နေပြီးမှ.....

''နင်မိုက်သွားပုံကလဲ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင်ဖြစ်ရတာကိုး။ ငွေတွေကိုခိုးသွားတာ၊ မိဘကိုမျက်နှာပျက်အောင်လုပ်သွားတာတွေကို ထားလိုက်အုံး။ နင့်ယောကျာ်းရေမြောင်းကမ်းတင် လူလေလူလွင့်စကား နင်နားထောင်ပြီးနှန်းတွင်းရတနာတွေကို ဆုံးရှုံးပျောက်ပျက်အောင် လုပ်သွား တာအမက သိပ်ပြီး စိတ်ထိခိုက်သွားတယ် ခင်စောအုံ''

ဟု ပြောလိုက်၏။

''နေပါအုံး ဦးလေးရဲ့။ ကိုထွန်းမြင့်ဟာ မြို့မဝန်ထောက်ကြီးသား၊ ကောလိပ်ကျောင်းသားပါ။ အမေတို့သဘောမျှတဲ့ လယ်သမားကို မယူချင်လို့ ကိုထွန်းမြင့်နဲ့လိုက်သွားပါတယ်လို့ စာရေးထားခဲ့သားဘဲ။ ကိုထွန်းမြင့်ဟာ ရေမြောကမ်းတင် လူလေလူလွင့် မဟုတ်ပါဘူး ဦးလေးရယ်''

ချစ်လှသော လင်ယောကျာ်းကို အထင်မသေးစေရန် ခင်စောအုံက ကာကွယ်ရှာသည်။

''ဒီအကောင်က ရုပ်လဲချောတော့ မြို့မဝန်ထောက်ကြီးသား၊ ကောလိပ်ကျောင်းသားပါဆိုတာ နင်က ယုံနေတာကိုးဟဲ့.....''

''သူ အမှန်အတိုင်းပြောတာဘဲ၊ ကျွန်မ မယုံဘဲနေရမလား.....''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါကြောင့် နင်တို့မိသားစု မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့၊ နင်ရေးထားခဲ့တဲ့ စာတွေ့တော့ အမတို့ မိကောင်းဖခင်သားဆိုပြီး မြို့မဝန်ထောက်ကြီးကို သမီးပြန်အပ်ပြီး လူကြီးစုံရာနဲ့ လက်ထပ်ဖို့ မျက်နှာအောက်ချပြီး သွားပြောရတာပေါ့ဟာ။ အဲဒီမှာ မြို့မဝန်ထောက်ကြီး လင်မယားက ဘာပြောလွှတ်လိုက်တယ် မှတ်သလဲ''

''ဘာပြောလွှတ်လိုက်လဲ ဦးလေး.....၊ သူတို့သား ကောလိပ် ကျောင်းသားနဲ့ သဘောမတူဘူးတဲ့လား.....''

ခင်စောအုံက ပြန်မေးသည်။

''ဟင်း.....နင်က အခုထက်ထိ ကောလိပ်ကျောင်းသားတုန်းရှိသေးတယ်၊ ဒီမှာ နင့်ယောကျ်ားက မြို့မဝန်ထောက်ကြီးသားမဟုတ်ဘူးတဲ့၊ သူတို့ငယ်မွေးခြံပေါက် အစေခံလင်မယားက အဖေမပေါ်ဘဲ ခလေးမွေးလို့ မကျွေးမမွေးနိုင် ဖြစ်ပြီးလာရောင်းတဲ့ မိန်းမတစ်ယောက်ဆီက အစိတ်နဲ့ ဝယ်ပြီးမွေးထားတဲ့အကောင်၊ ရေမြောကမ်းတင်၊ မိဘအထင်အရှားမရှိတဲ့အကောင်ဟဲ့.....''

ကိုထွန်းဦးစကားကြောင့် ခင်စောအုံသည် မျက်လုံးအကြောင်သားနှင့် ကိုထွန်းဦး မျက်နှာကို ကြည့်နေသည်။ ဤစကားမှန်လျှင် ကောလိပ်ကျောင်းသား ဆိုသည်မှာလည်း လိမ်လည်ခြင်းသာ ဖြစ်ရမည်ဟု ထိတ်လန့်စွာ တွေးနေခိုက်ဝယ် ကိုထွန်းဦးက ဆက်ပြောသည်။

''ဝန်ထောက်ကြီး လင်မယားနဲ့ ဘာမှ မဆိုင်ဘူး ကျောင်းစာကိုးတန်းလောက်တော့ တတ်ပါတယ်တဲ့၊ ရုပ်ချောသလောက် အကျင့်တန်လွန်းလို့ ဝန်ထောက်ကြီး လင်မယားက သူ့အိမ်ထဲ လုံးဝဝင်ခွင့်မပြုဘူးတဲ့၊ နောက်ဖေး အစေခံတန်းလျားမှာသာ နေခိုင်းတယ်တဲ့၊ နင်နဲ့ထွက်မပြေးခင် တစ်လလောက်မှာ ဝန်ထောက်ကြီးအိမ်က တောက်တိုမယ်ရ ခိုင်းဖို့ခေါ်ထားတဲ့ ကလေးမလေးကို သူ့ရုပ်ပြချော့ပြီး ညဘက်ခေါ်ထုတ် စော်ကားလို့ ဝန်ထောက်ကြီး ကိုယ်တိုင် ရိုက်ပြီး အိမ်က နှင်ထုတ်ထားရာက နင်နဲ့ထွက်ပြေးကြတာပေါ့လေ၊ ဒီတော့နင့်အဖေ စိတ်ထိခိုက်ပြီးသေ၊ နင့်အမေ မမာဘဲ ဖြစ်နေတာ ဆန်းသလား ခင်စောအုံ နင့်လောက် မိုက်တဲ့ မိန်းကလေး မရှိဘူးနော်.....''

ကိုထွန်းဦးက ကရုဏာဒေါသဖြင့် ပြောပြသောအခါ ခင်စောအုံသည် ကိုထွန်းဦး မျက်နှာကိုသာ မျက်တောင်မခတ်ကြည့်နေသည်။ ချစ်လှစွာသော လင်ယောကျ်ား၊ ဤမျှ ရုပ်ရည်ချောမောလှပသူသည် ကိုထွန်းဦး ပြောသည့်အတိုင်း မှန်ပါမည်လော။ တကယ်မှန်ခဲ့လျှင်ကား ခင်စောအုံ၏ ဘဝကား ယူစရာမရအောင် ကြေကွဲပျက်စီးဆုံးရှုံးရသော အဖြစ်သို့ ရောက်လေမည်လား။ ခင်စောအုံအဖို့ ယုံရခက်၊ မယုံရခက် ဖြစ်နေစဉ်မှာ ကိုထွန်းဦးက ဆက်ပြောပြန်သည်။

''အမက နင့်ကို အိမ်ရိပ်မနင်းရဘူး၊ သေခန်းဖြတ်တယ်ဆိုတာ ငါပြောခဲ့ပြီနော်.....အခု ငါ့ကို လွှတ်လိုက်တဲ့ ကိစ္စက အရီးဘုရားပေးတော်မူခဲ့တဲ့ အမွေအနှစ် ကျောက်မျက်ရတနာတွေကို ပြန်တောင်းဖို့ လွှတ်လိုက်တာဘဲ၊ နင်တို့ သုံးဖြုန်းလို့ မကုန်သေးရင် ကျန်ရှိသရွေ့လေး ပြန်ပေးလိုက်ပါ ခင်စောအုံ







www.burmeseclassic.com

www.burmeseclassic.com



ဒီရတနာတွေကို သူကိုယ်တိုင်တောင် မသုံးစွဲ မဖျက်ဆီးခဲ့ပါဘူး။ အခု ဒီမြို့မှာ ရှေးဟောင်းစေတီတော် တစ်ဆူ ပြိုကျလို့ပြန်ပြင်နေတယ်။ အဲဒီရတနာတွေ ဌာပနာတိုက်ထဲ ထည့်လှူချင်ပါတယ်တဲ့၊ အရှင်းတော်ဘုရားကိုလဲ အမျှဝေချင်တယ်တဲ့၊ အဲဒါ အတောင်းနိုင်းလိုက်တာဘဲ၊ ပြန်ပေးဘို့ ကောင်းတယ် ခင်စောအုံ၊ နင့်အမေအသေဖြောင့်အောင် ဒါလောက်တော့ နင်လိမ်မာသင့်ပါတယ်ကွယ်.....''

ကိုထွန်းဦးစကား ကြားရသောအခါ ကိုထွန်းဦးကို မော့ကြည့်နေသော ခင်စောအုံ၏ မျက်နှာက အောက်သို့ တဖြေးဖြေး စိုက်သွားသည်။ အသက်တမျှ ချစ်လှသော ရွှေမင်းသားလေးမောင်ထွန်းမြင့်သည် ခင်စောအုံကို ခိုးယူထွက်ပြေးလာခဲ့သည့် ညမှာပင်.....

''ခင်က အသက်လဲငယ်၊ မိန်းမသားလဲဖြစ်တော့ ငွေတွေရော၊ ရတနာတွေရော လုံခြုံအောင် ထိန်းသိမ်းထားနိုင်ဖို့ခဲယဉ်းတယ်၊ မောင့်ကိုပေးထား၊ မောင် သေသေချာချာ သိမ်းထားမယ်''

ဟူသော မောင်ထွန်းမြင့် စကားကို ယုံစားသည့်အလျောက် အားလုံး မချွင်းမချန် ပုံပေးထားခဲ့သည့်နောက် ခင်စောအုံသည် ငွေတွေရော ရတနာတွေကိုပါ လုံးဝ မမြင်မတွေ့ရတော့ချေ။ စားရေးသောက်ရေးအတွက် ဝယ်ရန် မောင်ထွန်းမြင့်ကစျေးဖိုးကို ထွက်ပြီး ထုတ်ပေးသည့်မျှလောက်ကိုသာ ခင်စောအုံကိုင်ရမြင်ရ တော့သည်။ လက်ဝတ်ရတနာတွေနှင့် ပတ်သက်၍ကား.....





''သူများမြို့ရွာမှာ ဒါလောက် အဖိုးတန်ကြီးတွေ ဝတ်နေရင် ခင့်ကို လူဆိုးသူခိုးတွေ မျက်စေ့ကျသွားလိမ့်မယ်၊ နေသားမကျခင်မှာ မဝတ်မဆင်နဲ့အုံးနော် ခင်''

ဟူသော မောင်ထွန်းမြင့် စကားကို ခင်စောအုံက လိုက်နာခဲ့သည်။ ငွေနှင့်ရတနာတွေကို မောင်ထွန်းမြင့်သည် ဘယ်နေရာမှာ ဘယ်လိုသိမ်းထားသည်ကို ခင်စောအုံမသိ၊ မောင်ထွန်းမြင့်ကလည်း မပြောချေ။ သို့သော် အိမ်ပြင်မထွက်ဘဲ အိမ်ထဲမှာ နေသည့်အချိန်အတန့်တွင် အလွန်အမင်း ချစ်ခင်ကြင်နာယုယနေသော မောင်ထွန်းမြင့်ကို ခင်စောအုံက များစွာကျေနပ်နှစ်သက်လှသဖြင့် ပစ္စည်းတွေနှင့် ပတ်သက်ပြီး တခွန်းမျှ မမေးမမြန်းဘဲ နေခဲ့သည်။ ယခု ကိုထွန်းဦးစကားကိုကြားရသောအခါ သူလုပ်ခဲ့သည့် အလုပ်သည် လွဲမှားနေလေပြီလားဟု သံသယဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ့မိုက်ပြစ်ကြောင့် မိဘနှစ်ပါးလုံး စိတ်ဆင်းရဲခြင်း၊ မျက်နှာပျက် အရှက်ရခြင်းဖြင့် ဖခင်မှာလည်း ကွယ်လွန်သွားခဲ့ပြီ၊ ကျန်ရစ်သော မိခင်မှာလည်း မမာမကျန်း ဖြစ်နေလေပြီ။ မိခင် စိတ်ကောင်းအောင် ရတနာတွေကို ပြန်ပေးသင့်သည် ဟူသော အမြင်မှန် စိတ်က ဝင်လာသည်။

''ဘယ်လိုလဲ ခင်စောအုံ ပြန်ပေးမယ် မဟုတ်လား.....''

ခေါင်းငုံ့ခါ ငိုင်နေ တွေနေသော ခင်စောအုံကို ကိုထွန်းဦးက မေးသည်။

''ကျွန်မ ပြန်ပေးချင်ပါတယ် ဦးလေး''

ခင်စောအုံက ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ.....ပေးမယ်ဆိုလဲ အချိန်သိပ်မဆွဲနဲ့၊ နှင့်အမေက နေကောင်းတာ မဟုတ်ဘူး။ ရတနာတွေ ယူလာခဲ့ပြီး နှင့်အမေ လက်ထဲ နှင်ကိုယ်တိုင်ထည့်ပြီး ရှိခိုးတောင်းပန်လိုက်၊ သူမသေ ခင်မှာ သူလှူချင်တဲ့ ပစ္စည်းကို စိတ်ကြည်ကြည်လင်လင်နဲ့ လှူသွားရမယ်ဆိုရင် နှင့်ကို ခွင့်လွှတ် စိတ်ကြေပါလိမ့်မယ်၊ ကြားလား ငါ့တူမ''

''ဟုတ်တော့ ဟုတ်ပါတယ် ဦးလေး''

ခင်စောအုံက လေသံလေးလေးဖြင့်ပြောသည်။

''နှင့်စကားက မတင်မကျကြီးပါလားဟဲ့''

ကိုထွန်းဦးက ဆိုသည်။

''ငွေတွေရော၊ ရတနာတွေပါ ကျွန်မလက်ထဲမှာမရှိဘူး၊ ပျောက်ပျက်မှာ၊ လုံလုံခြုံခြုံမရှိပဲနေမှာစိုးလို့ ကိုထွန်းမြင့်က စိတ် မချဘူးတဲ့၊ အားလုံးသူသိမ်းထားတယ်၊ သူပြန်လာမှ အကျိုးအ ကြောင်းပြောပြပြီး ပြန်တောင်းပေးပါမယ် ဦးလေး''

ခင်စောအုံက ဖြေရှင်းပြသည်။

''ဘယ်နေရာမှာ သိမ်းထားလဲ''

ကိုထွန်းဦးက မေးသည်။

''ကျွန်မ မသိဘူး ဦးလေး''

ခင်စောအုံက အမှန်အတိုင်းပင် ဖြေ၏။

''ဟဲ့.....နှင်တို့လင်မယားချင်းပဲ၊ ဘယ်နေရာမှာ ဘယ် လို သိမ်းထားတယ်ဆိုတာလောက်တော့ နှင်သိရမှာပေါ့၊ ပစ္စည်း က နှင့်ပစ္စည်းတွေပဲဟာ၊ နှင်ကမပေးပဲနေရင်တောင် သူကပြော ထား၊ ပြထားရမယ် ဟုတ်လား''





ခင်စောအုံသည် ကိုထွန်းဦးမျက်နှာကိုမကြည့်ပဲ ငိုင်နေ ရှာသည်။ ကိုထွန်းဦးက မေးလိုက်ပြန်၏။

''နှင့်ကိုယ်ပေါ်မှာ ဘာမှဝတ်ထားတာမတွေ့လို့ ထူးဆန်း တယ်လို့တော့ ငါအထင်သား၊ အတိအကျ မသိခင်မှာ ငါက ကြိုတင်ပြီးထင်တာကို မပြောကောင်းဘူးလေ၊ နှင့်ယောကျ်ား ပြန် လာရင်သာ ရတနာတွေပြန်တောင်း၊ ကြားလား''

''ဟုတ်ကဲ့.....ဦးလေး''

''နက်ဖန် ငါပြန်မယ်၊ နှင် အဆင်သင့်စောင့်နေ၊ ငါ လာခေါ်မယ်၊ ရတနာတွေ မမေ့နဲ့နော်၊ ရအောင်ပြန်တောင်း''

ကိုထွန်းဦးက ထပ်မံသတိပေးပြီး သူတည်းခိုရာ အိမ်ကို ပြန်သွားလေသည်။ ကိုထွန်းဦးပြန်သွားသော်လည်း ခင်စောအုံ သည် ထိုင်မြဲတိုင်းနေရာမှ မထမိသေးချေ။ ကွယ်လွန်ရှာသော ဖခင်ကို သနားသည်။ မကျန်းမမာဖြစ်နေသော မိခင်အတွက် စိုးရိမ်သည်။ သူ့အတွက်အရှက်ရ၊ မျက်နှာပျက်ကြသော မိခင်၊ ဖခင်အတွက် များစွာ စိတ်မကောင်းဖြစ်မိသည်။ ထိုအခါ မောင်ထွန်းမြင့်၏ မျိုးရိုးဇာတိဖစ်မြစ်ကို ဝေခွဲမရဖြစ်လာသည်။ အသက်တစ်မျှချစ်ရသည့် လင်ယောကျ်ားပြောဖူးသော စကားက မှန်လေသလား၊ ကိုထွန်းဦးပြောသွားသောစကားက မှန်လေသ လား။ မည်သို့ပင်ဖြစ်စေ၊ ရုပ်ရည်ချောမောလှပသော မောင်ထွန်းမြင့် ကိုကား ခင်စောအုံသည် မခွဲနိုင်မခွာရက်အောင် ချစ်မိနေသော အချစ်က မည်သည့်အပြစ်ကိုမှ မမြင်နိုင်တော့ချေ။ ခင်စောအုံ ငိုင်နေ၊ တွေးနေ၊ စဉ်းစားနေဆဲဝယ် နဂိုက ချောမောသော ရုပ်ရည်ကို အဖိုးတန်အဝတ်အစားများဖြင့် ကြော့ကြော့မော့မော့



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ထားသော မောင်ထွန်းမြင့်က ပြန်ရောက်လာသည်။

''ဟော့.....ခင် ဘာဖြစ်လို့လဲဟင်''

မျက်ရည်စတွေဖြင့် ငေးငိုင်နေသော ခင်စောအုံကို မောင်ထွန်းမြင့်က ကြင်ကြင်နာနာ ပြာပြာသလဲမေးသည်။ ခင်စောအုံက မျက်ရည်ဖြိုင်ဖြိုင်ကျရင်း သူ့ဖခင်ဆုံးကြောင်း၊ မိခင် မမာမကျန်းဖြစ်နေကြောင်းတွေကို ပြောပြသည်။ သို့သော် မောင်ထွန်းမြင့်၏ မျိုးရိုးဇာတိကြောင့် မိဘမျက်နှာပျက်အရှက်ရခဲ့ကြောင်းကိုမူ နှုတ်မှပြောမထွက်ချေ။ ဝန်ထောက်ကြီးလင်မယား ပြောလိုက်သည့်အတိုင်း မှန်သလား၊ မှားသလားဟူ၍ပင် မမေးရက်။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ချစ်သောလင် စိတ်အနှောက်အယှက်ဖြစ်မည်ကို စိုးရိမ်သည်။ မှန်သည်၊ မှားသည်က အရေးမကြီး၊ သူတို့လင်မယား ကြင်ကြင်နာနာ ချစ်ကြဖို့သာ အရေးကြီးသည်ဟု ခင်စောအုံက ယူဆသည်။ ထို့ကြောင့် မျိုးရိုးဇာတိအကြောင်း မပြောဘဲနေလိုက်၏။

''ဖြစ်မှဖြစ်ရလေ ခင်ရယ်၊ မောင် စိတ်မကောင်းလိုက်တာ၊ ဒါတွေ ခင်ဘယ်လိုသိလဲကွယ်''

မောင်ထွန်းမြင့်က ယုယသောလေသံဖြင့်မေးသည်။

''ဦးလေးကိုထွန်းဦး လိုက်လာပြီး ပြောပြတယ်၊ အမေက လွှတ်လိုက်လို့တဲ့''

ခင်စောအုံက ဖြေ၏။

''ဟင်.....ဟုတ်လား၊ အမေကခေါ်နိုင်းတယ်လား၊ ဒီလိုဆို ခင်နဲ့မောင့်ကို အမေက စိတ်ပြေပြီပေါ့''

ဝမ်းသာအားရပြောရှာသော ချစ်လင်ကို ခင်စောအုံက





မျက်ရည်ဝိုင်းသော မျက်လုံးဖြင့် စိုက်ကြည့်ပြီး စကားကို ဖုံးဖုံးဖိဖိပြောရှာသည်။

''အမေက ခင့်ကို ပြန်လာခဲ့ပါအုံးလို့မှာတယ်မောင်ရယ်''

''အို.....ပြန်လာခဲ့ပါဆိုရင် အမေစိတ်ပြေပြီပေါ့၊ ပြန်တာပေါ့ခင်ရယ်၊ မောင်ပါလိုက်ခဲ့ဖို့လိုလား''

မောင်ထွန်းမြင့်က မေးသောအခါ ခင်စောအုံက ရုတ်တရက် ပြန်မဖြေနိုင်သေးဘဲ ပြောရမည့်စကားကို စိတ်ထဲမှာ အစီအစဉ်လုပ်နေပြီးမှ အဆင်ပြေအောင် ပြောသည်။

''အမေက သမီး ပြန်လာခဲ့ပါအုံးလို့သာ မှာတယ် မောင်ရယ်၊ သူစိတ်ဆိုးပြေတယ်၊ မပြေဘူးဆိုတာက အသေအချာမပြောနိုင်သေးဘူး၊ တကယ်လို့ စိတ်ဆိုးမပြေသေးဘူးဆိုရင် ကျန်းမာရေးကလဲ တော်တော်ချို့ယွင်းနေတယ်ဆိုတော့ မောင့်ကို ရုတ်တရက် အမြင်အတွေ့မှာ စိတ်တစ်မျိုးတစ်မည် ဖြစ်သွားလေမလားလို့ ခင်စိုးရိမ်မိတယ်၊ ဒါကြောင့် နက်ဖန် ခင်တစ်ယောက်ထဲ ပြန်သွားကြည့်မယ်။ အမေ့ကို တောင်းပန်အသနားခံပြီး ပြောပြလို့ အမေက ဂရုဏာသက်ပြီး မောင့်ကိုလာခွင့်ပြုတယ်ဆိုရင် ခင် ချက်ခြင်းသံကြိုးရိုက်လိုက်မယ်၊ အဲဒီတော့မှ မောင်လိုက်ခဲ့ပေါ့နော်.....''

ခင်စောအုံက ပြောရင်း သူ့ယောက်ျားမျက်နှာကဲကို ခပ်နေသည်။ မောင်ထွန်းမြင့်က စိတ်ဆိုးဟန်မပေါ်ချေ။ မျက်နှာက ကြည်ကြည်လင်လင်ပင် ဖြစ်သည်။

''ခင့်အစီအစဉ်လဲ ကောင်းသားဘဲ၊ ဒီလိုဆိုရင်လဲ နက်ဖြန် ခင်သွားလေ၊ မောင်တော့ ခင်ကို လွမ်းလွမ်းနဲ့ သံကြိုးကို



www.burmeseclassic.com

www.burmeseclassic.com

နေ့တိုင်း မျှော်နေမှာပဲကွယ်.....''

မောင်ထွန်းမြင့်က ကြင်ကြင်နာနာပင် ပြောသည်။

ခင့်လမ်းစရိတ်အတွက် ငွေပေးအုံးမောင်''

''အော်.....ဟုတ်သားပဲ၊ ယူသွားခင် ယူသွား၊ မောင် ပေးပါ့မယ်ကွယ်၊ အစိတ်ဆို တော်တော် လုံလောက်နေပြီပဲ၊ ဟိုရောက်မှ အမေ့ကိုချော့ပြီး ငွေများများ တောင်းပေါ့ဟုတ်လား ခင်.....''

မောင်ထွန်းမြင့်က ချွဲချွဲနွဲ့နွဲ့ပြောသော စကားသည် ခင်စောအုံ၏ရင်ဝကို ဆောင့်ထိုးလိုက်သကဲ့သို့ ခံစားမိသည်။ ငါ့အမေ မမာလို့ ပြန်ရမှာကို ငါ့ငွေနဲ့ငါ ပိုင်ပိုင်နိုင်နိုင် ပိုလျှံအောင်မကိုင်မတွယ် မသုံးရတော့ဘူး ထင်ပါရဲ့ဟု ပထမဆုံးအကြိမ် ချစ်လှသော လင်ပေါ်မှာ မျက်သောစိတ်က အရိပ်အယောင်ပြလိုက်မိသည်။ သို့သော်.....

''ဟော.....ခင် ဘာလို့ မျက်နှာပျက်သွားလဲ၊ ငွေ အစိတ်ထဲပေးမယ်ဆိုလို့ မောင့်ကို စိတ်ဆိုးလား ဟင်.....''

မောင်ထွန်းမြင့်က ပြာပြာသလဲချော့သည်။

''ခရီးသွားတာဘဲ မောင်ရယ်၊ ပိုပိုလျှံလျှံ ကိုင်ချင်တာပေါ့၊ နောက်ပြီး မမာမကျန်းဖြစ်နေတဲ့ အမေ့ဆီရောက်တယ်ဆို ပိုက်ဆံသုံးစရာမရှိဘူး။ ပေးပါအုံးလို့ တောင်းရင် သင့်တော်မလားဆိုတာ စဉ်းစားပါအုံး.....''

မောင်ထွန်းမြင့်က ရယ်ရယ်မောမောဖြင့် ခင်စောအုံကို ပွေ့ပိုက်ချော့မော့ပြီး ပြော၏။

''ရောက်တယ်ဆို ချက်ခြင်းတောင်းရမယ်လို့လဲ မောင်က





ဆိုလိုတာမဟုတ်ပါဘူး။ တစ်ဖြေးဖြေးတော့ အမေက သူ့အလိုလို ပေးလိမ့်မပေါ့။ ခင်နဲ့မောင့်တို့ ရှေးရေးက ဘယ်လိုမှန်းမသိသေးဘူးနော်.....တကယ်လို့ အမေက စိတ်ဆိုးမပြေသေးဘဲ ဘာမှ မပေးဘူးဆိုရင် ဒို့လင်မယားအရှည်သဖြင့် နေထိုင်စားသောက်သွားဖို့အရေးကို တွေးအုံး ခင်ရဲ့။ ဒါကြောင့် မောင်က ချွေချွေတာတာသုံးစေချင်လို့ စီစဉ်တာပါကွယ်၊ ခင်က စိတ်ဆိုးလား ဟင်.....မောင့်ကို ခင် စိတ်ဆိုးရင် ဟောဒီလက်ဝါးနုနုနဲ့ မောင့်ပါးကို ချ.....ချ''

မောင်ထွန်းမြင့်က ခင်စောအုံလက်ကိုယူပြီး သူ့ပါးကို ရိုက်စေသောအခါ ချစ်လှသော လင်ယောကျ်ားအား ခင်စောအုံက စိတ်ပြေခါ သနားသွားပြန်သည်။

''အို.....မောင့်ပါးကို ခင်က ဘာကြောင့်ရိုက်ရမှာလဲ၊ ခင်စိတ်မကောင်းအောင် မလုပ်စမ်းပါနဲ့ မောင်ရယ်၊ မောင့်ကို ခင်ဘယ်တော့မှ စိတ်မဆိုးပါဘူး''

ခင်စောအုံက စိတ်ထဲရှိသည့်အတိုင်းပြောပြီး၊ ပြောရန်မဆုံးသေးသည့်ကိစ္စကိုတွေးပြီး ငေးငိုင်နေသည်။ ခင်စောအုံ တစ်စုံတစ်ခုပြောစရာရှိမည်ကို အကင်းပါးလှသော မောင်ထွန်းမြင့်က ရိပ်စားမိသည်။ ထို့ကြောင့်.....

''ပြောစရာရှိရင် မျိုသိပ်မထားနဲ့ခင်၊ ဒီလင်နဲ့ဒီမယားပဲ တိုင်ပင်ပြောဆို အသိပေးစရာရှိတာ ပြောသာပြော.....''

ဟုအားပေးတိုက်တွန်း၏။

''ခင်ပြောရမှာ ခက်နေလို့မောင်ရယ်၊ မောင်က စကားစပေးမှ ခင်ပြောပါတော့မယ်၊ တစ်ခြားကိစ္စတော့ မဟုတ်ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com

ခင်ယူလာခဲ့တဲ့ အမေ့အရီးတော်ဘုရားရဲ့ ရတနာတွေအတွက်ပါပဲမောင်''

''ရတနာတွေက ဘာဖြစ်လို့လဲ ခင်.....''

''ဒီရတနာတွေကို အမေကိုယ်တိုင်က ဘာကိစ္စနဲ့မှ မသုံးမစွဲခဲ့ပဲ မြတ်မြတ်နိုးနိုး သိမ်းထားခဲ့တာကို ခင်က ယူလာခဲ့မိတာကို၊ အခုတော့ အမေက ကျန်းမာရေးမကောင်းတဲ့ အခြေအနေရောက်နေပြီ၊ ဒီရတနာတွေကို ရှေးဟောင်းစေတီတစ်ဆူပြင်ရာမှာ အရီးတော်ဘုရားနာမည်နဲ့ ဌာပနာတိုက်ထဲ ထည့်လှူချင်တယ်တဲ့၊ ဒီကောင်းမှုကိုလဲ အရီးတော်ဘုရားကို အမျှဝေချင်တယ်တဲ့၊ အဲဒါ အမေစိတ်ချမ်းသာသွားအောင် ရတနာတွေပြန်ပေးပါလို့ ဦးလေး ကိုထွန်းဦးကို မှာလိုက်တယ် မောင်ရယ်။ ခင်ကိုယ်တိုင် ဒီရတနာတွေ အမေ့လက်ထဲ ထည့်ပြီး ရှိုးတောင်းပန်ချင်ပါတယ်၊ ခင် ပြန်ယူသွားမယ်နော်.....''

မောင်ထွန်းမြင့်က နှုတ်ဆိတ်နေသည်၊ ခင်စောအုံ မျက်နှာကို မကြည့်ပဲ စဉ်းစားသလို တွေနေငေးနေသည်။

''ပြန်ပေးနော် မောင်.....''

မောင်ထွန်းမြင့်၏ လက်မောင်းကို ခင်စောအုံက ကိုင်လှုပ်ပြီးပြောသည်။ မောင်ထွန်းမြင့်က မလှုပ်ချေ။ အဖွားကြီးက တကယ်သေခါနီးနေ၍ လှူလိုသောကြောင့် ပြန်တောင်းတာလား၊ သမီးနှင့်ရတနာတွေကို ပြန်သိမ်းလို၍ ပရိယာယ်ဆင်လေသလားဟု မောင်ထွန်းမြင့်က တွေးသည်။ မည်သို့ပင်ဖြစ်စေ၊ အဖိုးများစွာထိုက်တန်သော ဤရတနာတွေကို မောင်ထွန်းမြင့်က လက်မလွှတ်လိုချေ။ ထို့ကြောင့် ရုတ်တရက် စကားမပြန်နိုင်ဘဲ ဖြစ်နေသည်။





''ပြန်ပေးပါ မောင်ရယ်၊ ဒီရတနာတွေ သူ့လက်ထဲပြန်ရောက်ရင် အမေ စိတ်ကျေမှာပါ၊ အမေ ချမ်းသာသမျှ ခင်ကလွဲပြီး ပိုင်ဆိုင်သူမရှိပါဘူး၊ ခင့်ပစ္စည်း ဆိုရင် မောင့် ပစ္စည်းဖြစ်ပြီး မောင့်သဘောအတိုင်း စီမံနိုင်ပါတယ်''

ခင်စောအုံက အမှန်အတိုင်းပင် ပြောပြသော်လည်း မောင်ထွန်းမြင့်ထံမှ စကားသံထွက်မလာသေးချေ။

''ခင်တောင်းပန်ပါတယ် မောင်ရယ်၊ ခင့်မိုက်ပြစ်ကြောင့် အဖေလဲ မျက်နှာမပြဝံ့လောက်အောင် အရှက်ရပြီး စိတ္တဇနဲ့သေခဲ့ရပါပြီ၊ အခုအမေလဲ အိပ်ရာထဲမှာလဲတဲ့ အခြေအနေရောက်နေပါပြီ၊ မိဘကို ဒါလောက်အရှက်ခွဲလာတဲ့ သမီးအနေနဲ့ မိုက်ပစ်တွေ ကျေသင့်သလောက် ကျေအောင် အမေ မသေခင်သူ့စိတ်တိုင်းကျ စိတ်ချမ်းသာမှု မြင်သွားစေချင်ပါတယ်၊ အမေစိတ်ကျေလို့ ခင်တို့လင်မယား အိမ်ပေါ်ပြန်တက်ရရင် ချမ်းသာသမျှပစ္စည်းတွေ မောင့်သဘောအတိုင်းပါ၊ အခု ရတနာတွေကို ပြန်ပေးလိုက်ပါနော်''

ခင်စောအုံအသံက ဝမ်းနည်းကြေကွဲသံပါနေသည်။ ထိုအခါမှ နှုတ်ဆိတ်ငြိမ်သက်နေသော မောင်ထွန်းမြင့် အသံထွက်လာ၏။

''ခင့်မိုက်ပစ်ကြောင့်လို့ ပြောလိုက်တဲ့စကားက ဘာသဘောလဲ၊ မောင့်ကို ခင်ယူတာ မိုက်လို့ယူမိတယ်ဆိုတဲ့ သဘောလား ခင်ရယ်''

''ဒီလိုလဲ မဟုတ်ပါဘူးမောင်၊ ခင်ချစ်လွန်းလို့ မိဘစိတ်ဖပစ် ယူလာခဲ့တဲ့လင်ပဲ၊ ဒီလင်ယူမိတာ မိုက်တယ်လို့သဘော



www.burmeseclassic.com

www.burmeseclassic.com

မထားပါဘူး၊ အဖေနဲ့အမေကို တီတီလင်းလင်း အသိပေးသင့်ရက်နဲ့ မပေးဘဲ စိတ်မကောင်းအောင်လုပ်လာခဲ့မိတဲ့ မိုက်ပစ်ကို ပြောတာပါ''

ခင်စောအုံက ပြန်လည်ဖြေရှင်း၏။ မောင်ထွန်းမြင့်က သူ့စိတ်ထဲ မရှင်းသော ပြဿနာတစ်ခုကို ဖွင့်ထုတ်မေးမြန်းသည်။

''ခင်နဲ့မောင် ထွက်ပြေးလာပြီးတဲ့နောက် ခင့်မိဘတွေက မောင့်မိဘတွေကို အကျိုးအကြောင်း သွားမပြောဘူးလား။ အဲဒါ ဦးထွန်းဦး ခင် မမေးဘူးလား''

''မေးပါတယ်မောင်''

''ဘာတဲ့လဲ''

''အမေနဲ့အဖေက မောင့်မိဘဆိုတဲ့ ဝန်ထောက်ကြီးကို သွားပြောတော့တဲ့ အို.....ခင်မပြောချင်ဘူးမောင်ရယ်၊ ခင့်မိဘအတွက်လဲ စိတ်မကောင်းဘူး''

ခင်စောအုံက ထိုမျှသာပြောပြီး ကျလာသောမျက်ရည်ကို သုတ်နေသည်။ မောင်ထွန်းမြင့်စိတ်ထဲမှာ ရှင်းရှင်းလင်းလင်းဖြစ်သွားသည်။

''မောင်ပြောတာ ခင် သေသေချာချာနားထောင်နော်''

မောင်ထွန်းမြင့်က လေးနက်သောအသံဖြင့်ပြော၏။

''အခုတော့.....ခင်လဲ မောင့်မျိုးရိုးဇာတိ သိပြီးနေမှ ဖုံးကွယ်စရာမလိုတော့ပါဘူး။ ခင်.....မောင့်ကို နှစ်နှစ်ခြိုက်ခြိုက်ချစ်သေးရဲ့လား''

''ဘယ်လိုပြောပါလိမ့်မောင်ရယ်။ မောင့်ကိုချစ်တာဟာ မျိုးရိုးဇာတိနဲ့ ဘာမှမဆိုင်ဘူး ချစ်မြဲတိုင်းပါပဲ''





''ဒီလိုဆိုရင် မောင်ပြောတဲ့ အစီအစဉ်အတိုင်း ခင်လိုက်နာပါ''

''ပြောပါ မောင်ရယ်''

''ရတနာတွေလဲ ပြန်ယူမသွားနဲ့၊ ငွေကိုလဲ အစိတ်ကပိုပြီးမယူသွားနဲ့၊ ခင်လက်ချည်းသက်သက်ပြန်သွား။ ခင့်အမေရဲ့သားသမီးအပေါ်ထားတဲ့ မေတ္တာ အတိမ်အနက်ကို အဲဒီအချိန်မှာ သိရလိမ့်မယ်။ သူ့ရင်သွေးရင်နှစ် သမီးရင်းကို တကယ်ချစ်ရင် ဘယ်လိုလူမျိုးနဲ့ပဲယူယူ၊ ဘာပစ္စည်းပဲဆုံးဆုံး သမီးကိုသာ စုံမက်မြတ်နိုးပြီး ခွင့်လွှတ်မယ်၊ လက်ခံမယ်၊ သမီးထက်ပစ္စည်းကိုပိုပြီးခင်တွယ် မက်မောရင်၊ သမီးထက် ဂုဏ်ပကာသနကို မက်မောရင်၊ သမီးကို စိမ်းကားရက်စက်မှာပဲ၊ မောင်ပြောတာ သဘောပေါက်ရဲ့လား''

မောင်ထွန်းမြင့်က ခင်စောအုံကို ပွေ့ခါပိုက်ခါ နားသွင်းပြောဆိုသည်။ ပညာကို ဖြစ်မြောက်အောင် မသင်ခဲ့ရခြင်း၊ အပေါင်းအသင်းဟူ၍ ကင်းမဲ့ခြင်း၊ ဗဟုသုတအကြားအမြင်နည်းပါးခြင်း၊ အင်္ဂလိပ်စာကို သင်လိုသောစိတ်ဆန္ဒပြင်းပြပလျက် မသင်ခဲ့ရ၍ အင်္ဂလိပ်စာတတ်သောလင်ကို အလွန်အမင်း မြတ်နိုးစုံမက်ခါ မျက်စေ့မှိတ်ချစ်ခဲ့ခြင်း၊ သူ့ရုပ်ရည်နှင့်နှိုင်းယှဉ်လျှင်မိုးကျရွှေကိုယ်ထင်ရအောင် လင်ယောကျ်ားက ရုပ်ရည်ချောမောခြင်း စသည့်အချက်အလက်များက ခင်စောအုံ၏ စိတ်ကိုလွှမ်းမိုးထားခဲ့ပြီးဖြစ်ရာ မည်သည့်ကိစ္စမဆို မောင်ထွန်းမြင့်ပြောသမျှ စိမ့်သမျှ နားဝင်ချို စိတ်ကြည်ဖြူ အလျော့ပေး အလိုလိုက်ခဲ့သည့် အကျင့်ကပါပြီးဖြစ်၍ ယခုလည်း မောင်ထွန်းမြင့် ချော့



www.burmeseclassic.com

www.burmeseclassic.com

သောအခါ မိဘကို ငဲ့ညှာခြင်းဖြင့် တင်းယောင်ယောင်ဖြစ်သော စိတ်က အရည်ပျော်သွားကာ မောင်ထွန်းမြင့်ပြောသည်ကို ဟုတ်နိုးနိုးထင်လာသည်။

ခင်စော၏ မျက်နှာကဲကို ခပ်နေသော မောင်ထွန်းမြင့်က ဆက်လက်နားသွင်းသည်။

''ဦးလေး ကိုထွန်းဦးပြောတာကလဲ ဟုတ်ချင်မှဟုတ်မှာ ခင်လဲ မျက်စေ့နဲ့ မြင်ရတနာမဟုတ်ဘူး။ သတင်းကြားပဲရှိသေးတာ၊ သူများပြောတာယုံပြီး ရတနာတွေယူသွားလို့ လမ်းမှာတစ်ခုခုဖြစ်သွားရင် ဆိုပါတော့ ဦးလေး ကိုထွန်းဦးက လုပ်ကြံလည်ဆယ်ပြောပြီး ခင့်ဆီက ရတနာတွေ လိမ်သွားရင် ဘယ်လိုလုပ်မလဲ''

''မောင်ပြောတာ စဉ်းစားစရာပါပဲ။ ဒါပေမဲ့ ဦးလေး ကိုထွန်းဦးကတော့ သစ္စာရှိပါတယ်။ လိမ်မယ်မထင်ပါဘူးမောင်ရယ်''

ခင်စောအုံက စိတ်ဓါတ်ပျော့ညံ့လျက်က ခုခံစကားကလေးကို ဆိုရှာပါသေးသည်။

''ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ခင်နဲ့မောင်တို့ လင်မယားအနေနဲ့ စဉ်းစားရမယ်၊ အများကြီးကို စဉ်းစားရမယ်၊ ဦးလေး ကိုထွန်းဦးကိုယုံပြီး ရှိစုမဲ့အားလုံးသိမ်းယူပြီး ခင်က ပြန်သွားရော၊ ဟိုရောက်တော့ ခင့်အမေက လူရောပစ္စည်းရော အခန်းထဲလှောင်ထားလိုက်ရင် မောင်နဲ့ကွဲကြရောမဟုတ်လား။ ခင်နဲ့ကွဲရရင်တော့ မောင့်ကိုမောင် သတ်သေမှာဘဲ''

မောင်ထွန်းမြင့်က ပြောရင်း ငိုသံပါလာသည်။





''အို.....မောင်ဘာမှမဖြစ်ရဘူး၊ ခင်ကလဲ မောင့်ကို မခွဲနိုင်ပါဘူး။ မောင်စီမံသမျှ ခင်လိုက်နာပါ့မယ်၊ မောင်ပြောသလို အမေ့မေတ္တာ အတိမ်အနက်ကို သိရတာပေါ့''

''လိမ္မာလိုက်တာခင်ရယ်။ မောင့်ကို ခင်တကယ်ချစ်တယ်ဆိုတာ သိရတော့ မောင့်ရင်ထဲကို အေးသွားတာပဲ။ ခင့်ဆီက အမေစိတ်ပြေပြီ။ လိုက်ခဲ့ဆိုတဲ့ သံကြိုးကို နေ့တိုင်းမောင်မျှော်နေမယ်နော်''

ခင်စောအုံက သူ့အသက်ပေးချစ်သော မောင်ထွန်းမြင့်၏ ချောမောလှပသော မျက်နှာကို မြတ်နိုးသောစိတ်ဖြင့် စိမ့်စိမ့်စိုက်ကြည့်ကာ ကျေနပ်စွာ ဦးခေါင်းငြိမ့်လိုက်သည်။

⌖ ⌖ ⌖


www.burmeseclassic.com

www.burmeseclassic.com

၇

ချစ်လှသော သမီးက မိုက်မဲစွာ ပြုမူသွားသည့်အတွက် ရှက်သောစိတ်၊ သမီးနှင့်လက်ထပ်ပေးရန် ပြောဆိုထားသော ယောက်ျားလေးဘက်ကို အားနာသောစိတ်၊ ရင်ခွဲ ခွဲနေရသော သမီးမိုက်နှင့် သေခွဲခွဲသွားသောခင်ပွန်းကို လွမ်းဆွတ်တသသော စိတ်တို့က စုပေါင်းညှင်းဆဲခြင်းဖြင့် ဒေါ်ခင်မင်းသည် စီးပွားရေးရော၊ လယ်မြေတွေကိုပါ ပြန်လည်ကြည့်ရှုနိုင်ခြင်းမရှိတော့ပဲ အိပ်ရာထဲမှာလဲနေရှာသည်။ လူယုံတော် ကိုထွန်းဦး ပြန်လာလျှင် မည်သည့်သတင်းကြားရမည်နည်း၊ သမီးသည် သူ့အမှားကိုပြန်မြင်ခါ၊ မိဘရင်ခွင်သို့ ပြန်ဝင်လာလေမည်လား၊ ယူသွားသော အရိုးတော်ဘုရား၏ ရတနာတွေကို ပြန်လည်ပေးအပ်ပါမည်လား။ မိုက်မဲစွာသုံးဖြုန်းပစ်၍ ကုန်လေပြီလား စသည်ဖြင့် မဆုံးနိုင်သော အတွေးတွေကို ရင်ဝယ်ပိုက်ကာ ခံစားနေရသော ဝေဒနာကို ကြိတ်မှိတ်သီးခံ၍ ကိုထွန်းဦး ပြန်အလာကို ဒေါ်ခင်မင်းက စိတ်ဇောကြီးစွာ မျှော်လင့်စောင့်စားနေရှာသည်။

တောင်းဆိုး၊ ပလုံးဆိုးကိုသာပစ်ရိုးထုံးစံရှိသည်။ သား





သမီးဆိုး၍ ပစ်ရိုးထုံးစံမရှိဟူသော စကားရှိ၏။ ထိုစကားအတိုင်းပင် ဒေါ်ခင်မင်းသည် မိဘကိုရင်ကွဲအောင် လုပ်သွားသော သမီးမိုက်အား စိတ်ဆိုးလွန်းသောကြောင့်သာ အမွေပြတ် အိမ်ရိပ်မနင်းရဟု စိတ်လိုက်မာန်ပါ ပြောခဲ့သော်လည်း ရင်သွေးရင်နှစ်အစစ်ဖြစ်သော သမီးကို လွမ်းသည့်စိတ်၊ တမ်းတသည့်စိတ်က အချိန်ကြာလေ အစိုင်အခဲကြီးမားလာလေဖြစ်သည်။ ယခုနေအချိန်မှာ သမီးရော၊ သမက်ရော၊ အိမ်ပေါ်ကိုဖွတ်တက်လာပြီး ဝန်ချတောင်းပန်ခြင်း၊ အရိုးတော်ဘုရား၏ ရတနာတွေ ပြန်လည်ပေးအပ်ခြင်းပြုခဲ့လျှင် ဒေါ်ခင်မင်းသည် ချမ်းသာသမျှ ပစ္စည်းအားလုံးကို သမီးနှင့်သမက်အား ပုံအပ်တော့မည်ဖြစ်သည်။

မောင်ထွန်းမြင့်သည် မည်သည့်မျိုးရိုးဇာတိပင်ဖြစ်စေ၊ မည်ကဲ့သို့သော အကျင့်စာရိတ္တပင်ရှိသည်ဖြစ်စေ၊ သမီးနှင့်ပတ်သက်၍ သားမက်တော်နေရပြီဖြစ်ရာ အရှက်ကွဲခဲ့သမျှတွေ ပြည့်ဖုံးကားချပြီး သားအဖြစ်သာ စေတနာထားရတော့မည်ဖြစ်သည်။ ဒေါ်ခင်မင်းအနေဖြင့် ရှေးထုံးစံအတိုင်း သားသမီးသည် မိဘစကားမြေဝယ်မကျနားထောင်ရမည်ဟူသော အစဉ်အလာကို ယုံကြည်စွဲလမ်းသူဖြစ်၏။ သည့်အလျောက် သူကိုယ်တိုင်လည်း မိဘစကားနားထောင်ခဲ့သည်။ သမီးကိုလည်း သူ့စကားနားထောင်စေချင်သည်။ သို့သော် ခင်စောအုံကား ယောင်းမမြင်းစီးထွက်သွားပြီဖြစ်၏။

မည်သို့ပင်ဖြစ်စေ ကိုထွန်းဦးပြန်လာလျှင် သမီးရော၊ သားမက်ရော.....ရတနာတွေရော.....ပြန်ရောက်လာပါစေဟု ဒေါ်ခင်မင်းသည် စိတ်ဆန္ဒကြီးစွာ မျှော်လင့်နေရှာသည်။ အနား



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝိုင်းအုံပြုစုနေသော ဆွေမျိုးတွေတိုက်သည့် ဆေးအခွက်တစ် ရာသည် ဒေါ်ခင်မင်းအဖို့ တန်ခိုးဩဇာထက်သည်ဟုမထင်၊ အသက်တမျှချစ်ရသော သမီးလေးက ယုယစွာမွေ့ပိုက်ပြီး ကြင်ကြင်နာနာတိုက်ကျွေးသော ဆေးတစ်ခွက်ကိုသာ သောက်လိုက်ရလျှင် ဒေါ်ခင်မင်းသည် သူ့အသက်အနှစ်ငါးဆယ်လောက် ပိုပြီးရှည်လေမည်လားဟု ထင်ထားရှာသည်။

သားနဲ့သမီး မှားပါပြီအမေရယ်ဟု ဝန်ချကန်တော့ကာ အရိုးတော်ဘုရားရတနာတွေကို ပြန်လည်အပ်နှင်းလျှင် ငွေနှင့်စိန်ရွှေရတနာတွေ၊ စာချုပ်စာတမ်းတွေ ထည့်ထားသော မီးခံသေတ္တာသော့ကို သမီးလေးလက်ထဲ ကိုယ်တိုင်ထည့်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ခေါင်းအုံးအောက်မှာ ရှိနေသော သော့တွဲကြီးကို မကြာခဏလက်ဖြင့်စမ်းကာ မျက်နှာကသမီးလာမည့်လမ်းဘက်ကိုသာ မျှော်မှန်းနေရှာသည်။

မျှော်လင့်စောင့်စားနေသော ဒေါ်ခင်မင်း၏ထံပါးသို့ ကိုထွန်းဦးနှင့် ခင်စောအုံပြန်ရောက်လာသည်။

"သမီးလေး....."

"အမေ....."

သားအမိနှစ်ယောက်ပြိုင်တူ အသံထွက်သွားသည်။ လဲလျောင်းနေသော ဒေါ်ခင်မင်း၏ ရင်ခွင်မှာ ခင်စောအုံက မျက်နှာအပ်၍ အားပါးတရငိုကြွေးလိုက်သည်။ ဒေါ်ခင်မင်းကမူ အသံထွက်မငိုသော်ငြားလည်း မျက်ရည်ဖြိုင်ဖြိုင်ကျနေသည်။ သားအမိနှစ်ဦးလုံး၏စိတ်ဝယ်သွားလေသူ လူရိုးလူအေး ဖအေကြီးကို သတိရလွမ်းတမိကြသည်။ ခင်စာအုံ အငိုတိတ်သွားသောအခါမှ





ဒေါ်ခင်မင်းက စကားစပြောသည်။

"သမီးလေးရယ်....လွန်ခဲ့ပြီးတာတွေ အမေဘာမှမပြောလိုတော့ပါဘူး။ သမီးကို အမေဘာမှ အပြစ်မပြောတော့ပါဘူး။ ဒါပေမဲ့ အမေ မသေခင် စိတ်ချမ်းသာမှုဖြစ်အောင်တော့ လိုက်လျောပါလို့ အမေ တောင်းပန်ပါတယ်ကွယ်....."

ခင်စောအုံက မျက်ရည်သုတ်ပြီး ပြန်မေး၏။

"သမီး အမေတို့ကို လွမ်းပါတယ်၊ ဒါပေမဲ့ မပြန်ရဲလို့ပါ၊ အခုလဲ အမေက သမီးကို အိမ်ရိပ်တောင်အနင်းမခံဘူး၊ သေခန်းဖြတ်တယ်ဆို၊ ဦးလေး ကိုထွန်းဦးကပြောတယ်၊ သမီးအရဲစွန့်လာတာပါ"

"အမေ စိတ်ဆိုးလို့ ပြောတာပါသမီးရယ်၊ မိဘနဲ့သားသမီးပဲ သားသမီးက ဝန်ချတောင်းပန်လာတယ်ဆိုရင် မိဘက ခွင့်လွှတ်စမြဲပါ၊ အခုလဲသမီးလာခြင်းဟာ အမေ့စိတ်ချမ်းသာမှုဖြစ်ရမယ်ဆိုရင် အားလုံးခွင့်လွှတ်ပါတယ်သမီးရယ်....."

မိခင်စကားကြောင့် ခင်စောအုံမှာ ရှင်လန်းသွားသည်။

"သမီးနဲ့ကိုထွန်းမြင့်တို့ အမေစိတ်ချမ်းသာအောင် ပြုစုမှာပါ၊ အမေ ခုလိုခွင့်လွှတ်တယ်ဆိုရင် ကိုထွန်းမြင့်ကို သံကြိုးရိုက်ခေါ်လိုက်မယ်လေ....."

"နေအုံးသမီးရယ် ဖြေးဖြေးတော့ခေါ်တာပေါ့၊ အခုသမီးပြန်လာတာ မောင်ထွန်းဦးက အကြောင်းစုံပြောပြလို့ဟုတ်လား....."

"ဟုတ်တယ်အမေ....."

"ဒီလိုဆိုရင် အမေ့ဆန္ဒရှိတဲ့အတိုင်း အချိန်မဆိုင်းဘဲ လှူချင်တယ်သမီး၊ အရိုးတော်ဘုရားရဲ့ရတနာတွေကို အမေ့လက်


www.burmeseclassic.com

www.burmeseclassic.com

ထဲပြန်အပ်ပါ''

ခင်စောအုံငိုင်သွားသည်။ မောင့်နောက်လိုက်လာခဲ့သည့် အချိန်ကစ၍ ပါလာသည့်ငွေတွေရော ရတနာတွေပါ မောင်သိမ်းထားခဲ့သည်မှာ ယနေ့ယခုအချိန်အထိ ခင်စောအုံမတွေ့ရ၊ မမြင်ရတော့ချေ။ ယခုမိခင်မမာမကျန်းဖြစ်၍ လှူချင်သည့်အတွက် ပြန်တောင်းသည်ကိုပင် မောင်ကမပေး၊ မောင်က အကြောင်းပြကောင်းကောင်းဖြင့် ယူမြဲတိုင်း ယူထားသည်။ ယခုမိခင်က အတိအလင်းတောင်းလေပြီ။ ခင်စောအုံဘာပြောရမည်မသိပဲ နှုတ်ပိတ်ဆိတ်နေခိုက် ဒေါ်ခင်မင်းက ပြောလိုက်ပြန်သည်။

''ဘယ်လိုလဲသမီး မပါလာဘူးလား''

''ဟုတ်တယ် အမေ အားလုံး မောင်သိမ်းထားပါတယ်''

ခင်စောအုံက မဝံ့မရဲဖြေသည်။

''မောင်ထွန်းဦးပြောလို့ သမီးသိထားပြီပဲ၊ အမေ့ဆီပြန်လာကာနီးမှာ ဘာဖြစ်လို့ မတောင်းခဲ့တာလဲ သမီး....''

ခင်စောအုံ ဆိတ်ဆိတ်နေသည်။

''သမီးက မတောင်းခဲ့ပဲ ထွက်လာတာလား....၊ သမီးယောကျ်ားက မပေးပဲ ယူထားတာလား....''

ဒေါ်ခင်မင်းကမေးသည်။ ခင်စောအုံက နှုတ်ပိတ်မြဲပိတ်နေသည်။ မိခင်ကို မည်ကဲ့သို့သော အဖြေမျိုးပေးရမည်ကို စဉ်းစားနေဆဲဝယ်၊ ဒေါ်ခင်မင်းက မျက်နှာအောက်စိုက်ပြီးဆိတ်ဆိတ်နေသော သမီးကိုစိုက်ကြည့်ကာ မေးခွန်းထုတ်လိုက်ပြန်သည်။

''သမီးက ယောကျ်ားကို သိပ်ကြောက်ရသလား''

ဤစကားသည် ခင်စောအုံအဖို့ ဆတ်ဆတ်ခါသွား၏





ဤစကားသည် ခင်စောအုံအဖို့ ဆတ်ဆတ်ခါသွား၏။

''မကြောက်ရပါဘူးအမေ၊ သူက သမီးကို သိပ်ချစ်ပါတယ်''

''မကြောက်ရရင် ဘာဖြစ်လို့ ရတနာတွေရအောင် မတောင်းခဲ့တာလဲ''

''ဒီရတနာတွေမရတော့ကော ဘာအရေးကြီးလဲအမေရယ်။ တစ်ခြားပစ္စည်းလှူလဲ ရပါတယ်အမေ''

''အမေ့ကို ရှင်းရှင်းပြောစမ်းပါ။ သုံးဖြုန်းပစ်လို့ကုန်ပြီလား....ညီးယောကျ်ားက သိက်သမားဖြစ်လို့ ပစ္စည်းတွေအပိုင်စီးထားတာ မတောင်းဝံ့လို့လား''

ဒေါ်ခင်မင်း စိတ်တိုသံဖြင့် မေးသောအခါ ခင်စောအုံ စိတ်ထဲမှာ မိခင်ကို မျက်ခနဲ့ဖြစ်သွားသည်။ သူအသက်ပေးချစ်သော လင်ယောကျ်ားကို အထင်အမြင်သေးစွာ သိက်သမားဟု ပြောခြင်းကို ခင်စောအုံက မနှစ်သက်ပေ။

''ဒီလိုအထင်မသေးပါနဲ့အမေရယ်၊ သူသိက်သမားမဟုတ်ပါဘူး''

''သမီးက နာတယ်ပေါ့လေ၊ ညီးယောကျ်ားဇာတိမျိုးရိုးက ဘယ်လိုဆိုတာ မောင်ထွန်းဦးပြောပြလို့ ညီးသိပြီးရောပေါ့။ ပညာမရှိ၊ အလုပ်မရှိ၊ အခြေအနေမဲ့တဲ့လူက ညီးလိုမိန်းမကို ရအောင်ကြံစည်ယူ ပစ္စည်းတွေကို ညီးလက်ထဲမှာမထားပဲ သူ့လက်ထဲမှာ အားလုံးပိုက်ထားတာ သိက်သမားမဟုတ်လို့ ဘာဖြစ်ရမှာသမီးရဲ့''

သူချစ်သောလင်ကို ချိုးချိုးဖဲ့ဖဲ့ ပြောရင်းသည်ဟု ခင်စောအုံက ယူဆလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"သမီးတစ်ယောက်လုံး ပြန်ရောက်လာပြီပဲ အမေရယ်၊ ဘာရတနာတွေမှ မမက်မောပါနဲ့တော့၊ ဆုံးချင်ဆုံး။ မဆုံးချင်နေ ဘယ်လူ့လက်ထဲရောက်ရောက်၊ အမေ သမီးကိုတကယ်ချစ်ရင် ပစ္စည်းစကားမပြောပါနဲ့နော်"

ချစ်လင်က သင်ကြားနားသွင်းလိုက်သည့်စကားကို ဟုတ်နိုးထင်သော ခင်စောအုံက ထိုသို့ပြန်ပြောလိုက်သောအခါ ဒေါ်ခင်မင်းသည် နဂိုက စိတ်မကောင်းရင်းအခံရှိရာတွင် ဒေါသက ထပ်လောင်းလာသည်။

"ဘာပြောတယ်သမီး"

ဒေါ်ခင်မင်းက လေသံမာမာဖြင့်မေး၏။

"သမီးကို တကယ်ချစ်ရင် ပစ္စည်းတွေစကား မပြောပါနဲ့လို့ပြောတာပါအမေ"

"လိမ္မာလိုက်တဲ့သမီးရယ်။ အမေက ညီးကို မချစ်လို့ ပစ္စည်းစကားပြောတယ်ထင်သလား"

ဒေါ်ခင်မင်းက အံကြိတ်ပြီးမေး၏။ ခင်စောအုံက မဖြေပေ။

"ညီးယူသွားတဲ့ ငွေတွေရောနဲ့သလား။ ဒီငွေတွေကို ငါတစ်ပြားမှပြန်မတောင်ဘူး။ ညီးကိုယ်ပေါ်မှာ ဝတ်သွားတဲ့ စိန်နားကပ်၊ စိန်လက်စွပ်၊ ရွှေလက်ကောက်၊ ရွှေဆွဲကြိုး၊ ပုလဲကြယ်သီးတွေရဲ့တန်ဖိုးကရောနဲ့လား။ ဒါတွေကိုလဲ ငါဘာမှ ပြန်မတောင်းဘူး။ အရိုးတော်ဘုရား သနားတော်မူခဲ့တဲ့ နှမ်းတွင်းရတနာတွေကိုသာ မသုံးထိုက် မစားထိုက်တဲ့ပစ္စည်းလို့ ငါယူဆပြီး လှူပစ်မယ်လို့ ပြန်တောင်းနေတာ။ ဒါကို ညီးက ပစ္စည်းစကားပြောတယ်လို့ အမေ့ကိုစွပ်စွဲတယ်။ သိပ်လိမ္မာတဲ့သမီး...."

ဒေါ်ခင်မင်းက ဒေါသဖြင့် စိတ်လိုက်မာန်ပါပြောသောကြောင့် မောသွားသည်။ လူနာစောင့် အမျိုးသမီးက ရေတိုက်ခြင်း၊ ရှူဆေးလို နှာဝမှာတေ့ပေးခြင်းဖြင့် ပြုစုနေသည်ကို ခင်စောအုံက ငေးကြည့်နေသည်။ အမောပြေသောအခါ ဒေါ်ခင်မင်းက စကားဆက်ပြောသည်။

"သမီး....ခင်စောအုံ"

ခင်စောအုံက မကြည်လင်သောအသံဖြင့်။

"အမေ"

ဟုထူးသည်။

"အမေ နောက်ဆုံးစကားအဖြစ်နဲ့မေးမယ်။ အရိုးတော်ဘုရားရဲ့ရတနာတွေကို ညီးလက်ထဲကရအောင် တောင်းပေးမလား၊ မတောင်းပေးဘူးလား"

"ပြန်မရဘူးဆိုရင်တော့ကောအမေ....."

ခင်စောအုံက ပြန်မေးသည်။

"ဒီရတနာပြန်မရရင် သမီးကို အမေခွင့်မလွှတ်နိုင်ဘူး"

ခင်စောအုံသည် မိခင်မျက်နှာကို မကြည့်ပဲ သူ့ယောကျ်ားပြောလိုက်သည့်စကားကို ပြန်လည်ကြားယောင်သည်။ "ခင့်အမေရဲ့သားသမီးအပေါ်ထားတဲ့ မေတ္တာအတိမ်အနက်ကို သိရမှာပေါ့။ သူ့ရင်သွေးရင်နှစ်သမီးရင်းကို တကယ်ချစ်ရင် ဘယ်လိုလူနဲ့ပဲယူယူ၊ ဘာပစ္စည်းပဲဆုံးဆုံး သမီးကိုသာ စုံမက်မြတ်နိုးပြီး ခွင့်လွှတ်မယ်၊ လက်ခံမယ်၊ သမီးထက်ပစ္စည်းကို ပိုပြီးခင်တွယ်မက်မောရင် သမီးထက် ဂုဏ်ပကာသနကို မက်မောရင် သမီးကို







www.burmeseclassic.com

www.burmeseclassic.com

စိမ်းကားရက်စက်မှာပဲ''

ခင်စောအုံသည် မိခင်အား အထင်လွဲလေတော့သည်။ မောင်ပြောလိုက်သည့် စကားတွေသည် အားလုံးမှန်ပေသည်။ အမေသည် သမီးကိုချစ်လျှင် သားမက်ကိုလည်း ခွင့်လွှတ်ရမည်။ ပစ္စည်းကိုလည်းအဆုံးခံနိုင်ရမည်။ ယခုမူ သားမက်ကို ဇာတိမျိုးရိုးမကောင်းဟူ၍လည်းကောင်း၊ ပညာမရှိ၊ အလုပ်မရှိ၊ အခြေအနေမဲ့သူဟူ၍လည်းကောင်း၊ သိုက်သမားဟူ၍လည်းကောင်း၊ အထင်သေးစကား၊ ချိုးဖဲ့ရှုံ့ချသည့်စကားတွေ ပြောနေခြင်းက ဂုဏ်ပကာသနကို မက်ကြောင်း ထင်ရှားနေပေပြီ။ ရတနာတွေပြန်မရလျှင် သမီးကိုခွင့်မလွှတ်ဆိုသည်မှာ သမီးထက် ပစ္စည်းကို ပိုပြီးခင်တွယ်မက်မောကြောင်း ဖော်ပြနေခြင်းဖြစ်သည် စသည်ဖြင့် ခင်စောအုံသည် မိခင်၏ သဘောထားစိတ်ဆန္ဒကို လေးလေးနက်နက်တွေးဆချင့်ချိန်ခြင်းမရှိ၊ မိမိ၏ချို့ယွင်းချက်တွေအများတွေကို ပြန်လည်စဉ်းစား သတိရခြင်းမရှိပဲ ငါ့လင်ထိရင် ဓါးကြည့်ဟူ၍ စကားပုံအသစ်ထွင်၍ မိခင်အပေါ် မေတ္တာစေတနာလျော့ပါးသွားလေသည်။

အဖေအမေမရှိလျှင် တစ်ဦးတည်းသော သမီးအရင်းဖြစ်သည့်သူသာလျှင် ကျန်ရစ်သမျှ အမွေအနှစ်ကို ဆက်ခံရမည်ဟူသော သဘောတရားကို နှလုံးပိုက်ကာ ခင်စောအုံက မိခင်ပြောစကားကို အလေးနက်မထားတော့ချေ။

ဘာစကားမှ ပြန်မပြောတော့ပဲ ဆိတ်ဆိတ်သာနေသော ခင်စောအုံကို ဒေါ်ခင်မင်းက ဒုတိယအကြိမ် မေးလိုက်ပြန်သည်။

''သမီး ရတနာတွေ ပြန်တောင်းပေးပါ''





''သမီး ရတနာတွေ ပြန်တောင်းပေးပါ''

ခင်စောအုံက ခပ်အေးအေးလေသံဖြင့် ဖြေ၏။

''အမေကလဲ ဒီပစ္စည်းစကားပဲ ပြောနေတာပဲ၊ ပစ္စည်းတွေပြန်ရရင် ကျွန်မကို မောင်နဲ့ခွဲပြီး လှောင်ထားမယ်လို့လား.....''

''မလှောင်ပါဘူးအေ.....ရအောင်သာ ပြန်တောင်းပေးပါ...''

''ဒီလိုဆိုရင် မောင့်ကို သံကြိုးရိုက်ခေါ်မယ်.....''

''ညီး ကြိုက်သလိုလုပ်၊ အရီးတော်ဘုရား ရတနာတွေ ငါ့လက်ထဲ ပြန်ရောက်ရင် ငါကျေနပ်တာပဲ''

ဒေါ်ခင်မင်းက စိတ်လျှော့သောအသံဖြင့် ပြောသည်။ ခင်စောအုံသည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် မောင့်ထံ သံကြိုးရိုက်လိုက်လေသည်။

◈ ◈ ◈



www.burmeseclassic.com

www.burmeseclassic.com



## ၈

ခင်စောအုံထံမှ သံကြိုးစာကို စိတ်ဖောကြီးစွာ မျှော်လင့်နေသော မောင်ထွန်းမြင့်ထံသို့ မျှော်လင့်သည့်အတိုင်း သံကြိုးစာက ရောက်လာသည်။ မောင်ထွန်းမြင့်က သံကြိုးစာအိတ်ကို ဖွင့်နေခိုက်မှာ.....သူ့စိတ်ထဲတွင် အမေခွင့်လွှတ်သည် လာခဲ့ပါ၊ ဟူသော စာလုံးသော်လည်းကောင်း၊ အမေဆုံးပြီလာခဲ့ပါ ဟူသော စာလုံသော်လည်းကောင်း ပါလိမ့်မည်ဟု ထင်ထားမျှော်လင့်၏။ သို့သော် သံကြိုးစာရွက်တွင်ကား.....

"ရတနာတွေကိုပါ တစ်ပါတည်း ယူပြီး လာခဲ့ပါ"

ဟူသော စာလုံးကိုသာတွေ့ရသည်။ မောင်ထွန်းမြင့်က စဉ်းစားခန်းဝင်၏။ ဤရတနာတွေနှင့်ပတ်သက်ပြီး ခင်စောအုံကို အသေအချာ သင်ကြားပြောဆို လွှတ်လိုက်ပါလျက် အဘယ်ကြောင့် ရတနာတွေကို ယူလာခဲ့ရန် မှာကြားလေသနည်း။ အမေစကားနားဝင်၍ ခင်စောအုံ စိတ်ပြောင်းသွားလေပြီလား.....၊ ခင်စောအုံကို ပိတ်လှောင်ထားပြီး ရတနာတွေ ပြန်ရအောင် လည်ဆယ်ပြီး ရိုက်လိုက်သော သံကြိုးပေလား.....မည်သို့ပင်ဖြစ်စေ အကြောင်းမှန်သိရအောင် လိုက်သွားမည်ဟု မောင်ထွန်းမြင့်က ဆုံးဖြတ်၏။ သို့သော်ကျန်ရှိသော ငွေတွေကိုလည်းကောင်း၊ ခင်စောအုံနိုးရာလိုက်စဉ်က ဝတ်ဆင်သွားခဲ့သည့် လက်ဝတ်လက်စားများကိုလည်းကောင်း၊ မင်းကြီး တော် မိဖုရားဟောင်းထိပ်တင်၏ အဖိုးတန်လှသည့် နန်းတွင်းရတနာတွေကိုလည်းကောင်း၊ ယူဆောင်သွားခြင်းမပြုပဲ လုံခြုံစိတ်ချရသည့်နေရာမှာ သိမ်းဆည်းထားခဲ့မည်ဟု မောင်ထွန်းမြင့်စီစဉ်၏။ သဘောရိုးဖြင့်ခေါ်လေသည်မသိ၊ သဘောဆန်းဖြင့်ခေါ်လေသည်မသိ၊ ဖွတ်မရ ဓါးမဆုံးရမည့်အဖြစ်မျိုး ကြုံခဲ့သော်ဟူသော ကွက်ကျော်အတွေးကို မောင်ထွန်းမြင့်က ပါးနပ်သူပီပီ ကြိုတင်တွေးသည်၊ ထို့ကြောင့် သူ့အစီအစဉ်အတိုင်းအကောင်အထည်ဖော်သည့် ရတနာရွှေငွေတွေကို အိမ်ကြီးအတွင်း မည်သူမှမတွေးထင်သော လုံခြုံသိုသိပ်သည့် တစ်နေရာဝယ် သေသပ်ပိရိစွာ သိမ်းထားခဲ့ပြီး လမ်းစားရိတ်မျှလောက်သော ငွေကြေးဖြင့် ခင်စောအုံရှိရာ လိုက်လာခဲ့လေသည်။

"မောင် ရောက်လာပါပြီ အမေ....."

ခင်စောအုံက နှစ်သိမ့်ရွှင်လန်းစွာဖြင့် သူ့ချစ်လင်ကို မိခင်အပါး ခေါ်ဆောင်လာကာ ကြည်နူးစွာပြောသည်။ ခင်စောအုံ ရောက်လပြီး နှစ်ရက်အတွင်း ဒေါ်ခင်မင်း၏ အခြေအနေမှာ ပိုမိုဆိုးရွားလာသည်၊ မိခင်ကို လင်ယောကျာ်းလောက် လေးလေးနက်နက်မရှိသော ခင်စောအုံအနေဖြင့် အတွေ့အကြုံဗဟုသုတနည်းပါး၍ လူနာအကဲမခတ်တတ်သည်အလျောက် မိခင်၏ရောဂါဝေဒနာခံစားနေရခြင်းကို ပေါ့ပေါ့ပင်သဘောထားသည်။ လူသည် ပွပါးတစ်ယောက်ဖြစ်သော မောင်ထွန်းမြင့်ကား.....ဒေါ်ခင်မင်း





www.burmeseclassic.com

www.burmeseclassic.com

အခြေအနေ မဟန်တော့ကြောင်း လူ့လောကမှ ထွက်ခွာရန် သေချာနေပြီဖြစ်ကြောင်း အကဲခတ်မိသည်။ ထို့ကြောင့် ဒေါ်ခင်မင်း အနားရောက်လာသည်ဆိုလျှင်ပင် ဒေါ်ခင်မင်း၏ ခြေဖဝါးနှစ်ဖက်ကို ယုယကြင်နာဟန်ဖြင့် ကိုင်ဆုပ်ကာ သာယာညင်းပြောင်းစွာ ပြောဆိုမေးမြန်းသည်။

"အမေရယ်.....နေမကောင်းဘူးဆို သားတို့ဆီ ချက်ချင်း အကြောင်းကြားတော့ သားတို့လာပြုစုမှာပေါ့။ အခု.....အမေ နေသာရဲ့လား....."

ဒေါ်ခင်မင်းသည် သူ့စိတ်ကို အစွမ်းကုန် လျှော့ချထားလိုက်ပြီဖြစ်၍ မောင်ထွန်းမြင့်အား မလိုမုန်းထားသော အကြည့်မျိုး၊ အပြောမျိုးကို မပြုမူတော့ချေ။ အားနည်းတုန်ရည်မောဟိုက်သော လေသံဖြင့် တုန့်ပြန်ပြောဆိုရှာသည်။

"သားရောက်လာပြီနော်....."

"ဟုတ်ကဲ့ အမေ....."

"ခင်စောအုံက ပြောထားပြီးပြီလား....."

"ဘာကိစ္စလဲအမေ၊ ကျွန်တော် အခုပဲရောက်လို့ဘာမှ မသိသေးပါဘူး....."

မောင်ထွန်းမြင့်က နားမလည်ဟန်ဖြင့် မေးသောအခါ ခင်စောအုံက ဝင်ထောက်လိုက်သည်။

"မောင့်ဆီကို ခင် သံကြိုးရိုက်လိုက်တာလေ အားလုံး ယူလာခဲ့တယ်မဟုတ်လား မောင်....."

မောင်ထွန်းမြင့်က မျက်နှာညိုးသွားသည်။

"အမေရယ်.....သားကိုပေးချင်တဲ့အပြစ်ပေးပါ၊ အမေ





ရိုက်လဲခံပါတော့မယ်၊ အရိုးတော်ဘုရားရဲ့ ရတနာတွေလေ....."

မောင်ထွန်းမြင့်က ပြောရမှာ ခက်ဟန်ဖြင့် စကားရပ်ထားသည်။ ဒေါ်ခင်မင်းက ဘာမှပြောဆိုမေးမြန်းခြင်းမပြုပဲ မောင်ထွန်းမြင့်ပြောမည့် စကားကိုသာ နားစိုက်နေသည်။ ခင်စောအုံကသာမေး၏။

"ဘာဖြစ်ကုန်လဲမောင်ရယ်.....ပြောစရာရှိတာပြောပါ"

မောင်ထွန်းမြင့်က ငိုသံပါပါဖြင့်ပြော၏။

"ခင်ပြန်သွားတော့လေ ခင့်ကိုသတိရတာရော အမေ့အတွက်စိတ်ပူတာရော စိတ်မကောင်းလက်မကောင်း မေ့မေ့လျော့လျော့နဲ့ အိမ်တံခါးတော အစုံအစေ့ မပိတ်မိတော့ပဲ အိပ်လိုက်တာ သူခိုးဝင်လို့ ရှိသမျှအားလုံး ပါသွားပြီအမေရယ်၊ သားကို အမေ ပေးချင်တဲ့အပြစ်ပေးပါ"

မောင်ထွန်းမြင့်က လမ်းဆုံးစခန်းဆုံး ပိတ်ပြီးပြောလိုက်လေသည်။

"ဟင်....."

ခင်စောအုံက ထိုမျှသာပြောကာ ဦးခေါင်းငုံ့နေသည်။ ဒေါ်ခင်မင်းသည် စကားတစ်ခွန်းမှမပြောပဲ နဂိုကချောမောလှပရာမှာ ညှိုးငယ်ထား၍ သနားစရာကောင်းနေသော သားမက်မျက်နှာကို မျက်တောင်မခတ် ရှုစိုက်ကြည့်နေသည်။ မောင်ထွန်းမြင့်က ဒေါ်ခင်မင်းမျက်နှာကို အကဲခတ်၏။ စိတ်ဆိုးသလား၊ သူပြောသည့် စကားကို အယုံအကြည်ကင်းမဲ့သလား၊ အမှန်ဟုယူဆခါ လက်ခံယုံကြည်သလား။

သို့သော် မောင်ထွန်းမြင့်၏ အမြင်တွင် ဒေါ်ခင်မင်း


www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမှာ မည်သည့်အမူအယာမှမပေါ်ချေ။ ဒေါ်ခင်မင်းသည် မောင်ထွန်းမြင့်ကို စူးစိုက်ကြည့်နေရာမှ သူ့မျက်လုံးကို မှိတ်ပြီး အသက်မှန်မှန်ရှူကာ ငြိမ်နေသည်။ ဒေါ်ခင်မင်းက အဖိုးထိုက်တန်လှသော ရတနာတွေအတွက် မောင်ထွန်းမြင့်ကို ခွင့်လွှတ်သည်၊ မလွှတ်သည် မသိရသော်လည်း ခင်စောအုံကမူ ခွင့်လွှတ်သည်။ သူ့ယောကျာ်းသည် သူ့ကို မြတ်နိုးလွန်း၊ ချစ်လွန်းသောကြောင့်သာ ခေတ္တခဏမျှ ခွဲခွာရသည်ကို သတိမထိန်းနိုင်အောင် စိတ်ထိခိုက်ရရှာသည်ဟု တွေးကာ အချစ်တွေ အသနားတွေ ပိုကဲလာသည်။

ညှိုးငယ်သော မောင်ထွန်းမြင့်မျက်နှာကို ကြင်နာစွာ စူးစိုက်ကြည့်နေဆဲဝယ်၊ ဒေါ်ခင်မင်းက မျက်လုံးဖွင့်ပြီး ငြင်သာသောအသံဖြင့် ပြော၏။

"ဒီလိုဆိုရင် သားတို့အိမ်ကို ပြစ်ထားခဲ့လို့ မဖြစ်ဘူးလေ၊ ပြန်သွားပြီး ယုံကြည်စိတ်ချရသူ တစ်ဦးတစ်ယောက်ကို အပ်နှံဖို့စီစဉ်အုံးကွယ်၊ အမေ့အခြေကို နေကောင်းရင်လဲ ကောင်းကြောင်း၊ မကောင်းရင်လဲ မကောင်းကြောင်းပေ့ါ သံကြိုးပို့ပေးမယ်၊ သံကြိုးစာပေါ်မူတည်ပြီး လာနိုင်ရင်လဲ နှစ်ယောက်စလုံး လာခဲ့ကြ ဟုတ်လား"

ဒေါ်ခင်မင်း စကားကြောင့် မောင်ထွန်းမြင့်ရော ခင်စောအုံပါ များစွာဝမ်းသာသွားကြသည်။ ဒေါ်ခင်မင်းသည် သူ့အလွန်စုံမက်မြတ်နိုးသော ရတနာတွေအတွက် များစွာ စိတ်ထိခိုက်ကာ ဒေါသဖြစ်စွာဖြင့် ရက်ရက်စက်စက် ပြောလေမည်လားဟု တွေးထင်ခဲ့ကြသည်။ ယခု ဒေါ်ခင်မင်းသည် စိတ်ဆိုးအမျက်ထွက်





သည့် အမူအယာ လေသံအနည်းငယ်မှ မပေါ်လွင်ပဲ ကြင်ကြင်နာနာပင် ပြောဆိုသည့်အတွက် မောင်ထွန်းမြင့်နှင့် ခင်စောအုံတို့ ဝမ်းသာကြရသည်။

ဒေါ်ခင်မင်းစီစဉ်သည့်အတိုင်း အိမ်ကို ပြန်လည်ကြည့်ရှုရမည်ကို မောင်ထွန်းမြင့်က သဘောတူ၏။ လင်ကိုမခွဲနိုင်မခွာနိုင်သော ခင်စောအုံက ပြန်လိုက်ချင်သည်။ သို့သော် အရှည်ကို မျှော်တွေးသော မောင်ထွန်းမြင့်က ဇနီးကို ဖြောင့်ဖြ တားဆီးသည်။

"ခင်လိုက်လို့ မဖြစ်ဘူးကွယ်။ အမေ့နားမှာ နေခဲ့အုံးမှပေ့ါ....."

ခင်စောအုံက မျက်နှာညှိုးသွားသည်။

"အမေ့နားမှာ ခင်ရှိနေလဲပိုနေတာပဲ။ ဦးလေးထွန်းဦးတို့ ငှားထားတဲ့ သူနာပြုဆရာမတို့နဲ့ အဒေမ့အမျိုးတွေ ဝိုင်းနေတာခင်က ဘာလုပ်ပေးစရာရှိလဲ"

"ဘယ်သူတွေပဲရှိရှိ သမီးအရင်း တစ်ယောက်လုံးဖြစ်တဲ့ ခင်က အမေ့နားမှာ အမြဲရှိနေသင့်တယ်ခင်ရဲ့"

"ခင်က အပိုဖြစ်နေပါတယ်ဆိုမှ မောင်ကခက်လိုက်တာ၊ မောင်က ခင့်ကို သတိရအောက်မေ့သလို၊ ခင်ကလဲ မောင်နဲ့ခွဲနေရတာ ဘယ်လောက်လွမ်းနေတယ်မှတ်လဲ။ မောင့်အနားမှာပဲ ခင်နေချင်တယ်"

ခင်စောအုံက ကလေးဆိုးကြီးလို ချွဲနွဲ့ပြီး ပြောသည်။ မောင်ထွန်းမြင့်က ဦးခေါင်းကို နှစ်ချက် သုံးချက် ကုပ်ပြီးမှ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



''မောင်ပြောနေတာ့ ခင် အစိပ္ပါယ်မပေါက်ဘူးနော်''

''ဘာကိုပေါက်ရမှာလဲ''

''မောင် ရှင်းရှင်းပြောမယ် ခင်ရေ့၊ ခင့်အမေဆီမှာ ပစ္စည်းတွေ မနည်းကျန်နေသေးတယ်ဟုတ်လား။ ခင့်အမေအနား မှာ ခင်မရှိရင် လက်သံင့်ရာလူတွေ ယူကုန်မှာစိုးလို့ပြောတာ၊ ကိုယ့်မိဘပစ္စည်း ကိုယ်သာရထိုက်တယ်။ ဘာမဆိုင်တဲ့ အစွယ် အပွားတွေ ဆွေမျိုးတွေနှိုက်ကုန်ရင် ခင်လက်မဲ့ဖြစ်ကျန်ရစ်မှာ မစဉ်းစားမိဘူးလား။ ဒါကြောင့် နေရစ်ခဲ့ပြောတာ။ အိမ်ကြီးကို စိတ်ချရအောင် မောင်ချက်ချင်း ပြန်လာခဲ့မယ်''

ထိုအခါမှ ခင်စောအုံ သဘောပေါက် ကျေနပ်သွားသည်။

''ကဲ–ဒီလိုဆို မြန်မြန်ကြွ၊ ကိစ္စပြီးရင် မြန်မြန်ပြန်လာ''

ခင်စောအုံက မိခင်၏ ကျန်းမာရေးကို လုံးဝတွေးတော စဉ်းစားခြင်းမရှိချေ။ သူ့စိတ်အာရုံသည် သူအသက်ပေးချစ်သော လင်ယောက်ျား မောင်ထွန်းမြင့် တစ်ဦးတည်းအပေါ်မှာ စူးစိုက် စိတ်ဝင်စားနေသည်။

မောင်ထွန်းမြင့်ပြန်သွား၍ ခင်စောအုံ တစ်ယောက်တည်း ကျန်ရစ်သောအခါ မိခင်အပါးမှာ လာထိုင်သည်။ သို့သော် ဒေါ်ခင်မင်းက သမီးခင်စောအုံကို လုံးဝစကားမပြောတော့ချေ။ ရောဂါအခြေအနေက အလွန်ဆိုးဝါးလာသောအခါ ဒေါ်ခင်မင်း သည် ဝတ်လုံတော်ရတစ်ဦးနှင့် ဂုဏ်သရေရှိလူကြီးအချို့ကို အိမ်သို့ ဖိတ်ခေါ်လေသည်။ ဝတ်လုံတော်ရနှင့် လူကြီးမင်းများအား ဒေါ်ခင်မင်းသည် သူလဲလျောင်းရာ ကုတင်အနီးတွင် နေရာထိုင် ခင်းစီမံ၍ ထိုင်စေသည်။ လူယုံတော် ကိုထွန်းဦးကိုလည်း အနား မှာ နေစေသည်။





''သမီး.....ခင်စောအုံ''

ဒေါ်ခင်မင်းကခေါ်သည်။ ဒေါ်ခင်မင်း၏ အသံသည် မောဟိုက်တုန်ရီနေသည်။ အားတင်းပြီး ပြောနေခြင်းဖြစ်၏။ ဒေါ်ခင်မင်းကား သူ့ကိစ္စမပြီးသေးသရွေ့ စိတ်ဆောင်ခါပြောနေ ခြင်းဖြစ်၏။

''အမေ''

ခင်စောအုံက ထူးသည်။

''အမေ့ရှေ့မှာရှိနေကြတဲ့ လူကြီးမင်းတွေ အားလုံးကို သက်သေထားပြီး အမေပြောတဲ့ စကားကို သေသသေချာချာ နားထောင်ပါ''

''ဟုတ်ကဲ့ အမေ''

''အရိုးတော်ဘုရားရဲ့ ရတနာတွေ သူခိုးလက်ပါပြီး ဆုံး ကုန်တယ်လို့ ညီးလင်ပြောတဲ့စကား ဘယ်နည်းနဲ့မှ မဟုတ်နိုင် ဘူး။ ဒါလောက်အဖိုးတန်တဲ့ရတနာတွေ မယားတစ်ယောက်လုံး ဖြစ်တဲ့ ညီးကိုယ်တိုင်တောင် ထားတဲ့နေရာမသိလို့ မယူခဲ့နိုင် အောင် လုံခြုံနေတာ ရှောင်တခင်ရောက်လာတဲ့သူခိုးက အလွယ် ကလေး တွေ့နိုင်မလားဆိုတာ စဉ်းစားစမ်းသမီး''

ခင်စောအုံ ဘာမှပြန်မပြောနိုင်ချေ။ ဆိတ်ဆိတ်သာ နား ထောင်နေသည်။ ဒေါ်ခင်မင်းကဆက်ပြောသည်။

''သမီး မိုက်လိုက်ပုံဟာ ဖအေကြီးတစ်ယောက်လုံး စိတ် ထောင်းကိုယ်ကြေဖြစ်ပြီး အသက်သေရတဲ့ အဖြစ်အထိ ရောက် သွားတယ်ဆိုတာ တစ်မြို့လုံးသိကြတယ်။ အခုအမေသေခါနီး ဆဲဆဲမှာ အသေဖြောင့်အောင် အရိုးတော်ဘုရားရဲ့ ရတနာတွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်ပေးဖို့တောင်းပန်တယ်။ အမေ့ကို မညှာကြဘူး၊ လမ်းဆုံးစခန်းဆုံးပြောကြတယ်''

ဒေါ်ခင်မင်းက စကားပြောရင်း မောလှသဖြင့် ရပ်နားကာ အသက်ကို မှန်မှန်ရှူနေသည်။ ဆရာဝန်နှင့်သူနာပြုက လိုအပ်သည့်ပြုစုကုသမှုကို ဂရုစိုက်ပြုလုပ်ပေးနေသည်။ အမောပြေသောအခါ ဒေါ်ခင်မင်းက စကားဆက်ပြောသည်။

''ဘယ်လောက်ပဲမိုက်သည်ဖြစ်စေ၊ အမေ အသေဖြောင့်အောင် တောင်းပန်တဲ့ကိစ္စကို လိုက်လျောကြရင် အမေခွင့်လွှတ်နိုင်တယ်၊ အခုတော့ သေခါနီးဆဲဆဲဖြစ်နေတဲ့ အမေကို သမီးလုံးဝမငဲ့ညှာဘူး မကြင်နာဘူး။ လင်ယောကျ်ားပြောသမျှအားလုံးနားဝင်ပြီး အမေ့စိတ်ဆင်းရဲမှုကို လျစ်လျူရှုတယ်၊ ကဲ.....ဒါထားလိုက်ပါတော့။ သမီး အခုအိမ်ပြန်ရောက်လာတော့ အမေ့ကို ဘာများ ပြုစုလုပ်ကိုင်ပေးသလဲ''

ဤမေးခွန်းကိုလည်း ခင်စောအုံမဖြေနိုင်။ ဒေါ်ခင်မင်းပြောသည့်အတိုင်းမှန်သည်။ ပြုစုမဲ့လူတွေ အရှိသားဘဲဟူသောစိတ်ဖြင့် အနားမှာထိုင်ရုံသာ ထိုင်နေသည်။ ဘာမှလုပ်ကိုင်ပေးခြင်းမရှိချေ။ ကိုယ်ခန္ဓာကြီးက အမေ့နားမှာရှိနေသော်လည်း စိတ်က မောင်ထွန်းမြင့်ထံရောက်နေသည်ကို ခင်စောအုံသည် သူ့ကိုယ်သူ အသိဆုံးဖြစ်သည်။

ဒေါ်ခင်မင်းက ခပ်မှုံမှုံမျက်နှာထားဖြင့် ဦးခေါင်းငုံ့နေသော သမီးကို စိုက်ကြည့်ရင်း အမောဖြေနေသည်။ အမောပြေသောအခါ စကားဆက်ပြောပြန်သည်။

''မိဘသေရင် အမွေအနှစ်ကို သားသမီးခံစားရိုးဥပဒေ





ရှိတယ်။ ဒါပေမဲ့ မိဘမသေခင်မှာ သမီးယူသွားတဲ့ ပစ္စည်းတွေဟာ ဘယ်လိုမှ အစားထိုးမရနိုင်အောင် တန်ဖိုးရှိတဲ့ပစ္စည်းတွေနော်၊ ဒီပစ္စည်းတွေကိုလဲယူ၊ အဖေကို အသက်သေသည်အထိ အရှက်ခွဲ စိတ်ဆင်းရဲအောင်လုပ်၊ အမေကိုလဲ သေခါနီးဆဲဆဲအချိန်ရောက်တာတောင် ငဲ့ညှာ ကြင်နာလိုက်လျောမှုမရှိ၊ ပြုစုလုပ်ကိုင်ပေးမှုမရှိ၊ မိဘအပေါ်မှာ နှိပ်စက်လွန်း၊ တာဝန်မဲ့လွန်း၊ ဝတ္တရားပျက်လွန်းတဲ့ သမီးအဖို့ မိဘအမွေအနှစ်ကို ခံစားထိုက်သလား၊ မခံစားထိုက်ဘူးလား၊ ကိုယ့်ဘာသာ ကိုယ်ဆုံးဖြတ်''

စိတ်ဆောင်လွန်းသော ဒေါ်ခင်မင်းသည် ပို၍မောလာသည်။ ဆရာဝန်က ဆေးတစ်လုံးထိုးပေး၏။ သူနာပြုဆရာမက ာမောပြေအောင် ဆေးတိုက်လိုက်သည်။

ခင်စောအုံသည် မိခင်စကားကို နားစိုက်ထောင်နေရာမှ အဖြေပေးလိုက်၏။

''အမေ့ပစ္စည်းတွေကို သမီးကလွဲပြီး ဘယ်သူအမွေခံမဲ့လူရှိလဲအမေရယ်၊ သမီးပဲရမှာပေါ့''

ဒေါ်ခင်မင်းက မဲ့လိုက်သည်။

''အရိုးတော်ဘုရားရဲ့ ရတနာတွေကိုပြန်ပေးရင်နဲ့ အဲဒါတွေ အမေလှူနိုင်တာကြောင့် ကျန်သမျှပစ္စည်း သမီးတို့အားလုံးရရမှာပေါ့၊ အခုတော့ အရိုးတော်ဘုရားရဲ့ ရတနာတွေကို အမေမလှူရတော့ ရှိတဲ့ပစ္စည်းတွေအားလုံး အမေလှူသွားရမယ်၊ ရက်စက်စိမ်းကားတဲ့သမီးနဲ့ သိုက်သမားလက်ထဲကို အပ်လို့ အမေကသိုလ်မရဘူး။ နောင်ဘဝအတွက်ပါအောင် အမေလုပ်ရတော့မယ် သမီးရယ်''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မင်းက ကြေကွဲဝမ်းနည်းသံဖြင့် ပြောသည်။ ခင်စောအုံသည် စိုးရိမ်တုန်လှုပ်သောစိတ်ဖြင့် အမေ့လူယုံတော် ဦးလေး ကိုထွန်းဦးကို အသနားခံသလိုကြည့်သည်။ သို့သော် အမေ့နားမှာ ဝိုင်းနေသော ပရိသတ်အားလုံးသည် ခင်စောအုံကို မည်သူမျှ မကြည့်ကြချေ။ သနား၍မကြည့်ရက်၍ပင် မကြည့်လေသလား၊ မိဘအပေါ် စိမ်းကားရက်စက်၊ တာဝန်မဲ့လွန်းသော သူအဖြစ် မကြည့်ချင်၍ မကြည့်ကြလေသလားမသိပေ။

ဂုဏ်သရေရှိ အသိသက်သေလူကြီးမင်းများရှေ့တွင် အမေပြောနေသည့် စကားတွေကို ဝတ်လုံတော်ရက လိုက်ရေးနေသည်ကို ခင်စောအုံက နားစိုက်ထောင်လိုက်သည်။

ယခုလက်ရှိနေထိုင်သော အိမ်ကြီးနှင့် အိမ်ထောင်ပရိဘောဂပစ္စည်း၊ အဝတ်အထည်အားလုံးကို ငယ်စဉ်ကပင် သစ္စာစောင့်သိကာ ကောင်းတူဆိုးဘက် နေလာခဲ့သော လူယုံတော်ကြီး ကိုထွန်းဦးကို ပေးလိုက်သည်။

ခင်စောအုံက ကိုထွန်းဦး မျက်နှာလှမ်းကြည့်သည်။ မတန်မရာ သူဌေးအိမ်ကြီးကို ပိုင်ဆိုင်ရလို့ ဘဝင်မြင့်ကျေနပ်သွားမည်ဟု ခင်စောအုံကထင်၏။ သို့သော် ကိုထွန်းဦးမျက်နှာက သူ့အမရင်းလို ချစ်ခင်ရှိသေသော ဒေါ်ခင်မင်းအတွက် ဝမ်းနည်းပူဆွေးသည့်သဏ္ဌာန် ထင်ထင်ရှားရှား ပေါ်နေသည်။

အတွင်းပစ္စည်း စိန်၊ ရွှေ ရတနာအားလုံးကို ယခုတည်နေဆဲ စေတီတော်မှာ ဌာပနာ၍ ကျိုးသမျှငွေသားကို ဒေါ်ခင်မင်း၏ ဈာပနာအတွက်ချန်၍ ကျန်သမျှအားလုံးကို စေတီတော်မှာ ရွှေသင်္ကန်းကပ်လှူရန်၊ ပိုင်ဆိုင်သည့်လယ်မြေတွေကို ရောင်းချပြီး





ရသည့်ငွေများအား ဆေးရုံများသို့ ခွဲဝေလှူဒါန်းရန် စသည်ဖြင့် ဒေါ်ခင်မင်းက ဘာတစ်ခုမျှမကျန်ရစ်စေရပဲ အပြီးအပြတ် လှူပစ်ပေးပစ်လိုက်လေသည်။

ခင်စောအုံသည် မိခင်အပါးမှ ဖြေးလေးစွာ ထလာခဲ့သည်။ သူ့အပျိုဘဝက အိပ်ခဲ့သောအခန်းထဲ ဝင်လာ၏။ သူ့အပျိုဘဝမှာ နေခဲ့စဉ်ကအတိုင်းပင် ခြေရာလက်ရာမပျက်ရှိနေ၏။ မောင်ထွန်းမြင့်နောက်သို့လိုက်မည့်ညက ဝတ်ထားသည့် ထမီကို ဟောင်းသည်ထင်ပြီး ထမီအကောင်းနှင့်လဲဝတ်သောအခါ ချွတ်ချလိုက်သည့်ထမီကို ကဗျာကသီ ကုတင်ခြေရင်းက တန်းပေါ် ပစ်တင်ခဲ့သည်ကို ခင်စောအုံကမမေ့ပေ။ ယခု ထိုထမီသည် သူပစ်တင်ခဲ့သည့်အတိုင်း နေရာမပျက်ရှိနေသည်။ ဤအခန်းကိုလွန်ခဲ့သည့် တစ်နာရီကျော်လောက်ကမှ ကိုထွန်းဦးက သော့ဖွင့်ထားသဖြင့် ခင်စောအုံသည် ဤအိမ်ကြီးပေါ်ပြန်ရောက်ပြီးသည်မှာ သူ့အခန်းကိုသူ ပထမဦးဆုံးဝင်ရခြင်းဖြစ်သည်။

ခင်စောအုံသည် ကုတင်ပေါ်မှာထိုင်ကာ သူထွက်သွားစဉ်ကအတိုင်း ခြေရာလကရာမပျက်ရှိနေသော အခန်းကို မျက်လုံးက လှည့်ပတ်ကြည့်ရင်း–

“နင်ထွက်သွားပြီး အကိုနဲ့အမ နင့်အခန်းထဲ တစ်လှည့်စီဝင်ပြီး မျက်ရည်ကျကြတယ်တဲ့၊ နင် ကိုင်တွယ်ပြုလုပ်ထားခဲ့တာ မပျက်ပါစေနဲ့တဲ့၊ နင့်ကိုလွမ်းရင် ဒီအခန်းထဲဝင်နေကြတာပဲ”

ဟုကိုထွန်းဦးပြောသည့်စကားကို ပြန်လည်ကြားယောင်မိသည်။ ခင်စောအုံသည် သူ့အိပ်ခန်းကို စေ့စေ့စပ်စပ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရှေးယခင်က မိဘနှစ်ပါးနှင့် ပျော်ပျော်ပါးပါး နေခဲ့ပုံတွေ၊ ဖခင် လူရိုးလူအေးကြီး ဦးလူအောင်က သမီးလေးကို ချစ်ခင်ကြင်နာပုံတွေ၊ မိခင်ဒေါ်ခင်မင်းက အင်္ဂလိပ်ကျောင်းမထားသည်ကလွဲပြီး ခင်စောအုံသဘောအတိုင်း နေထိုင်ခဲ့ရပုံတွေကို ပြန်လည်ထင်မြင်သောအခါ သွားလေသူ ဖခင်ကိုပိုမိုလွမ်းဆွတ်လာသည်၊ သေမင်းထံ ခြေလှမ်းနေပြီဖြစ်သော မိခင်ကို ကြင်နာစိတ်ဝင်လာသည်။ ထိုအတွင်းမှာပင် ချစ်သောခင်ပွန်း ကိုထွန်းမြင့်ကို မျက်စေ့ထဲ မြင်လာပြန်သည်။

ရတနာတွေ သူနိုး နိုးတယ်ဆိုတာ အမေပြောသလို ဟုတ်မှဟုတ်ရဲ့လားဟူသော သံသယက ဝင်လာ၏။ အမွေအနှစ်ပစ္စည်းအတွက် အမေ့ထံပါးနေရစ်ခဲ့ဟုပြောသော ခင်ပွန်းသည်သည် ယခုဘာပစ္စည်းမှမရဟုသိရလျှင် မည်သို့ပြောမည်နည်း။

ခင်စောအုံက စိတ်နောက်နောက်ဖြင့် တွေးချင်ရာတွေးနေခိုက်မှာ အမေရှိနေသော အခန်းဘက်မှ ဘာသံမှမကြားအောင် ငြိမ်ချက်သားကောင်းနေသည်ကို သတိပြုမိသည်။

''ဘာပဲဖြစ်ဖြစ် ငါ့ဒီအိမ်ကြီးက အပြီးအပိုင် ခွာရတော့မှာပဲ၊ အမေ အသက်ထင်ရှားရှိနေခိုက်မှာ မှ●မှတ်ရရ နောက်ဆုံးကန်တော့ခြင်းအနေနဲ့ ကန်တော့လိုက်ပါတော့မယ်''

ခင်စောအုံက ဘာပစ္စည်းမှမရသည်ကို စိတ်ထိခိုက်ခြင်း၊ ဝမ်းနည်းခြင်းမဖြစ်ပေ။ သူလွဲမှားခဲ့သည့် အပြစ်တွေနှင့် ချေကာ စိတ်ကို ဖြေလိုက်နိုင်သည်။ တစ်နည်းအားဖြင့်ကား ခင်စောအုံအဖို့ မောင်ထွန်းမြင့်ကလွဲပြီး ဘာကိုမှ လိုချင်မက်မောမြတ်နိုးခြင်းမဖြစ်ပေ။ ပစ္စည်းအမွေအနှစ်တွေ လက်လွှတ်ဆုံးရှုံးရသည်





ကအရေးမကြီး။ အသက်တမျှချစ်သော မောင်ထွန်းမြင့်ကို ပိုင်ဆိုင်နေရလျှင် ခင်စောအုံအဖို့ ကျေနပ်မည်သာ ဖြစ်သည်။ ထို့ကြောင့် ရှုပ်ပျက်ဆင်းပျက် ပူဆွေးသောကမဖြစ်ပဲ မိခင်ဒေါ်ခင်မင်းရှိနေရာအခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

အခန်းထဲရှိ လူအားလုံးကား တစ်ယောက်ကိုတစ်ယောက်ကြည့်ရှုခြင်းမရှိပဲ သူတို့အားလုံး၏ မျက်လုံးများသည် ကုတင်ပေါ်မှာ ငြိမ်သက်စွာလဲလျောင်းနေသော ဒေါ်ခင်မင်းကိုသာ ရိုသေသောမျက်လုံးများဖြင့် ကြည့်နေကြသည်။ ကိုထွန်းဦးသည် ကုတင်ခြေရင်း ကြမ်းပြင်ပေါ်မှာ ဒူးထောက်ပြီး ဒေါ်ခင်မင်း၏ ခြေဖျားနှစ်ဖက်ကို လက်ကဆုပ်ကိုင်ထားသည်။ ဦးခေါင်းက ကုတင်ဘောင်ကိုမှီကာ ခေါင်းငိုက်စိုက်ချထားသည်။

ခင်စောအုံသည် တည်ငြိမ်စွာလဲလျောင်းနေသော မိခင်၏ မျက်နှာကို ကြည့်လိုက်၏။ စိတ်နာကြည်းဖွယ်ကောင်းသော သမီးမိုက်ကို မကြည့်လိုတော့သော ဒေါ်ခင်မင်း၏ မျက်လုံးများက မည်သည့်အခါမှ ပြန်မဖွင့်တော့သော မှိတ်ခြင်းမျိုးဖြင့် မှိတ်နေကြလေပြီ။ ခင်စောအုံသည် သူ့အခန်းထဲမှာ စဉ်းစားခန်း ဝင်နေသည့်တစ်နာရီနီး●ါးမျှအချိန်အတွင်းဝယ် ဒေါ်ခင်မင်းက သူ့ပစ္စည်းတွေ သူ့သဘောအတိုင်းစီမံပြီး စိတ်ကိုလျှော့ကာ လူ့လောကမှ ထွက်ခွာသွားခဲ့ပြီဖြစ်၏။

''သမီးမိုက်မိပါတယ် အမေရယ်၊ ခွင့်လွှတ်ပါနော်''

ခင်စောအုံက ခပ်တိုးတိုးတောင်းပန်ကာ မိခင်၏ရင်ဘက်လာပ်ကို ဦးနှိမ်ကန်တော့ရင်း မျက်ရည်ကျလာသည်။

''ခင်စောအုံ ဒီအိမ်ကြီးနဲ့ ဒီပစ္စည်းတွေကို အမက ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပေးခဲ့ပေမဲ့ ငါ နှင့်ကို ငဲ့ညှာပါတယ်၊ နှင့်သဘောကို ပြောပါ၊ နှင်စိတ်ချမ်းသာသလို ဖြစ်ရပါစေမယ်''

ကိုထွန်းဦးက ကြင်နာစွာပြောသည်။

''ရှိပါစေတော့ ဦးလေး၊ ကျွန်မနဲ့ဘယ်လိုမှ မဆိုင်မပိုင် ထိုက်တော့တဲ့ပစ္စည်းတွေကို ကျွန်မ မမျှော်လင့် မမက်မောပါဘူး။ ဒီအိမ်ကြီးမှာ ကျွန်မဆက်နေလို့လဲ သူစိမ်းဧည့်သည်လိုသာ ဖြစ်နေတော့မှာကြောင့် ကျွန်မသွားပါတော့မယ်၊ အမေ့ကိစ္စကို ဦးလေးတို့ပဲ ကြည့်ရှုစီမံလိုက်ပါတော့''

ခင်စောအုံက မျက်ရည်သုတ်ရင်းပြော၏။ သူ့မိုက်ပြစ်ကြောင့် မိခင်က သမီးဟူ၍ စာရင်းမသွင်းတော့ပဲ လူသိရှင်ကြား ပြီးပြတ်အောင် စီမံသွားပြီးဖြစ်မှတော့ ခင်စောအုံအနေဖြင့် ဆက်လက်နေထိုင်လိုသောဆန္ဒ မရှိတော့ချေ။ အသုဘသို့လာသမျှ လူအားလုံးက ခင်စောအုံကို အထူးဂရုစိုက်ပြီး ကြည့်ကြရှုကြ၊ တီးတိုးပြောကြ၊ အပြစ်တင်ကြမည်ကို ခင်စောအုံက ကြိုတင်တွေးမိသည်။ ထို့ကြောင့် မျက်နှာထားရခက်သော အဖြစ်ဖြင့် အဘယ်ကြောင့် ငုတ်တုတ်ထိုင်၍ လူအမြင်ခံနေပါတော့မည်နည်း။

⌖ ⌖ ⌖



၉

နွမ်းလျှညှိုးငယ်သောမျက်နှာ၊ လေးလံထိုင်းမှိုင်းသည့် အမူအရာဖြင့် ပြန်ရောက်လာသော ခင်စောအုံကို မောင်ထွန်းမြင့်က ဆီးကြိုရင်း အကဲခတ်၏။ ဟန်မှဟန်ရဲ့လားဟူသော အတွေးကဝင်လာသည်။

''ဘယ်လိုလဲခင်ရယ်၊ မျက်နှာညှိုးလှချည်လား''

မောင်ထွန်းမြင့်က ယုယုယယ မေး၏။

''အမေဆုံးသွားပြီ မောင်''

ခင်စောအုံက လေသံတိုးတိုးဖြင့် ဖြေသည်။

''အော်.....ဖြစ်မှဖြစ်ရလေအမေရယ်၊ ဘယ်နေ့ကဆုံးသလဲဟင်.....မောင့်ကိုဘာကြောင့် ချက်ချင်းအကြောင်းမကြားသလဲ''

မောင်ထွန်းမြင့်က များစွာ စိတ်မကောင်းဟန်ဖြင့် မေးသည်။

''မနေ့က မွန်းတည့်ချိန်လောက်မှာ ဆုံးတယ်''

''ဟင်.....မနေ့ကဆုံးတယ်ဆိုတော့ မသင်္ဂြိုဟ်ရသေးဘူးပေါ့။ ခင်က ဘာကြောင့် ပြန်လာရတာလဲ။ အသုဘအိမ်ဟာ လူထွက်လူဝင်အင်မတန်ရှုပ်တာ၊ ပစ္စည်းတွေ ပျောက်ပျက်ကုန်



www.burmeseclassic.com

www.burmeseclassic.com

တော့မှာပဲ။ မောင်သေသေချာချာ မှာထားရက်သားနဲ့ ခင်ရယ်။ သံကြိုးရိုက်လိုက်လဲရသားနဲ့ ဘာကြောင့် ပစ်ထားခဲ့ပြီး ကိုယ်တိုင် လိုက်လာရတာလဲ''

မောင်ထွန်းမြင့်က မြည်တွန်သည်။ အပြစ်တင်သည်။ အကျိုးအကြောင်းကို အေးအေးဆေးဆေး မမေးပဲ။ ပစ္စည်းအတွက် စိတ်ပူသည့်စကားကိုသာ ပြောနေသော မောင်ထွန်းမြင့်ကို ခင်စောအုံက ငေးကြည့်ရင်း မိခင်ဒေါ်ခင်မင်း မသေဆုံးမီက ပြောခဲ့သည့်စကားကို ပြန်လည်သတိရမိသည်။ ရတနာတွေ သူ့ခိုးလက်ပါသွားတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ ညီးလင် သိုက်သမား....''

မောင်ထွန်းမြင့်က မတုန်မလှုပ်ဖြင့် ငေးငိုင်နေသော ခင်စောအုံကို အားမလိုအားမရကြည့်ခါ....

''ဘာငိုင်နေတာလဲခင်၊ ထ ပစ္စည်းလေးဘာလေးသိမ်းစမ်း။ သိပ်အချိန်ဆွဲနေလို့မဖြစ်ဘူး။ ဟိုမှာ ပစ္စည်းတွေ ပျောက်ပျက်ကုန်ရင် မခက်ဘူးလား။ အတွင်းပစ္စည်းတွေတော့ တစ်ပါတည်း ယူလာဖို့ကောင်းရက်သားနဲ့။ ပြစ်ထားခဲ့တာ ခင် သိပ်မှားတာပဲ၊ ဘယ်သူ့အပ်ခဲ့လဲ။ ဦးလေးကိုထွန်းဦးပဲအပ်ခဲ့မှာပါ၊ ယုံရရင်တော့ အကောင်းသားပဲပေါ့''

မောင်ထွန်းမြင့်က သူ့ဘာသာ သူမေးခွန်းထုတ်၊ သူ့ဘာသာသူဖြေဖြင့် စိတ်ဆန္ဒရှိသမျှတွေ ဖွင့်ဟပြောကြားကာ ခရီးထွက်ရန် ပြင်ဆင်သည်တွင် ခင်စောအုံသည် နှုတ်ပိတ်ဆိတ်ဆိတ နေရန် မဖြစ်တော့ချေ။

''မောင်ကလဲ ပစ္စည်းစကားပဲ ပြောနေတာပဲ''





''ဘာ....ခင် ဘာပြောတယ်''

မောင်ထွန်းမြင့်က ပြန်မေးသည်။

''ထိုင်စမ်းပါအုံးမောင်ရယ်၊ ခင်ပြောပြပါရစေအုံး''

မောင်ထွန်းမြင့်က ခင်စောအုံ စကားအတိုင်း ခင်စောအုံနှင့် မျက်နှာချင်းဆိုင်မှာ ထိုင်ပြီး....

''ကဲ....ထိုင်ပြီး ဘာပြောမှာလဲ၊ ခပ်မြန်မြန်လိုရင်းပြော၊ အမေ့ရှာပ်နသွားဖို့ အချိန်မရှိပဲနေမယ်''

ဟုပြော၏။

''အမေ့ ရှာပနသွားဖို့မလိုတော့ပါဘူး။ ခင်ဘယ်လိုဖြစ်လာတယ်ဆိုတာလဲ မေးစမ်းပါအုံးမောင်ရဲ့''

ခင်စောအုံ စကားက တက်တက်ကြွကြွ ဖြစ်နေသော မောင်ထွန်းမြင့်ကို အံ့အားသင့်သွားစေသည်။ ဆောင့်ကြောင့်ထိုင်နေရာမှ ဖင်ချထိုင်လိုက်၏။

''ပြောစမ်းပါအုံး''

ဟုနားမလည်ဟန်ဖြင့် မေး၏။

ခင်စောအုံက ရတနာတွေ သူခိုးလက်ထဲ ပါသွားတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ညီးလင် သိုက်သမားဟူသော အမေ့စကားကို ချစ်လင်အား မပြောရက်၊ မကြားစေလို၍ ထိုစကားနှစ်ခွန်းကို ထိန်ဝှက်ထားပြီး ဖြစ်သမျှအားလုံးကို စုံစုံစေ့စေ့ပြောပြလိုက်သည်။ ခင်စောအုံက အေးအေးဆေးဆေး အမှုအရာမပျက် ပြောနေနိုင်သော်လည်း နားထောင်နေရသော မောင်ထွန်းမြင့်ကား စိတ်ထဲမှာ ပြင်းထန်စွာ တုန်လှုပ်သွားသည်။ မျက်နှာကပျက်သွားလိုက်၊ မှုန်သွားလိုက်၊ ညိုးသွားလိုက်၊ နီသွား



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဖြင့် အမျိုးမျိုးသော ဟန်အမူအရာပေါ်နေ၏။ ခင်စောအုံ စကားဆုံးသောအခါ.....

''ခင်ပြောနေတာတွေ တကယ်လား၊ မောင့်စိတ်သဘော သိရအောင် စမ်းနေတာလား''

ဟုအသံမှန်ဖြစ်အောင် ထိန်းချုပ်ပြီးမေးသည်။

''တကယ်ပါမောင်ရယ်၊ မောင့်ကို စိတ်မကောင်းအောင် အလကား ခင်လိမ်ပါ့မလား။ ဒီလိုဖြစ်ခဲ့လို့ သူစိမ်းဧည့်သည် မျက်နှာငယ်နဲ့နေရသလို မနေချင်တာနဲ့ အမေ့ကိုစွန့်ပြီးခင် ပြန်လာခဲ့တာပါ''

''နေပါအုံး၊ ဒီအိမ်ကြီးကို ဦးလေး ကိုထွန်းဦးက ခင့် သဘောဖြစ်ရပါစေမယ်ဆိုတာကို ဘာကြောင့် မယူပဲ လက်လွှတ်ခဲ့ရတာလဲ''

မောင်ထွန်းမြင့် အသံက မသိမသာ မာယောင်ယောင် ဖြစ်လာသည်။

''ခင့်ကိုပေးတာမှမဟုတ်ပဲ၊ အမေက သူစေတနာရှိတဲ့လူ သူပေးတာ၊ ခင်က လုမယူချင်ဘူးမောင်ရယ်''

''အော်.....ငါ့မိန်းမ သူတော်ကောင်းကြီးကို၊ ကောင်းပါတယ် သိပ်ကောင်းတယ်''

အေးစက်မာကျောသော အသံဖြင့် မောင်ထွန်းမြင့်က ဆိုသည်။ ခင်စောအုံသည် မောင်ထွန်းမြင့်နှင့် အကြောင်းပါသည့် နေ့ရက်မှစ၍ တစ်ကြိမ်တစ်ခါမှ ဤကဲ့သို့ မောင်ထွန်းမြင့်က တင်းတင်းမာမာ မပြောဘူးသောကြောင့် များစွာထိတ်လန့်သွားရှာသည်။





''ဘယ်လိုပြောလိုက်တာလဲ မောင်ရယ်''

ခင်စောအုံက မျက်နှာငယ်လေးဖြင့် မေး၏။

''မင်းအမေရော၊ မင်းရော သူတော်ကောင်းကြီးတွေ ဖြစ်မှန်း အခုမှငါသိတယ်။ ကိုယ့်သမီးကိုယ် အမွေမပေးချင်တာနဲ့ အားလုံးလှူသွားသတဲ့။ ဟင်း.....ရလိုက်မဲ့ ကုသိုလ်ကြီး၊ သံသရာဝဲဩဃကို ပက်လက်ကူးသွားမဲ့ မိန်းမကြီး''

မောင်ထွန်းမြင့်အသံက မာသည်ထက်မာလာသည်။

''ဒီပစ္စည်းတွေ မရတော့ကော ဘာအရေးလဲ မောင်ရယ်.....''

''ဘာအရေးလဲဟုတ်လား.....ပစ္စည်းမရှိတော့ မင်းနဲ့ငါ ဘာစားပြီး ဘယ်လိုလုပ်နေမှာလဲ ပြောစမ်းပါအုံး.....''

''ဒါတော့မောင်ရယ် စားစရာရှိအောင် အလုပ်တစ်ခုခု တော့ လုပ်ရမှာပေါ့.....''

''တယ် ပြောတတ်တယ်၊ မင်းလုပ်နိုင်မလား.....''

''မောင်က အိမ်ထောင်ဦးစီးပဲ မောင်ကရှေ့ကဆောင် ခင်က တတ်နိုင်သလောက် ကူညီမှာပေါ့.....''

''အော်.....ငါက မင်းအဆင်သင့်စားဖို့ အလုပ်လုပ်ရမယ် ဟုတ်လား.....''

''မောင့်မယား မောင်မလုပ်ကျွေးလို့ ဘယ်သူကလုပ်ကျွေးမှာလဲ''

''မင်းတွေငါတွေဖြင့် လေသံပြောင်းကာ ရင့်ရင့်သီးသီး ပြောနေသည့်တိုင်အောင် ခင်စောအုံက မနာနိုင်ရှာပဲ အမျက်ဒေါသ လုံးဝမထွက်ပေ၊ အေးဆေးသော လေသံဖြင့်သာ ပြော

www.burmeseclassic.com

နေသည်။ သို့သော် မောင်ထွန်းမြင့်၏လေသံက မာသည့်ထက် မာလာသည်၊ စိမ်းကားသည့်အဓိပ္ပါယ်တွေက ပါလာသည်။

"မင်းကို အလုပ်လုပ်ကျွေးဖို့ ငါယူခဲ့တာ မဟုတ်ဘူးကွ နားလည်လား....."

ကျားဟိန်းသလိုအသံဖြင့် ပြောသော ချစ်လှသည့် လင်ယောကျ်ား၏ မျက်နှာကို ခင်စောအုံက အံ့သြဝမ်းနည်းစွာ မော်ကြည့်လိုက်သည်။ ချောမောလှပသော မောင်ထွန်းမြင့်၏ မျက်နှာသည် ဒေါသရှိန်ကြောင့် နီရဲခက်ထန် တင်းမာနေရာ – လှပသောအဆင်းသဏ္ဍာန်ပင် ပျောက်ကွယ်လုလုဖြစ်နေ၏။

"မောင်.....မောင်ဘာကို ဆိုလိုတာလဲဟင်....."

ခင်စောအုံက ကြောက်စိတ်ဝင်လာသောကြောင့် မဝံ့မရဲလေသံဖြင့် မေးသည်။ သူ့မေးခွန်းကို မောင်ထွန်းမြင့်ကမဖြေပေ။ ခြေသံပြင်းပြင်းဖြင့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်။ ထို့နောက် အဝတ်အစားလဲကာ ခင်စောအုံကို လှည့်၍ပင် မကြည့်ပဲ အိမ်ပေါ်မှခြေသံပြင်းပြင်း နင်းပြီး ဆင်းသွားလေသည်။

ခင်စောအုံက သူ့ချစ်လင်ကို မျက်စေ့တစ်ဆုံး လိုက်ကြည့်သည်။ ဖြူဝင်းသော အသားနှင့် ဟပ်မိအောင် ကြည်ပြာရောင်ရင့်ရင့် ဘန်ကောက်လုံချည်၊ မီးခိုးနုရောင်၊ ပိုးပြော့ရှပ်လက်တိုကို ဝတ်ထားသော မောင်ထွန်းမြင့်သည် ခင်စောအုံ မျက်လုံးထဲမှာ ကြည့်မငြီးအောင် ဖြစ်နေသည်။

"အမွေပစ္စည်းတွေအားလုံး ဆုံးရှုံးကုန်ပြီဆိုတာ မပျော်လင့်ပဲ ရုတ်တရက် ကြားလိုက်ရတဲ့အတွက် စိတ်မကောင်းဖြစ်ပြီး ဒေါသထွက်ဟန်တူပါတယ်၊ ပြန်လာရင် စိတ်ကြေလာမှာပါ





ငါ့ကို သူသိပ်ချစ်တယ်၊ သူချစ်လို့ယူထားတဲ့မယားကို သူပြစ်မထားရက်ပါဘူး။ ငါနဲ့ကွဲရရင် သူ့ကိုယ်သူ သတ်သေမယ်ဆိုတာ ဖွင့်ပြောထားသားပဲ၊ မောင်ပြန်လာရင် အဆင်သင့်စားဖို့ ချက်ပြုတ်ထားအုံးမှ မီးဖိုထဲဘာများရှိလဲ မသိဘူး....."

ခင်စောအုံသည် လင်အပေါ် ခွင့်လွှတ်သောစိတ်ဖြင့် အကောင်းဘက်ကတွေးကာ မီးဖိုထဲ ဝင်လာခဲ့သည်။ မီးဖိုချောင်အခြေအနေ အိုးခွက်ပန်းကန်တွေကို ကြည့်ရခြင်းဖြင့် ခင်စောအုံအမေ့ထံ ပြန်သွားသည့်နေ့ကစပြီး မောင်ထွန်းမြင့်သည် အိမ်မှာ ထမင်းလုံးဝမစားကြောင်းသိရသည်။ ခင်စောအုံ ဝယ်ထားခဲ့သော ငါးခြောက်၊ အာလူး၊ ပဲ၊ ဘဲဥတွေက ဤအတိုင်းပင်ရှိနေသည်။ အာလူးတွေက အချို့နာကုန်၍ ဘဲဥတွေက ပုပ်နေလေပြီ။

ခင်စောအုံသည် ဈေးသွားဝယ်ရန် အချိန်ကလဲမရှိတော့၊ အချိန်ရှိသည့်တိုင်အောင် ဝယ်စရာပိုက်ဆံက များများမရှိတော့ချေ။ လမ်းစရိတ်အဖြစ် မောင်ထွန်းမြင့် ပေးထားသော ငွေအစိတ်မှာ ခြောက်ကျပ်မျှသာ ကျန်ရှိတော့သည်။ ထို့ကြောင့် မောင်ထွန်းမြင့် ပြန်လာမှ ပိုက်ဆံတောင်းပြီး နောက်နေ့မှ ဈေးဝယ်ကာ ဖွယ်ဖွယ်ရာရာ ချက်တော့မည်ဟု စိတ်ကူးပြီး ရှိနေသော ငါးခြောက်၊ ပဲ၊ အာလူးတို့နှင့်ပင် စားချင်စဖွယ် ဟင်းဖြစ်အောင် စီမံလိုက်ရတော့သည်။

ထမင်းပွဲကိုပြင်က ချစ်လင်မောင်ထွန်းမြင့်ကို ခင်စောအုံက စောင့်မျှော်နေသည်။ တစ်ဖြေးဖြေးနှင့် နေဝင်မိုးချုပ်သွားသည်။ ညအမှောင်က စိုးမိုးလာသည်။ စားပွဲတင်နာရီကလေးကို ခင်စောအုံကလှမ်းကြည့်၏။ နာရီလက်တံက တရွေ့ရွေ့လှည့်လာခဲ့သည်


www.burmeseclassic.com

www.burmeseclassic.com



မှာ ဆယ့်နှစ်နာရီအချိန် ရောက်လာခဲ့သည်။

မှောင်စပျိုးသည့် အချိန်မှစ၍ အိမ်ကြီးတစ်အိမ်လုံးရှိ ဝင်ပေါက်ထွက်ပေါက် တံခါးမကြီးများရော ပြတင်းပေါက်များရော ခင်စောအုံက အားလုံးပိတ်ထားခဲ့ပြီးဖြစ်၏။ အိမ်ရှေ့ခန်း လမ်းပေါ်ကို လှမ်းမြင်နိုင်သည့် ပြတင်းပေါက် တစ်ခုကိုသာဖွင့် ထားသည်။ ပြတင်းပေါက်မှာ ငါမူးလုံးသံတိုင်တွေ တတ်ထား သည်ဖြစ်၍ လူဆိုးသူခိုးဝင်မရနိုင်ချေ။ ခင်စောအုံက ထိုပြတင်း ပေါက်မှာ ဖွဲကောင်းကောင်းဖြင့်ထိုင်ပြီး ချစ်လင်မောင်ထွန်းမြင့် ပြန်အလာကို စောင့်နေသည်။ အိမ်ကြီးက ရှေးဆန်ဆန်ဆောက် ထားပြီး လူသူကင်းမဲ့သည်မှာ ကြာမြင့်ခဲ့ရာမှ မောင်ထွန်းမြင့်က ဈေးချိုလွန်းသဖြင့် ဝယ်ယူထားလိုက်ခြင်းဖြစ်ရာ လျှပ်စစ်မီးပင် မသွယ်ရသေးချေ။ လက်ဆွဲမှန်အိမ်အားကိုးပြီး နေခဲ့ကြသည်။ ဝယ်ယူသည့် ရက်ကလည်း မကြာသေး၊ ခင်စောအုံနှင့် မောင်ထွန်းမြင့်တို့ကလည်း အမေ့ကိစ္စကြောင့် ခရီးထွက်လိုက်ကြ ရသည်ဖြစ်ရာ လျှပ်စစ်မီးသွယ်ရန်ကိစ္စကို မစဉ်းစားတော့ပဲ ဖြစ် သွားသည်။ ထို့ကြောင့် ကြီးမားသော အိမ်ကြီးအတွင်းဝယ် ခင်စောအုံရှိနေသော အိမ်ရှေ့ခန်းကလေးမှာသာ မှန်အိမ်မီးရောင် ကရှိနေသည်။

ခင်စောအုံသည် ခရီးပမ်းလာသူဖြစ်၍ နွမ်းနယ်သည် တစ်ကြောင်း၊ မောင်ပြန်လာမှ ထမင်းအတူစားမည်ဟူ၍ အစာခံ နေခဲ့သည်ကြောင့် နုံးချိလာသည်တစ်ကြောင်း၊ ညဉ့်နက်သည့် အတွက် အိပ်ချင်လာသည်တစ်ကြောင်းတို့ကြောင့် ပြတင်းပေါက် ဘောင်မှုဏ္ဍကွယ်တွင် လဲလျောင်းနေရာမှ အိပ်ပျော်သွားရှာလေ သည်။





"ဟဲ့.....သူငယ်မ၊ နင်ဘယ်လိုနေရာမှာ ရောက်နေတယ် ဆိုတာကြည့်စမ်း....."

ပီသလှသော အသံက ခင်စောအုံနားထဲကို ပြတ်ပြတ် သားသားဝင်လာသည်။ တစ်စုံတစ်ယောက်သောသူက အမိန့်ပေး နိုင်းစေသည့် အာဏာသံမျိုးဖြစ်၏။ ခင်စောအုံသည် သူ့ပတ်ဝန်း ကျင်ကို ကြည့်လိုက်၏။ စူးရှတောက်ပသော နေရောင်ခြည်မ ဟုတ်သော်ငြားလည်း မြင်ကွင်းကား ကြည်လင်ပြတ်သားလှသည်။ ခင်စောအုံရှေ့တူရူ ပေလေးငါးရာလောက် အဝေးတွင် ကြီးမား သေ လူစုလူဝေးကြီးကို တွေ့ရ၏။ ဖြတ်လတ်လျှင်မြန်စွာ သွား လာလှုပ်ရှားနေသော ဤလူစုလူဝေးကြီးသည် လေးလံသော အ ရာဝတ္ထုများကို ထမ်းပိုးကာ ဦးခေါင်းဖြင့်ရွက်ကာ တစ်ခုသော ကုန်းမို့မို့ပေါ်သို့ တက်နေကြသည်ကို ခင်စောအုံကမြင်နေရသည်။ ခင်စောအုံက စိတ်ဝင်စားစွာ စူးစိုက်ကြည့်လိုက်သောအခါမှ ထို လူစုလူဝေးကြီးသည် ကုန်းမို့မို့ထက်ဝယ် ကြီးမားသော စေတီ တော်ကြီးတစ်ဆူကို တည်ဆောက်နေကြကြောင်း သိလာရသည်။

ခင်စောအုံကြည့်နေဆဲဝယ် စေတီတော်ကြီးသည် မြေ ကို ခွဲခွာရုတ်ချည်းထွက်ပေါ်လာသည့် ရွှေတောင်ကြီးအလား ဝင့်ဝင့် ကြွားကြွား မားမားကြီး ပေါ်လာသည်။ ထီးတော် ပတ်ဝန်းကျင် မှ လေခတ်၍ တဖြတ်ဖြတ်လှုပ်ရှားနေသော ခေါင်းလောင်းသံ ဆည်းလည်းသံ၊ ညောင်ရွက်သံများမှာ ကြားရသူ စိတ်နှလုံးကို ယူကြုံးဆွဲဆောင်ကာ ညွတ်နူးကြည်ညိုဖွယ်ကောင်းလှပါဘိ၏။ စေတီတော်ပတ်ဝန်းကျင်ဝယ် အတီးအမှုတ်၊ အကအခုန်တွေဖြင့် စေတီပူဇော်ပွဲကျင်းပနေသော လူစုလူဝေးကြီး၏ ဝတ်စားဆင်ယင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော အဝတ်တန်ဆာတို့၏အရောင်မှာ ပြောင်ပြောင်လက်လက်ဖြင့် လျှပ်ပြက်သလို တောက်ပနေလေသည်။

ခင်စောအုံသည် လူစုလူဝေးကြီးကို ကြည့်နေရာမှ ထိုလူတွေဝတ်စားပြင်မှုသည် ထူးဆန်းသော ပုံစံတစ်မျိုးဟု သတိထားလာမိသည်။ မည်ကဲ့သို့သော ပုံစံမျိုးဟူ၍ကား....ခင်စောအုံ အဓိပ္ပါယ်ပေါ်အောင် ပုံသဏ္ဍာန်ထင်အောင် မပြောတတ်ချေ။ မသိနိုင်ချေ။

"မြန်မာတွေတော့ မြန်မာတွေပဲ။ ဒါပေမဲ့ သူတို့ကိုယ်လုံးကိုယ်ထည်တွေက ထွားကျိုင်းလှချေလား....ဝတ်စားထားပုံကလဲ ဒို့နဲ့မတူဘူး"

ခင်စောအုံက ကြီးမားများပြားလှသော လူစုလူဝေးကြီးကို ကြည့်ရင်း ပြောမိသည်။

ကုန်းမို့မို့အထက်မှ စေတီတော်ကား....ရွှေရောင်ဝင်းဝင်း အပေါ်တွင် ဖြူနီညိုပြာဝါရွှေစိမ်းလဲ့သော အရောင်တို့က ရစ်သိုင်းတောက်ပနေလေသည်။ သပ္ပါယ်ကြည်ညိုဖွယ်ရာ ကောင်းလှသော စေတီတော်ကို ငေးမျှော်ကြည့်နေသော ခင်စောအုံ၏ စိတ်တွင် လှိုက်လှဲစွာကြည်ညိုသော စိတ်စေတနာက ပေါ်လာသည်။

"အဆုံးမထင်သော အနန္တဂုဏ်တော် ကျေးဇူးတော်ရှင် မြတ်စွာဘုရားအား ရှိသေမြတ်နိုးရှိခိုးပါတယ်ဘုရား"

ခင်စောအုံက နှုတ်မှရွတ်ဆိုရင်း စေတီတော်ကို ရှိခိုးဦးခိုက်လိုက်သည်။ ထိုအခိုက်ဝယ် စေတီတော်ပတ်ဝန်းကျင်တွင် ပူဇော်ပွဲကျင်းပနေသော တီးမှုတ်သီဆို ကခုန်နေသည့်အသံများသည် တဖြေးဖြေး ပျောက်သွားသည်။ လျှပ်ပြက်ဘိသကဲ့သို့ ဝင်းလက်သော ဝတ်စားတန်ဆာတို့ဖြင့် ကြည့်မငြီးနိုင်အောင် ကြက်သရေရှိလှသော လူစုလူဝေးကြီးသည် ခင်စောအုံ၏ မျက်စေ့ရှေ့ဝယ် တဖြေးဖြေး မှေးမှိန်ကာ ပျောက်ကွယ်သွားကြလေသည်။





စေတီတော်ကြီးသည် အရောင်မှိန်လာသည်။ အရောင်မှိန်ရာမှ မဲညစ်လာသည်။ ပြန့်ပြူးသာယာ၊ ရှင်းလင်းစွာရှိနေခဲ့သော စေတီတော်ဝန်းကျင်ဝယ် ခြုံနွယ်တွေ၊ မြက်ရိုင်းပင်တွေ ကြီးမားသော သစ်ပင်ကြီးတွေက ရှုပ်ထွေးပိတ်ဆီးလာသည်။ ခင်စောအုံ ကြည့်နေရင်းပင် စေတီတော်ကြီးသည် တဖြေးဖြေး ပြိုကျပျက်စီးကာ အုတ်ရိုးတွေ အပြိုင်းအရိုင်းပေါ်နေသော စေတီငုတ်တိုကြီးဘဝသို့ ပြောင်းလဲသွားခဲ့လေသည်။

"ဘုရား–ဘုရား စေတီတော်ကြီး ဘယ်လိုအဖြစ်မျိုး ရောက်သွားရှာပါလိမ့်"

အံ့သြသောစိတ်၊ ကြေကွဲဝမ်းနည်းသောစိတ်ဖြင့် ခင်စောအုံက တသဲပြောဆိုမိသည်။ ထိုသို့ပြောဆိုရင်း ခင်စောအုံသည် မည်သည့်နည်းဖြင့် စေတီငုတ်တိုကြီးထံပါး ရောက်သွားသည်ကို သူမတွေးတတ်တော့ချေ။ ဆင်းတုတော်ပုံတွေ၊ စေတီတော်ပုံတွေ ထင်ထင်ရှားရှားပေါ်နေသော ကြီးမားသည့် အုတ်ချပ်ကြီးများသည်၊ စေတီခြေတော်ရင်းဝယ် ဖရိုဖရဲစုပုံနေလေသည်။ ထိုအုတ်ချပ်ကြီးများသည် ရှေးယခင် ကောင်းစားစဉ်က ရွှေရောင်ဝင်းနေခဲ့မည်ဖြစ်သော်လည်း ယခုခင်စောအုံ အမြင်တွင် ရွှေရောင်မှိန်နေလေပြီ။ ထိုအုတ်ချပ် အစုအပုံပေါ်မှာ ခင်စောအုံက ရောက်နေ၏။ ခင်စောအုံခြေရင်းဝယ် မှေးမှိန်သော ရွှေရောင်

ခင်နိုးဝင်း ၈၆၀

www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းတစ်ဖြင့် စေတီပုံ၊ ဆင်းတုတော်ပုံတွေ ထင်ထင်ရှားရှား နေသော ကြီးမားသည့် အုတ်ချပ်ကြီးများကို ခင်စောအုံက အံ့အားသင့်စွာ ငုံ့ကြည့်နေဆဲဝယ်။

''ဤစေတီတော်သည် သဘာဝအလျောက် ပယောဂကင်းမဲ့စွာဖြင့် ပြိုကျပျက်စီး ပျောက်ပျက်သွားလျှင်ကားရှိစေ၊ ယုတ်မာသူပုဂ္ဂိုလ်များ၏ ပယောဂကြောင့် ပြိုကျပျက်စီးခဲ့သော် စေတီတော်နှင့် ပတ်သက်သော ပစ္စည်းများကို ဖြိုဖျက်ယူငင်သုံးစွဲခဲ့သော်၊ ထိုသူအဖို့ လူ့ဘဝတစ်သက်တာလုံး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် လူဖြစ်ရှုံးကာ သံသရာမှာ ဆုံးဆုံးကြီးနစ်မြုပ်စေသတည်း''

မိုးချုန်းဘိသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းစွာ ကြိမ်းဆိုလိုက်သောအသံကြီးသည် ခင်စောအုံ၏နားကို ခွဲပြီးဝင်လိုက်သကဲ့သို့ ထင်ရသည်။ နားထဲဝင်လာသော အသံကြီးသည် လေပြင်းမုန်တိုင်းမွှေလိုက်ဘိသကဲ့သို့ ထင်ရကာ ခင်စောအုံသည်

''အမယ်လေး....ကျွန်မ မသုံးဘူး မသုံးဘူး....''

ဟုထိတ်လန့်စွာ ဟစ်အော်ပြီး သူရပ်နေရာအုတ်ပုံပေါ်မှ ခုန်ဆင်းလိုက်သည်။ သူခုန်ဆင်းလိုက်သည့် အရှိန်ကြောင့် အုတ်ပုံက ဝုန်းဝုန်းဒိုင်းဒိုင်းမြည်ကာ ပြိုကျသွားသည်။

ဝုန်းဝုန်းဒိုင်းဒိုင်းအသံကြောင့်ပင် ခင်စောအုံက ထိတ်လန့်စွာ မျက်လုံးဖွင့်ကြည့်လိုက်၏။

သူသည် တောချုံသစ်ပင်ပိတ်ဆီးနေသော စေတီဝုတ်တိုကြီးထံမှ မဟုတ်ဘဲ သူ့ချစ်လင် မောင်ထွန်းမြင့် ပြန်အလာကို စောင့်မျှော်နေခဲ့ရာ ပြုတင်းပေါက်နားမှာပင် စောင့်မျှော်ရင်း အိပ်





ပျော်သွားရာမှ သန်းခေါင်ကျော် လေရူးအရှိန်သည် ဖွင့်ထားသော ပြုတင်းတံခါးရွက်နှစ်ချပ်ကို ပြိုင်တူပိတ်လိုက်သည့်အသံကြောင့် အိပ်ပျော်ရာမှ လန့်နိုးလာကြောင်းသိရသည်။

ခင်စောအုံသည် အိပ်နေရာမှ ကဗျာကသီထထိုင်လိုက်၏။ တုန်လှုပ်ချောက်ခြားသောစိတ်ဖြင့် စားပွဲတင်နာရီကိုလှမ်းကြည့်လိုက်သည်။ မှန်အိမ်မီးရောင်ဝယ် စားပွဲတင် နာရီကလေး၏ လက်တံက သုံးနာရီတိတိကို ညွှန်ပြနေလေသည်။

''မောင်လဲ ပြန်မလာသေးပါလား။ အို....ငါ့အပြစ်ပါပဲလေ....မောင်ပြန်လာချင်လာမှာ၊ ငါအိပ်ပျော်နေတာ နှိုးမရလို့ ပြန်ထွက်သွားသလားမှမသိပဲ။ ဒီလိုဆိုရင် ငါ့ကိုပိုပြီး စိတ်ဆိုးတော့မယ်''

ခင်စောအုံက စိတ်မချမ်းသာစွာတွေးရင်း အစာမရှိသည့်အလျောက် ရင်ထဲကပူပြီး အာခေါင်က ခြောက်လာသည်။ ရေအေးအေးကို အားပါးတရ သောက်လိုသောဆန္ဒကပေါ်လာ၏။ သောက်ရေအိုးက ထမင်းစားခန်းမှာရှိချေသည်။ ခင်စောအုံက ထမင်းစားခန်းဘက်ကို လှမ်းကြည့်သည်။

မှန်အိမ်မီးရောင်က အိမ်ရှေ့ခန်းကိုသာ မြင်နိုင်ရုံလင်းနေသည်။ ထမင်းစားခန်းဘက်စီတွင်ကား အမှောင်ထုက အားကောင်းကောင်းဖြင့် ပိတ်ဆီးနေချေသည်။ ခင်စောအုံသည် အိပ်မက်ကြောင့် တုန်လှုပ်ချောက်ခြားနေသော စိတ်သည် လျော့ပါးမသွားပဲ စိတ်အားငယ်သည်ထက် ငယ်လာသည်။

အိမ်အပြင်ဘက်တွင်ကား လေသည် ခပ်ပြင်းပြင်းကြမ်းကြမ်းတိုက်နေ၏။ ပြုတင်းတံခါးရွက်နှစ်ချပ်က ပိတ်ချေဖွင့်ချေဖြင့် အသံ



www.burmeseclassic.com

www.burmeseclassic.com



မြည်နေသည်။ ပြတင်းတံခါးရွက် မြည်သံသည် ခင်စောအုံ၏ နားထဲတွင် အိပ်မက်ထဲမှာ ကြားခဲ့ရသည့် အုတ်ပုံပြိုကျသံလို ထင်နေသည်။ အိပ်မက်ထဲတွင် တွေ့ခဲ့ရသည့် စေတီတော်နှင့် ပတ်သက်သော ကြိမ်ဆိုသံကြီးကို ပြန်လည်ကြားယောင်လာသည်။ ခင်စောအုံက ပြတင်းတံခါးရွက်နှစ်ချပ်ကို မလှုပ်ရှားစေရန် ချိတ်ဖြင့်ချိတ်ထားလိုက်ပြီး ပြင်းပြစွာ ရေသောက်လိုသော စိတ်ဆန္ဒဖြင့် ထမင်းစားခန်းဆီသို့ လှမ်းကြည့်လိုက်မိပြန်သည်။ မှောင်မဲနေသော ထမင်းစားခန်းက မှောင်မြဲတိုင်းပင်။

မှန်အိမ်ယူသွားမည်ဟု ခင်စောအုံက စိတ်ကူး၏ သို့သော် ခင်စောအုံသည် သူထိုင်နေရာမှ မလှုပ်ရှားရဲ၊ မထရဲအောင် ကြောက်စိတ်က ဝင်လာသည်။ ကြီးမားကျယ်ဝန်း၍ သူရှိနေရာ အိမ်ရှေ့ခန်းမှလွဲပြီး တစ်အိမ်လုံး မဲမှောင်နေသော အိမ်ကြီးထဲ ဝယ် သူတစ်ယောက်တည်းရှိပြီး တုန်လှုပ်ချောက်ခြားဖွယ်ကောင်းသော အိပ်မက်ကြီးကို မက်ထားသည်ဖြစ်ရာ ခင်စောအုံသည် အဘယ်မှာလျှင် စိတ်အားတင်းနိုင်ပါတော့မည်နည်း။

''မောင်ရယ်.....ခင်တစ်ယောက်ထဲ ကြောက်လို့သေရတော့မယ်၊ ရက်ရက်စက်စက် ပစ်မထားပါနဲ့မောင်ရယ်၊ ပြန်လာခဲ့ပါတော့''

ဟု စိတ်ထဲကတမ်းတကာ ပြတင်းသံတိုင်ကို ဦးခေါင်းမှီ၍ အိမ်ရှေ့လမ်းပေါ်ကို မျှော်ကြည့်သည်။ တိတ်ဆိတ်လှသော ညအမှောင်ဝယ် လေရှိန်ကြောင့် ယိမ်းယိုင်လှုပ်ရှားနေသော သစ်ပင်များကိုသာ တွေ့ရသည်။ သူချစ်သော လင်ယောက်ျား မောင်ထွန်းမြင့်၏ အရိပ်အရောင်ကိုပင် မမြင်ရချေ။ ခင်စောအုံ





သည် အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့တုန်လှုပ်ခြင်း စိတ်တို့ ရောထွေးကာ ပြတင်းသံတိုင်ကို ဦးခေါင်းမှီပြီး မျက်ရည်ဖြိုင်ဖြိုင်စီးကာ ရှိုက်ကြီးငင်ကြီး ငိုကြွေးရှာလေတော့သည်။

⌖ ⌖ ⌖



www.burmeseclassic.com

www.burmeseclassic.com

## ၁၀

မိုးစင်စင်လင်း၍ အိမ်ကြီးထဲမှာ အမှောင်ထု လှင့်ပြယ်ပျောက်ပျယ်သွားမှ ခင်စောအုံသည် ပြတင်းပေါက်နားမှ ထရဲ လှုပ်ရှားရဲတော့သည်။ ညက ချက်ပြုတ်ထားသည့် ထမင်းဟင်းများကား နေရာမပျက် ရှိနေသည်ကို ခင်စောအုံ စိတ်မကောင်းစွာဖြင့် ဖယ်ရှားကာ အသစ်ချက်ပြုတ်ရန် ပြင်ဆင်ရတော့သည်။ အသစ်ချက်ပြုတ်ရန်ဆိုသည်မှာ လက်ထဲရှိသည့် ငွေကလေးဖြင့် ဟင်းလျာဝယ်ရပေမည် ဈေးသွားရန်ကိုကား ခင်စောအုံစိတ်မကူးချေ။ သူဈေးသွားနေခိုက် မောင်ထွန်းမြင့် ပြန်ရောက်လာလျှင် သူ့ကို အဆင်သင့်မတွေ့မမြင်ရသည့်အတွက် အသစ်တစ်ဖန် စိတ်ဆိုးအုံးတော့မည်ကို ခင်စောအုံက တွေးတောစိုးရိမ်သည်။ ထို့ကြောင့် အိမ်ရှေ့ရောက်လာသော ခေါင်းရွက်ဈေးသည်ထံမှပင် ဈေးကြီးပေး ဝယ်လိုက်ရလေတော့သည်။

ထမင်းဟင်းချက်ပြုတ်ပြီး အိမ်ကြီးကို လှဲကျင်းသုတ်သင်ပြီးသည့်တိုင်အောင် မောင်ထွန်းမြင့်က ပြန်မလာသေးချေ။

ခင်စောအုံက ထိုင်းမှိုင်းနွမ်းနယ်နေခြင်းမှ သက်သာရာ





ရအောင်ရေချိုးပြီး အဝတ်အစားလဲကာ ကိုယ်ကိုသန့်ရှင်းစွာပြုပြင်လိုက်သည်။ နံနက်ထမင်းစားချိန်ကုန်၍ မွန်းလွဲသွားသော်လည်း မောင်ထွန်းမြင့်က ပြန်မရောက်လာသေးချေ။ ခင်စောအုံသည် ဝေ့လည်စီးကျလာသော မျက်ရည်ကိုသုတ်ကာ မောင်ထွန်းမြင့်၏ အဝတ်အစားများကို စစ်ဆေးကြည့်သည်။ အဝတ်အစားတွေ အပြည့်အစုံရှိနေသည်ကို တွေ့ရသောအခါမှ စိတ်ကသက်သာသွားသည်။

"သူ့ပစ္စည်းတွေအားလုံးရှိနေတာပဲ၊ အပြီးထွက်သွားတာမဟုတ်ပါဘူး။ စိတ်ဆိုးပြေရင် ပြန်လာပါလိမ့်မယ်။ လက်ထဲရှိပြီးသားပစ္စည်းတွေက သူခိုးလက်ပါကုန်လို့ စိတ်မကောင်းဖြစ်နေခိုက် အမွေတွေလက်လွှတ်လိုက်ရတယ်ဆိုတော့ ရှေ့နေရေးထိုင်ရေးတွေးပြီး သူစိတ်မကြည်လင် ဖြစ်သွားဟန်တူပါတယ်"

ခင်စောအုံက ချစ်သောခင်ပွန်းကို ခွင့်လွှတ်သည့်ဘက်အကောင်းဘက်ကသာ တွေးသည်။ စိတ်အားငယ်စွာ မျှော်လင့်နေသော ခင်စောအုံသည် ညနေလေးနာရီထိုးပြီးချိန်ဝယ် အိမ်ပေါ်သို့တက်လာသော မောင်ထွန်းမြင့်ကို မြင်လိုက်ရသောအခါ ရင်ထဲတွင် အေးသွားသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ နှစ်သိမ့်ခြင်း၊ အားတက်ခြင်းတို့ကား ခင်စောအုံအနေဖြင့် ဖော်မပြတတ်အောင်ပင် ခံစားမိရှာလေသည်။

"မောင်ရယ်....မနေ့ညက မျှော်လိုက်တာ ထမင်းတောင် မောင်ပြန်လာမှ အတူတူစားမယ်လို့ အစာခံစောင့်နေတာ မောင်ရယ်.....ဘာကြောင့် ပြန်မလာတဲ.....ဟင်"

အိမ်ပေါ်ရောက်လာသော မောင်ထွန်းမြင့်ကို ခင်စောအုံ



www.burmeseclassic.com

www.burmeseclassic.com

က ဆီးကြိုကာ ပျော့ပြောင်းချိုသာသော လေသံဖြင့် သနားစဖွယ် ပြောဆိုမေးမြန်းသည်။ သို့သော် မောင်ထွန်းမြင့်၏ မျက်နှာထားကား ဒေါ်ခင်မင်း မသေဆုံးမီက မျက်နှာထားမျိုးမဟုတ်တော့ချေ။ အရေခွံချွတ်ခွာလိုက်သလို များစွာခြားနားပြောင်းလဲသွားခဲ့ပြီဖြစ်၏။ ပြုံးသော၊ ချိုသော၊ မြတ်နိုးကြင်နာသော အမူအရာတွေက အရိပ်အရောင်ပင် မကျန်အောင် ကွယ်ပျောက်နေလေသည်။ မျက်နှာထားက တည်တည်ပင်ဖြစ်သည်။

''မောင်.....ထမင်းဟင်း အဆင်သင့်ပဲ၊ ဆာပြီလား၊ ခဏနေအုံးမလား''

ခင်စောအုံက ယုယုယယမေး၏။ မောင်ထွန်းမြင့်က စကားတစ်ခွန်းမှ ပြန်မပြောပဲ အိပ်ခန်းထဲကိုသာ တန်းဝင်သွားသည်။ ခင်စောအုံသည် သူ့ယောကျ်ား စိတ်ဆိုးမပြေသေးဟု ယူဆကာ သနားစဖွယ် ညှိုးငယ်သောမျက်နှာဖြင့် အိပ်ခန်းထဲ ဝင်လိုက်သွားသည်။ ခင်စောအုံ စိတ်အထင်ကား မောင်ထွန်းမြင့်သည် စိတ်ကောက်ပြီး အိပ်ရာပေါ်လဲလျောင်းနေပေလိမ့်မည်ဟုထင်၏။ အခန်းထဲရောက်သောအခါ ခင်စောအုံ ထင်ခဲ့သည့်မှာ လွဲနေကြောင်းတွေ့ရ၏။

မောင်ထွန်းမြင့်သည် သူ့အဝတ်အစားအချို့ကို လက်ဆွဲအိတ်တစ်ခုထဲသို့ ထည့်နေသည်ကို တွေ့ရသော ခင်စောအုံ ရင်ထဲမှာ ထိတ်သွားသည်။

''မောင်.....ဘယ်သွားမလို့လဲ.....ဟင်''

ခင်စောအုံအမေးကို

''ခရီးထွက်စရာရှိတယ်''





ဟု မောင်ထွန်းမြင့်က တိုတိုပြတ်ပြတ်ပင်ဖြေသည်။

''ဘယ်ကိုသွားမှာလဲ မောင်ရယ်၊ ခင်.....ဒီအိမ်ကြီးမှာ တစ်ယောက်ထဲ နေရစ်ခဲ့ရမှာလား မောင်''

''ခင်ဗျားက တစ်ယောက်ထဲ မနေရစ်လို့ ဘယ်သူနဲ့များ နေရစ်ချင်သေးလဲ''

မောင်ထွန်းမြင့်က အရွှန်းလိုလို အတည်လိုလို ပြောသည်။ ''မဟုတ်ဘူးလေ.....ခင်တစ်ယောက်ထဲ အကြောင်းကိစ္စရှိရင် ဘယ်သူ့အားကိုးရမှာလဲမောင်ရယ်၊ နောက်ပြီး ဒီအိမ်ကြီးမှာ ခင်တစ်ယောက်ထဲ နေရတာ သိပ်စိတ်ငယ်ပါတယ်မောင်၊ ညက ခင်တစ်ယောက်ထဲ ဘယ်လောက်တုန်လှုပ်၊ ချောက်ခြားရတယ်ဆိုတာ မောင်မြင်စေချင်တယ်''

မောင်ထွန်းမြင့်က ဘာမှပြန်မပြောပဲ သူ့အဝတ်အစားတွေကိုသာ လက်စသပ်အောင် ထည့်နေသည်။ ပြီးစီးသောအခါ လက်ဆွဲအိတ်ကိုကိုင်ပြီး မတ်တပ်ရပ်လိုက်၏။ တား၍ရမည် မဟုတ်တော့သော မောင်ထွန်းမြင့်၏ အမူအရာကြောင့် ခင်စောအုံက မတားတော့ပဲ ဝမ်းနည်းသောစိတ်ဖြင့် မေးမြန်းလိုက်သည်။

''ဘယ်ကိုသွားမှာလဲ မောင်.....ဘယ်နှစ်ရက်ကြာမှာလဲ.....ဟင်.....''

''မရောက်ဘူးသေးတဲ့ နေရာတွေ လျှောက်လည်မလို့ပါ။ ရက်ကိုမှတ်လို့မရဘူး။ ပြန်တော့လာခဲ့မယ်၊ စိတ်ချနေ''

မောင်ထွန်းမြင့်၏ ပြန်တော့လာခဲ့မယ်၊ စိတ်ချနေ ဟူသော စကားကြောင့် ခင်စောအုံစိတ်မှာ သက်သာရာရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင် ခရီးသွားနေခိုက် ခင်စားဖို့၊ သောက်ဖို့ ငွေကလေးတော့ ပေးခဲ့ပါအုံးမောင်ရယ်၊ ခင့်လက်ထဲမှာ ပိုက်ဆံသုံးမတ်ပဲ ရှိတော့တယ်"

ခင်စောအုံက အသနားခံသောအခါ.....

"သွားခါနီးလာခါနီး ပြဿနာက တယ်ရှုပ်တာပဲ"။

မောင်ထွန်းမြင့်က ငြီးငွေ့သံဖြင့် ပြောရင်း ခင်စောအုံ လက်ထဲငွေငါးဆယ်ထည့်ပေးခဲ့ပြီး လှည့်မကြည့်တော့ပဲ အိမ်ပေါ်မှ ဆင်းသွားလေသည်။

ခင်စောအုံသည် ချစ်လင်က မျက်နှာ မကြည်မလင်ဖြင့် မလွှဲသာပေးမှု ပေးသွားသော ငွေငါးဆယ်ကို ဆုပ်ကိုင်ရင်း ကျောခိုင်းထွက်ခွာသွားသော မောင်ထွန်းမြင့်ကို မျက်စေ့တစ်ဆုံး လှမ်းကြည့်နေမိသည်။

"ဘယ်နေရာသွားပြီး ဘယ်နှစ်ရက်ကြာနေအုံးမယ် မသိဘူး၊ ဒီငွေကလေးငါးဆယ်နဲ့ ငါနဲ့ ဒီအိမ်ကြီးမှာ....."

ခင်စောအုံသည် ဆိတ်ငြိမ်ခြောက်သွေ့သော အိမ်ကြီး၏ လျှာထိုးပျဉ်ရိုက်ထားသော မျက်နှာကျက်စီ မော်ကြည့်ရင်း မျက်လုံးထဲမှာ မျက်ရည်တွေက အိုင်လာသည်။

"မောင်.....ငါ့ကို ဘာဖြစ်လို့ အခုလို ချက်ခြင်းကြီး စိတ်ပြောင်းသွားရတာလဲ၊ ငါ့မှာ ဘာအပြစ်မှလဲမရှိပါဘူး၊ အခု ထွက်သွားတာ ရှေ့ နေထိုင်စားသောက်ဖို့အတွက် ငွေကြေးအရှာအဖွေထွက်သွားတာလား၊ ပြန်လာခဲ့မယ်၊ စိတ်ချနေလို့ ပြောသွားပုံထောက်ရင် ငါ့ကို သူမစွန့်ပစ်ပါဘူး၊ အေးလေ..... သူကိစ္စရှိလို့သွားတာ ဖြစ်မှာပေါ့"





စိတ်သက်သာရာဘက်က တွေးပြီး ကျလုလုမျက်ရည်ကို ထိန်းလိုက်ရသည်။

ခင်စောအုံသည် ပထမဦးဆုံး တစ်ယောက်တည်း နေရသည့်ညက ထူးဆန်းသော အိပ်မက်ကြီးကို မက်လိုက်ပြီးသည့်နောက် ဤအိမ်ကြီးပေါ်နေရသည်မှာ စိတ်ထဲတွင် မသန့်မရှင်းဖြစ်လာသည်။ ရှေးဆန်ဆန် ဆောက်ထားသော အိမ်ကြီးသည် ခန့်ငြားသည်။ ကျယ်ဝန်းသည်။ ခိုင်ခံ့လုံခြုံသည်။ တိုက်ခံအိမ်ကြီးဖြစ်သဖြင့် အောက်ထပ်တစ်ထပ်လုံးမှာ အိမ်ရှေ့ခန်းတစ်ခုသာ အောက်ကအုတ်ခံကာ ပျဉ်ခင်းထားပြီး မီးဖိုဆောင်၊ ထမင်းစားခန်း၊ ရေချိုးခန်းအားလုံးပင် သမံတလင်းကိုင်ထားသည်။ အိမ်ကြီးမှာ ခြံဝင်းမရှိသော်လည်း အိမ်ရှေ့မျက်နှာစာမြေပိုကလေးတွင် သက်တမ်းရင့်လှပြီဖြစ်သော သရက်ပင်အိုကြီးတစ်ပင်က ရှိနေသည်။ အချို့သော အကိုင်းများမှာ ခြောက်သွေ့ပြီး ကျိုးကျနေသည်။

ခင်စောအုံသည် မောင်ထွန်းမြင့်ပြန်မလာမီ တစ်ယောက်တည်း နေရတော့မည်ဖြစ်၍ အကြောင်းကိစ္စရှိလျှင် ထွက်ရဝင်ရလွယ်ကူအောင် အောက်ထပ်မှာပင် ရွှေ့ပြောင်းနေရန် စီစဉ်လိုက်သည်။ ထို့ကြောင့် အိမ်ကြီးအပေါ်ထပ်အိပ်ခန်းမှ အိပ်ရာနှင့် အဝတ်အစားစသည့် လိုအပ်သည့် ပစ္စည်းကလေးများကို အောက်သို့သယ်ချလာပြီး အောက်ထပ်မှာရှိသည့် အခန်းတစ်ခန်းတွင် နေရာထိုင်ခင်းပြုလုပ်စီမံလိုက်၏။

သို့သော် ညအချိန်များမှာ ခင်စောအုံသည် ကောင်းစွာ အိပ်ပျော်အောင် နှစ်နှစ်ခြိုက်ခြိုက် မအိပ်ဝံ့ချေ။ အိပ်ရှုံးခန်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လိုက်သည်နှင့် တပြိုင်နက် စိတ်ချောက်ခြားဖွယ်ကောင်းသော အိပ်မက်တွေက မက်လိုက်သည်။

အိပ်မက်များသည် တစ်ခုနှင့်တစ်ခု မတူချေ။ ရေချိုးနေစဉ် ရေချိုးခန်းကြီး ပြိုကျသွားတည်ဟူသော အိပ်မက်၊ ဆမင်းချက်နေစဉ် မီးဖိုဆောင်ကြီး မီးလောင်သွားသည်ဟူသော အိပ်မက်၊ အိမ်ခေါင်မိုးကြီးတစ်ခုလုံး ပျက်စီးပြိုကျလာသည်ဟူသော အိပ်မက်၊ အိမ်မဲကြီးပေါ်မှ ဒလိမ့်ခေါက်ကွေး မသက်မသာလိမ့်ကျသည်ဟူသော အိပ်မက်တို့က မျက်စေ့မှိတ်လိုက်သည်နှင့် တပြိုင်နက် မက်ကြလေတော့သည်။

တစ်ကြိမ်သောအခါက မက်သော အိပ်မက်မှာ အသည်းနှလုံးတုန်ဖွယ်ပင် ကောင်းပေတော့သည်။ အိပ်မက်ထဲတွင် အလောင်းကောင် ထည့်ထားသော ခေါင်းတွေက တစ်အိမ်လုံးအပြည့်ဖြစ်နေသည်။ အဲလောင်းကောင်မရှိပဲ လစ်လပ်နေသော ခေါင်းတစ်ခုထဲသို့ အကောင်အထည်မမြင်ရသော ဆွဲအားတစ်ခုက ခင်စောအုံကို အတင်းဆွဲသွင်းနေသည်။ ခင်စောအုံသည် ငယ်သံပါအောင် ဟစ်အောင်ရုန်းကန်ရင်း မောပန်းထိတ်လန့်စွာ အိပ်ရာမှ နိုးလာခဲ့ရသည်။

ထိုအိပ်မက် မက်ပြီးသည့် ညမှစ၍ ခင်စောအုံသည် ညဘက်တွင် လုံးဝမအိပ်တော့ချေ။ နေ့ခင်းဘက်တွင် အိမ်ရှေ့သရက်ပင်အိုကြီးအောက်မှာ ပက်လက် ကုလားထိုင်ကလေးကိုချပြီး ကုလားထိုင်ပေါ်မှာမှီရင်း ခဏတဖြုတ် မှေးမှိတ်ရရှာသည်။

ယနေ့လည်း ဤအချိုးအတိုင်းပင် ကုလားထိုင်ပေါ်မှာ မှီရင်း ခဏတဖြုတ် မှေးမှိတ်ရရှာသည်။



ယနေ့လည်း ဤအချိုးအတိုင်းပင် ကုလားထိုင်ပေါ်မှာ မှေးမှိတ်တော့မည်ဟန်ပြင်ဆဲဝယ် ဘေးချင်းကပ်နေသော တစ်ဖက်အိမ်မှ အသက်ခြောက်ဆယ်ကျော်ပြီဟု ခင်စောအုံခန့်မှန်းမိသော အဖွားကြီးသည် ခင်စောအုံထံ ရောက်လာသည်။

''မိန်းကလေး ဟောဒီကျိုးကျနေတဲ့ သရက်ကိုင်းခြောက်တွေ မသုံးဘူးဆိုရင် ကြီးတော်ယူပါရစေကွယ်''

အဖွားကြီးက နှိမ့်ချသော လေသံဖြင့်ဆို၏။ အသိအကျွမ်း တစ်ဦးတစ်ယောက်မှမရှိသော ခင်စောအုံသည် အဖွားကြီးက စတင်စကားပြောလာသောအခါ အလွန်အကြူး ဝမ်းမြောက်သွားရှာသည်။ တစ်ယောက်ထည်းထည်း ဤအိမ်ကြီးမှာ နေရသည်ကို စိတ်ငယ်ချောက်ခြားနေသော ခင်စောအုံအဖို့ ညှနှုညတာအဖော်ရတော့မည်ဟု အားတတ်သွားသည်။

''ယူပါကြီးတော်ရယ်.....ယူပါ''

ခင်စောအုံက ကြည်ဖြူစွာ ပြာပြာသလဲပြော၏။

''အေး.....ကျေးဇူးပါပဲ မိန်းကလေးရယ်''

အဖွားကြီးကပြောပြီး သစ်ကိုင်းခြောက်တွေကို ကောက်သောအခါ ခင်စောအုံကပါ ကူညီကောက်ပေး စုပေးသည်။ အဖွားကြီးနေသောအိမ်မှာ ပျဉ်ထောင်ပျဉ်ခင်း၊ ဓနိမိုး၊ သုံးပင်လေးခန်း ခလောက်ဆွဲတတ်ထားသော အိမ်ဖြစ်သည်။ ဆင်းရဲသူ၊ ဆင်းရဲသားများနေတတ်သည့် ရိုးရိုးတစ်ထပ်အိမ်ကလေးဖြစ်သည်။ ခလောက်ဆွဲတတ်သည်ဆိုသည်မှာ အိမ်ရှေ့တွင် ဖိနပ်ချွတ်အဖြစ် အဆင့်နိမ့်နိမ့်တဆင့် ထားခြင်းကို ဆိုလိုသည်။ မြင့်မားကျယ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



သော ခင်စောအုံ၏ အိမ်ကြီးနှင့် နှိုင်းယှဉ်လျှင် အဖွားကြီး၏ အိမ်ကလေးက ပြားပြားဝပ်နေလေသည်။

"ကြီးတော်က ဟိုဘက်အိမ်နော်....."

ခင်စောအုံက စကားအစရှာပြီး အသိအကျွမ်းဖွဲ့၏။

'အေးကွဲ့၊ ကြီးတော် ဒီနေရာမှာ ဒီအိမ်ကလေး ဆောက်ပြီး နေလာတာ အမေ့ဝမ်းက ကျွတ်ကထဲကဆိုပါတော့၊ ဒို့ အဖေအမေများလဲ ဒီအိမ်ကလေးပေါ်မှာပဲ ခေါင်းချသွားကြတယ်"

အဖွားကြီးက စိတ်ရှည်လက်ရှည် ပြောပြသည်။ အဖွားကြီးအခြေအနေမှာ နွမ်းပါးသောကြောင့်သာလျှင် ဤထင်းချောက်တွေ လာကောက်ခြင်းဖြစ်သည်ဟု ခင်စောအုံက တွေး၏။

"ထင်းကိုင်းချောက်က ဖြေးဖြေးတော့ ယူတာပေါ့ ကြီးတော်ရယ်၊ ကျွန်မပါ ကူသယ်ပေးပါ့မယ်၊ အမောပြေ ငှက်ပျောသီးကလေး စားပါအုံး ကြီးတော်၊ အိမ်ထဲလာပါ"

သူတစ်ယောက်တည်းမနေရဲသော ဤအိမ်ကြီးထဲမှာ ယခုအဖော်နှင့် အားရှိရှိထိုင်ရတော့မည်ဖြစ်၍ ခင်စောအုံက များစွာဝမ်းသာနေသည်။ အဖွားကြီးက ခင်စောအုံ တည်ခင်းကျွေးမွေးသော ငှက်ပျောသီးကိုစားရင်း ကျယ်ဝန်းခန့်ငြားသည်နှင့် အမှုဆိတ်ငြိမ်ခြောက်သွေ့နေသော အိမ်ကြီးကို မျက်လုံးလှည့်ပတ်ကြည့်နေသည်။

"ကြီးတော်တို့အိမ်မှာ လူအများကြီးလား"

ခင်စောအုံက မေးသည်။

"မများပါဘူးကွယ်၊ အဖိုးကြီးရယ်၊ မြေးလူပျိုတစ်ယောက် အပျိုမလေးနှစ်ယောက်၊ ကြီးတော်ပါဆို အားလုံး ငါးယောက်ပေါ့။





သားရောချွေးမရော ဆုံးကုန်ကြပြီ၊ လူမမယ်ကလေးသုံးယောက်ကို မွေးကျွေးလာခဲ့ရတာ အခုတော့ သင်းကလေးတို့သုံးယောက်က ပြန်လုပ်ကျွေးပေလို့သာပေါ့၊ ကြီးတော်တို့ ထမင်းကလေးတစ်ဝမ်း မှန်မှန်စားနေရတာ၊ ခါတိုင်းတော့ အဖိုးကြီးက ဟိုဟိုသည်သည်ထွက်ပြီး ထင်းစလိုက်ကောက်တယ်လေ၊ အခုတလောတော့ နှုနာထနေတာနဲ့ ကြီးတော်က တစ်လှည့်ထင်းကောက်မယ် ထွက်လာရင်း ဒီသရက်ကိုင်းခြောက်တွေ မြင်မိတာ"

အမယ်ကြီးက စကားဆုံးသပ်ကာ ငှက်ပျောသီးအခွံမှ အသားမြှင်တွေကို ခွာစားနေသည်။ အမယ်ကြီး ပြောစကားအရ သူတို့မိသားစုသည် ဆင်းရဲနွမ်းပါးကြောင်း ခင်စောအုံက သဘောပေါက်သည်။ ပေးကမ်းကျွေးမွေးချင်သော စေတနာ ပေါ်လာပါသော်လည်း သူ့လက်ထဲက ငွေငါးဆယ်ပင် မပြည့်တော့သော အခြေအနေဖြင့် ရက်ပေါင်းမည်မျှ ကြာကြာနေရဦးမည်ကို တွေးမိကာ စေတနာကို ချုပ်တည်းထားလိုက်ရသည်။

"ကြီးတော်တို့အိမ်က အိမ်သားအဖော်တွေ များတော့ ကြောက်စရာ မရှိဘူးနော်.....အားရစရာကြီး"

ခင်စောအုံက အထီးကျန်သော သူ့ဘဝကို တွေးပြီး ပြောလိုက်သောအခါမှ အဖွားကြီးသည် သတိရလာဟန်ဖြင့် ခင်စောအုံမျက်နှာကို ဖြတ်ခနဲ ကြည့်လိုက်သည်။

"အေး.....ဒို့အိမ်ကတော့ လူများပါတယ်၊ မိန်းကလေးကတော့ တစ်ယောက်ထဲနေတာလား၊ မိန်းကလေးခင်ပွန်းအပြင် မကြားတာ ရက်ကလေးတော်တော်ရသွားပြီနော်....."

"ဟုတ်တယ်ကြီးတော်၊ သူ ခရီးရက်ရှည်ထွက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ မိန်းကလေးတစ်ယောက်ထဲထင်တယ်လို့ ဒို့ အိမ်သားတွေ ပြောမိသေး၊ တော်တော်သတ္တိကောင်းတဲ့ သူငယ်မ ပဲ....."

"ရှင်.....ကျွန်မ ဘယ်လိုသတ္တိကောင်းတာလဲကြီးတော်"

"ဒီအိမ်ကြီးမှာ တစ်ယောက်ထဲ နေဝံ့တာလေ....."

ခင်စောအုံစိတ်ထဲမှာ မသန့်မရှင်းဖြစ်နေသော ဤအိမ်ကြီးအကြောင်းကား အစပေါ်လာလေပြီ၊ ခင်စောအုံက သိလိုသောဆန္ဒပြင်းပြလာသည်။

"ဒီအိမ်ကြီးက ဘာဖြစ်လို့လဲ ကြီးတော်ရယ်....."

ထိုအခါ အဖွားကြီးသည် သူ့စကား အနည်းငယ်မှားသွားကြောင်း သတိပြုမိဟန်ဖြင့်.....

"ဘာမှမဖြစ်ပါဘူး၊ ဒီလိုကြီးကျယ်တဲ့ အိမ်ကြီးမှာ တစ်ယောက်ထဲ နေတတ်တာကို ပြောတာပါ"

ဟုသူ့စကားကို လွှဲချသည်။

"စကားမလွှဲပါနဲ့ ကြီးတော်ရယ်၊ အမှန်အတိုင်း သိပါရစေ၊ ဒီအိမ်ကြီးဟာ သိပ်စိတ်ဝင်စားစရာလား၊ စိတ်ချောက်ခြားစရာလား.....တစ်ခုခုတော့ ထူးခြားတဲ့အကြောင်းရှိမှာပဲလို့ ကျွန်မ တွေးမိပါတယ်"

"မိန်းကလေးက ဘာများထူးထူးခြားခြား တွေ့လို့လဲ"

"ထူးထူးခြားခြား တွေ့လို့တော့ မဟုတ်ပါဘူး၊ ဒါလောက်ကောင်းမွန်ခန့်ငြားတဲ့ အိမ်ကြီးကို ကျွန်မခင်ပွန်းက သုံးထောင်ပဲ ပေးမယ်ဆိုတာကို ဟန်လုပ်တဲ့ စကားတောင် ပြန်မပြောတော့ပဲ ချက်ခြင်းရောင်းတာ ဒီအိမ်ကြီးကို သူတို့လက်လွှတ်ချင်လောက်





အောင် အကြောင်းတစ်စုံတစ်ရာ ရှိမှာပဲလို့ ကျွန်မတွေးမိလို့ပါ ကြီးတော်ရယ်....."

ခင်စောအုံက စကားကို မယုတ်မလွန်သာပြောသည်။

"မိန်းကလေး တစ်ခုခုတော့ ထူးခြားပါတယ်၊ ကြီးတော်တို့သတိထားမိတာပေါ့၊ ဒီအိမ်ကြီးကို မိန်းကလေးတို့ဝယ်လိုက်တာ ဆယ့်ငါးရက်လောက်ပဲရှိအုံးမယ် ထင်တယ်"

အဖွားကြီးကပြော၏။

"ဆယ့်ငါးရက်တော့မကဘူးကြီးတော်၊ အားလုံးပေါင်း နှစ်ဆယ့်တစ်ရက်ရှိပြီ၊ အိမ်ကြီးဝယ်ပြီး မောင်နဲ့အတူတူ နေတာက ခြောက်ရက်၊ ကျွန်မအမေ နေမကောင်းဘူးဆိုလို့ ကျွန်မ ပြန်သွားရတာက ခြောက်ရက်၊ ကျွန်မပြန်ရောက်လာတဲ့ ညနေပဲ မောင်ခရီးထွက်သွားက ကိုးရက်ရှိပြီလေ၊ ဒီနေ့အထိဆိုတော့ ဒီအိမ်ကြီး ကျွန်မတို့ လက်ထဲရောက်တာ နှစ်ဆယ့်တစ်ရက်ပေါ့"

အဖွားကြီးက ခင်စောအုံ စကားနားထောင်ပြီး ဦးခေါင်းငြိမ့်ပြောသည်။

"အင်း.....ဟုတ်ပေလိမ့်မယ်၊ မိန်းကလေး မိဘအိမ်ပြန်သွားတဲ့အချိန်က မိန်းကလေးခင်ပွန်းအိမ်မှာ မအိပ်ဘူး၊ နေ့လည်နေ့ခင်းတော့ ပြန်လာပြီးနေတာတွေ့ပါရဲ့၊ ယောကျ်ားကတစ်ယောက်ထဲဖြစ်လို့ အိမ်မှာ မအိပ်ပေမဲ့ မိန်းကလေးက တစ်ယောက် ခုလိုနေတာကတော့ တကယ့်သတ္တိပဲဟေ့"

အဖွားကြီးက သူဖုံးကွယ်ထားသော စကားကို သူ့ဘာသာ သူပြန်ဖော်ပြန်သည်။

"နေပါအုံး ကြီးတော်ရဲ့၊ အခုတင်ကပဲ တစ်ခုခုထူးခြား



www.burmeseclassic.com

www.burmeseclassic.com



တာသတိထားမိတယ်လို့ ကြီးတော်ပြောပါတယ်၊ အဲဒါဘာလဲ ကြီးတော်''

ခင်စောအုံက စောစောက စကားကို ပြန်ကောက်သည်။

''အော်.....ညဘက် မိန်းကလေးအိပ်ပျော်ရင်း ယောင်တာလား။ ဂူးဂူးဝါးဝါးနဲ့အော်ဟစ်နေတဲ့ အသံမျိုးလိုလို ကြီးတော်တို့ သတိထားမိလို့ပါ''

အဖွားကြီးက ဖြေသောအခါ ခင်စောအုံသည် သူ့ အိပ်မက်တွေကို ပြန်လည်သတိရကာ ကျောထဲတွင် စိမ့်သွားသည်။ အဖွားကြီး စကားအစအနထွက်လာပုံထောက်လျှင် ဤအိမ်ကြီးသည် ထိတ်လန့်ချောက်ခြားဖွယ် နောက်ခံအကြောင်းရှိမည်မှာ သေချာသည်ဟု ခင်စောအုံက တွေး၏။ ထို့ကြောင့်သူက ဖုံးဖုံးဖိဖိပြောနေလျှင် အိမ်ပိုင်ရှင်တစ်ယောက်အာ မည်သူသည် ဤအိမ်ကြီးဘာဖြစ်နေသည်၊ ညာဖြစ်နေသည် စသည်ဖြင့် အမှန်းခံပြောပါမည်နည်း။ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောကာ မေးမြန်းခြင်းဖြင့်သာ အမှန်အတိုင်း သိနိုင်ပေမည်ဟု ခင်စောအုံက ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် စကားအစပျိုးလိုက်၏။

''ဒီအိမ်ကြီးရဲ့ နောက်ကြောင်းရာဇဝင်ဟာ ဘယ်နည်းနဲ့မှ စိတ်သန့်စရာ၊ စိတ်ချမ်းသာစရာမရှိဘူးလို့ ကျွန်မထင်တယ် ကြီးတော်ရယ်။ ကျွန်မကိုယ်တွေ့လဲ နဲနဲပါးပါး ရိပ်မိလောက်အောင်ဖြစ်ပါတယ်။ ကျွန်မမှာ လင်ကို အားကိုးပြုနေရတာက လွဲပြီး ဒီရပ်ရွာမှာ ဆွေမျိုးအသိအကျွမ်းမရှိပါဘူး။ ကြီးတော်တို့ မြင်မြင်ခြင်းပဲ အမေလို အားကိုးမိပါတယ်။ ဒီအိမ်ကြီးကြောင့်





ဖြစ်လာရမဲ့ ဒုက္ခကို ရှောင်သင့်ရှောင်၊ တိမ်းသင့်တိမ်းရအောင် အမှန်အတိုင်း ပြောပြပါလား ကြီးတော်ရယ်''

ခင်စောအုံက အဖွားကြီးကို သနားစဖွယ် တောင်းပန်သောအခါ အဖွားကြီးက သနားလာဟန်တူသည်။

''အေးကွယ်၊ ကြီးတော်က ပြောချင်လိုက်တာမှ ကြိုက်မယ်မသိလို့ မပြောဝံ့ပဲနေရတာ။ အရင်အိမ်ရှင်တွေဆိုရင် မာနကြီးတွေတစ်ခွဲသားနဲ့၊ ကြီးတော်က စေတနာကောင်းနဲ့ သတိပေးတာကို စိတ်ဆိုးကြတယ်လေ၊ သူတို့အိမ်ကို နိမိတ်မင်္ဂလာမရှိတာ ပြောသလေး၊ ကြက်သရေမဲ့အောင်ပြောသလေးနဲ့ ရန်ထောင်ကြတယ်။ အဲ.....စိတ်မချမ်းသာမှုတွေ ခံစားပြီး ပိုင်ရှင်အဆက်ဆက် ပြောင်းသွားတာပဲကွဲ့''

''ဟုတ်ကဲ့.....ကျွန်မ စိတ်မဆိုးပါဘူး ကြီးတော်ရယ်၊ ကျေးဇူးတောင် တင်ပါအုံးမယ်''

ခင်စောအုံက စိတ်အရင်းအတိုင်းပြော၏။

''အေး.....မိန်းကလေးက စိတ်မဆိုးပေမဲ့ မိန်းကလေး ခင်ပွန်းက စိတ်ဆိုးရင်ကော''

အဖွားကြီးကမေးသည်။

''သူမသိရစေပါဘူး။ သူကိုယ်တိုင်က ဒီအိမ်ကြီးကို စိတ်ကုန်ပြီ၊ မနေချင်တော့ဘူးဆိုမှ ကျွန်မ ဖွင့်ပြောပါမယ် ကြီးတော်''

''ဒီလိုဆိုလဲ ပြီးတာပေါ့၊ အင်း.....ကြီးတော်က ပြောဆို ဒီအိမ်ကြီး စဆောက်တဲ့အခြေအမြစ်က စပြောရမှာပေါ့''

''စုံအောင်သာပြောပါ ကြီးတော်ရယ်''



www.burmeseclassic.com

"ဒီလိုကွယ်.....ဒီအိမ်ကြီး စဆောက်တဲ့အချိန်က ကြီးတော်အသက်ဆယ့်ငါးနှစ်သာသာ အပျိုအရွယ် ရောက်နေပြီဆိုတော့ ကောင်းကောင်းမှတ်မိခဲ့တယ်။ ကြီးတော်ရဲ့ မိဘများလဲ ရှိသေးတယ်။ အခုကြီးတော်တို့ အိမ်မှာပဲပေါ့။ အဲဒီအချိန် မိန်းကလေးတို့အိမ်ကြီးနေရာမှာ ခြံမြေအလွတ်အတိုင်းပဲရှိသေးတယ်၊ ပိုင်ရှင်ကတော့ ပုလိပ်အရာရှိတစ်ဦးပဲ။ သူ့မိန်းမဘက်က အမွေရထားလိုက်တဲ့ ဘိုးဘွားပိုင်မြေပေါ့ကွယ်။ အင်မတန် သန့်ရှင်းစင်ကြယ်တဲ့ခြံမြေပါပဲ။ သူတို့မှာ သမီးလေးတစ်ယောက်ထဲရှိတယ်။ ရုပ်ကတော့မချောပါဘူး။ အရပ်မြင့်မြင့်၊ ဆံပင်ကတော့ အရပ်လွန်ပြီး ပုံကျနေအောင်ကိုကောင်းတယ်၊ တစ်ဦးတည်းသော သမီးလေးဆိုတော့ ချစ်လိုက်တာ ခိုက်ခိုက်တုန်ပေါ့။ မျက်စေ့အောက်က အပျောက်မခံနိုင်တော့၊ ကျောင်းမထားဘူးလေ၊ စာရေးတတ်၊ ဖတ်တတ်ရုံပဲရှိတယ်"

အဖွားကြီးစကားကို နားထောင်နေသော ခင်စောအုံက သူ့ဘဝဖြစ်စဉ်ကို ပြန်မြင်မိသည်။ သူသည်လည်း တစ်ဦးတည်းသောသမီး၊ စာကိုရေးတတ်၊ ဖတ်တတ်ရုံသာ သင်လာခဲ့ရသည် မဟုတ်ပါလော။ အဖွားကြီးက စိတ်ဝင်စားဟန်ဖြင့် ငြိမ်နေသော ခင်စောအုံကို ကြင်နာဟန်ဖြင့်ကြည့်ကာ စကားဆက်ပြောသည်။

"ပုလိပ်အရာရှိက သူ့အမေအိုကြီးနဲ့ အမအပျိုကြီးကို ထောက်ပံ့တယ်။ အမေအိုနဲ့ အမအပျိုကြီးကို ထောက်ပံ့တယ်။ အမေအိုနဲ့ အမအပျိုကြီးကလဲ သူထောက်ပံ့တာကလွဲပြီး တစ်ခြား ဝင်ငွေမရှိတော့ ဒီသား၊ ဒီမောင်ကိုပဲ အားကိုးရချစ်ရတာပေါ့ မိန်းကလေးရယ်"





"ဟုတ်တာပေါ့ ကြီးတော်"

ခင်စောအုံက ထောက်ခံလိုက်သည်။

"ပုလိပ်အရာရှိကလဲ သူတော်ကောင်းကြီးကွယ့်၊ လာဘ်စားတာတို့၊ အရက်သောက်တာတို့၊ အပျော်အပါး လိုက်တာတို့ဆိုတာ လုံးဝမရှိရှာဘူး။ ဒီမယားနဲ့ ဒီသမီးကို ချစ်လိုက်တာ ငုံထားမတတ်ပဲ၊ အမေအိုနဲ့ အမကြီးကိုလဲ သိပ်ရိုသေရှာတယ်၊ ပုလိပ်တွေထဲမှာ သူလိုလူကတော့ ရှာမှရှားပဲ မိန်းကလေး"

"ဟုတ်ကဲ့ ကြီးတော်"

"တာဝန်ကျေတာတွေ၊ အမှုထမ်းကောင်းတာတွေ နာမည်ကလဲရှိတော့ ရာဇဝတ်ဝန်အထိ ရာထူးတက်သွားတယ်။ မိဘနဲ့ အမကိုရိုရိုသေသေ ထောက်ပံ့ကျွေးမွေးတဲ့ စေတနာအကျိုးပေါ့ မိန်းကလေးရယ်"

အဖွားကြီးက စကားဖြတ်တိုင်း.....

"ဟုတ်ကဲ့ ကြီးတော်"

ဟု ခင်စောအုံက လိုက်နေရသည်။

"ရာဇဝတ်ဝန် အဆင့်အထိ ရာထူးတိုးနေချိန်မှာ သူတို့အသက်အရွယ်တွေကလဲ နည်းနည်းထောက်လာတော့ ပင်စင်ယူ၊ အလုပ်ထွက်ရင် အေးအေးလူလူ နေဖို့ဆိုပြီး ဒီမြေပေါ်မှာ ဒီအိမ်ကြီးကို ဆောက်ကြတာပေါ့လေ....."

ခင်စောအုံ အလွန်မှသိလိုသော အခန်းကို အစပျိုးပြီဖြစ်၍ ခင်စောအုံက နားစွင့်ပြီး အာရုံစိုက်လိုက်၏။

"ရာဇဝတ်ဝန်ကလဲ အလုပ်တစ်ဖက်နဲ့ဆိုတော့ အိမ်ကို ကိုယ်တိုင်ကိုယ်ကျ ကြီးကြပ်ကြည့်ရှုခြင်း မလုပ်နိုင်ဘူးပေါ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးရယ်၊ သူ့မိန်းမနဲ့ သူ့သမီးကို အိမ်ဆောက်ရာပို့ထား ရအောင်ကလဲ မိန်းမသားတွေချည်းဆိုတော့ နားလည်ကျွမ်းကျင်မှာမဟုတ်ဘူး။ ဒီတော့ရာဇဝတ်ဝန်က သူနဲ့ကျေင်းနေဘက် သူငယ်ချင်းတစ်ယောက်ကို ဒီကိစ္စအပ်တယ်။ သူငယ်ချင်းကလဲ အိမ်တွေ၊ ကျောင်းတွေကို ကန်ထရိုက်ယူ ဆောက်လုပ်တဲ့အလုပ်ကို လုပ်နေတဲ့လူဆိုတော့ သူယုံကြည်စွာ မျက်နှာလွှဲပြီး ဒီအိမ်ကြီးကို ဆောက်တယ်။ သူတို့မိသားစု သုံးယောက်လုံးကတော့ သူငယ်ချင်းကိုယုံတာကိုး လုံးလုံးပြန်မကြည့်ကြဘူး။ အဲ.... သူငယ်ချင်းကန်ထရိုက်က ဘာလုပ်တယ်မှတ်လဲ''

အဖွားကြီးက စကားဖြတ်ပြီးမေးခွန်းထုတ်သည်။

''ဘာလုပ်လဲ ကြီးတော်ရယ်.....ပြောပါအုံး''

ခင်စောအုံက မေးသည်။

''ဒီအိမ်ကြီးကို ဆောက်ပုံ ဆောက်နည်းကတော့ တကယ် ကြောက်စရာကောင်းတာပဲလေ။ ရာဇဝတ်ဝန်ကတော့ ကျသင့်တဲ့ငွေကြေးကို ပေးတာပါပဲ။ ဒါပေမဲ့ အိမ်ဆောက်ပေးသူ သူငယ်ချင်းက သစ္စာမဲ့တယ်ဆိုရမှာပေါ့။ သစ်သားတို့၊ အိမ်မိုး သွပ်ပြားတို့၊ အုတ်ကောင်း၊ အုတ်ကျိုးတို့ဆိုတာတွေကို အသစ်ဝယ်တာကနည်းနည်း မိန်းကလေးရဲ့၊ ဘယ်က အဟောင်းတွေ ရှာဖွေလာမှန်းမသိဘူး။ အဟောင်းတွေနဲ့ ဆောက်ပေးပြီး သူက ပိုက်ဆံယူတော့ အသစ်ဈေးယူတာ ဖြစ်မှာပေါ့ကွယ်၊ အမြတ်များများကျန်အောင်ပေါ့''

''အဲဒီလိုလုပ်နေတာ အိမ်ရှင်ရာဇဝတ်ဝန်က မသိဘူးလား၊ တစ်ခါတစ်ခေါက်မှ လာမကြည့်တော့ဘူးလား''





ခင်စောအုံက ဖြတ်မေးသည်။

''အို.....ဘယ်သိနိုင်မလဲ မိန်းကလေး၊ သူတို့က ဒီမြို့မှာ ရှိတာမဟုတ်ဘူးလေ၊ ဟိုးအဝေးကြီး မန္တလေးဆိုလား၊ အဲဒီမြို့မှာ အမှုထမ်းနေရတာကိုး''

အဖွားကြီးက ဖြေသည်။

''ဟုတ်တာပေါ့လေ ဒီလိုဆိုတော့လဲ ဘယ်လာကြည့်နိုင်မလဲ၊ ကဲ.....ဆက်ပြောပါအုံး ကြီးတော်ရယ်''

''အိမ်ဆောက်ပေးတဲ့ သူငယ်ချင်းက လူလည်လူနပ်ပဲ၊ သစ်သား အဟောင်းတွေ၊ တံခါးအဟောင်းတွေ ယူလာ၊ ချက်ချင်းသူ့လက်သမားတွေကို ရေဘော်ထိုးနိုင်း၊ ကော်ပတ်စားနိုင်း၊ အဲဒီလို လုပ်လိုက်တော့ သူများမျက်စေ့အမြင်မှာ အသစ်တွေလို့ ထင်ရတာပေါ့။ သွပ်ပြားတွေဆို ချက်ချင်းသဘော်ာဆေးသုတ်ပစ်တာ ကြီးတော်တို့က အိမ်ချင်းကပ်နေတော့ ဒါတွေ အသေအချာ မြင်နေရတာကို မိန်းကလေးရဲ့''

''ဘယ်ကအဟောင်းတွေများ ရလာပါလိမ့် ကြီးတော်ရယ်''

ခင်စောအုံက ပြောလိုက်သည်။

''အေး.....ကြီးတော်တို့ အစဆုံးထင်တာက၊ အိမ်ဟောင်းတစ်ခုခုကိုဝယ်ပြီး ဖျက်ယူလာတယ် ထင်တာပေါ့ကွယ်။ နောက်တော့မှ အိမ်ဟောင်းမဟုတ်ပဲ၊ တကယ်ကြောက်စရာကောင်းတဲ့ ပစ္စည်းတွေမှန်း သိရတော့တယ်''

''ဟုတ်လား.....ဘယ်လိုပစ္စည်းတွေပါလိမ့်''

''ကြီးတော်တို့ ပထမဆုံး သဲလွန်စရတာက ရေချိုးခန်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေတာကို ကြည့်မိလို့ပဲ၊ ရေချိုးခန်းက အောက်ထပ်၊ ကြီးတော်တို့အိမ်ဘက်ကထားပြီး ဆောက်လုပ်နေတာကိုး။ အဲဒီတော့ ကြီးတော်တို့သားအမိ သားအဖတစ်တွေလဲ နီးနီးကပ်ကပ် မျက်စေ့ရှေ့မှာဆိုတော့ အမှတ်မထင် ကြည့်နေမိကြရာက ရေချိုးခန်းအခင်းမှာ စီနေတဲ့ အုတ်ချပ်ကြီးတွေကို ရွှေရောင်တွေထွက်နေထင်ပါရဲ့လေလို့ထင်ပြီး သေသေချာချာ ကြည့်လိုက်တော့မှ မိန်းကလေးရေ....တကယ်ရွှေချထားတဲ့ အုတ်ချပ်ကြီးတွေဖြစ်နေတာကိုးကွယ့်''

အဖွားကြီးစကား နားထောင်နေသော ခင်စောအုံသည် သူ့အိပ်မက်ကို ပြန်သတိရခါ ကြက်သီးထသွားသည်။ ရေချိုးနေရင်း ရေချိုးခန်းကြီး ပြိုကျသွားသည်ဟူသော အိပ်မက်၊ အိပ်မက်ထဲတွင် တွေ့ခဲ့ရသော ဘုရားစေတီကြီးနှင့် ကြောက်မက်ဖွယ်ကောင်းသော ကြိမ်ဆိုသံကြီး....

''ဘုရား....ဘုရား....ငါ့အိပ်မက်ထဲတွေ့ခဲ့ရတဲ့ ဘုရားစေတီက ပစ္စည်းတွေများလား၊ ဒီအတိုင်းမှန်ရင်တော့ ဒီအိမ်ကြီးပေါ် ငါတို့ဘယ်လိုနေဖြစ်နိုင်ပါမလဲ။ ကြိမ်စာထိပြီး ဘေးဒုက္ခဆိုးတွေ ရောက်ရတော့မယ်ထင်တယ်....''ဟု ခင်စောအုံသည် စိတ်မချမ်းသာစွာ တွေးနေမိသည်။

''မိန်းကလေး သိပ်ကြောက်နေပြီထင်တယ်၊ မျက်နှာကို ပျက်လို့။ ကြီးတော်ပြောမိတာ မှားပြီထင်တယ်ကွယ်''

စိတ်ဆင်းရဲမှုအရှိန်က မျက်နှာမှာ ထင်ဟက်လာသော ခင်စောအုံကို အဖွားကြီးက သတိပြုကြည့်မိ၍ နောင်တရသံဖြင့် ပြော၏သည်။ ခင်စောအုံက သူ့စိတ်ကို ပြန်လည်အားတင်းလိုက်





၏။ နောင်ခါမှ အဆင်ပြေသလို မီးစင်ကြည့်ကရပေတော့မည်။ သိသင့်သိထိုက်သော အကြောင်းကို အစအဆုံးသိရန် သင့်လျော်သည်ဟု ယူဆ၏။ ထို့ကြောင့်.....

''ကျွန်မ စိတ်နိုင်ပါတယ်ကြီးတော်၊ အခုလို ပြောပြတာ ကျေးဇူးလဲတင်ပါတယ်၊ စုံစုံလင်လင်သာ ပြောပြပါ ကြီးတော်ရယ်.....''

''ကြီးတော်ကို အားနာလို့လား၊ တကယ်ပြောနေတာလား''

''တကယ်ပါ ကြီးတော်''

''အေး.....ဒါဖြင့်လဲ ပြောရတာပေါ့''

အဖွားကြီးက စဉ်းစားဟန်ဖြင့် အနည်းငယ်တွေနေပြီးမှ ဆက်ပြောသည်။

''အုတ်ချပ်ကြီးတွေက ဒုသေးသေးနဲ့ အပြားအကြီးကြီးတွေ၊ အုတ်ချပ်တွေပေါ်မှာ ဘုရားဆင်းတုတော်ပုံတွေ၊ စေတီတော်ပုံတွေ၊ အောင်မယ်မင်း ကြက်သီးထဖို့ကောင်းလိုက်တာကွယ်၊ ရေချိုးခန်းအပြည့် စီခင်းပြီး အပေါ်က အင်္ဂတေဖုံးအချောကိုင်လိုက်တာပေါ့ မိန်းကလေး''

''အလုပ်သမားတွေကလဲ မကြောက်မရွံ့ လုပ်တာပဲလား.....''

ခင်စောအုံက မေးသည်။

''အေးဟဲ့.....အဲဒီလူသုံးတဲ့ ပန်းရံတွေ၊ လက်သမားတွေက ဗမာမဟုတ်ဘူးမိန်းကလေးရေ၊ ပန်းရံက ကုလားတွေ၊ လက်သမားတွေကတရုတ်တွေ၊ လူမျိုးခြားဆိုတော့ပဲ ဘာရယ်



www.burmeseclassic.com

www.burmeseclassic.com

ညာရယ် ဘယ်တွေးမလဲကွယ်၊ သူတို့အလုပ်ရှင် ကန်ထရိုက်က ပိုက်ဆံပေးနိုင်းရင် လုပ်မှာပေါ့''

''အော်.....တကယ်အကြံကြီးတဲ့လူပဲ၊ ဗမာတွေသာဆိုရင် ဒီလိုနိုင်းလို့ ရချင်မှရမှာနော်၊ နောက်ပြီး နိုင်းလို့ရတယ်ထားအုံးတော့ နှုတ်လုံမှာမဟုတ်ဘူး ကြီးတော်ရဲ့၊ ဒါကြောင့်စကားအစအနမထွက်အောင် ဗမာပန်းရံနဲ့ လက်သမားကို မသုံးပဲထားတာထင်ပါရဲ့နော် ကြီးတော်''

ခင်စောအုံက သူ့ ထင်မြင်ချက်ကို ပြောသောအခါ အဖွားကြီးက ခေါင်းငြိမ့်ထောက်ခံသည်။

'''ဟုတ်တယ် မိန်းကလေး၊ နောက်ပြီး ဒီအလုပ်သမားတွေကလဲ ဒီလိုအလုပ်မျိုး မကြာခဏ အတွေ့အကြုံရှိပြီးဟန်တူပါတယ်၊ အုတ်ချပ်တွေကို ထူးဆန်းအံ့သြခြင်း၊ ကြည့်ရှုခြင်း မရှိကြဘူးကွယ့်၊ သူတို့အလုပ်ကိုသာ သူတို့ ပြီးစီးအောင်လုပ်သွားကြတာပဲ''

''တော်တော်ယုတ်တဲ့လူနော်၊ ဒီအုတ်ချပ်ကြီးတွေ သူ ဘယ်က ရှာဖွေလာပါလိမ့်''

''ကန်ထရိုက်လုပ်နေတော့ သူတို့ အမြတ်များများကျန်အောင် ဈေးချိုချို အချောင်ရသမျှ ပစ္စည်းသုံးမှာပေါ့ မိန်းကလေးရယ်၊ သူတို့ အဆက်အသွယ်နဲ့သူတို့ ရှိကြပေမှာပေါ့''

''ဆက်ပြောပါအုံး ကြီးတော်''

''အေး.....အုတ်ချပ်တွေသာ မသုံးထိုက်တဲ့ပစ္စည်း မဟုတ်ဘူး၊ အိမ်ထဲမှာထည့်ဆောက်ထားတဲ့ တချို့ပစ္စည်းတွေဆို ဘုန်းကြီးကျောင်း၊ ဇရပ်၊ သိမ်၊ စာသင်ကျောင်း၊ အဲဒါတွေက





ဖြုတ်ဖျက်ခိုးယူလာတဲ့ လူတွေဆီက ဈေးချိုချိုနဲ့ ဝယ်ထည့်ထားတဲ့ပစ္စည်းတွေပါ တော်တော်များများ ပါတယ်ဆိုပါလား''

''ကြီးတော် ဘယ်လိုသိလဲ''

''ဒို့ သားအမိကလဲ မျက်စေ့ရှေ့မြင်နေရတော့ အရူးလာတာနဲ့ အိမ်ဆောက်တဲ့ အလုပ်သမားတွေထဲက မျက်မှန်းတန်းမိတဲ့ တစ်ယောက်နှစ်ယောက်ကို အသိဖွဲ့ကျွေးမွေးပြီး မေးကြည့်တာနဲ့ သိရတာ''

''ဒီအိမ်ဆောက်တဲ့လူက ဒီလိုနည်းနဲ့ အမြတ်စားနေကျထင်တယ်.....''

ခင်စောအုံက ထင်ကြေးပေးသည်။

''မဟုတ်ဘူးတဲ့ မိန်းကလေး၊ အရင်က ဒီလိုမလုပ်ဘူးတဲ့ အခုအိမ်ကြီးဆောက်တဲ့အချိန်မှာ ကြွေးတော်တော်ပူနေတာနဲ့ အမြတ်များများ ကျန်အောင်လုပ်တာလို့ပြောတယ်''

''ဆက်ပြောပါအုံး ကြီးတော်ရယ်၊ ဒါနဲ့ အိမ်ကြီးက ပြီးရောဆိုပါတော့''

ခင်စောအုံက သိလိုဇောဖြင့် တိုက်တွန်းပြန်သည်။

''အိမ်ကြီးက ပြီးသွားတာပေါ့လေ၊ အခု မိန်းကလေး မြင်တဲ့အတိုင်းပဲ၊ ဘယ်လောက်ခန့်ငြားလှပသလဲ၊ ဒါပေမယ့် နေသမျှလူတွေကိုတော့ လှလှပပကြီး အကျိုးပေးတော့တာပဲ ဟော.....''

လိုရင်းကို ရောက်ပြီဖြစ်၍ ခင်စောအုံက အသက်ကိုပင် အောင့်ထားလိုက်မိသည်။ အဖွားကြီးပြောပြသည့် စကားတွေကို ခင်စောအုံက တစ်လုံးစီတစ်လုံးစီ အသေအချာမှတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှပခန့်ငြားသော အိမ်ကြီးပေါ်သို့ ပင်စင်ယူလိုက်ပြီဖြစ်သော ရာဇဝတ်ဝန်တို့မိသားစုက ကြည်နူးနှစ်သိမ့်စွာ တက်ရောက်နေထိုင်လာသည်။ အိမ်ကြီးပေါ်ရောက်၍ ခြောက်လမျှကြာသောတစ်နေ့ဝယ် ရာဇဝတ်ဝန်ကတော်တို့ သားအမိ ထိတ်လန့်ကြေကွဲစွာ အော်ဟစ်ငိုယိုသံသည် အိမ်နီးနားချင်းအပေါင်းအား အံ့အားသင့်သွားစေသည်။ အိမ်နီးနားချင်း ဝတ္တရားအတိုင်း အကူအညီပေးရန် အပြေးအလွှားရောက်လာကြသည်။ ရောက်ရှိလာကြသူတို့သည် မြင်တွေ့ရသော အဖြစ်ကြောင့် စုတ်သပ်မိကြသည်။ ရေရွတ်မြည်တမ်းမိကြသည်။

သူတော်ကောင်းစိတ်ရှိ၍ သဘောကောင်းလှပြီ၊ အိမ်နားနီးချင်းများနှင့် ခင်မင်လိုက်လျောဖော်ရွေစွာ နေတတ်သည့် ရာဇဝတ်ဝန်ကြီးသည် ထမင်းစားခန်းအတွင်း ထမင်းစား စားပွဲကုလားထိုင်ဝယ် မတ်မတ်ကြီးထိုင်လျက် ဦးခေါင်းထက်လန်ကာ မျက်နှာက မျက်နှာကျက်စီ မော့နေသည်။ အရောင်အဆင်းကင်းမဲ့မှေးမှိန်နေပြီဖြစ်သော မျက်လုံးနှစ်လုံးက ပြူးပြူးကြောင်ကြောင်ဖြင့် ပွင့်လျက်ရှိနေသည်။ လက်နှစ်ဖက်က စားပွဲပေါ်တင်ထား၏။ စားပွဲပေါ်တွင်ကား သောက်လက်စ တစ်ပိုင်းတစ်စ ကော်ဖီပန်းကန်နှင့် ငှက်ပျောသီးကျော်ပန်းကန်ကရှိနေသည်။

ရာဇဝတ်ဝန်ကား သေနေလေပြီ။

စုပ်သတ်ရေရွတ်ကြသော အိမ်နားနီးချင်းများအား အပူသည် သားအမိက သနားစဖွယ် ပြောပြသည်မှာ ရာဇဝတ်ဝန်ကြီးသည် ကောင်းစွာ နေထိုင်ကောင်းပြီး ကျန်းမာလျက်ရှိသည်။ ထမင်းစား စားပွဲတွင် ထိုင်မိသည့်အချိန်အထိ အကောင်းပကတိ





ပင်ရှိနေသည်။ သို့သော် မျက်နှာမှာကား ခါတိုင်းလို ကြည်ကြည်လင်လင်မရှိပဲ ညှိုးနေသည်၊ ညက သူသည် ကြောက်စဖွယ်ဆိုးရွားသော အိပ်မက်ကြီးကို မက်ကြောင်း ဇနီးနှင့်သမီးအား ပြောပြသေးသည်။ ထို့နောက် ကော်ဖီတစ်ကြိုက်နှစ်ကြိုက်မျှ သောက်က ကော်ဖီပန်းကန်ကို ပြန်ချထားလိုက်သည်။ ဇနီးနှင့်သမီးက ပူပန်စိုးရိမ်စွာဖြင့် ပြေးလာ၍ အနားရောက်သည့်တွင် ရာဇဝတ်ဝန်ကြီးမှာ အသက်မရှိတော့ပြီကို တွေ့ရလေတော့သည်။

မြန်မာအယူအဆဖြင့် လေသင်ဓုန်းဖြတ်သည်ဟုဆိုသည်။ ဆရာဝန်အယူအဆကား နှလုံးရောဂါဟု ဆုံးဖြတ်သည်။ သို့သော် ဤအိမ်ကြီးဆောက်စဉ်က သုံးစွဲသည့် ဝတ္ထုပစ္စည်းတွေကို တွေ့မြင်သတိထားမိသူတို့ကမူ အိမ်ကြီးက ခိုက်သည်ဟု တီးတိုးပြောကြ၏။ မည်သည့်အကြောင်းကြောင့်ပင် ဖြစ်စေ၊ ရာဇဝတ်ဝန်ကြီးကား သေလေပြီ။

သူ့မိခင်နှင့် အမကြီးထံ သံကြိုးရိုက်ကြရသည်၊ ရာဇဝတ်ဝန်ကြီးကွယ်လွန်သည်မှာ နံနက်(၇)နာရီထိုးပြီးဖြစ်ရာ ရှစ်နာရီခွဲလောက်မှ သံကြိုးရိုက်ကြရသည်။ မိခင်နှင့်အမကြီးထံ သံကြိုးသည် မွန်းလွဲ(၂)နာရီလောက်မှ ရောက်မည်ဖြစ်ရာ မိခင်နှင့်အမကြီးသည် ထိုနေ့အဖို့ ရထားမရှိတော့ပြီဖြစ်ရာ နောက်နေ့မှသာ ရောက်လာနိုင်ပေမည်။

သို့သော် ရာဇဝတ်ဝန်ကြီးဆုံးသောနေ့ ညနေ(၃)နာရီလောက်တွင် မိခင်နှင့်အမကြီးသည် အငှားကားတစ်စီးဖြင့် မည်သူမှမထင်ဘဲ ရုတ်တရက် ဆိုက်ရောက်လာသည်။ ငါထင်တဲ့အတိုင်းပါလား မောင်လေးရဲ့၊ အသဲကွဲမျှ အမကြီးက ဟစ်ကြွေးငိုယို



www.burmeseclassic.com

www.burmeseclassic.com



ရှာသည်။ မိခင်ကြီးကား သတိလစ်သွားရှာတော့သည်။ ရုတ်တရက် မမျှော်လင့်သော အချိန်မှာ ဆိုက်ရောက်လာခြင်းနှင့် ပြောဆိုငိုကြွေးသောစကားကို အပူသည်သားအမိက မေးသောအခါ အမကြီးက မျက်ရည်ဖြိုင်ဖြိုင် ကျရင်းက ပြောပြ၏။ ဤနေ့မနက်တွင် သူသည် မီးဖိုဆောင်၌ ထမင်းဟင်းချက်နေကြောင်း ပန်းကန်ဇလုံဆေးပြီးသား ရေတွေကို မီးဖိုတံခါးမှ အပြင်သို့ ပက်သွန်လိုက်သောအခါ သူ့နားထဲတွင် ရေတွေစိုကုန်ပြီ မမကြီးရဲ့ ဟူသော မောင်ငယ်၏အသံကို ကြားလိုက်ရကြောင်း၊ မောင်လေး တစ်စုံတစ်ခု ဖြစ်ပြီဟူသော ထင်မြင်ချက်ဖြင့် သားအမိနှစ်ယောက် ကားငှားစီးပြီး လိုက်လာကြောင်း ပြောသောအခါ ကြားရသူတို့မှာ အမေနှင့်အမကို ထောက်ပံ့ကျွေးမွေးနေရှာသော သွားလေသူအပေါ် ဂရုဏာပွားကြရတော့သည်။

အဖွားကြီးက မောသွားဟန်ဖြင့် စကားဖြတ်ပြီး နားနေလိုက်သည်။ ခင်စောအုံက အလိုက်သိစွာဖြင့် ငှက်ပျောသီးတစ်လုံးကို အခွံနွာပြီး အဖွားကြီးကို ရိုသေစွာပေးလိုက်သည်။ အဖွားကြီး ငှက်ပျောသီးစားပြီး၍ အမောပြေလောက်သောအခါ ခင်စောအုံက မေး၏။

"ဒီအိမ်ကြီး ဆောက်ပေးတဲ့ ကန်ထရိုက်ကတော့ သူ့သူငယ်ချင်းသူသတ်သလို ဖြစ်သွားတာပေါ့၊ စိတ်မကောင်းဖြစ်မှာဘဲနော် ကြီးတော်....."

"အင်း.....သူ့စိတ်က စိတ်မကောင်းဖြစ်ဖို့ အခြေအနေမှာမရှိတော့ဘူးကွဲ့....."

"ဘယ်လိုကြောင့်လဲ ကြီးတော်....."





"သူ့စေတနာ သူ့အကျိုးပေးတာပေါ့ကွယ်၊ သူ့အိမ်မီးလောင်ပြီး မယားရော သားရော မီးထဲပါသွားတော့ ပစ္စည်းရော လူရော ဆုံးတာနဲ့ စိတ်ထိခိုက်သွားတာကို.....ရူးလိုက်တာ သွက်သွက်ကိုလည်းရော....."

"ဖြစ်မှဖြစ်ရလေ....."

ခင်စောအုံက ရေရွတ်လိုက်သည်။ နှစ်ယောက်လုံး အတန်ငယ် နှုတ်ဆိတ်နေကြပြီးမှ ခင်စောအုံမှ စကားပြန်စသည်။

"အိမ်ပိုင်ရှင်သားအမိ ဘာဖြစ်သွားလဲ ကြီးတော်....."

"ဦးစီးဦးခိုင် ယောက်ျားကလဲမရှိ၊ သမီးကလဲ ပညာမဲ့တော့ တော်တော်လေး ဆင်းရဲသွားရှာတယ်၊ မကြာပါဘူး မင်းကတော် ဆုံးသွားတော့ သမီးက သားသုံးယောက် အဖေမှခိုးဖို့ ပညာမဲ့ အလုပ်လက်မဲ့ တစ်ယောက်နဲ့ အကြောင်းပါပြီး ဒီအိမ်ကြီး ငှားစားတယ်၊ ငှားနေတဲ့ လူတွေကလဲ တစ်အိမ်လုံး တစ်ယောက်တစ်လဲ မမာမကျန်းချည်း ဖြစ်နေတော့ ပြောင်းသွားကြရော။ နောက် ဈေးတော်တော်နဲ့ ဝယ်တဲ့လူလဲ ရောက်လိုက်တဲ့ ဒုက္ခ မပြောပါနဲ့တော့ မိန်းကလေးရယ်..... စီးပွားပျက် သူများအစွပ်စွဲခံရလို့ အရှက်ကွဲ အမှုဖြစ် ထောင်ကျ လူသေ အို.....စုံသွားတာပေါ့၊ သူတို့လက်ထဲကမှ ကုလား တစ်ယောက်က ဝယ်တယ်။ အဲဒီကုလား လက်ထဲရောက်မှ ကြီးတော်တို့ ညတိုင်းအိပ်ပျက်ကြတာဘဲ....."

"အို.....ဘာလိုဖြစ်လို့လဲ ကြီးတော်....."

"ဟာ ညစဉ်လိုလိုပဲ ကုလားမိသားစုတွေ တစ်ယောက်မဟုတ် တစ်ယောက် လန့်ပြီး အော်ကြဟစ်ကြနဲ့ သူတို့ ကြာ



www.burmeseclassic.com

www.burmeseclassic.com

ကြာမနေဘူး၊ ဒီအိမ်ကြီးဝယ်ပြီး တစ်လလောက်ပဲ နေတယ်။ အိမ်ကြီး တံခါးပိတ် ပစ်ထားခဲ့ပြီး တခြားပြောင်းသွားကြတာ အခု မိန်းကလေးတို့ ရောက်လာတာပေါ့။ အဲဒါ ဒီအိမ်ကြီးရဲ့ ရာဇဝင်ကြောင်းဘဲ၊ ကောင်းကျိုးတော့ မပေးဘူး၊ သတိသာ ထားနေပေတော့ မိန်းကလေးရေ....''

အဖွားကြီးက သူ့စကားကို နိဂုံးချုပ် အပြီးသတ်လိုက်၏။

အဖွားကြီး စကားဆုံးသောအခါ ခင်စောအုံက ငေးနေသည်။

''ကြီးတော့် စကားတွေကြောင့် မိန်းကလေး စိတ်ဆင်းရဲသွားပြီ ထင်တယ်''

ခင်စောအုံက ဦးခေါင်းငြိမ့်ရုံသာ ငြိမ့်မြနိုင်ရှာတော့သည်။ ပြစ်ပြစ်ခါခါ ထားခဲ့၍ ထွက်သွားသော ခင်ပွန်းသည်အတွက် စိတ်ဆင်းရဲခြင်း၊ နောက်ကြောင်း ရာဇဝင်အားလုံး သိလိုက်ရပြီဖြစ်၍ မည်သည့်နည်းနှင့်မှ ပိုင်ဆိုင် နေထိုင်ရန် အသင့်လျော်တော့သော ဤအိမ်ကြီးမှာ အားကိုးရာမဲ့တစ်ယောက်တည်း နေရမည်ကို စိတ်ဆင်းရဲခြင်းဖြင့် ခင်စောအုံသည် စကားမပြောပဲ ငိုင်နေရှာသည်။ အဖွားကြီးပြန်သွားလျှင် တစ်ယောက်တည်း ဘယ်လိုနေရမည်မသိတော့ချေ။ အကြောင်းစုံ မသိရမီက စိတ်မသန့်သော်လည်း ကြိတ်မှိတ်ပြီးနေခဲ့၏။ ယခုအကြောင်းစုံ သိလိုက်ရသောအခါ ဤအိမ်ကြီး၏ အရိပ်မှာပင် နေလိုစိတ်မရှိတော့ချေ။

ဤအိမ်ကြီးမှာ တစ်ယောက်တည်း ပထမဦးဆုံးအိပ်ရ





သည့် ညက ထူးထူးခြားခြား အိပ်မက်ထဲမှာ ဖူးတွေ့ရသည့် စေတီတော်ကြီးမှ အုတ်ချပ်တွေသည် ဤအိမ်ကြီးရေချိုးခန်းမှာ စီခင်းထားခြင်းဖြစ်ရမည်ဟု ခင်စောအုံက တထစ်ချ ယုံမှတ်လိုက်သည်။ အခြားသော အစိတ်အပိုင်းတို့မှာလည်း မသုံးသင့်မသုံးထိုက်သော ပစ္စည်းတွေသာဖြစ်၍ ဘေးဆိုးဘေးဒဏ် အပေါင်းသင့်နေသော ဤအိမ်ကြီးကို ခင်စောအုံက စုံမက်တွယ်တာသောစိတ် လုံးဝမရှိတော့ပဲ လက်လွှတ်ချင်သည်။ ကင်းကင်းရှင်းရှင်း နေချင်သည်။ သို့သော် တစ်ရွာမက တစ်ကမ္ဘာလုံးထင်ကာ ကျေးဇူးရှင်မိခင်ကို စိမ်းစိမ်းကားကား ပြစ်ပယ်ခဲ့ပြီး အားကိုးပြုလိုက်လာခဲ့သော လင်ယောကျ်ားက မည်သည့်နေရာသို့ ထွက်သွားမှန်းမသိ၊ မည်မျှလောက်ကြာမှ ပြန်လာမှန်းမသိရသော ခင်စောအုံအဖို့ ကြောက်မက်ဖွယ်ကောင်းသော ဤအိမ်ကြီး၏ အရိပ်မှလွဲ၍ မည်သည့်အရိပ်ကို ခိုလှုံရမည်နည်း။

ခင်စောအုံကို အကဲခတ်ကြည့်နေသော အဖွားကြီးသည် ကြည့်နေရင်းပင် မီးကင်လိုက်သော ပန်းလို ညှိုးကျသွားသော ခင်စောအုံမျက်နှာကို မြင်ရသောအခါ....

''မိန်းကလေးတစ်ယောက်ထဲ မအိပ်ဝံ့ရင် ကြီးတော်တို့အိမ်မှာ လာအိပ်ပါလား။ ကြီးတော်မြေးမကလေးနဲ့ဆို မိန်းမဖော်ရတာပေါ့''

ဟုကြင်နာစွာ ပြောသည်။

သို့သော် ခင်စောအုံက လွယ်လွယ်ဖြင့် ဦးခေါင်းမငြိမ့်နိုင်ပဲ စဉ်းစားရသေးသည်။ အဖွားကြီး၏မြေး လူပျိုကလေး၏ အရွယ်မှာ ခင်စောအုံနှင့် မတိမ်းမယိမ်းရှိသည်။ သွားအိပ်၍



www.burmeseclassic.com

www.burmeseclassic.com



သင့်လျော်ပါမည်လား။ မောင်ပြန်လာလျှင် အတွေ့အထူးထင်ပါက မောင်စိတ်မကောင်းဖြစ်ရပေလိမ့်မည်ဟု လင်ကို ချစ်သည့်စိတ် ဖြင့်တွေးသည်။ ထို့ကြောင့်.....

''အိမ်ကိုပြစ်ပြီး လာအိပ်တော့ အိမ်ထဲ သူခိုးဝင်မှာလဲ စိုးရိမ်တယ်ကြီးတော်၊ ညီမကလေးကို ဒီအိမ်မှာ ကျွန်မနဲ့အတူ အိပ်ဖို့ လွှတ်ပေးပါလား ကြီးတော်ရယ်''

ဟုအလိမ္မာသုံးကာ အသနားခံပြောသည်။ အမယ်ကြီး က ဦးခေါင်းကို သွက်သွက်ကြီးခါရမ်း၏။

''အို.....ဘယ်ဖြစ်မလဲ မိန်းကလေး၊ ဘေးဆိုးအန္တရာယ် ဆိုးတွေ သင့်နေတဲ့ ဒီအိမ်ကြီးထဲကို ညအိပ်ဖို့ မပြောနဲ့ အခုလောက်ကြာအောင် ကြီးတော် ထိုင်နေတာတောင် လွန်လှ ပြီကွဲ့။ မိန်းကလေး ညဘက်အော်တဲ့ ဟစ်တဲ့အသံတွေ ကြား လို့ သနားတာနဲ့ အကြောင်းမှန်သိပါစေ ဆိုပြီး ထင်းကိုင်း ခြောက်ရှိုးမယ်ဖွဲ့ပြီး စကားလာပြောတာ၊ အရင်လူတွေကဆိုရင် ကြီးတော်တို့ ကရုဏာထားပြီး ပြောချင်လို့ စကားစတာကို စိတ်ဆိုးမာန်ဆိုးဖြစ်ကြတယ်။ ကဲ.....မိန်းကလေး၊ နေဝံ့တဲ့ သတ္တိ ရှိလဲနေပေရော့၊ မနေဝံ့ရင် အချိန်မရွေး ကြီးတော်တို့အိမ် လာအိပ်လှဲ့၊ စကားပြောတာ အချိန်အတော် လင့်သွားပြီ ကြီးတော်ပြန်မယ်''

အဖွားကြီးက ပြောပြီး ခင်စောအုံကို နှုတ်ဆက်ခါ ပြန်သွားသည်။

ခင်စောအုံသည် ပြန်လည်ထွက်ခွာသွားသော အဖွား ကြီးကို မျက်စေ့တဆုံး ငေးကြည့်နေသည်။ စိတ်ထဲမှာ ပြင်းထန်





စွာသော မချမ်းမြေ့မှုကြောင့် ညနေစာ ထမင်းဟင်းကိုပင် ချက်ချင်စားချင်စိတ် မရှိတော့ချေ။

ထမင်းစားခန်း ကုလားထိုင်ပေါ်တွင် မျက်နှာမော်ခါ ငုတ်တုတ်ထိုင်လျက် သေဆုံးသည်ဆိုသော မူလအိမ်ရှင် ရာဇဝတ်ဝန်ကို မျက်စေ့ထဲမှာ မြင်ယောင်လာခါ ယခုထမင်း စားခန်းထဲ ဝင်သွားလျှင် ဤပုံစံကြီးအတိုင်း တွေ့နေလေမည် လားဟု စိတ်ချောက်ခြားစွာ တွေးပြီး ကြက်သီးမွေးညှင်းထလာ သည်။ အိမ်ကြီးရာဇဝင် မသိခင်ကပင် စိတ်ချောက်ခြားဖွယ် သော အိပ်မက်တွေကြောင့် အိပ်ပျက်စားပျက် ဖြစ်လာခဲ့ရသော ခင်စောအုံကား ဖျတ်လတ်လန်းဆန်းခြင်း မရှိတော့ဘဲ ထိုင်းထိုင်း မှိုင်းမှိုင်းဖြင့် နွမ်းနယ်နေသည်ဖြစ်ရာ၊ ယခုအိမ်ကြီး ရာဇဝင်ကို သိလိုက်ရသောအခါတွင် ကြောက်ရွံ့ ထိတ်လန့်သည့် စိတ် ကြောင့် သတိမလစ်အောင် စိတ်အားကို တင်းထားရရှာသည်။ ခင်စောအုံသည် သူထိုင်နေရာမှ နောက်ဘက်သို့ လှည့်ပြီး အိမ်ကြီးအတွင်းပိုင်းကို မဝံ့မရဲ ကြည့်လိုက်သည်။ သူတစ် ယောက်တည်း နေရသည်ဖြစ်၍ ပြူတင်းပေါက်တွေ၊ တံခါးတွေ ကို စုံစေ့အောင် မဖွင့်ဘဲ ထားသောကြောင့် အိမ်ကြီး အတွင်း ပိုင်းမှာ မှိုင်းမှိုင်းမှောင်မှောင် ဖြစ်နေသည်ကို မြင်လိုက်ရသော အခါ ခင်စောအုံ ကျောထဲမှာ စိမ့်သွားရှာသည်။

''ငါမနေတော့ဘူး''

ခင်စောအုံက စိတ်ကိုဆုံးဖြတ်ပြီး စိတ်အားကို တင်းကာ ထိုင်ရာမှ ထလိုက်သည်။ အိပ်ခန်းထဲ ဝင်ခါ နှုတ်က ဘုရားတ ရင်း အိပ်ရာကို ကဗျာကသီ လိပ်သည်။ လက်ဆွဲခြင်းမီသမျှ အ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်အစားတွေကို သိမ်းကြုံးယူခါ အိပ်ရာလိပ်ထဲ ထိုးသိပ် ထည့်လိပ်လိုက်ပြီး အိပ်ရာလိပ်ကြီးကို ရွက်၍ ဤအိမ်ကြီးထဲမှ တဟုန်တည်း ပြေးထွက်လာခဲ့လေတော့သည်။

ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အိပ်ရာလိပ်ကြီး ရွက်ပြီး ရောက်လာသော ခင်စောအုံကို အဖွားကြီးတို့က အိမ်သားစုက သနားကြင်နာစွာ ဆီးကြိုပြီး နေရာထိုင်ခင်း ပေးလိုက်ကြလေသည်။

⌖ ⌖ ⌖



## ၁၁

အဖွားကြီးအိမ်မှာ ခင်စောအုံက တစ်လကျော်ကျော် ကြာသွားသည်။ ခင်စောအုံ၏ ဘဝဖြစ်စဉ်ကို အသေးစိတ် တိတိကျကျ မသိကြသော်လည်း လင်ယောက်ျားက ပစ်စလက် ခတ်ထားခဲ့သော အားကိုးရာမဲ့ မိန်းကလေး ဖြစ်ကြောင်းကို ကား အဖွားကြီးအိမ်သားများက သိကြသည်။ ထို့ကြောင့် စားရေးသောက်ရေးနှင့် ပတ်သက်ပြီး ငြိုငြင်ခြင်းမရှိဘဲ၊ စေတနာ ကောင်းကောင်းဖြင့် ကျွေးထားကြ၏။ အဖွားကြီး အိမ်မှာနေ သားကျ၍ အိမ်သားတွေ အားလုံးနှင့် ခင်မင်ရင်းနှီး လာသော အခါ ခင်စောအုံကို အဖွားကြီး၏မြေး မောင်နှမနှစ်ယောက်က သနားသောအားဖြင့် ဖွင့်ဟပြောကြားသော မောင်ထွန်းမြင့် အကြောင်းကို သိရသောအခါ ခင်စောအုံသည် ရင်ထဲရှိ အသဲနှလုံးကို ဆုပ်ကိုင်ချေမွလိုက်သကဲ့သို့ ခံစားမိရှာသည်။


www.burmeseclassic.com

www.burmeseclassic.com

''မောင်ထွန်းမြင့်သည် ဤမြို့ရောက်လာပြီး မကြာမီ မှာပင် မိန်းမတစ်ယောက်နှင့် တိတ်တိတ်ပုန်း ညားနေကြောင်း၊ ထိုမိန်းမကို ငွေကြေး ထောက်ပံ့ရှိသာ မဟုတ်ဘဲ အဖိုးတန် ပတ္တမြားမြ စသော လက်ဝတ်ရတနာတွေ ဆင်ပြင်ပေးကြောင်း၊ ယခု ခရီးထွက်သွားသည် ဆိုခြင်းမှာ ဤတိတ်တိတ်ပုန်း မိန်းမ နှင့်အတူ လျှောက်လည်ကြခြင်း ဖြစ်ကြောင်း။''

ခင်စောအုံသည် အံကိုတင်းတင်း ကြိတ်မိသည်။ အရိုးတော်ဘုရား၏ ရတနာတွေ သူခိုးခိုးခံရသည်ဟု မောင်က ပြောခဲ့သည်။ ယခု ကြားရသော သတင်းသည် သူခိုးလက် မပါဘဲ၊ မယားငယ်လက်ထဲ ရောက်နေခြင်းသာ ဖြစ်သည်။ ဤ သတင်း ဟုတ်ပါမည်လား။ မည်သို့ပင်ဖြစ်စေ၊ မောင်ကလွဲလျှင် ခင်စောအုံအဖို့ အားကိုးစရာ လုံးဝမရှိတော့ပြီ ဖြစ်၍ စိတ်မကောင်းခြင်းကို မျိုသိပ်ဖြေဖျောက်ခါ မောင့်ကိုသာ စောင့် ရပေတော့မည်။ မောင်ပြန်လာလျှင် မောင့်စိတ်အနှောင့် အယှက် ဖြစ်စေမည့် ဤသတင်းကို မမေးမြန်းဘဲ၊ မောင်နှင့် မကွဲကွာ အောင်သာ ကြိုးစားပြီး ချော့ရှု ပြုစုယုယရပေတော့မည်ဟု ခင်စောအုံက စိတ်မချမ်းမြေ့စွာ တွေးတောစဉ်းစားရသည်။

ဤအိမ်ကြီးကို ဝယ်စဉ်ကလည်း ခင်စောအုံ နားမလည် ဘဲ မောင်တစ်ယောက်တည်း၏ နာမည်နှင့်သာ ဖြစ်သည်။ ထိုစဉ်က စာချုပ်ထဲမှာ ခင်နှင့်မောင် နှစ်ယောက်လုံး နာမည် ထည့်ရအောင်ဟု ခင်စောအုံက ပြောသည်ကို .....

''မလိုပါဘူးခင်ရယ်၊ ဒါလောက် ချစ်နေကြတဲ့ လင်မယား၊ မောင်ကလိမ်မယ်လို့ ထင်သလား၊ မောင့်ပစ္စည်းလဲ





ခင့်ပစ္စည်းပေါ့၊ ခင်ကလွဲပြီး မောင် ဘယ်သူ့ပေးစရာရှိလဲ''

ဟု ပွေ့ခါပိုက်ခါ ချော့မော့ယုယခါဖြင့် ပြောခဲ့သော မောင်ထွန်းမြင့် စကားကြောင့် ခင်စောအုံက ကျေနပ်ခြင်းဖြင့် နှုတ်ပိတ်နေခဲ့သည်။ စာချုပ်ကိုပင် ဖြူသလား၊ မဲသလား မကြည့်ခဲ့ချေ။ မောင်ထွန်းမြင့် လက်ထဲမှာ ထားခဲ့သည်။

''ဘုရား.....ဘုရား.....ကြားရတဲ့ သတင်းတွေ မမှန်ပါ စေနဲ့.....''

ခင်စောအုံက ဘုရားတရင်း ဆုတောင်းနေရှာသည်။

သုံးလကျော်မျှ ကြာသောအခါ၊ မောင်ထွန်းမြင့် ပြန်ရောက်လာ၏။ ခင်စောအုံက အပြေးအလွှားသွားပြီး ဆီးကြိုရှာသည်။ အသက်တမျှ ချစ်ရသော လင်ယောက်ျားကို မြတ်နိုးစွာ တစိမ့်စိမ့်ကြည့်၏။ မောင်ထွန်းမြင့်ကား ရုပ်ဆင်း မပျက်၊ လှမြဲတိုင်း၊ ချောမြဲတိုင်း၊ ခန့်မြဲတိုင်း၊ ခင်စောအုံမှာသာ စိတ်ဆင်းရဲမှုကြောင့် ကြုံလှည်နေရှာသည်။

''မောင် ပြန်လာပြီနော်၊ ခင်နေ့တိုင်း မျှော်နေတယ် မောင်ရယ်''

ခင်စောအုံက စမ်းရေစီးသံလို အေးမြသာယာသော အသံဖြင့် ဆီးကြိုနှုတ်ဆက်သည်။ သို့သော် မောင့်နှုတ်မှ ထွက်လာသော အသံက လေမုန်တိုင်းသံမျိုး ဖြစ်၏။

''ငါ မရှိခိုက် မင်း.....ဟိုဘက်အိမ် သွားအိပ်နေရတာ သိပ်ပျော်တယ်ပေါ့လေ။ ဟိုဘက်အိမ်က အကောင်က ငါ့ထက် သာလို့လား''

ဤစကားဖြင့် မောင်ထွန်းမြင့်က တုံ့ပြန်ခါ ခင်စောအုံ



www.burmeseclassic.com

www.burmeseclassic.com



ကို အဖွားကြီးမြေး လူပျိုကလေးနှင့် စွပ်စွဲလေတော့သည်။ ခင်စောအုံက ဤအိမ်ကြီးရာဇဝင်ကိုချီပြီး လိပ်ပတ်ပတ်လည်အောင် ရှင်းပြရန် စကားစသည်ကို မောင်ထွန်းမြင့်က လုံးဝလက်မခံပေ။ သဲသဲမဲမဲသာ စွပ်စွဲနေလေသည်။

"ပေးချင်တဲ့သစ္စာ ပေးပါမောင်ရယ်.....ခင် မဟုတ်ရပါဘူး၊ ပြောမဲ့စကားလဲ ဆုံးအောင် နားထောင်ပါအုံး"

ခင်စောအုံ နှုတ်မှ ဤစကားသာ ထွက်ရတော့သည်။ မောင်ထွန်းမြင့်က ခင်စောအုံကို စကားပြောချိန် မရအောင် စက်သေနတ် ပစ်သလို အဆက်မပြတ် ကြိမ်းမောင်း မာန်မဲနေတော့၏။ ခင်စောအုံက ပြန်မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်၏။ စိတ်ဆိုးနေသူကို စိတ်ဆိုးနေချိန်မှာ ဖြေရှင်းပြောဆိုပြ၍ အရာထင်မည် မဟုတ်၍ တစ်ကြောင်း၊ အိမ်နားနီးချင်း ကြားမည်ကို ရှက်၍ တစ်ကြောင်း၊ ဤကိစ္စတွေကြောင့် ရန်ဖြစ်ရသည်ကို ကျေးဇူးရှင် အဖွားကြီး အိမ်သားတွေ ကြားလျှင် မခံမရပ်နိုင်ဘဲ သူ့ချစ်လင်ကို ဝိုင်းအုံရန်ပြုမည်ကို စိုးရိမ်၍တစ်ကြောင်း၊ ခင်စောအုံက ဆိတ်ဆိတ်ပင် နေလိုက်တော့သည်။ ဒေါသပြေရင် ငါ ဖြေရှင်းပြတာ မောင် နားဝင်မှာပါ။ ငါ့ကို ချစ်လို့ ယုံထားတာ ရက်စက်မှာ မဟုတ်ပါဘူး၊ အခုလဲ မယားငယ်နဲ့ သွားတယ်ဘဲ ထားအုံး၊ ငါ့ဆီပြန်လာခဲ့မယ် ဆိုတဲ့အတိုင်း သူပြန်လာသားဘဲ၊ ငါ့ကို ချစ်လွန်းလို့ သဝန်တိုတာဖြစ်မှာပါ ဟူ၍ ခင်စောအုံက စိတ်ကိုဖြေသည်။

သို့သော် လင်ကို ချစ်လွန်း၍ အပြစ်မမြင်နိုင်သော ခင်စောအုံခမျာ မောင်ထွန်းမြင့် ပြန်လာပြီး သုံးရက်မျှအကြာတွင်





ဖြေဆည်မရအောင် ရင်ကျိုးရရှာတော့သည်။

မောင်ထွန်းမြင့် လျှောက်လည်ခဲ့သော မြို့တစ်မြို့မှ နိုင်ငံခြားသာသနာပြု ပုဂ္ဂိုလ်တစ်ဦးအား မောင်ထွန်းမြင့်က ဤအိမ်ကြီးကို ရောင်းလိုကြောင်း ပြောခဲ့၍ ထိုပုဂ္ဂိုလ်က လိုက်လာကြည့်ရှုပြီး သဘောကျသည့် အလျောက် ဝယ်ယူငွေချေလိုက်သည်။ ထိုငွေတွေကို မောင်ထွန်းမြင့်က ပိုက်ပြီး ခင်စောအုံကို လှည့်မကြည့်တော့ဘဲ ပြတ်ပြတ်သားသားပင် စွန့်ပစ်သွားလေတော့သည်။

"သစ္စာမဲ့တဲ့ မိန်းမ၊ နင့်လင်ငယ်နဲ့နေခဲ့၊ နင့်ကို ငါ မပေါ်ိ:းနိုင်ဘူး"

ပြောမြွှာဆိုဆို ဆင်းသွားသော မောင်ထွန်းမြင့်ကို ခင်စောအုံသည် မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ကြောင်ကြောင်ကြီး ကြည့်နေလိုက်မိသည်။ သူနားကြားလွဲနေသလားဟု သူ့နားနှစ်ဘက်ကို ကိုင်ကြည့်မိ၏။ သူနားကြားမလွဲပေ။ သူ့ကို ကျောခိုင်း စွန့်ခွာသွားသော မောင်ထွန်းမြင့်ကား လျှင်မြန်သော ခြေလှမ်းများဖြင့် သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားလေပြီ။ ခင်စောအုံ ဘာလုပ်ရမည်မသိ ဖြစ်နေဆဲမှာပင် အိမ်ဝယ်ယူသော ပုဂ္ဂိုလ်က ခင်စောအုံကို အိမ်ပေါ်မှ ပစ္စည်းကို သိမ်းဆည်းပြီး ဆင်းပေးရန် ပြောလေသည်။ ထိုအခါမှ ခင်စောအုံသည် သောင်ပြင်မှာ လွှတ်ထားခံရသည့် ခွေးလိုဖြစ်ရတော့မည့် သူ့ဘဝကို တွေးမိခါ မျက်ရည် ဖြိုင်ဖြိုင် ကျလေတော့၏။ လက်လွှတ်လိုက်ရသော အိမ်ကြီးကိုကား ငဲ့မြောစုံမက်ခြင်း လုံးဝမဖြစ်ပေ၊ အသက်တမျှ ချစ်ရသော လင်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ နှမြောစုံမက်ခြင်းဖြင့် ဝမ်းနည်းပူဆွေးခါ ကျလာသော မျက်ရည် ဖြစ်သည်။

ရှိစုမဲ့ အဝတ်အထည် အိုးခွက်ပန်းကန်ကလေးတွေကို သိမ်းဆည်းထုတ်ပိုးခါ မှီခိုလက်စဖြစ်သော အဖွားကြီးအိမ်ကို လာခဲ့လေသည်။

''ဒီမှာ မိန်းကလေး၊ ညီးတို့လင်မယား ရန်ဖြစ်ကြတာ ဒီဘက်အိမ်က ဒို့အားလုံးကြားတယ်၊ ဒို့ကြားသလို ဟိုဘက်အိမ်တွေကလဲကြားမှာပဲ၊ ညီးလင်က စွပ်စွဲသွားလိုက်တာအေ၊ ဒို့ စေတနာဟာဝေဒနာဖြစ်ရတာပဲနော်''

ခင်စောအုံ ရောက်သည်ဆိုလျှင်ပင် အဖွားကြီးက ဤစကားဖြင့် ဆီးကြိုနှုတ်ဆက်သည်။

''ကျွန်မတောင်းပါန်ပါတယ် ကြီးတော်ရယ်''

ဤစကားမျှသာ ခင်စောအုံ ပြောနိုင်ရှာသည်။

''မိန်းကလေးကိုတော့ သနားပါရဲ့ ဒါပေမယ့် ကြီးတော်တို့ဆက်ပြီး လက်ခံမထားနိုင်ဘူးကွယ်၊ ကြီးတော်မြေး လူပျိုကလေး ပန်းကောင်းအညွန့်ချိုးခံရသလို သူများမယားခိုးတယ်လို့ စွပ်စွဲခံရတာ သိပ်နစ်နာတယ်၊ မိန်းကလေး ယောကျ်ားက ရန်ပြုနေရင် မကောင်းဘူး၊ တစ်ခြားကိုသွားတော့နော် မိန်းကလေး''

''ကျွန်မ တောင်းပန်ပါတယ် ကြီးတော်ရယ်၊ သူကလဲ ကျွန်မကို အပြီးစွန့်ပစ်သွားပါပြီ၊ ကြီးတော်မြေးကို ဘာအန္တရာယ်မှ လာပေးမှာ မဟုတ်တော့ပါဘူး၊ အခု လောလောဆယ်မှာ ကျွန်မအဖို့ ခိုလှုံစရာ ကြီးတော်အရိပ်ပဲရှိပါတယ်''

ခင်စောအုံက ကြေကွဲဝမ်းနည်းစွာ တောင်းပန်သည်။





''အေး....သနားတော့သနားပါတယ် မိန်းကလေးရယ်၊ မြေးလူပျိုကလေးရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ရမှာ ကြီးတော်တာဝန်ပါ၊ မိန်းကလေးဒီမှာဆက်နေရင် မိန်းကလေးယောကျ်ား စွပ်စွဲသွားတာ မှန်တယ်လို့ အများကထင်မြင်မှာကိုလဲ ပြန်တွေးပါအုံး မိန်းကလေး''

ခင်စောအုံသည် ဘာမှပြန်မပြောနိုင်တော့ချေ။ မတ်တပ်ရပ်နေသော အဖွားကြီးခြေရင်းတွင် ဒူးထောက်ထိုင်ချကာ ယူကြုံးမရသော နောင်တစိတ်ဖြင့် မျက်နှာကို လက်နှစ်ဖက်အုပ်၍ အားပါးတရ ငိုကြွေးလေတော့သည်။ ရှိုက်ခါငင်ခါ ငိုကြွေးရင်းမှ အဖွားကြီးပြောသော စကားတွေသည် သူ့မြေးအတွက်ရော၊ မိမိအတွက်ပါ အများအထင်မှားစရာဖြစ်မည်ကို တွေးမိသည်။ ထို့ကြောင့် ဤအိမ်မှာ ဆက်လက်ခိုလှုံနေရန် အသနားခံ၍ မဖြစ်တော့ဟု စဉ်းစားမိသည်။

''ကျွန်မ သွားပါတော့မယ် ကြီးတော်ရယ်၊ ဟောဒီ အိုးခွက်ပန်းကန်ကလေးတွေကို ကြီးတော်တို့ ကျေးဇူးဆပ်တဲ့ အနေနဲ့ ကျွန်မ ကန်တော့ခဲ့ပါရစေ၊ လက်ခံပါနော်''

ခင်စောအုံက ပြောပြောဆိုဆို မျက်ရည်စက်လက်ဖြင့် အဖွားကြီးကို ကန်တော့သည်။ အဖွားကြီးကလည်း သူ့မြေး ဂုဏ်သိက္ခာငဲ့၍သာ နှင်ရသည်။ စိတ်ကမူ ကြင်နာလျှက်ပင်ဖြစ်သောကြောင့် ကျလာသော မျက်ရည်ကိုသုတ်လိုက်၏။

''မိန်းကလေးပစ္စည်း မလိုချင်ပါဘူးကွယ်၊ ကြီးတော့်ကို မုန့်ဖိုး၊ ပဲဖိုးကလေး ပေးလိုက်ပါရစေ''

အဖွားကြီးက ပြောပြီး ငွေတစ်ဆယ် ထုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်စောအုံလက်ထဲ ငွေမရှိကြောင်း ရိပ်မိဟန်တူသည်။ အားကိုးရာမဲ့အဖြစ်ကို ရောက်နေပြီဖြစ်သော ခင်စောအုံသည် အဖွားကြီးပေးသောငွေတစ်ဆယ်ကို တုန်ရီရှက်ရွံ့သောလက်ဖြင့် ခံယူကာ အိုးခွက်ပန်းကန်ကလေးများကို အတင်းထားပစ်ခဲ့ပြီး သူ့အဝတ်အစားနှင့် အိပ်ရာလိပ်ကိုသာ ဦးခေါင်းပေါ်တစ်ခုရွက် လက်ကတစ်ခုဆွဲပြီး ရည်ရွယ်ချက်မရှိ ခြေဦးတည့်ရာ ထွက်လာခဲ့သည်။ သို့သော် သူ့ခြေထောက်များက မီးရထားဘူတာရုံဆီသို့ သွားနေသည်။ ရထားမဆိုက်သေး၍ ဘူတာမှာ လူရှင်းနေ၏။ ခင်စောအုံသည် ချောင်ကျကျ နေရာတစ်ခုဝယ် အထုတ်အပိုးကိုချကာ ကုပ်ကုပ်ကလေးထိုင်ရင်း ရှေးဟောင်း နှောင်းဖြစ်ကို စဉ်းစားကာ သူ့မိခင် ဒေါ်ခင်မင်းပြောခဲ့သည့် စကားတွေကို နားထဲမှာ ကြားလာသည်။

''ယောက်ျားယူတယ်ဆိုတာ ရုပ်ရည်ကို သိပ်ဇိဇာချဲ့မနေရဘူး။ ရုပ်ရည်က သွေးပြီးသောက်ရတာလဲ မဟုတ်။ ကိုက်ဖဲ့ပြီး စားရတာလဲမဟုတ်ဘူး။ ရိုးသားတာရယ်.....သဘောကောင်းတာရယ်.....ကိုယ့်ကို ကြင်ကြင်နာနာနဲ့ လုပ်ကိုင်ရှာဖွေကျွေးမှာရယ်။ အဲဒါကို ဦးစားပေးရွေးရတယ်သမီးရဲ့။ အခု အမေရွေးထားတဲ့ သူငယ်က အမေလိုချင်တဲ့အချက်တွေ အားလုံးပြည့်စုံတယ်။ ရုပ်ရည်က သွေးသောက်ရတာ မဟုတ်ပါဘူးလို့ အမေပြောခဲ့ပြီကော။ ကိုယ့်စိတ်ချမ်းသာမှုကို အဘက်ဘက်က ပြည့်စုံနေရင်.....ဒီယောက်ျားမျိုးကို အားကိုးထိုက်တယ်သမီး''

မိခင်ဒေါ်ခင်မင်းစကားတွေက ယခုချက်ခြင်း ပြောနေသလို ခင်စောအုံနားထဲမှာ ကြားနေသည်။ မိခင်ပြောစဉ်က ထို





စကားတွေကို နားမဝင်ခဲ့ချေ။ ရွှေမင်းသားလေးကို ချောမောလှပသော မောင်ထွန်းမြင့်ကိုသာ စွဲလန်းနေခဲ့သည်။ ထို့ကြောင့်သာလျှင် မိခင်အသဲနှလုံးကို ရက်ရက်စက်စက် ချေခဲ့စွံ့ခဲ့သည်။ ယခုမှ မင်းသားမျက်နှာဖုံးစွပ်ထားသော မောင်ထွန်းမြင့်၏ အတွင်းစိတ်ဘီလူးသဘောက ဘွားဘွားကြီးပေါ်လာခဲ့သည်။ သူကိုယ်ပိုင် ဝတ်ဆင်ခဲ့သည့် လက်ဝတ်လက်စား၊ ငွေသေတ္တာထဲမှ နှိုက်လာခဲ့သည့် ငွေသုံးသောင်းကျော်၊ ခိုးလာခဲ့သော အရိုးတော်ဘုရား၏ ရတနာတွေ၊ ဤရွှေငွေရတနာတွေကို မောင်ထွန်းမြင့်က အားလုံးယူထားလိုက်သည်။ မယားငယ်ကို ပံ့ပိုးသည်။ ပျော်ပျော်ရွှင်ရွှင် စည်းစိမ်ခံသည်။ မိခင်သေဆုံး၍ အမွေပစ္စည်းတွေဆုံးရှုံးသည်ဆိုလျှင်ပင် သူ့ကို သောင်ပြင်လွှတ်သည့်ခွေးလိုရက်ရက်စက်စက် စွန့်ပစ်ခဲ့သည်။ စွန့်ပစ်သည်မှာ ရိုးရိုးမဟုတ်မည်သူကမှ လက်မခံချင်၊ မကူညီချင်အောင် ယုတ်ယုတ်ကန်းကန်း စွပ်စွဲပြောဆို၍ စွန့်ခဲ့ခြင်းဖြစ်သည်။ အထင်မှား၍ စွပ်စွဲခြင်းမျိုးမဟုတ်ပဲ စွန့်ပစ်ရာ၌ အကြောင်းခိုင်လုံစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံစွပ်စွဲခြင်းဖြစ်ကြောင်း ခင်စောအုံက တွေးမိသည်။

ခင်စောအုံသည် တွေးလေ မောင်ထွန်းမြင့်ကို နာကျည်းလေဖြစ်လာသည်။

''လူယုတ်မာ ငါ့ဘဝကို ဆုံးရှုံးပျက်စီးအောင် နှိပ်စက်သွားတဲ့ လူယုတ်မာ၊ မသေသေးရင် တွေ့ကြအုံးမှာပေါ့ ထွန်းမြင့်ရယ်''

အချစ်ကြီးသလောက်၊ ခင်စောအုံသည် အမျက်ကြီးကာ စိတ်ထဲမှာ မည်ကဲ့သို့မှ ဖျက်ချေ၍မရသော အကြိတ်အခဲကြီးက



www.burmeseclassic.com

www.burmeseclassic.com

အမြစ်တွယ်သွားလေသည်။

''အမေ့စကား နားမထောင်မိတာ ငါမှားလိုက်တာနော်၊ အိမ်ထောင်ပြုရမယ့် ယောကျာ်းဆိုတာ ဘယ်လိုယောကျာ်းမျိုးလို့ အမေပြောတာ မှန်လိုက်တာအမေရယ်။ အမေ့စကားနားမထောင်ခဲ့တာတွေ အမေ့ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တာတွေ အဲဒီအကုသိုလ်တွေကို အခုကျွန်မ လက်ငင်း ဒီဘဝမှာပဲ ခံစားနေရပါပြီ အမေရယ်၊ အမေ စိတ်ဆင်းရဲတာထက် အဆတစ်ရာမက ကျွန်မမှာ ကိုယ်ရောစိတ်ပါ ဆင်းရဲနေရပါပြီ။ ကျွန်မ ရှိခိုးတောင်းပန်ပါတယ်အံမေ၊ ဖြစ်လေရာဘဝက ကျွန်မကို ခွင့်လွှတ်ပါအမေရယ်''

ခင်စောအုံသည် ဘဝခြားလေပြီဖြစ်သော မိခင်ကိုရည်ရော်တမ်းတခါ လက်အုပ်ချီရင်း အက်ကွဲသော အသံနှလုံးမှ စိမ့်ထွက်လာသော မျက်ရည်များသည် ပါးပြင်နှစ်ဘက်ကို ရွှဲရွှဲစိုစေတော့၏။

ခင်စောအုံထိုင်နေသော နေရာသည် အနည်းငယ်ချောင်ကျသည်ဖြစ်ရာ ဘူတာတွင်းသို့ ဝင်လာသူသည် မျက်လုံးအငြိမ်မနေပဲ စေ့စေ့စပ်စပ်ကြည့်မှ ခင်စောအုံကို တွေ့ရမည်ဖြစ်၏။ သေသေချာချာမကြည့်ပဲ မတွေ့နိုင်ချေ။ ခင်စောအုံကလည်း မည်သူ့မှ စူးစိုက်မကြည့်ပဲ သူ့အပူသောကကိုသာ သူတွေးနေသည်။

ရထားဝင်လာချိန်နီးပြီဖြစ်၍ ဘူတာတွင်းမှာ လူစည်ကားစပြုလာသည်။ လက်မှတ်ဝယ်သူတွေ ကူလီအလုပ်သမားတွေ၊ ခရီးသည်တွေက တဖြည်းဖြည်းပြည့်လာ၏။ သူများတွေ





လက်မှတ်ဝယ်သည်ကို ခင်စောအုံ မြင်တွေ့နေရသော်လည်း သူဘယ်လိုလက်မှတ်မျိုးဝယ်ပြီး ဘယ်အရပ်ဒေသကို သွားရမည်ကို မသိရှာချေ။ ရီဝေသော မျက်လုံးဖြင့် သူမျက်နှာမူရာကိုသာ အဓိပ္ပါယ်ကင်းမဲ့စွာ စူးစိုက်ကြည့်နေသည်။

ဘူတာတွင်းသို့ ရထားဝင်လာ၏။ ခရီးသည်တွေကား တက်သူဆင်းသူများဖြင့် ရှုပ်ရှက်ခက်နေသည်။ ဤဘူတာမှာ ရထားသည် ကြာကြာရပ်မည်မဟုတ်၍ ခရီးသည်တွေက အစောတလျင် ထိုးခွေ့တက်ဆင်းနေကြ၏။ မည်သူကိုမှ သတိမထားမိပဲ တွေးနေ ငေးနေသော ခင်စောအုံ၏ နားထဲသို့ အသံတစ်သံက ဝင်လာသည်။

''သက်ရေ.....မောင့်နေရာ သူများထိုင်သွားအုံးမယ်၊ နေရာမှတ်လိုက်အုံး''

ထိုအသံကြောင့် ခင်စောအုံက သတိပြန်ဝင်လာသည်။ သူ့နားထဲတွင် ပျားလိုချိုခဲ့သော သူအသက်တမျှ ချစ်ရသည့် လင်ယောကျာ်း မောင်ထွန်းမြင့်အသံဖြစ်သည်။ ခင်စောအုံက ရစ်ဝိုင်းသော မျက်ရည်များကြောင့် မှုန်မှိုင်းမှိုင်းဖြစ်နေသော မျက်လုံးကို ပွတ်သပ်ပြီး ကြည့်လိုက်၏။

ရုပ်ရည်သန့်သန့် ခင်စောအုံထက် အတန်ငယ်ကြီးဟန်ပေါ်သော မိန်းမပျိုတစ်ယောက်က ရထားပြတင်းပေါက်နှင့် တည့်တည့်မှာ ထိုင်နေသည်။ ထိုမိန်းမပျိုကို မောင်ထွန်းမြင့်က ပြောဆိုမှာကြားခြင်းဖြစ်၏။ ခင်စောအုံ ကြည့်နေခိုက်မှာပင် မောင်ထွန်းမြင့်သည် ဘူတာအတွင်းရှိ စားသောက်ဖွယ်ရာဆိုင်မှ စားစရာတွေကို ဝယ်ယူကာ ရထားပေါ်တက်သွား၏။ ထိုမိန်းမပျို



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ပုံးကပ်ယှဉ်ထိုင်ကာ ဝယ်ယူလာသော စားသောက်ဖွယ်ရာကို တယုတယ ကျွေးနေသည်ကို မြင်ရသောအခါ ခင်စောအုံထဲမှ အသဲတွေ ကြွေကျကုန်သလို ခံစားမိသည်။ သူတွေးထင်လာခဲ့သည့်အချက် သူ့ကိုကြင်နာစွာ စောင့်ရှောက်ခဲ့သည့် အဖွားကြီး၏ မြေးမောင်နှမ ပြောခဲ့သည့် စကားတွေကား သွေးထွက်အောင်မှန်ချေပြီ။ ကြင်နာယုယနေသည့် မောင်ထွန်းမြင့်ကို ကြည့်ရင်း စိတ်ထဲမှာ သူသေသေ ကိုယ်သေသေဟူသော ဆုံးဖြတ်ချက်ကိုချပြီး သူဖင်ခုထိုင်ထားသော အုတ်ခဲကို ယူလိုက်သည့်အခိုက်မှာ ရထားက ဥသြမှုတ်ပြီး ဘီးလိမ့်စပြုနေသည်။ အုတ်ခဲကိုင်ကာ ဒေါမာန်ကြီးစွာ ခင်စောအုံက ပြေးလာပါသော်လည်း ရထားက ရွေ့သွားပြီဖြစ်ရာ မောင်ထွန်းမြင့်က သူ့ကိုမြင်သည် မမြင်သည်မသိ၊ ခင်စောအုံကမူ အံကြိတ်ပြီး ကြည့်နေလိုက်လေသည်။

⊕ ⊕ ⊕



၁၂

''အော်.....ရေးဖြစ်ဟောင်းတွေ ပြန်ပြောတော့ မအုံစိတ်ထဲ ဝမ်းနည်းဟန်တူပါရဲ့၊ အင်း.....မအုံအဖြစ်ကလဲ တကယ်ကြေကွဲစရာကောင်းတဲ့ အဖြစ်တွေပဲလေ''

သူ့ဘဝဖြစ်စဉ်ကိုပြောရင်း ကျလာသော မျက်ရည်ကို အင်္ကျီလက်ဖြင့် သုတ်နေသော အနှိပ်သည် အမျိုးသမီးကြီး ဒေါ်အုံကို ဒေါ်ခင်မော်က ကြင်နာစွာပြောသည်။ သီသီနိုင်ကမူ ဘာမှမပြောသော်လည်း သနားသောစိတ်ဖြင့် ဒေါ်အုံကို ကြည့်နေသည်။ ကြေကွဲစရာတင်မဟုတ်ပါဘူး၊ ရှူးစရာကိုဖြစ်ခဲ့ရတာပါပဲ အမေ''

ဒေါ်အုံက မျက်ရည်သုတ်ပြီး ပြော၏။

''ဆက်ပြောပါအုံး ဒေါ်ဒေါ်ရယ်၊ အဲဒီနောက် ပြန်တွေ့ကြသေးလား၊ အနှိပ်သည်ဘဝ ဘယ်လိုရောက်လာတာလဲ''

သီသီနိုင်ကမေးသည်။ ဒေါ်အုံက မျက်ရည်ချောက်သွားသောမျက်နှာကို ကြည်လင်အောင် ပြင်လိုက်၏။

''သူများအိမ်မှာ မျက်ရည်ကျရတာ အိမ်ရှင်ကိုအားနာဖို့ကောင်းပါတယ်၊ ကျွန်မတောင်းပန်ပါတယ် အမရယ်''



www.burmeseclassic.com

www.burmeseclassic.com

''ကိစ္စမရှိဘူးမအုံ၊ အဖြစ်အပျက်ကိုသာ ဆက်ပြောစမ်းပါအုံး''

ဒေါ်ခင်မော်က ခွင့်လွှတ်စကားနှင့် တိုက်တွန်းသည့်စကားကို တပြိုင်တည်းပြောသည်။ ကြင်နာစိတ်ရှိသော အိမ်ရှင်များက ကြည်ဖြူစွာ ပြောခိုင်းသဖြင့် ဒေါ်အုံက ဆက်ပြောသည်။

''သူ စွန့်ပစ်သွားပြီး ဘာအလုပ်မှ မလုပ်တတ်တော့၊ ခြေဦးတည့်ရာ ရောက်တဲ့မြို့ရွာမှာ တစ်အိမ်ဝင်တစ်အိမ်ထွက် သူများခိုင်းတာ လုပ်ကိုင်ပေးပြီး ထမင်းတစ်ဝမ်းကို ပင်ပန်းကြီးစွာ ရှာစားလာခဲ့ရတာပေါ့ အမရယ်၊ အရွယ်ကရှိတော့ ဖျက်ဆီးချင်တဲ့လူတွေကို လွတ်အောင် အထူးသတိထား ရှောင်ခဲ့ရတယ်၊ ကိုယ်လိုဆင်းဆင်းရဲရဲ အတန်းအစားကပဲ တည်တည်တံ့တံ့ ယူပါမယ်ဆိုပေမယ့် ခံမှန်ဘူးတဲ့ စာသူငယ်လိုဖြစ်နေတော့၊ ကျွန်မ ဘယ်ယောကျ်ားမှ မယူခဲ့တော့ဘူး အမရေ၊ ဘဝအခွေ့အကြုံက သင်လာတော့ အရင်လို မအ၊ မနုံတော့ပဲ ကိုယ့်ဘာသာကိုယ် အေးအေးပဲ တစ်ဝမ်းတစ်ခါး ဖြစ်သလို လုပ်စားရာက အခုအသက်အရွယ် ထောက်လာတော့ အနှိပ်သည်ဘဝ ရောက်သွားတာပေါ့ အမရယ်''

ခင်စောအုံက သူ့စကားကို နိဂုံးချုပ်ပြီး တူအရီးနှစ်ယောက်လုံးကို မကြည့်ပဲ ရီဝေသောမျက်လုံးဖြင့် ပြတင်းပေါက်မှ လှမ်းမြင်နေရသော ကောင်းကင်ကို မော်ကြည့်နေသည်။

ဒေါ်ခင်မော်နှင့် သီသီနိုင်က ဒေါ်အုံကို ကြည့်နေကြသည်။ မဟာမျိုး၊ မဟာနွယ် ကြွယ်ဝချမ်းသာသော ပစ္စည်းဥစ္စာရှင်ဖြစ်ပါလျက် မိခင်စကား နားမထောင်ပဲ အိမ်ထောင်အပြုမှားခဲ့ရှာသော ခင်စောအုံ၏ ကြေကွဲဖွယ်၊ ရင်နာဖွယ် ဘဝဇာတ်လမ်းကို တူအရီးနှစ်ယောက်လုံး ပြိုင်တူ တွေးနေကြသည်။

''အင်း.....''တက္ကသိုလ်ဆရာတစ်ဦးက မှာဘူးသည့်နှုတ်ရည်၊ အိမ်ထောင်မှုလိုရားတည်၊ ဆေးမှင်ရည်စုတ်ထိုး၊ ဤသုံးခုချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲသည့်အမျိုး.....''လို့ ရှေးပညာရှိတွေ ဆိုခဲ့တဲ့စကား တကယ်မှန်ပါလားနော်''

ဒေါ်ခင်မော်က ငြီးငြီးညူညူပြော၏။ သူတို့တူအရီးနှစ်ယောက်လုံးပင် သွားလေသူ ဒေါ်ခင်သော်ကို သတိရကာ ဒေါ်အုံနှင့် နှိုင်းယှဉ်စဉ်းစားမိကြသည်။

''ဟုတ်တယ် ဒေါ်လေးရယ်၊ သိပ်မှန်တာပဲ၊ အိမ်ထောင်ပြုရေးဟာ မပေါ့ပါးပါလား၊ သီသီဖြင့် ကြောက်တောင်လာပြီ''

သီသီနိုင်က ဆိုသည်။

''အမယ် သီသီ၊ ညီးတကယ်ကြောက်ရင် နေ့တိုင်းမအုံတရားနာပေါ့၊ ဒါမှ မီးဝေးချိပ်မာ အဖြစ်မျိုးကလွတ်မှာ''

ဒေါ်ခင်မော်က ပြောသောအခါ သီသီနိုင်ကရယ်သည်။ ထိုအခါ ဒေါ်အုံက ပြော၏။

''ဟုတ်ပါတယ်၊ အိမ်ထောင်ပြုချင်တဲ့ မိန်းကလေးတွေ တွေ့ရင် ကျွန်မအဖြစ်ကိုသာ စုံစုံစေ့စေ့ ပြောပြလိုက်ကြပါ။ လူကြီးမိဘတွေနဲ့ တိုင်ပင်အသိပေး စုံစမ်းပြီးမှ အိမ်ထောင်ပြုကြပါလို့.....''

''အခုနေ.....ဒေါ်ဒေါ် ယောကျ်ားနဲ့ ပြန်တွေ့ရင် ဒေါ်ဒေါ် ဝမ်းသာမှာပဲလား.....''

သီသီနိုင်က မေးသောအခါ ဒေါ်အုံ၏ ညှိုးနေသော


www.burmeseclassic.com

www.burmeseclassic.com

မျက်နှာက တင်းသွားသည်။

"အချစ်ကြီးတော့ အမျက်ကြီးတယ်ဆိုတဲ့ စကားရှိပါတယ်....."

ဒေါ်အုံပြောသော လေသံက အေးစက်မာကျောသည်။ ထိုအခါ ဒေါ်ခင်မော်က ဝင်ထောက်၏။

"အခုနေ အသက်ထင်ရှား ရှိနေသေးရင်လဲ စိတ်ကျေရောပေါ့။ မအုံနဲ့ကွဲသွားပြီးတဲ့နောက် ဘာသတင်းမှ မကြားတော့ဘူးလား"

"ကြားတော့ ကြားပါတယ်၊ ကျွန်မကို ဖျက်ဆီးတဲ့ အတိုင်းပေါ့၊ ရှုးရှုးမိုက်မိုက် မိန်းမတွေ့ရင် ကြီးတယ်၊ ငယ်တယ် မရှောင်၊ ပစ္စည်းရှာ လူရှာ အရချိုင်၊ ပစ္စည်းကုန်တော့ စွန့်ပစ်ခဲ့တယ်ဆိုတာတွေ၊ သူကရုပ်ချော အပြောချိုတော့ မိန်းမတွေ ကလဲ ယုံတာပေါ့လေ၊ ဒါပေမဲ့ နာမည်ကတော့ ထွန်းမြင့် မဟုတ်တော့ဘူးလေ၊ အမျိုးမျိုး ပြောင်းနေခဲ့တယ်"

"သူ့ကို မအုံ လိုက်မတွေ့ဘူးလား....."

ဒေါ်ခင်မော်က မေး၏။

"ကျွန်မက တစ်အိမ်ဝင်တစ်အိမ်ထွက် အလုပ်လုပ်နေတော့ အဲဒီလို သူလုပ်သွားတယ်ဆိုတာ သူများပြောသံ ဆိုသံကြားခဲ့ရတာ လူချင်းမဆုံမိဘူး....."

"မမြင်ရပဲနဲ့ ဘာကြောင့် သူဖြစ်မှန်းမအုံကသိလဲ....."

ဒေါ်ခင်မော်က သူ့ဝသီအတိုင်း စေ့စပ်စွာ မေးသည်။

"ဒီလူရုပ်ရည်ကို သူတို့ပြောသံကြားတယ်ဆို ဒင်းပဲလို့ သိတာပေါ့အမရယ်....."





"သူ့မှာ ရုပ်ရည်ကို မှတ်မိလောက်အောင် ချောတယ် ထင်တယ်"

"ချောတာတော့ ချောတာပါပဲ၊ ထူးထူးခြားခြား ချစ်စရာကောင်းအောင် မှတ်မိလောက်တဲ့အချက်က ယာဘက်ပါးပြင်ပေါ်မှာ ရှိနေတဲ့ စပယ်တင်မှည့်စိမ်းစိမ်း ကလေးပဲ၊ ဖြူဝင်းတဲ့ အသားနဲ့ မှည့်စိမ်းစိမ်းကလေးက မြင်တဲ့လူတွေ မျက်လုံးထဲ စွဲကျန်ရစ်တယ်၊ အဲဒါကြောင့် ရုပ်ရည်ကို ပြောလိုက်ရင် သူပဲလို့ ကျွန်မသိတာပေါ့အမရဲ့"

ဒေါ်အုံစကားဆုံးသောအခါ ဒေါ်ခင်မော်က နှုတ်ပိတ်ဆိတ်ဆိတ်နေလိုက်သည်။ သူ့အမ ဒေါ်ခင်သော်ကို ပစ္စည်းရောလူပါ ဆုံးရှုံးပျက်စီးအောင် နှိပ်စက်လိုက်သော သူ့ခဲအိုကားလှပချောမော၍ ဖြူဝင်းသော အသားနှင့် ယာဘက်ပါးပြင်ပေါ်က စပယ်တင်မှည့်စိမ်းစိမ်းကလေးသည် မြင်ရသူအဖို့ ချစ်စဖွယ်ကောင်းလှသောကြောင့် သူ့အမ ဒေါ်ခင်သော် အရူးအမူးဖြစ်သွားသည်ကို ပြန်လည်တွေးတော ထင်မြင်နေလေသည်။

"ဒင်း.....တကယ် ယုတ်မာတဲ့ အကောင်ပါလား။ ဒီလိုအကောင်စားမျိုးက ငါအသက်ပေးချစ်တဲ့ တူမလေး သီသီခိုင်ရဲ့ အဖေပါလို့ ပြောရရင် ကြက်သရေယုတ်လှတယ်၊ ငါ့တူမလေး မသိတာပဲ ကောင်းပါတယ်လေ" ဟု ဒေါ်ခင်မော်က တွေးနေသည်။

"ဟော.....ဒေါ်လေး ငြိမ်ချက်သားကောင်းပါလား၊ စပယ်တင်မှည့်စိမ်းစိမ်းလေးတွေးပြီး စိတ်ကူးယဉ်နေပြီထင်တယ်"

သီသီခိုင်က သူချစ်သောအဒေါ်ကို ကြည့်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အေး.....ဒေါ်လေး ချစ်ချင်လိုက်တာမှလေ သူ့ပါးက စပယ်တင်·မှည့်စိမ်းကလေးကို အုန်းခြစ်ကြီးနဲ့ ခြစ်ထုတ်ပစ်ချင်အောင်ကို ချစ်လာတယ်''

ဒေါ်ခင်မော်က သူ့အစိပ္ပါယ်နှင့်သူ ပြောသည်ကို နားမလည်သော သီသီနိုင်က ဟက်ဟက်ပက်ပက် ရယ်သည်။ ဒေါ်အုံက မချိုပြုံး ပြုံးနေသည်။ အမက အုန်းခြစ်ကြီးနဲ့ ခြစ်ထုတ်ပစ်ချင်တာက တော်သေးတယ်၊ ကျွန်မက သံတူရွင်းနဲ့ မျက်နှာတစ်ခြမ်းလုံးပဲ့သွားအောင် ထိုးကော်ထုတ်ပစ်ချင်တာ အမရေဟု စိတ်တွင်းက ပြောမိ၏။

''ကဲ.....မိသီ၊ မအုံကို ထမင်းကျွေးရအောင်''

ဒေါ်ခင်မော်က သတိပေး၏။

''ဟုတ်ကဲ့ ဒေါ်လေး။ သီသီး...ပြင်လိုက်ပါမယ်၊ ဒေါ်ဒေါ်သီသီတို့အိမ်ကို မကြာခဏလာ...နော်၊ နှိပ်ချင်နှိပ်၊ မနှိပ်ချင်နေပေါ့၊ အခုလို စကားပြောရတာကောင်းတယ်''

သီသီနိုင်က မီးဖိုဆောင်ဝင်မည့်ဟန်ပြင်ရင်း ဒေါ်အုံကို ဖိတ်ကြားသည်။

''ဒီလို သဘောကောင်းတဲ့ အိမ်မျိုးကို ကျွန်မလာဖို့ ဝန်မလေးပါဘူး၊ စိတ်ချပါ''

ဒေါ်အုံက လှိုက်လှဲသော စေတနာဖြင့် ပြန်ပြောသည်။



၁၃

ဒေါ်ခင်မော်နှင့် သီသီနိုင်တို့အိမ်သို့ ဒေါ်အုံက မကြာခဏလာမည်ဟု ပြောသွားသော်လည်း တစ်လတစ်ခါလောက်ပင် မှန်မှန်မလာချေ။ သီသီနိုင်က အနှိပ်ခံလိုသည်ဟု လူကြုံမှာလိုက်မှ ရောက်လာတတ်သည်။ မည်သည့်အတွက် မှန်မှန်မလာသနည်းဟု မေးသောအခါ တူအရီးနှစ်ယောက်လုံးက အနှိပ်မခံပဲ အလကားသက်သက် ပေးလွှတ် ကျွေးလွှတ်သည်ကို အားနာသောကြောင့် မလာခြင်းဖြစ်သည်ဟု ဒေါ်အုံက အကြောင်းပြသည်။ မည်သို့ပင်ဖြစ်စေ၊ လူကြုံခိုက် မှာလိုက်လျှင်ကား မပျက်မကွက် ရောက်လာတတ်သည်။ ထိုသို့ရောက်လာသော ဒေါ်အုံကို တူအရီးနှစ်ယောက်လုံးက သတိထားမိလာခြင်းကား ဒေါ်အုံ၏ ရုပ်ရည်သည် တစ်ခါနှင့်တစ်ခါ မတူပဲ ပို၍သာ အိုမင်းရင့်ရော်လာခြင်း၊ အသားအရောင်မှာ နေလောင်လေတိုက်ခြင်းဖြင့် ပိုမိုမွဲပြာလာခြင်း၊ ပထမဆုံးတစ်ခါ လာစဉ်က ကြိုးကြဲမျှသာ ဖြူသေးသော ဆံပင်တို့သည် တဖြေးဖြေး တစ်ခေါင်းလုံးပြည့်အောင် ဖြူလာခြင်းတို့ကို သတိထားမိလာကြသည်။ ကိုယ်လုံးကိုယ်ထည်မှာလည်း ပို၍ ပိန်လှီသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒေါ်အုံ တော်တော်ကို ရုပ်ကျသွားတယ်နော်..... ဒေါ်လေး''

သူ့ကိစ္စပြီးပြီဖြစ်၍ ဒေါ်အုံပြန်သွားသောအခါ သီသီနိုင်က ကြင်နာသောစိတ်ဖြင့် ပြောသည်။

''အေး.....တစ်ခါနဲ့တစ်ခါ မတူတော့တာ ဒေါ်လေးလဲ သတိထားမိတယ်၊ သူကောင်းကောင်း နေမကောင်းဘူးလို့တော့ ပြောသွားတာပဲ၊ ဒီလိုပေါ့တူမရယ်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်ဆိုတဲ့ စကားအတိုင်းပေါ့၊ ဒါကြောင့် အိမ်ထောင်ပြုရေးဟာ အင်မတန်စဉ်းစားရတယ်နော်''

သီသီနိုင်က သူ့အဒေါ်စကားနားထောင်နေရာမှ တစ်စုံတစ်ခုကို သတိရသလို ဒေါ်ခင်မော်မျက်နှာကို ကြည့်လိုက်သည်။

''အင်း.....ဆိုစမ်းမိသီ၊ တစ်ခုခုတော့ ပြောစရာရှိပြီထင်တယ်.....''

''ဒေါ်လေးက ဒါမျိုးကျတော့ တယ်ပြီး အကဲခတ်ကောင်းတယ်''

''အော်.....ဒေါ်လေးပြောခဲ့ပြီကော၊ ညီးအရွယ်လို့ ပါးစပ်ကလေးဟတဲ့ အချိန်ကစပြီး ဗိုက်ထဲအူဘယ်နှစ်ချောင်းရှိလဲဆိုတာ ကြည့်ခဲ့တယ်လို့''

''ဟုတ်တယ် ဒေါ်လေး၊ ကိုကျော်ဆင့်အကြောင်း မိသီ ပြောမလို့''

''အေ.....ဒီသူငယ်အကြောင်း ဒို့တူအရီး မဆွေးနွေးတာကြာပြီ၊ သူ့မျိုးရိုးဇာတိ သိရပြီလား၊ ဘယ်လိုတဲ့လဲ''

''မျိုးရိုးဇာတိတော့ သူမပြောဘူး၊ သူပြောတာက သူ့





အဒေါ် ဒေါ်မေကြိုင်နဲ့ အတူမနေတော့ပဲ မြို့ထဲမှာ သူတစ်ယောက်ထဲ အခန်းငှား ထမင်းလခပေးစားနေတယ်တဲ့ ဒေါ်လေးရဲ့၊ သူ့အဒေါ်နဲ့ ခွဲခွာရေးလုပ်လာတာ တစ်ပတ်ကျော်ပြီလို့ ပြောတယ်၊ ဘာကိစ္စမှ သူ မပတ်သက်တော့ပဲ သေခန်းဖြတ်ထွက်လာတဲ့ သဘောမျိုး သူပြောတယ် ဒေါ်လေး''

''ဘာကြောင့်ဆိုတာ ညီးက မမေးဘူးလား မိသီရဲ့''

''မေးတယ် ဒေါ်လေး၊ သူမျက်နှာမကောင်းဘူး၊ သီသီကို သေသေချာချာစိုက်ကြည့်ပြီး ဘာကြောင့်ဆိုတာ မပြောပါရစေနဲ့တဲ့၊ သီသီတို့ တူအရီးအပေါ်မှာ သူထားတဲ့စိတ်စေတနာသန့်ရှင်းစင်ကြယ်တယ်ဆိုတာ ယုံပါတဲ့၊ ဒေါ်မေကြိုင်နဲ့ သူနဲ့လုံးဝအဆက်အသွယ်မရှိတော့ပါဘူး၊ အဒေါ်ရယ်လို့လဲ သူ မယူဆတော့ပါဘူးတဲ့။ သူ့အဒေါ်ဆီက ခွဲထွက်လာတာ ကိုယ်ပေါ်ဖုံးထားတဲ့ အဝတ်ကလွဲပြီး ဘာမှမပါဘူးတဲ့၊ အခုမှ သူလခနဲ့ သူ့ဘဝကို သန့်သန့်ရှင်းရှင်း ထူထောင်ရတယ်ဆိုတာပဲ ပြောတယ်ဒေါ်လေး.....''

ဒေါ်ခင်မော်က မှတ်ချက်ချသည်။ သီသီနိုင်က တွေးနေငေးနေသည်။ ဒေါ်ခင်မော်က ဆက်ပြော၏။

''အဲဒီတော့ ညီးတို့လက်ထပ်ရေးကို ဘယ်လိုစီစဉ်မလဲ''

''လက်မထပ်ချင်သေးဘူး ဒေါ်လေး၊ ဒေါ်လေးပြောသလိုပဲ သူနဲ့ပတ်သက်ရင် ဘာမှပွင့်ပွင့်လင်းလင်း မပြောပဲ လျှို့ဝှက်ထားတာကို သီသီလဲမနှစ်မြို့က်ဘူး၊ သူ့အကြောင်းကို စုံစုံစေ့စေ့သိရပြီး ကျေနပ်လောက်မှ လက်ထပ်မယ်၊ တရုတ်သိုလ်ဆရာတစ်ဦးက မှာဘူးသည့်နှုတ်ရည်ဟာ အင်မတန် ထိရောက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဒေါ်လေးရေ့ တော်တော်ကြာ နှောင့်ပြင့်နိုင်ခဲ့သည့် အမျိုးဆိုတာကြီးနဲ့ ညားနေမှဖြင့် ဒေါ်အုံလောက် မဆိုးတောင် လူတောထဲမတိုးနိုင်ပဲ ဖြစ်နေရင် သီသီရင်ကျိုးရကြီရဲ့.....''

ဤတစ်ကြိမ်မှာတော့ သီသီနိုင်က သူ့အဒေါ် စံချိန်ကို အမှီလိုက်ကာ လေကြောရှည်ရှည်ပြောသည်။ ဒေါ်ခင်မော်က သူ့ဝါဒနှင့် ကိုက်ညီ၍ အကြီးအကျယ် ကျေနပ်သွားသည်။

''ငါ့တူမ အဲဒီလို လိမ္မာမှပေါ့၊ ဥပမာယူစရာ မအုံတစ်ယောက်ထဲ မဟုတ်ဘူး၊ ညီးအမေပါ ပါတယ် မိသီရဲ့''

''ဟုတ်ပါတယ်''

သီသီနိုင်က ထောက်ခံသည်။

''ဒီသူငယ်က ခွဲထွက်လာတော့ ဟိုခြံထဲ သူ့အဒေါ်တစ်ယောက်ထဲ ကျန်ရစ်ပြီပေါ့။ တစ်ယောက်ထဲ နေဝံ့တဲ့သတ္တိရှိတယ်ထင်တယ်''

ဒေါ်ခင်မော်က ပေါက်ပေါက်ရှာရှာ တွေးပြီး ပြောသည်။

''သနားရင် ဒေါ်လေး သူ့ကိုသွားခေါ် အိမ်ပေါ်တင်ထားပြီး ဖဲဗိုးမှန်မှန်ပေးပေါ့ ဒေါ်လေး....''

သီသီနိုင်က အရွှန်းပြောလိုက်၏။

''အလိုတော်.....ငါက သနားလို့ပြောမဟုတ်ပါဘူး၊ မားမားမတ်မတ်ရပ်နိုင်လောက်တဲ့ အခြေမှာရှိနေတဲ့ ကိုယ့်တူကလေးတစ်ယောက်လုံး အိမ်ပေါ်က ဆင်းသွားရအောင် သူဘာလုပ်သလဲ။ ကေန္တ မတော်မတဲ့လင်ငယ်ကလေးများယူထားသလားမှ မသိတာ.....''





အတွေးအခေါ် ကောင်းသော အဒေါ်အပျိုကြီးစကားကြောင့် သီသီနိုင်က အားရပါးရ ရယ်မောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄

ဖဲဝိုင်းမှာ ကြာကြာထိုင်ရ၍ ညောင်းနေသော အမျိုးသမီးကြီးကို နှင်းနှိပ်ချိုးဖဲ့ပေးနေရာမှ အသံခပ်အုပ်အုပ် ထွက်နေသော ဖဲဝိုင်းဆီသို့ ဒေါ်အုံက အမှတ်မထင်ကြည့်နေသည်။ အိမ်ကြီး၏ အထက်ထပ်ခန်းတွင် တိတ်တဆိတ် ကြိတ်ဝိုင်းလုပ်နေသော ဖဲဝိုင်းတွင် ယောက်ျားရောမိန်းမပါ အသံကျယ်ကျယ် မထွက်ပဲ ခပ်အုပ်အုပ်သာ စကားပြောကြသည်။ ဤဖဲဝိုင်းရှိသော အိမ်နှင့် ဆက်မိသော ဒေါ်အုံအဖို့ များစွာသက်သာသည်။ တစ်အိမ်တက်ဆင်း လိုက်နှိပ်ရသည့်အလုပ်မှာ အသွားအလာဝေးကွာ၍ ပင်ပန်းသည်၊ စရိတ်ကုန်သည်၊ အချိန်ကုန်သည်၊ တစ်နေ့လုံးအဖို့ နှစ်ယောက်သုံးယောက်မျှသာ အလွန်ဆုံးနှိပ်နိုင်၍ ပိုက်ဆံအရနည်းသည်။ ယခုဖဲဝိုင်းဒိုင်ခံသော အိမ်တွင်ကား ဝေးဝေးလံလံ မသွားရပဲ တစ်နေရာထဲမှာပင် တစ်နေ့အဖို့ လေးငါးယောက်နှိပ်ရ၏။ ဖဲညောင်းမိနေသူတို့က တစ်ယောက်တစ်လဲ အနှိပ်ခံနေကြသည်။ ထို့ကြောင့် ဒေါ်အုံအဖို့ နေ့တွက် ကောင်းကောင်းစီနေသည်။



အရိပ်ထဲမှာ အေးငြိမ်းချမ်းသာစွာ နေခဲ့ရာမှ မတွေးထင် မမျှော်လင့်သော ဒုက္ခဆင်းရဲကြောင့် တစ်ဝမ်းတစ်ခါးကို ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေ စားခဲ့ရသောဒဏ်၊ လူပေါင်းစုံကို နှိပ်နင်းခဲ့ရ၍ ထိုလူတွေ၏ အပူခိုးငွေ့တွေ သင့်သည့်ဒဏ်ကြောင့် ဒေါ်အုံ၏ ကျန်းမာရေးမှာ မကောင်းတော့ချေ။ ဖဲဝိုင်းထောင်သော အိမ်မှာ လူငါးယောက်ကို တစ်နေကုန်နှိပ်ရလျှင် အခငွေတစ်ဆယ်မျှ ရသည့်အတွက် ဆေးဖိုးခါတ်စာဖိုးကလေးရအောင် ဒေါ်အုံက အားခဲနှိပ်နေခြင်းဖြစ်သည်။ ဤအိမ်မှာ ဆယ်ရက်လောက်နှိပ်ပြီးလျှင် အနားယူဦးမည်ဟု ဒေါ်အုံက ရည်ရွယ်၏။ ယနေ့ ဒေါ်အုံ သတ်မှတ်ထားသည့် နောက်ဆုံးနေ့ဖြစ်သည်။

"မမ့်ကြိုင် ခင်ဗျားပြီးရင် ကျွန်တော် အနှင်းခံအုံးမယ်ဗျာ.....ထိုင်တာများလွန်းလို့ ခြေထောက်တွေ ချိသလို ဖြစ်နေတယ်....."

ဖဲဝိုင်းမှထလာသော လူရွယ်တစ်ယောက်က တုံးလုံးလဲလျောင်းရင်း အနှိပ်ခံနေသော အမျိုးသမီးကြီးအနားလာထိုင်ကာ လက်မောင်းကို ပုတ်ခတ်ရင်းပြော၏။ ဒေါ်အုံကမကြည့်ပဲ မျက်နှာလွှဲနေသည်။

"အေးကွယ်.....မမကြိုင် အခုပဲ ပြီးပါတော့မယ်"

အမျိုးသမီးကြီးက ပြောသောအခါ ဒေါ်အုံက သူ့ အခြေအနေကို တင်ပြသည်။

"ဒီနေ့ ကျွန်မ စောစောပြန်ပါရစေ၊ ကြို့တင်မှာထားတဲ့ အိမ်တစ်အိမ်ကို ခဏဝင်ပြီး အိမ်ပြန်ဆေးသောက်ရမယ်၊ ကျွန်မ သိပ်နေလို့ မကောင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်အုံ့စကားကြောင့် အနင်းခံမည့် လူရှယ်က.....

"ကောင်းဗျာ.....မမကြိုင်၊ ခင်ဗျားကြီး မပြီးနိုင်အောင် စည်းစိမ်ခံနေတာနဲ့ သူများအတွက် အချိန်မရှိပဲ ဖြစ်သွားပြီ"

ဟုကလေးဆိုးကြီးလိုပြောပြီး မမကြိုင်ဆိုသော အမျိုးသမီးကြီးကို လက်ဖြင့် ခပ်သာသာတစ်ချက်ပုတ်ကာ ဖဲဝိုင်းရှိရာ ပြန်သွားသည်။ မမကြိုင်ဆိုသော အမျိုးသမီးကြီးက ဒေါ်အုံ့ကို စိတ်တိုသံဖြင့်မေး၏။

"ရှင်.....မသွားပဲနေလို့ မရဘူးလား....."

"မဖြစ်ပါဘူး၊ သူတို့မှာထားတာ တစ်ပတ်ကျော်ပါပြီ၊ ကလေးမလေးကလဲ ရုံးအလုပ်သမားဆိုတော့ အညောင်းမိရှာတာပေါ့၊ သူ့အဒေါ် အပျိုကြီးကလဲ ကျွန်မကို ပေးကမ်းကျွေးမွေးနေတော့ အားနာစရာ ကောင်းပါတယ်"

ဒေါ်အုံ့က တောင်းပန်ပြောဆိုသည်။ ဒေါ်အုံ့စကားကြောင့် မမကြိုင်ဆိုသော အမျိုးသမီးကြီးက စိတ်ဝင်စားဟန်ဖြင့် မျက်လုံးကျယ်လာသည်။

"ကျွန်မ အသိမိတ်ဆွေထဲကများ ဖြစ်နေမလား၊ သူတို့နာမည်တွေမသိဘူးလား ဒေါ်အုံ့"

မမကြိုင်ကမေးသည်။ ဒေါ်အုံ့ကို များသောအားဖြင့် ဒေါ်အုံ့ဟူ၍ပင် လွယ်လွယ်ကူကူ ခေါ်ကြသည်ဖြစ်ရာ၊ သီသီနိုင်တို့တူအရီးကသာ အဖြစ်မှန်ကိုသိပြီး၍ ဒေါ်အုံ့ဟူသော နာမည်ကို အသိအမှတ်ပြုသည်။ အခြားသူများကမူ ဒေါ်အုံ့ဟူ၍သာ အသိအမှတ်ပြုကြ၏။

"ကလေးမလေးနာမည်က သီသီနိုင်တဲ့၊ သူ့အဒေါ်





အပျိုကြီးနာမည်က ဒေါ်ခင်မော်တဲ့၊ အမ အသိတွေလား"

ဒေါ်အုံ့က ပြောပြီးမေးသည်။ မမကြိုင်က ပြုံးယောင်ယောင်မျက်နှာဖြင့် ဦးခေါင်းခါသည်။ ထို့နောက်.....

"ကျွန်မအသိနာမည်နဲ့တော့ တူတာပဲ၊ ဒါပေမယ့် သူတို့ကိုပြန်မပြောနဲ့၊ စပ်စုတယ်ထင်နေကြအုံးမယ်၊ နောက်ပြီး ဒေါ်အုံ့ကိုလဲ စကားအပို့အယူလုပ်တယ်ထင်ပြီး စိတ်ဆိုးခံရရင် မကောင်းဘူးနော်"

ဟုပြောသည်။

"မပြောပါဘူးအမရယ်၊ စိတ်ချပါ၊ ကျွန်မဘဝက သူများ စိတ်သန့်သန့်ရှင်းရှင်းနဲ့ စေတနာထားခိုင်းစေမှ ထမင်းစားရမဲ့ဘဝပါ"

ဒေါ်အုံ့က ဝမ်းနည်းသံဖြင့် ကတိပေးသည်။

"ဒေါ်အုံ့က ဘယ်မှာနေလဲ"

မမကြိုင်က မေးသဖြင့် ဒေါ်အုံ့က သူနေထိုင်ရာကို ပြောပြသည်။ မမကြိုင်က သေချာစွာ မှတ်သည်။

"အိမ်မှာ ဒေါ်အုံ့ ဘယ်အချိန်ရှိတတ်လဲ"

"နက်ဖန်ကစပြီး ကျွန်မ လေးငါးဆယ်ရက်ဆိုသလို နားဦးမယ်အမရယ်၊ နေကောင်းအောင် ဆေးလေးဘာလေး စားအုံးမယ်"

"ဒါဖြင့် နက်ဖြန်ကစပြီး ဆက်ရက်လောက်အတွင်း ဒေါ်အုံ့ဆီလာရင် အချိန်မရွေး တွေ့ရမယ်ပေါ့"

"နားတဲ့ရက်အတွင်းတော့ တွေ့ရပါမယ်၊ ဘာကိစ္စရှိလို့လဲ အမ"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရယ်လို့ မဟုတ်ပါဘူး။ ဒေါ်အုံးကို သနားလို့ပါ။ အကူအညီလိုရင် လာပြီး အကူအညီပေးနိုင်အောင်ပါ ဒေါ်အုံးရယ်"

"ကျေးဇူးသိပ်တင်ပါတယ် အမရယ်"

ဒေါ်အုံးက လှိုက်လှဲစွာ ပြောရှာသည်။

"ကဲလေ.....နိုပ်တာ တော်ပါတော့၊ ဒေါ်အုံးလဲ တော်တော်ပင်ပန်းနေမှာပဲ"

မမကြိုင်က ပြောကာ အနှိပ်ခံနေရမှ ထထိုင်လိုက်သည်။ ပိုက်ဆံအိတ်ကိုဖွင့်ကာ တစ်ဆယ်တန်တစ်ချပ်ကို ထုတ်ယူပြီး ဒေါ်အုံးကို ရက်ရောစွာ ပေးသည်။

"ကျွန်မ ရှစ်ကျပ်တောင် ပြန်အမ်းရမှာ၊ အမ်းစရာငွေ မပြည့်ဘူးအမ၊ နောက်တစ်ခါ ကျွန်မလာနှိပ်မှပဲ ပေါင်းပြီးပေးပါတော့"

"အို.....ဘာကြောင့် ပြန်အမ်းရမှာလဲ၊ ဒေါ်အုံးကို စေတနာနဲ့ တစ်ဆယ်လုံးပေးတာ၊ ယူပါ၊ မယူရင် ကျွန်မစိတ်မကောင်းဘူး"

မမကြိုင်က ကြီးမားပြည့်ဝသော မေတ္တာစေတနာဖြင့် ပေးသည်ကို အတိုင်းမသိသော ကျေးဇူးတင်စိတ်ဖြင့် ဒေါ်အုံးက လက်ခံယူရှာသည်။

"သိပ်ကျေးဇူးတင်ပါတယ် အမရယ်"

"ဒေါ်အုံး သွားပေအုံးတော့၊ ကျွန်မလာလည်တဲ့အခါ ပုန်းမနေနဲ့နော်"

ငယ်ပေါင်းကြီးဖော်သဖွယ် မမကြိုင်ကရင်းနှီးစွာပြောသည်ကို.....





"မပုန်းပါဘူး အမရယ်"

ဟု ဒေါ်အုံးက ကျေးဇူးတင်စွာ ပြန်ပြောသည်၊ ဒေါ်ခင်ဗမ်တို့ တူအရီးလို မမကြိုင်လို စေတနာပြည့်ဝသေည့် သူတော်ကောင်းများနှင့် တွေ့ကြုံရသည့်အတွက် ဒေါ်အုံးသည် သူ့အဖို့ ကုသိုလ်ကံကလေးက ထောက်ပင့်လာပြီဟု တွေးကာ အထိုက်အလျောက် စိတ်ချမ်းသာမိရှာသည်။

အိမ်ပြန်နားနေ၍ နှစ်ရက်မျှကြာသော နေ့ဝယ် မမကြိုင်က လာမည်ဟု သူပြောခဲ့သော ကတိအတိုင်း ရောက်လာသည်။ ဒေါ်အုံးကို ဆေးတိုက်ဖို့ခေါ်သွားသည်။ သူ့အသိဆရာဝန်နှင့် ဂရုတစိုက်ပြပြီး ဆေးကုပေးသည်။ လိုသော ဆေးဝါးဓါတ်စာကိုရအောင် ရှာဖွေဝယ်ပေးသည်။ ဒေါ်အုံး၏ အိတ်ထဲက တပြားမှ မစိုက်ရချေ။

ဤနည်းအတိုင်း နှစ်ရက်တစ်ပတ်၊ သုံးရက်တစ်ပတ် လာရောက်မေးမြန်း ကုသပေးသဖြင့် ဒေါ်အုံးနေထိုင်ကောင်းလာသည်။ နေကောင်းသည်ဆိုသော်လည်း ပြင်းထန်စွာ ညှင်းဆဲထားသော စိတ်အရှိန်ကြောင့် ယိုယွင်းပျက်စီးခဲ့သော ခန္ဓာကိုယ်၏ အိုမင်းပန်းချုံးနေခြင်းကား မပြောင်းလဲချေ။ ပေါ့ပါးလန်းဆန်းလာခြင်းသာရှိသည်။ မမကြိုင်၏ကျေးဇူးတွေကို ဒေါ်အုံးသည် ပေးဆပ်မကုန်နိုင်အောင်ပင် ကြည်ညိုမိတော့သည်။ မမကြိုင်အတွက်ဆိုလျှင် အသက်ကိုပင်ပေးရပါစေ ဒေါ်အုံး ဤမျှအထိ ကြည်ညိုနေလေတော့သည်။

"ဒေါ်အုံး အသက်ပေးတဲ့အထိလဲ ကျွန်မက မဝင်စီးတတ်ပါဘူး။ ကျွန်မရဲ့စိတ်ဆင်းရဲမှုတွေကို ကုသိုလ်ရေးနဲ့ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ ဒေါ်အုံးကို ကူညီတာပါပဲ ဒေါ်အုံး ရယ်.....''

ဒေါ်အုံး၏ ဝက်သိုက်လို တဲပုတ်ကလေးထဲမှာ မမကြိုင် ကအေးအေးဆေးဆေး အလည်အပတ် ရောက်လာပြီး စကား ပြောနေကြသည်။ ဒေါ်အုံးက မမကြိုင်ကျေးဇူးကို အသက်ပေး ဆပ်လိုသော ဆန္ဒပေါ်သည်အထိ ကျေးဇူးတင်ကြောင်း ပြောသည့် စကားကို မမကြိုင်က ပြန်လည်တုန့်ပြန်နေခြင်းဖြစ်သည်။

''ကျွန်မက ကျေးဇူးတင်လို့ ပြောနေတာပါ အမရယ်၊ အမအနေနဲ့ ဒါလောက်ပြည့်စုံနေတာ ဘာများ စိတ်ဆင်းရဲစရာ ရှိလဲ.....''

''အော်.....ဒေါ်အုံးမသိဘူးနော်.....''

မမကြိုင်က ခပ်ငြီးငြီးပြောသည်။

''ဟုတ်ကဲ့ ကျွန်မတတ်နိုင်တဲ့ကိစ္စဆိုရင် အခုတင်က ပြောသလို အသက်ပေးဆပ်ပါ့မယ် အမ''

''တကယ်လား ဒေါ်အုံးရဲ့''

''တကယ်ပါ အမရယ်''

''ဒီလိုဆိုရင် ဒေါ်အုံးအကူအညီတစ်ခုတော့ လိုလိမ့် မယ်ထင်တယ်''

မမကြိုင်စကားကြောင့် ဒေါ်အုံးက ဝမ်းသာသွားသည်။

''ပြောသာပြောပါ အမရယ်''

''ပြောဆို ကျွန်မရဲ့ ကိုယ်ရေးရာဇဝင် အတွေ့အကြုံကို အစအဆုံး လိပ်ပတ်လည်အောင် ပြောပြမှ ဒေါ်အုံးသဘောပေါက် ပြီး ကူညီခြင်လာမှာ''





''ဟုတ်ကဲ့.....ပြောပါ အမ၊ ကျွန်မသေသေချာချာ စဉ်းစား နားထောင်ပါမယ်''

''ဒီလို ဒေါ်အုံးရဲ့၊ တိုတိုပဲကျွန်မပြောမယ်လေ၊ ကျွန်မ က အိမ်ထောင်ပျက်၊ ကျွန်မတို့မှာ မောင်နှစ်မနှစ်ယောက်ရှိ တယ်၊ မောင်ကမုဆိုးဖို၊ ကျန်းမာရေးမကောင်းတော့ အိမ်ထဲက ဘယ်မှမထွက်ဘူး။ မောင်လေးမှာ သားတစ်ယောက်ရှိတယ်။ ကျွန်မတူကလေးပေါ့လေ။ အဲဒီတူကလေးနဲ့ ဒေါ်အုံးတစ်ခါက ပြောဖူးတဲ့ သီသီနိုင်ဆိုတာက မေတ္တာရှိနေကြတယ်။ ဒါကို မိန်းကလေးအဒေါ်အပျိုကြီးက သဘောမတူလို့ ဖျက်တာကို မိန်းကလေးကလဲ မလွန်ဆန်ဝံ့ရှာဘူး။ အဲဒီတော့ ကျွန်မတူလေး မှာ သူ့ကိုယ်သူ သတ်သေချင်လောက်အောင် စိတ်ဆင်းရဲရှာ တယ်၊ သားရဲ့စိတ်ဆင်းရဲမှုမြင်ရတော့ သူ့အဖေရောဂါတိုးတာ ပေါ့။ ကြာကြာနေရင် သားအဖနှစ်ယောက်လုံး ဒုက္ခဖြစ်တော့ မယ်ဒေါ်အုံးရဲ့''

''ကျွန်မက ဘယ်လိုကူညီရမလဲ အမ''

''ပင်ပင်ပန်းပန်း မဟုတ်ပါဘူး။ ဒေါ်အုံးက သူတို့နဲ့ တော်တော်ခင်မင် ရင်းနှီးတယ်မဟုတ်လား။ သူတို့အိမ်သွားပြီး ဟောဒီဆေးမှုန့်ကလေးကို သူတို့အရီးညနေစာ စားမယ့် ဟင်း တစ်ခုထဲ အသာခပ်ထားခဲ့ရုံပါပဲ''

''အဆိပ်ခပ်ရမှာလား အမ.....''

ဒေါ်အုံးက ထိတ်လန့်စွာ မေးသည်။

''အဆိပ်မဟုတ်ဘူး အိပ်ပျော်တဲ့ဆေးပါ''

မမကြိုင်က ခပ်ပြုံးပြုံးဖြေ၏။ ဒေါ်အုံးက ဘာမှပြန်မ

www.burmeseclassic.com



ပြောပဲ မမကြိုင်ကိုသာ စိုက်ကြည့်နေသည်။

"တကယ်ပါ ဒေါ်အုံးရဲ့၊ အိပ်ပျော်တဲ့ဆေးပါ"

မမကြိုင်က ထပ်မံဖြေရှင်း၏။

"သူတို့ အိပ်ပျော်သွားတော့ ကျွန်မက ဘာလုပ်ရမလဲ အမ"

"ဒေါ်အုံး ဘာမှမလုပ်ရဘူး။ ညနေစာ မစားခင်ရောက်အောင်သွား။ အဲဒီ အိပ်ဆေးကလေးခပ်ပြီး ပြန်လာခဲ့ရုံပဲ။ တူအရီးနှစ်ယောက် အိပ်မောကျတော့မှ ကျွန်မ တူလေးက အိမ်ပေါ်တက်ပြီး အိပ်ပျော်နေတဲ့ သီသီခိုင်ကို ခိုးယူလာရုံကိစ္စပါ။ သူတို့ချစ်သူခြင်း ပြန်ပေါင်းထုတ်ရအောင် ဆောင်ရွက်ပေးရမဲ့ ကိစ္စကလေးပါပဲ၊ သေကြေပျက်စီးမဲ့ကိစ္စ မဟုတ်ပါဘူး။ ချစ်သူခြင်း ပြန်တွေ့အောင် ဆောင်ကျဉ်းပေးရတာ ကုသိုလ်ကောင်းရပါတယ် ဒေါ်အုံးရယ်။ ချစ်ခင်နှစ်သက်သူနဲ့ ကွဲရတယ်ဆိုတာ ဘယ်လောက် ဝဋ်ဒုက္ခကြီးတယ်၊ စိတ်ဆင်းရဲတယ်ဆိုတာ ကိုယ်တွေ့ကြုံရခံစားရတဲ့လူမှသိတာ၊ မကြုံဘူးတဲ့လူကမသိဘူး ဒေါ်အုံးရေ"

ချစ်ခင်နှစ်သက်သူနဲ့ ကွဲရတဲ့ ဝဋ်ဒုက္ခဆိုသော စကားတစ်လုံးက ဒေါ်အုံနှလုံးသားကို ရိုက်ခတ်လိုက်သည်။ မမကြိုင်က ငြိမ်နေသော ဒေါ်အုံကိုကြည့်ပြီး စကားဆက်၏။

"ကျွန်မ အသက်လာက် ချစ်ရတဲ့လင်က မယားငယ်ယူလို့ လင်မယားကွဲကြတော့၊ ကျွန်မအသဲတွေ ကြေကုန်သလို ခံစားခဲ့ရပါတယ် ဒေါ်အုံးရယ်။ အခုလဲ ကလေးမလေးကို သူ့အဒေါ်က တစ်ခြားလူနဲ့ ပေးစားဖို့ကစီစဉ်နေတာ သိရတော့





ကျွန်မတူကလေးမှာ သေချင်စိတ်ပေါက်အောင် စိတ်ဆင်းရဲနေရှာပါပြီ။ ကျွန်မကိုယ်ချင်းစာပြီး တူကလေးကို သနားလွန်းလို့ပါ။ ဒါလောက်တော့ ဒေါ်အုံး ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ် ဒေါ်အုံးရယ်"

လင်ယောက်ျား မယားငယ်ယူ၍ အသဲကြေလု ဖြစ်ခဲ့ရသည်ဆိုသော မမကြိုင်ကို ဒေါ်အုံးက ကိုယ်ချင်းစာပြီး သနားလာသည်။ သနားစိတ်ပေါ်သော်လည်း မမကြိုင်ခပ်ခိုင်းသောဆေးမှာ အိပ်ဆေးမျှသာဖြစ်သော ကိစ္စမရှိ၊ လူကို ဒုက္ခပေးမည့်ဆေးတွေ ဖြစ်နေပါက ဒေါ်ခင်မော်တို့ တူအရီးအား ကျေးဇူးကန်းရာရောက်လေမည်လားဟု ဒေါ်အုံကု တွေးနေခိုက်မှာ မမကြိုင်က စကားဆက်ပြောပြန်သည်။

"ဒေါ်ခင်မော်က သူ့တူမကလေးကို ကျွန်မတူကလေးနဲ့ သဘောမတူတာ ဘာကြောင့်လို့ ဒေါ်အုံးထင်သလဲ"

"ကျွန်မဘယ်လိုမှ မထင်တတ်ပါဘူး အမရယ်"

ဒေါ်အုံးကဖြေသည်။

"ကျွန်မပြောပြမယ် ဒေါ်အုံး၊ သီသီခိုင်အမေက ကျွန်မယောက်ျားရဲ့ မယားငယ်ပေါ့။ ကျွန်မချမ်းသာသမျှပစ္စည်းတွေအားလုံး မယားငယ်ကို ဗိုလ်ပစ်တယ်လေ။ အဲဒီ မိန်းမလဲသေသွားပါပြီ။ အခုသူတို့ချမ်းသာနေတာ ကျွန်မပစ္စည်းတွေပါ။ ဒါပေမဲ့ ကျွန်မကုသိုလ်ကံ စိမ်သမျှပဲလို့ တရားနဲ့ဖြေပြီး ခွင့်လွှတ်ထားခဲ့ပါတယ်။ ကျွန်မ မကျေနပ်ရင် တစ်မျိုးမျိုးနဲ့ သူတို့ပျက်စီးအောင်ကြံမှာပေါ့။ ဒါပေမဲ့ ကျွန်မ မလုပ်ခဲ့ဖူး။ ဖဲရိုက်နေပေမဲ့ ကျွန်မကိုယ်ထဲမှာ တရားရှိတယ်ဒေါ်အုံး။ အခုမှ သားကလေးလို



www.burmeseclassic.com

www.burmeseclassic.com



ကျွေးမွေးပြီး ချစ်နေရတဲ့ တူကလေးရော မောင် လူမမာကိုရော မကြည့်ရက်တော့လို့ အခုလို ဒေါ်အုံးအကူအညီယူရတာပါ''

စိတ်ဝင်စားဖွယ် နားထောင်နေသောဒေါ်အုံးက.....

''ဒေါ်ခင်မော် သဘောမတူတာက မမကြိုင်တူဖြစ်မှန်း သိလို့လား''

ဟုပြန်မေးသည်

''ဒါပေါ့၊ အဲဒါကြောင့် သူ့တူမကို အပြင်းအထန် ကန့်ကွက်နေတာ၊ လူငယ်ချင်း ချစ်ပါရက်နဲ့ ဘယ်လောက်အသဲနာစရာကောင်းလဲ၊ တတ်နိုင်ရင် ဒေါ်အုံး ကူညီပါလားနော်''

မမကြိုင်က မချိတင်ကဲ အသံဖြင့်ပြောသည်။

လူ့ဘဝ၊ လူ့လောက အတွေ့အကြုံကို ဘမျိုးစုံကျင်လည်လာခဲ့ရသော ဒေါ်အုံးက သူမျှားထက်ပိုပြီး စုံလင်သည်၊ ဗဟုသုတများသည်။ မိခင်ကိုကျေးဇူးကန်းခဲ့မိ၍ အကုသိုလ်တွေဖိစီးကာ မတွေးထင် မမျှော်မှန်းခဲ့သောဒုက္ခဆိုးတွေ ကြုံတွေ့ခဲ့ရပြီးနောက် သူ့အား အနည်းအကျဉ်းပင်ဖြစ်စေ ကူညီဘူး၊ ကျေးဇူးပြုဘူးသူတို့အား ဒေါ်အုံသည် စိတ်ဆင်းရဲစေမည့် ကျေးဇူးကန်းသော အလုပ်မျိုးကို မည်သည့်အခါမှ မပြုလုပ်တော့ပဲ မေတ္တာစိတ်ကိုသာ အမြဲထားလာခဲ့သည်။ ယခု မမကြိုင်တောင်းသည့်အကူအညီမှာ အတွင်းကျကျ သူမသိရသေး၍ စိတ်အားထက်သန်စွာ ကူညီလိုသာဆန္ဒမပေါ်ပေါက်သေးချေ။ သီသီနိုင်နှင့် ဒေါ်ခင်မော်တို့ တူအရီး ကျေးဇူးတွေကလည်းရှိနေသည်။ မမကြိုင်၏ ကျေးဇူးတွေကလည်းရှိနေသည်။ သူ ကူညီမှုသည် နှစ်ဦးသော ကျေးဇူးရှင်များအဖို့ အကျိုးမဆုတ်ယုတ်စေရပဲ မြေမသေ တုတ်





မကျိုးဖြစ်မှ တရားမျှတမှုရှိပေမည်။ တစ်ဖက်စကားကိုချည်း ယုံစား၍မဖြစ်သေးချေဟု ဒေါ်အုံကချိန်ဆတွေးတော့သည်။ ချစ်သူနှင့်ကွဲနေသော သူငယ်လေးကိုလည်း ကိုယ်ချင်းစာ၍ သနားသည်။ မမကြိုင်၏ ဘဝကိုလည်း ကိုယ်ချင်းစာ၍ ကြင်နာသည်။ သို့သော်သူ၏ သနားမှု ကြင်နာမှု၊ ကိုယ်ချင်းစာမှုတွေက မမကြိုင်၏ စကားအရမျှသာ ရှိသေး၏။ ဒေါ်ခင်မော်တို့က မည်သို့နည်း''

''စဉ်းစားလွန်းတယ်ထင်တယ် ဒေါ်အုံ၊ ကျွန်မပြောတာ မယုံလို့လား''

မမကြိုင်က ဒေါ်အုံကို အကဲခပ်ရင်းပြော၏။

''အော်.....အမကိစ္စ အောင်မြင်အောင် ဆောင်ရွက်ရမှာဆိုတော့ သူတို့မီးဖိုချောင် ဝင်ရတယ်ပဲထားပါအုံး၊ ဆေးခပ်ထဲ့ဖို့ရ လူလစ်ပါ့မလား၊ အခါအခွင့်ရပါ့မလားဆိုတာ တွေးနေမိလို့ပါ''

ဒေါ်အုံက အဆင်ပြေအောင် ပြန်ပြောသည်။

''အို.....ဒေါ်အုံကလဲ အခုချက်ခြင်း သွားပြီး ရောက်တာနဲ့ တစ်ပြိုင်ထဲ ဆေးခပ်ရမယ်လို့ မဆိုလိုပါဘူး၊ ဒီကိစ္စမျိုးဆိုတာ လူမမိအောင် ပိပိယိယိလုပ်ရတာမျိုးဖြစ်ကြောင်း ကျွန်မ သိပါတယ် ဒေါ်အုံးရဲ့''

မမကြိုင်က ပြော၏။

''ဒီလိုဆိုလဲ ကိစ္စ မရှိဘူး၊ အခါအခွင့်သင့်မဲ့အချိန်စောင့်ပြီး ကျွန်မ ကူညီမယ်လေ၊ ကိစ္စအောင်မြင်ခဲ့ရင် မမကြိုင်ကို ဘယ်မှာလာတွေ့ပြောရမလဲ''

မမကြိုင်က ကျေနပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


''ဟုတ်ပြီ ဒေါ်အုံး၊ ကျွန်မကို ဘယ်မှာ တွေ့ရမလဲဆို တော့.....''

မမကြိုင်က စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ စဉ်းစား နေသည်။ မမကြိုင်သည် သူနေထိုင်ရာ ခြောက်မိုင်ခွဲရှိ နွယ်နီ ရိပ်သာခြံသို့ မည်သူ့ကိုမှလိပ်စာမပေးချေ။ သူပေးနေကျ လိပ်စာ ကား ဒေါ်အုံ နေ့တွက် ကောင်းကောင်စီအောင် တစ်နေရာတည်း နင်းနှိပ်ပေးရသည့် ဖဲပိုင်းဒိုင်ခံသော အိမ်ကိုသာ လိပ်စာပေးလေ့ ရှိသည်။ အဆက်အသွယ်ရှိသူများ ၄င်းအိမ်ကိုသာ သွားခဲ့ကြရ ၏။ ယခုမူ ထိုအိမ်သည် ရဲဘက်ကဝိုင်းပြီး ဖမ်းဆီးနှိမ်နင်းလိုက် ပြီဖြစ်၍ လူထွက်လူဝင်မရှိတော့ချေ။ အရှက်ကွဲပြီဖြစ်၍ နောင်တ ကောင်းကောင်းရသွားပြီဖြစ်သော အိမ်ရှင်က ဖဲဝိုင်းနှင့် ပတ်သက် ခဲ့သူများအား လုံးလက်မခံတော့သည်ဖြစ်ရာ မမကြိုင်အနေဖြင့် ထိုအိမ်လိပ်စာကို ပေး၍မဖြစ်တော့ချေ။ ထို့ကြောင့် သူနေထိုင် ရာ နွယ်နီရိပ်သာခြံကိုပင်ပြောရန် ဆုံးဖြတ်လိုက်ရတော့သည်။

''ခြောက်မိုင်ခွဲက နွယ်နီရိပ်သာခြံကိုသာလာခဲ့ပါ ဒေါ်အုံး၊ တကယ်လို့ ဒေါ်အုံးလာတဲ့အချိန်မှာ ကျွန်မကို မတွေ့ခဲ့ရင်လဲ ကျွန်မမောင်လေးရှိပါတယ်။ သူ့ကို မမကြိုင်ခိုင်းထားတဲ့ကိစ္စ အောင်မြင်ပါတယ်လို့သာ ပြောဆိုမှာကြားခဲ့ပေတော့ဟုတ်လား''

''ခြံနံပါတ် ဘယ်လောက်လဲ အမ''

''ခြံနံပါတ်မရှိဘူး၊ နွယ်နီရိပ်သာခြံလို့ မေးရင် ရပါ တယ်.....''

''ကျွန်မလာရမဲ့အချိန်က နေဝင်ရီးရီဖြစ်ချင်ဖြစ်နေမှာ၊ အဲဒီပတ်ဝန်းကျင်ရှိတဲ့ အိမ်တွေ၊ တိုက်တွေက နေဝင်တယ်ဆို



ဝင်းတံခါး၊ အိမ်တံခါး သော့ခတ်ပိတ်ထားတတ်ကြတော့ ကျွန်မ မေးလို့ လွယ်မယ်မထင်ဘူးအမ၊ ခြံကို ဘယ်လိုအမှတ်အသား ကြည့်ရမယ်ဆိုတာသာ ပြောပါ''

ဒေါ်အုံး ပြောစကား ဟုတ်မှန်ကြောင်း မမကြိုင်က စဉ်းစားမိသည်။ ထို့ကြောင့် ခြံတည်ရှိသည့်နေရာ၊ ခြံတံခါးဝတွင် မှတ်မှတ်သားသားဖြစ်သည့် သစ်ပင်အမျိုးအမည်၊ အရွယ်အစား ကိုပြောပြပြီး.....

''ခြံတံခါးဝမှာ သစ်သားတိုင် အဟောင်းကြီးနှစ်ခုရှိတယ်။ အဲဒီတိုင်ကြီးနှစ်တိုင်ကို ထုံးရေပက်ထားမယ်။ ထုံးရေဖြူဖြူဆို ဒတာ့ နေဝင်လို့မှောင်နေပေမဲ့ မြင်ရရောမဟုတ်လား။ ခြံတံခါး ကတော့ ချမြဖွင့်ထားတာပဲ။ ဒေါ်အုံးရောက်လာရင် ခြံထောင့် မှာရှိနေတဲ့ ကျွန်မတို့အိမ်ကလေးကို ဖြောင့်ဖြောင့်တန်းတန်း လာရုံပေါ့''

''မှတ်မိပါပြီ အမ''

ဒေါ်အုံးက ဦးခေါင်းငြိမ့်ပြီး ပြော၏။

''ကဲ.....ဒါဖြင့် အိမ်ဆေးမှုန့် အထုတ်ကလေး တစ်ခါ ထဲ ယူထားလိုက်တော့ ဒေါ်အုံးရေ၊ အောင်မြင်ရင်တော့ ကောင်း ကောင်းကြီး ကျေးဇူးဆပ်ကြမှာပါ။ ဘယ်သူမှ ဘေးအန္တရာယ် မရောက်နိုင်ဘူး။ စိတ်သာချနေ''

မမကြိုင်က ပြောပြောဆိုဆို ဆေးမှုန့်အထုတ်ကလေး ကို ပိုက်ဆံအိတ်ထဲမှ နှိုက်ပြီးပေးသည်။ အထုတ်ကလေးနှင့်အတူ နှစ်ဆယ်တန်တစ်ရွက်က ကပ်ပါလာသည်။

''ပိုက်ဆံ မပေးပါနဲ့ အမရယ်။ ကိစ္စမရှိပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အုံက ပိုက်ဆံကိုမယူချေ။

''အိုး.....မဟုတ်တာ။ ဒီကိစ္စနဲ့ဘာမှမဆိုင်ဘူး။ ခါတိုင်း ဒေါ်အုံးကို ကျွန်မ မုန့်ဖိုးပေးနေကျအတိုင်းပေးတာပါ''

မမကြိုင်ကပြောပြီး ငွေစက္ကူကို ဒေါ်အုံ၏ပေါင်ပေါ်ပစ်တင်လိုက်သည်။

''ကျွန်မ ပြန်မယ်ဒေါ်အုံး။ စိတ်ချနေမယ်နော်''

''စိတ်ချပါအမ၊ နက်ဖန်တော့ မသွားသေးဘူး၊ သူတို့တူအရီးက တနင်္ဂနွေနေ့ဆို အိမ်မှာ ထမင်းချက်စားတာ မဟုတ်ဘူး။ သဘက်ခါ တနင်္လာနေ့မှ ကျွန်မသွားမယ်''

''ကောင်းပြီ ကောင်းပြီ အဲဒီနေ့ အခွင့်သာရင် တစ်ခါထဲဆောင်ရွက်ခဲ့နော်''

''ဟုတ်ကဲ့ အမ''

⊕ ⊕ ⊕



# ၁၅

ဒေါ်အုံသည် သူ့အိမ်ကုပ်ကလေးထဲမှ ပြန်ထွက်သွားသော မမကြိုင်ကိုငေးကြည့်နေသည်။ မမကြိုင် မျက်စေ့ပသာဒမှ ကွယ်ပျောက်သွားသောအခါ ဆေးထုတ်နှင့် ငွေစက္ကူကို အသေအချာ တစ်လှည့်စီ ကြည့်နေမိသည်။

''သီသီနိုင် အမေက သူ့လင် မယားငယ်ဆိုတာ ဟုတ်ပါ့မလား၊ သီသီနိုင်တို့ ချမ်းသာနေတဲ့ ပစ္စည်းက သူ့ပစ္စည်းတွေ ဆိုတာရော ဟုတ်ပါ့မလား။ တကယ်လို့ ဟုတ်နေရင် သူကျေနပ်ပါတယ်ပြောပြီး ခပ်နိုင်းတဲ့ဆေးက ဘာဆေးမှန်းမသိဘူး၊ စိတ်မချမ်းသာစရာတွေဖြစ်ကုန်ရင် ငါက သူများအတွက် သက်သက်ဝင်ပြီး အကုသိုလ်ဖြစ်နေရအုံးမယ်''

အကုသိုလ်ဖြစ်မည်ကို အကြောက်ကြီး ကြောက်နေပြီဖြစ်သော ဒေါ်အုံက စဉ်းစားချိန်ဆသည်။ သူ့ဆေးထုတ်ကိုတော်ရာထားခဲ့ပြီး သီသီနိုင်အမေသည် မမကြိုင်လင်ယောကျ်ား၏ မယားငယ် ဟုတ်သည်၊ မဟုတ်သည်ကိုလည်းကောင်း၊ သီသီနိုင်တို့ တူအရီးချမ်းသာသော ပစ္စည်းတွေသည် မမကြိုင့်ပစ္စည်းတွေ ဟုတ်သည်၊ မဟုတ်သည်ကိုလည်းကောင်း၊ တတ်နိုင်သမျှ သိရအောင် ကြိုးစားမည်။ ဟုတ်နေလျှင် မမကြိုင် ခပ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်းသောဆေးသည့် မည်သည့်နည်းနှင့်မှ ဆေးကောင်းမဖြစ်နိုင်၊ သေကြပျက်စီးမည့် ဆေးမျိုးသာဖြစ်ပေမည်။ မဟုတ်သည်ရှိသော် လူငယ်တွေ အချစ်ရေးဆိုသည်မှာ မှန်ချင်မှမှန်မည်။ မူးမေ့အိပ်မောကျသည့် ဆေးခပ်ပြီး ဘေးဒုက္ခတစ်ခုခုပေးလေမည်လား။ မည်သို့ပင်ဖြစ်စေ ဒေါ်အုံက ထိုဆေးခပ်ရမည့် အလုပ်ကို လုံးဝရှောင်ကြဉ်ပြီး မမကြိုင်နှင့်လွတ်အောင် နေတော့မည်ဟု စိတ်ကို ဆုံးဖြတ်လိုက်သည်။

ဆေးထုတ်ကို ထားရစ်ခဲ့ပြီး ဒေါ်အုံက ဒေါ်ခင်မော်တို့ တူအရီးနေထိုင်ရာအိမ်သို့ ထွက်လာခဲ့၏။

"ဟော.....ဒေါ်ဒေါ်လာပြီ"

"မအုံ မပေါ်လာတာ အတော်ကြာပါပြီကော"

ဟူသောစကားဖြင့် တူအရီးနှစ်ယောက်က ဆီးကြိုကြ၏။ နေ့လွတ်ရက်အား တနင်္ဂနွေနေ့ဖြစ်၍ တူအရီးနှစ်ယောက် အိမ်ကိုရှင်းလင်းနေကြသည်ဖြစ်ရာ တစ်ခုသောအခန်းကို လှဲကျင်းသုတ်သင်နေကြသည်။ ပြစ်ထားခဲ့သည်မှာ ကြာမြင့်ဟန်တူသော ဤအခန်းမှာ ဖုံတွေ ပင့်ကူအိမ်တွေက အားကောင်းကောင်းဖြင့် ခန်းလုံးပြည့်လုဖြစ်နေသည်။

"အမတို့ တူအရီးဖယ်ပေး၊ ဖုံတွေ၊ ပိုးအိမ်တွေက သိပ်များတာ၊ ကျွန်မလှဲပေးမယ်"

ဒေါ်အုံက အလိုက်သိစွာပြောပြီး တံမြက်စည်းတစ်ချောင်းကို ဆွဲယူလိုက်၏။

"ဖုံတွေ ပိုးအိမ်တွေများဆို ပြစ်ထားတာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ မိသီအမေရှိစဉ်က နေသွားတဲ့အခန်းပေါ့။ သူ့ အဝတ်





အစား ပဝါစည်းကလေးတွေနဲ့ သူ့အခန်းကို ပိတ်ထားခဲ့တာ၊ တစ်ခါတစ်ရံမှ သုတ်သင်မိတော့တယ်။ မနှစ်က တံခါးဖွင့်ပြီး ပြစ်ထားခဲ့တာ၊ ဒီနေ့တံခါးဖွင့်ပြန်တာပေါ့လေ"

ဒေါ်ခင်မော်က ထုံးစံအတိုင်း လေရှည်ကြီးပြောပြီး.....

"မအုံး တံမြက်လှဲနေခိုက် ငါမီးဖိုထဲ ခဏဝင်လိုက်အုံးမယ် မသီရေ ရေနွေးအိုးတည်ပြီး ဒို့ကော်ဖီကလေး အမောပြေ ဖျော်သောက်ကြအုံးစို့"

ဟုစကား အစသပ်ကာ အခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် သီသီနိုင်နှင့် ဒေါ်အုံ နှစ်ယောက်တည်း ကျန်ရစ်သည်အခိုက်၊ ဒေါ်အုံက သူ့လုပ်ငန်းကို စတင်အကောင်အထည်ဖော်လေသည်။

"တူမကြီး မိဘတွေက ဆုံးတာ တော်တော်ကြာပြီလား....."

"မေမေကတော့ သီသီမွေးပြီး သုံးရက်အရမှာ ဆုံးတယ်လို့ပြောတယ်"

"ဖေဖေကတော့ သေတယ် ရှင်တယ် သီသီ မသိတော့ပါဘူး"

"တစ်ခြားထွက်သွားလို့လားကွယ်"

"မဟုတ်ဘူး ဒေါ်ဒေါ်ရေ၊ မေ့မေ့ပဝါစည်းတွေ ဖြုန်းသုံးမယားငယ်ယူပြီး မေ့မေ့ကို ကန်ထုတ်လိုက်လို့၊ သီသီ့ ကိုယ်ဝန်ကြီးနဲ့ မေမေ ဆင်းပြေးလာခဲ့ရတာတဲ့၊ အဲဒီကစပြီး ကွဲသွားတာတဲ့ ဒေါ်ဒေါ်ရဲ့"

ဒေါ်အုံ၏ဘဝဇာတ်ကြောင်းကို သိပြီး၍ ရေးစားခင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သော စိတ်ဖြင့် သီသီနိုင်က မကွယ်မဝှက် ပြောပြသည်။ ဒေါ်အုံ စဉ်းစားခန်းဝင်ရပြန်လေပြီ။ မမကြိုင်ကပြောတော့တစ်မျိုး၊ ယခု သီသီနိုင်က ပြောတော့တစ်မျိုး၊ မည်သူ့စကားမှန်မည်ကို အသေအချာ စူးစမ်းရပေတော့မည်ဟု ဒေါ်အုံက ဘီဒိုနှင့် နံရံကြားမှာ တွယ်နေသော ပင့်ကူမြှင်တွေကို တံမြက်စည်းဖြင့် ရစ်ပတ်ဆွဲယူရင်း တွေးနေသည်။

''တူမကြီး မိဘဓါတ်ပုံ မရှိဘူးလား''

ဒေါ်အုံကမေးသည်။

''ရှိတယ်ဒေါ်ဒေါ်၊ သီသီကလဲပြမယ် စိတ်ကူးမိတယ်၊ မိဘတွေကို အသက်ထင်ရှား မမြင်လိုက်ရပေမဲ့ ဓါတ်ပုံထဲကြည့်ရတာ သိပ်ကြက်သရေရှိတာပဲ ဒေါ်ဒေါ်''

သီသီနိုင်က ပြောကာ ဘီရိုထဲမှ သူ့အဖေနှင့် အမေ တွဲရိုက်ထားသော ဓါတ်ပုံကို ပြသည်။ ဒေါ်အုံက အလင်းရောင်ရှိရာ ပြတင်းပေါက်နား ယူသွားပြီးဖြစ်၍ ဓါတ်ပုံက ဝါကျင့်ကျင့် အရောင်ပေါ်နေသည်။ သီသီနိုင်၏ဖခင်ဆိုသူသည် သူမိုက်မိုက်ကန်းကန်းချစ်ခဲ့ရသော သူ့ယောက်ျား မောင်ထွန်းမြင့်အစစ်ဖြစ်ပေသည်။ ဒေါ်အုံသည် နှုတ်ခမ်းက တင်းတင်းစေ့ထားမိ၏။ သူ့ကိုစွန့်ပစ်ပြီး အရိုးတော်ဘုရား၏ရတနာတွေကို ဆင်ပြင်ပေးကမ်းပြီး ယူသွားသောမိန်းမ မမကြိုင်၊ သီသီနိုင်၏မိခင် ဤမိန်းမလေးယောက်အပြင် မည်သူတွေကို ဖျက်ဆီးခဲ့ပါသေးသနည်း။ သူနှင့်တကွ အခြားမိန်းမတွေ ဘဝမှာ ပြည်ဖုံးကာချထားပြီဖြစ်သော်လည်း မမကြိုင် တစ်ယောက်မှု ချောက်နေသော ပစ္စည်းတစ်ခုကို ပွယအောင် ရှေးနူးသည့်အလုပ်ကို စီစဉ်နေလေသည်။





ယခုအချိန်ဆိုလျှင် မောင်ထွန်းမြင့်သည် အသက်ငါးဆယ်ကျော်ရှော့မည်။ ရှိနေသေးလား.....သေလေပြီလား.....ဇရာထောင်း၍ နောက်ကြောင်းကို မေ့နေလေပြီလား.....စသည်ဖြင့် ဒေါ်အုံက တွေးနေဆဲမှာ.....

''ဟော.....မအုံက ဒီဓါတ်ပုံကို စိတ်ဝင်စားလှပါလား၊ ကော်ဖီသောက်ဖို့ ကျွန်မ ခေါ်တာတောင် မကြားဘူး''

ဟုဒေါ်ခင်မော်က အနားလာကပ်ပြီးပြောမှ အတွေးယာဉ်ကြောမှ မြောနေသော ဒေါ်အုံက သူ့တွေးလက်စကို ဖြတ်လိုက်သည်။

''ဘယ်လိုလဲ ဒီဓါတ်ပုံထဲကသတ္တဝါ တော်တော်လှရဲ့လား၊ အပြင်မှာ သူလိုရုပ်မျိုး ဒေါ်အုံမြင်ဘူးလား.....''

ခင်စောအုံ၏ ဘဝကို နစ်မွန်းအောင် လုပ်သွားသော မောင်ထွန်းမြင့်သည် သူ့အမ ဒေါ်ခင်သော်ကို နှိပ်စက်ဖျက်ဆီးသွားသော ခဲအိုတော်ဖြစ်ကြောင်း ဒေါ်ခင်မော်က တွေးမိသော်လည်း စပယ်တင့်မှည့်စိမ်းတစ်ခုထဲ တူရုံဖြင့် တတ်အပ်မပြောလိုသည့်အတွက် ဒေါ်အုံကို မြင်ဘူးလားဟု မေးလိုက်ခြင်းဖြစ်သည်။ ဒေါ်အုံက နာကျည်းသောစိတ်ဖြင့် ပြန်ပြောသည်။

''အမခဲအိုက အပြစ်မရှိတဲ့လူ သူတော်ကောင်းကြီးဆိုရင်တော့ ကျွန်မတစ်ခါမှ မတွေ့ဘူးသေးပါလို့ ဖြေရမှာပဲ အမရယ်''

ဒေါ်ခင်မော်က ဒေါ်အုံမျက်နှာစေ့စေ့ကြည့်ပြီး ခပ်ပြုံးပြုံးလုပ်နေသည်။ ထိုအချိန်ဝယ် သီသီနိုင်က.....

''ထမင်းစားခန်းမှာ ကော်ဖီသောက်ရင်း စကာပြောကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com

ဟုဆိုသဖြင့် သုံးယောက်လုံး ထမင်းစား စားပွဲရောက် လာကြသည်။

''အခုတင်က ဒေါ်ဒေါ်ပြောတဲ့စကား ဆက်စမ်းပါအုံး ဒေါ်ဒေါ်.....''

သီသီနိုင်က မေး၏။

''ဟဲ့.....တူမရဲ့ ကိုယ့်အဖေအကြောင်း အကောင်းကြား ရရင် တော်သေးရဲ့ မကောင်းတာတွေ ကြားရရင် တူမ စိတ်ထိ ခိုက်မှာလားလို့.....''

ဒေါ်ခင်မော်က ပြောသည်။

''ဒေါ်လေး ပြောခဲ့တယ် မဟုတ်လား.....ဖေဖေ နှိပ်စက် လို့ မေမေ အမွေရထားတဲ့ ပစ္စည်းတွေကုန်ပြီး ကိုယ်ဝန်ကြီးနဲ့ ပစ်ထားခဲ့တယ်ဆိုတာ ဒါထက်တော့ ဆိုးဆိုးဝါးဝါးကြားစရာ မရှိတော့ပါဘူး။ ဒေါ်ဒေါ်ပြောတဲ့စကားက နောက်ကွယ်မှာ အဓိပ္ပါယ်အများကြီးရှိနေတယ်ထင်တယ်၊ ဖေဖေ ဘယ်မိန်းမကို ဘယ်လိုနှိပ်စက်ခဲ့သေးတယ်ကြားလိုလဲ.....ပြောပါအုံးဒေါ်ဒေါ်ရဲ့''

ပုံပြင်နားထောင်လိုသော ကလေးတစ်ယောက်လို သီသီနိုင်က ပူဆာသောအသံဖြင့် ပြောသည်။ ဒေါ်အုံ စိတ်ထဲမှာ သီသီနိုင်အစမနှင့် မမကြိုင် မည်သူကမှန်မည်ကို သိလိုသော ကြောင့် မမကြိုင်ဟူသော နာမည်ကို ချန်လှပ်ပြီး သူကြားခဲ့ရ အတိုင်း ပြောပြ၏။

''စိတ်မဆိုးဘူးဆိုရင်တော့ ကျွန်မပြောပါမယ်''

''ပြောသာ ပြောပါလေ၊ ကျွန်မတို့တူအရီး စိတ်မဆိုး ပါဘူး.....''





အကောင်းလား၊ အဆိုးလား၊ သိလိုသော ဒေါ်ခင်မော် က ကတိပေး၏။

''ဒါဖြင့် ပြောပါမယ်၊ ကျွန်မ နှိပ်ပေးခဲ့ရဘူးတဲ့ အိမ် တစ်အိမ်က အမျိုးသမီးကြီးတစ်ယောက် အသက်ကတော့ လေး ဆယ်ကျော် ငါးဆယ်နီးပါးပေါ့၊ သူက ပြောတယ်၊ သူ့ယောကျ်ား က သူ့ပစ္စည်းတွေကို သုံးဖြုန်းပြီး နောက်မိန်းမကို ဖိုတယ်တဲ့၊ အဲဒီနောက်မိန်းမက ဆုံးသွားပြီး သမီးလေးတစ်ယောက် ကျန် ရစ်တယ်တဲ့၊ အဲဒီသမီးလေး ချမ်းသာနေတဲ့ ပစ္စည်းတွေဟာ သူ့ ပစ္စည်းတွေဖြစ်တယ်တဲ့၊ အဲဒီသမီးလေးက ဘယ်သူလဲလို့ မေးတော့ ဟော.....ဒီတူမကြီး နာမည်ကိုပြောတယ်လေ.....''

ဒေါ်အုံစကားကြောင့် တူအရီးနှစ်ယောက်က စိတ်မဆိုး ပဲ ပြုံးတူ ရယ်လိုက်ကြသည်။ ထို့နောက် ဒေါ်ခင်မော်က ရှင်း ပြ၏။

''ဘာမှအရှည်ကြီးလျှောက်ပြော မနေချင်တော့ဘူး ဒေါ်အုံရေ၊ ကျွန်မသက်သေပြမယ် ခဏစောင့်အုံး.....''

ဒေါ်ခင်မော်က ပြောပြီး ခိုင်ခန့်သော သားရေအုပ်ချုပ် ထားသည့် ဖိုင်တွဲကြီးကို ယူလာသည်။

''ဒေါ်အုံ မြန်မာစာ ကောင်းကောင်းဖတ်နိုင်တယ်မဟုတ် လား.....''

ဒေါ်ခင်မော်က မေးသည်။

''ဖတ်တတ်ပါတယ် အမ''

ဒေါ်အုံက ဖြေသည်။ ဒေါ်ခင်မော်က သူတို့မိဘ စီးပွား ရေးအခြေအနေ သူ့ခဲ့အိုတော်အခြေအနေကို သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com

အောင်တိုတိုနှင့်လိုရင်း ချုံပြောပြပြီး ဗိုင်တွဲကြီးကို ဖွင့်ကာဒေါ်အုံ့ လက်ထဲ ထည့်လိုက်သည်။

''အဲဒီမှာ တွဲထားတဲ့ စာချုပ်တွေထဲမှာ ရေးထားတာ ဒေါ်အုံ့ဖတ်စမ်းပါ။ သေသေချာချာ ဖတ်နော် ဒေါ်အုံ့''

ဒေါ်ခင်မော် ပြောသည့်အတိုင်း ဒေါ်အုံ့က သေသေချာချာ ဖတ်သည်။ စာချုပ်ကား ဒေါ်ခင်သော်နှင့် ဒေါ်ခင်မော် ညီအမ နှစ်ယောက် အမွေခွဲမည့်စာချုပ်ဖြစ်၏။

ညီအမနှစ်ယောက် ညီတူမျှတူ ခွဲဝေယူကြသည့် ပစ္စည်းများ၏တန်ဖိုးမှာ တစ်ယောက်လျှင် လေးသိန်းကျော်စီ တန်ဖိုးရှိသော မြေကွက်၊ အိမ်၊ ငွေသား၊ စိန်ရွှေရတနာ စသည်တို့ ဖြစ်ပြီး အသိသက်သေအဖြစ် ဝတ်လုံတော်ရ ထရားသူကြီး၊ ဂုဏ်သရေရှိလူကြီးလူကောင်းများက လက်မှတ်ရေးထိုးထားကြသည်ကို ဒေါ်အုံ့က သေချာစွာ ဖတ်ရသည်။ စာချုပ်ထဲတွင် ဒေါ်ခင်သော်၏ ခင်ပွန်းနာမည်မှာ မောင်မောင်ဆွေဟု ပါရှိသည်။

''ဟို မိန်းမပြောတဲ့စကား ယုတ္တိရှိသလား ဒေါ်အုံ့''

စာချုပ်ကိုဖတ်ပြီး မသိမသာ သက်ပြင်းချလိုက်သော ဒေါ်အုံ့ကို ဒေါ်ခင်မော်က မေး၏။

''ဟို မိန်းမစကား မမှန်ဘူးဆိုတာ အစကတည်းက ထင်ခဲ့သား။ အခုတော့ စိတ်ထဲမှာရှင်းသွားတာပေါ့လေ။ အမတို့ အိမ်ထောင်စုထဲ ဒီလူယုတ်မာ ရောက်လာတာ ကြုံလို့ကျတာနဲ့ ဘာထူးလဲအမရယ်''

ဒေါ်အုံ့က အဓိပ္ပါယ်အပြည့်ဖြင့် ပြောသည်။

''မမသော်က ပစ္စည်းလဲဆုံး၊ လူလဲဆုံး ဖြစ်သွားတာ





ပါပဲ၊ အခုရှိတဲ့ပစ္စည်းက ကျွန်မ အမွေရလိုက်တဲ့ ပစ္စည်းတွေပါ ဒေါ်အုံ့ရယ်။ မသိတဲ့လူကတော့ ဟိုမိန်းမစကား အဟုတ်ယုံနေမှာပဲ''

ဒေါ်အုံ့က.....

''ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ပါဘူး။ အမှန်တရားဟာ ပေါ်လာမှာပါ''

ဟုအားပေးလိုက်သည်။ စိတ်ထဲကမူ မမကြိုင်ဟာ ဖဲသမားပဲ၊ သူများပစ္စည်းမတရာလိုချင်လို့ ငါ့ကို ဆေးခတ်ကြံစည်ခိုင်းတာ၊ သူတော်ကောင်းဒေါ်ခင်မော်တို့ တူအရီးမှာ ဘာအပြစ်မှမရှိဘူး။ မမကြိုင်နဲ့ငါ ဆက်ပေါင်းလို့ မဖြစ်တော့ဘူး။ သူလုပ်တဲ့ကိစ္စထဲ ငါသက်သက်မဲ့ ဝင်ပြီးဒုက္ခရောက်နေမှာ၊ ဒီနေ့ညပဲ သူ့ဆေးထုတ်သွားပြန်ပေးပြီး ဒီလိုကိစ္စမျိုးမှာ မခိုင်းပါနဲ့လို့ ဖွင့်ပြောမယ်ဟု စိတ်ထဲက ဆုံးဖြတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆

ဒေါ်အုံသည် သီသီနိုင်တို့ တူအရီးအိမ်မှ ပြန်လာခဲ့သည်။ သူ့အိမ်ကုပ်ကလေးကို ပြန်ပြီး မမကြိုင် ပေးထားခဲ့သော ဆေးထုတ်ကို ဝင်ယူသည်။ ထို့နောက် ခြောက်မိုင်ခွဲရောက်အောင် လိုင်းကားကို အဆင့်ဆင့်ပြောင်းစီးပြီး နွယ်နီရိပ်သာခြံသို့ လာခဲ့၏။ ခြောက်မိုင်ခွဲသို့ ဒေါ်အုံရောက်သည့်အချိန်မှာ ညနေလေးနာရီခန့်မျှသာရှိသေး၏။ မမကြိုင်ပြောခဲ့သည့် လမ်းအတိုင်း နွယ်နီရိပ်သာကိုရှာသည်။ လွယ်လွယ်ကူကူပင်တွေ့သည်။ သို့သော် ဝင်းတံခါးဝက တိုင်နှစ်တိုင်ကား ထုံးရည်ပက်ထားသည်ကို မတွေ့ရ၊ မနေ့နေ့လည်ပိုင်းကမှ ဤကိစ္စကို မမကြိုင်က စီစဉ်သည်ဖြစ်ရ၊ ယနေ့ တနင်္ဂနွေနေ့တွင် မည်သည့်နည်းနှင့်မှ ကိစ္စမပြီးနိုင်ဟု မမကြိုင်က ယူဆဟန်တူသည်။ အချိန်က တိုတောင်းလှသည်ဖြစ်ရာ တိုင်ကိုထုံးရည် မပက်သေးဟန် တူသည်ဟု ဒေါ်အုံကယူဆ၏။

ခြံတံခါးဝမှ လှမ်းမျှော်ကြည့်သောအခါ ကျယ်ဝန်းသော ခြံကြီး၏ ထောင့်တစ်နေရာဝယ် ကားရုံအဆောက်အဦးတစ်ခုကို



တွေ့ရ၏။ အဆောက်အဦးက နှစ်ထပ်ဖြစ်သည်။ အောက်ထပ်မှာ ကားထားစရာအဖြစ် ပြုလုပ်ပြီး အပေါ်ထပ်က လူနေဟန်သည်၊ ဝါရံတာမှာ အဝတ်အထည်အချို့ လှမ်းထားပြီး ပြတင်းပေါက်ဖွင့်ထားသည်။ ဤနှစ်ထပ် အဆောက်အဦးကလေးမှာ သေးငယ်သော်လည်း သပ်သပ်ယပ်ယပ်ရှိ၏။

ဒေါ်အုံသည် ခြံထဲသို့ ဖြေညှင်းစွာ ဝင်လာသည်။ မမကြိုင်မှ ရှိပါလေမည်လား၊ သူ့မောင်တစ်ယောက်ထဲဆိုလျှင်လည်း ကိစ္စမရှိပေ။ အကျိုးအကြောင်း စုံလင်အောင် ပြတ်ပြတ်သားသား ပြောခဲ့မည်ဟု တွေးလာသည်။ လူသွားလမ်းကလေးတစ်လျှောက်သာ ခြေလှမ်းသာရှုရှင်းပြီး တစ်ခြံလုံးမှာ ဆင်နေကျားအောင်းဖြစ်လောက်အောင်ပင် သစ်ပင်ကြီးတွေနှင့် မြက်ရိုင်းပင်အရှည်ကြီးများ၊ ချုံနွယ်များက ဖုံးအုပ်နေသည်။ ဒေါ်အုံဝင်လာသည်ကို မည်သူမှမမြင်၍ပေလား၊ ကားရုံအပေါ်ထပ်မှာ လူမရှိ၍ပေလား၊ ဒေါ်အုံအား မြင်တွေ့သည့် လူရိပ်လူယောင်မရှိချေ။ ကားရုံရှေ့ ဒေါ်အုံရောက်လာသောအခါ အပေါ်ထပ်တက်သည့် လှေခါးကိုရှာသည်၊ လှေခါးသည် ကားရုံအတွင်းထဲမှာရှိနေသည်။ တစ်ဆစ်ချိုးလှေခါးကလေးဖြစ်၍ တစ်ဆစ်ချိုးအောက်မှာ ပစ္စည်းစုတ်စုတ်ပြတ်ပြတ်တွေ စုပုံထားပြီး ခပ်မှောင်မှောင်ဖြစ်နေသည်။ ကားရုံအပေါ်ထပ်ကား သိပ်မမြင့်လှ၊ လူလက်တစ်ဖောင်မျှသာ အမြင့်ရှိသည်။ ဒေါ်အုံက လှေခါးထစ်ပေါ် ခြေလှမ်းမည့်ဆဲဆဲဝယ် အပေါ်ထပ်မှ စကားပြောသံတစ်သံက ဒေါ်အုံ၏ ခြေလှမ်းကို တုန့်ဆွဲလိုက်သလို ဖြစ်သွားသဖြင့် ဆိတ်ငြိမ်စွာရပ်ကာ နားစိုက်ထောင်လိုက်သည်။

www.burmeseclassic.com

"ကျွန်မ တစ်သက်လုံး ချမ်းချမ်းသာသာ နေလာခဲ့တဲ့ မိန်းမ၊ ရှင်နဲ့ညားမှ ခွေးလုံးလုံးဖြစ်ရတယ်။ ပစ္စည်းရှိသမျှ မယားငယ်ယူ၊ အလေလိုက် ကုန်းကောက်စရာမကျန်မှ ကျွန်မဆီ ရှင်ပြန်ရောက်လာတာ အခုလုပ်တဲ့အလုပ် ရှင်ဘာမှ ဝင်စွက်နေစရာမလိုဘူး"

မမကြိုင်၏ အသံဖြစ်သည်၊ ကျန်းမာရေးမကောင်းသော သူ့မောင်နှင့်အတူနေပါသည်ဟု ပြောထားပြီး၊ ယခု ကြားရသည့် အသံတွေက လင်မယားခြင်းပြောသည့် စကားတွေဖြစ်၏။ သူ့မောင်မရှိခိုက် သူ့လင်ပြန်ရောက်လာလေသလားဟု တွေးမိ၏။ လင်မယားခြင်းရန်ဖြစ်နေခိုက်မှာ သူအိမ်ပေါ်တက်သွား၍ သင့်လျော်မည်မဟုတ်ဟုတွေးကာ မတက်သေးပဲ ငြိမ်သက်စွာပင် နေလိုက်သည်။

ယောက်ျား လျှောင်သရော်ရယ်သံက ပေါ်လာ၏။

"ဒါလောက် စိတ်နာစရာကောင်းတဲ့ ယောက်ျားကို မင်းဘာကြောင့် ပြန်ပြီးလက်ခံပေါင်းသင်းနေတာလဲ အကြိုင်ရ၊ အခုမင်းသဘောအတိုင်း ငါနေတယ်မဟုတ်လား။ မင်းက ငါ့ကို လင်ရယ်လို့ အထင်မခံပဲ မောင် လူမမာကြီးလို့ သတင်းလွှင့်ထားတယ်၊ ငါဘာငြင်းဆန်သလဲ၊ ဒါပေမဲ့ ငါကျန်းကျန်းမာမာနဲ့ သွားချင်တဲ့နေရာသွားပြီး ပြောချင်တဲ့စကား ပြောနိုင်တယ်ဆိုတာတော့ မင်းသတိပြုပါကွ။

မမကြိုင်က ရုတ်တရက် စကားသံ ပြန်မထွက်ပဲ ငြိမ်သွားသည်။ ထိုယောက်ျားအသံကို ဒေါ်အုံက နားစိုက်ထောင်၏။ စကားအဓိပ္ပါယ်က ရိုးရိုးဟုတ်မည်မထင်ဟု တွေးနေခိုက်မှာ





မမကြိုင်အသံက ပေါ်လာသည်။

"ဒီကိစ္စကို အကြောင်းပြုပြီး ရှင်က ကျွန်မကို ဖိကုပ်ထားကြောင်း သိပါတယ်၊ ဒီလိုဖြစ်ရတာပဲရှင့်ကို အကြောင်းရင်းခံဖြစ်ရတာပါ"

"အေးလေ.....မင်းငါ့ကို ချစ်လွန်းလို့ ဖြစ်ကြောင်းလဲ ငါသိပါတယ်။ ဒါကြောင့် ငါ နှုတ်ပိတ်နေတာပေါ့၊ ငါ့ပါးပေါ်က စပယ်တင်မှည့်စိမ်းကလေးကို သူများနမ်းတာ မခံနိုင်ပါဘူးလို့ မင်းပြောခဲ့ဘူးတဲ့စကား မမေ့နိုင်လို့ မင်းဆီငါပြန်လာတာပေါ့"

အောက်ထပ်မှ ဆိတ်ငြိမ်စွာ နားထောင်နေသော ဒေါ်အုံသည် တစ်ကိုယ်လုံးတောင့်သွားသည်။

"အော်....လက်စသပ်တော့ ငါ့ဘဝကို စုန်းစုန်းမြုပ်အောင် ယုတ်မာသွားတဲ့ ထွန်းမြင့်ပါလား။ ကြုံမှကြုံတတ်ပလေ ထွန်းမြင့်ရယ်ဟု အံကြိတ်ကာ စိတ်ထဲမှ ရေရွတ်လိုက်သည်။ သို့သော် ကိစ္စကို အစအဆုံး ရေလည်အောင် သိချင်သေး၍ လှေခါးတစ်ဆစ်ချိုးအောက်သို့ ငြင်သာစွာဝင်ကာ ဆိတ်ငြိမ်စွာ နားထောင်နေလိုက်သည်"

"ရှင်ပြန်မလာပဲ တော်ရာမှာ သွားသေရင်ကောင်းမှာ၊ ရှင်တော်တော်ဒုက္ခပေးတဲ့ယောက်ျားနော်"

မမကြိုင်က ခပ်ငြီးငြီးပြော၏။

"ဟဲ.....ဟဲ.....ဟဲ.....ဟဲ.....မင်းအခုကြံစည်တာ အထမြောက်အောင် ငါက ကူညီရအုံးမှာပါကွာ၊ ငါ့မှာလဲ ငွေလိုနေတယ်မဟုတ်လား၊ ဒါထက် မေးပါရစေအုံး၊ မင်း သေခိုင်းတဲ့အိမ်က ဘယ်သူ့အိမ်လဲကွ"

www.burmeseclassic.com



မမကြိုင်သည် အလွန်ဒေါသဖြစ်လာဟန်တူသည်။ အသံကမာလှ၏။ လူ့သဘာဝကား ဒေါသလွန်ကဲလျှင် စကားကို အတားအဆီးမရှိ ပြောတတ်ချင်သည်။

''ရှင့်သမီးအိမ်.....ရှင့်သမီးအိမ်.....သိပြီလား''

''ဘာ.....ဟေ့.....ဘာပြောတယ်''

''ရှင့်သမီးအိမ်လို့ပြောတယ်၊ ကျုပ်ဘဝကို ဖျက်ဆီး၊ ကျုပ်ပစ္စည်းတွေ ကုန်အောင်လုပ်တဲ့ ရှင့်ကို လက်စားချေခြင်နေတာကြာပြီ။ ကျုပ်ကို ရှင်ဖျက်ဆီးသလို ရှင့်သမီးကိုလဲ ပျက်စီးအောင်ကျုပ်တူကျော်ဆင့်ကို သွန်သင်နိုင်းတာ ငမိုက်သားကားလူလူသူသူ မလုပ်ရက်ပါဘူးလို့ သူတော်ကောင်းစကားပြောပြီး ကျုပ်ကိုခွဲထွက်ပြီး တစ်ခြားသပ်သပ်သွားနေတယ်လေ။ ဒါကြောင့် ပစ္စည်းပဲရအောင်ကြံစည်ရတာ နားလည်ပြီလား''

နားထောင်နေသော ဒေါ်အုံ့ရင်ထဲမှာ တုန်လှုပ်သွားသည်။

''ဒါတော့ မင်းလွန်ပြီကွာ.....အကြိုင်၊ မင်းကို ငါ့သမီးက ဘာလုပ်လို့လဲ၊ မင်းပစ္စည်းကိုလဲ တစ်ပြားမှမသုံးဘူး။ သူ့အမေ ပစ္စည်းတွေတောင် ငါဖြုန်းလို့ကုန်ခဲ့တာပဲ။ အပြစ်မရှိတဲ့ ငါ့သမီးကိုတော့ မင်းလူရောပစ္စည်းပါ ပျက်စီးအောင် ကြံတာတော့ ငါဘယ်နည်းနဲ့မှ ကြည့်မနေနိုင်ဘူးကွ''

''ဟား.....ဟား.....ဟား.....ဟား''

မမကြိုင်၏ လှောင်ရယ် ရယ်သံဖြစ်သည်။ ရယ်၍အားရသောအခါ မမကြိုင်အသံက ပေါ်လာပြန်သည်။

''သူများကိုတော့ မစာမနာ လူရောပစ္စည်းရော နလံမထူအောင် ဖျက်ဆီးတဲ့အချိန်က သိပ်အရသာတွေ့တယမဟုတ်





လား၊ သိပ်ပျော်၊ သိပ်ကြည်နူး၊ သိပ်အားရပါးရ ရှိခဲ့တယ်မဟုတ်လား၊ ကိုယ့်သမီးကျတော့ နာလိုက်တာ၊ စိုးရိမ်တတ်လိုက်တာ၊ တယ်တရားတယ်၊ လိပ်ကြီး တစ်ပို့ထဲသမားကြီး''

မမကြိုင်၏ စကားကို တိတ်တစိတ် နားထောင်နေသော ဒေါ်အုံ့က ရာနှုန်းပြည့် ထောက်ခံလိုက်သည်။ မောင်ထွန်းမြင့်သို့မဟုတ် မောင်ခေါင်ဆွေ၊ ယခု မည်သည့်နာမည် ကင်ပွန်းတတ်ထားမှန်း မသိဂသော ဒေါ်အုံ့၏ ရွှေမင်းသားလေးဖြစ်ခဲ့သူသည် ဖခင်တို့ဆောင်ရွက်ရမည့် တာဝန်ကင်းမဲ့စွာ ရင်သွေးအရင်းကို အဆက်ဖြတ်ထားသော်လည်း သူ့သမီးအရင်းအစစ်အမှန်ဟုသိထားသည်ဖြစ်ရာ မည်မျှပင် စိမ်းစိမ်းကားကား နေစေကာမူ သူများသမီးပျိုတွေ သူဖျက်ဆီးသလို သူ့သမီးပျိုကလေးကို သူများဖျက်ဆီးမည်ကား နှလုံးသားရှိသောလူတစ်ယောက်အနေဖြင့် စိုးရိမ်တတ်မည်ဖြစ်ကြောင်းကို ဒေါ်အုံ့စဉ်းစားမိသည်။

သူတို့ဇာတ်ထုတ်က ငါ့လောက်မရှုင်းဘူး။ ကလိန်ခြုံဇာတ်ကြီးထင်တယ်။ ပြောနေကြတဲ့ စကားတွေကလဲ သိပ်ပြီးပဟေဠိဆန်ပါလား။ မမကြိုင်စကားထဲမှာ သူ့တူကျော်ဆင့်လို့ပြောလိုက်တာ ငါကြားတယ်။ ကျော်ဆင့်ဆိုတာ အခုဘယ်မှာရောက်နေလဲ၊ သီသီခိုင်ကို ဖျက်ဆီးနိုင်းတယ်ဆိုတော့.....အမယ်လေး.....ငါဆေးမခတ်မိပေလို့ မစဉ်းစားမတွေးတောပဲ ဆေးခတ်လိုက်မိရင် ခလေးမလေးဘဝ အညွန့်ကျိုးလူဖြစ်ရှုံးရှာတော့မှာပါလား။ ဆေးခတ်ပေးမိရင် မမကြိုင်က ကျော်ဆင့်နိုင်းမှရင်တစ်ခြားလူကို ဖျက်ဆီးနိုင်းမှာထင်တယ်.....

ဒေါ်အုံ့က ကျာချမ်းစွာ တွေးနေဆဲဝယ် စပယ်တင်



www.burmeseclassic.com

www.burmeseclassic.com



မှည့်ရှင် ရွှေမင်းသား၏အသံက ပေါ်လာသည်။

''အကြိုင် မင်းက ငါ့သမီးကို ပျက်စီးအောင် ကြံတော့ ငါက ဘာမှမတုန့်ပြန်ပဲ ခေါင်းငုံ့ခံနေမယ်လို့ ယူဆလား''

''ရှင်က ဘာလုပ်ချင်လဲ.....ပြောစမ်း၊ ရှင့်သမီးကို ကျုပ်က ဖျက်ဆီးသလို ကျုပ်ကို ပြန်ဖျက်ဆီးချင်တယ်ဆိုရင် ရှင် စဉ်းစားစမ်း၊ ကျုပ်ဘဝတစ်ခုလုံးကို ရှင်ဖျက်ဆီးပစ်ခဲ့လို့ အခု ထူးပြီးပျက်စရာဘာမှ မကျန်တော့ဘူးလေ။ ကျုပ်က အခု အလုပ်ကို တိတ်တိတ်ခိုးမလုပ်ချင်ဘူး။ ရှင့်ကိုအသိပေးပြီးပြောင်ပြောင်ကြီးလုပ်ချင်တယ်။ ဒါကြောင့် အခုလိုဖွင့်ပြောနေတာ''

''မင်းကငါ့ကို ဂရုမစိုက် အရေးမလုပ်တဲ့ သဘောအစွဲ့တိုက်တဲ့သဘောပေါ့''

''ထင်ချင်သလို ထင်နိုင်တယ်''

မမကြိုင်က မခန့်လေးစားအသံဖြင့် ပြောသည်။

''ဒီမှာ.....ဟေ့.....အကြိုင်။ မင်းက မင်းကိုဖျက်ဆီးစမ်း ထူးပြီးပျက်စရာမရှိဘူးလို့ပြောတယ်။ မင်းကို ငါမဖျက်ဆီးချင်ပါဘူး။ ဖျက်ဆီးလို့လဲဘာမှ အကျိုးအမြတ်မရှိတော့ပဲ..... အဲဒီတော့.....

စပယ်တင်မှည့်ရှင် ရွှေမင်းသားလေးက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထား၏။

''အဲဒီတော့.....ဘာများလုပ်ချင်ပါသလဲ ကျေးဇူးရှင်ကြီးရယ်''

မမကြိုင်က ခပ်ငေါ့ငေါ့ လေသံဖြင့်မေး၏။

''အေး.....အဲဒီတော့.....မင်းကို ငါ နိုင်လုံးရှိထားတယ်





ဆိုတာလဲ သတိရအုံးလေ''

ရွှေမင်းသားလေးက အထက်စီးလေသံဖြင့် ပြောသည်။

''အော်.....ဘယ်တက်နဲ့လော့်လော့် ဒီကွေ့ပဲဆိုက်တာကိုး ဘာကိစ္စအကြောင်းပြောပြော ဒီကိစ္စဘဲ ပြန်ရောက်လာတာပဲ။ ရှင်က ကျွန်မကို နိုင်ထားတဲ့ နိုင်လုံးက ဘယ်သူကြောင့်ဖြစ်ရတဲ့ နိုင်လုံးလဲ။ ဘယ်သူ့ အကြံပေးတိုက်တွန်းလို့ ဖြစ်ရတဲ့ နိုင်လုံးလဲဆိုတာ ပြန်စဉ်းစားပါအုံးလေ''

''ဘယ်သူ့ အကြံဉာဏ်တွေ၊ လက်ချက်တွေ၊ ဆင်ခြေကန်မနေပါနဲ့ အကြိုင်ရာ။ အဲဒီအကြံဉာဏ်ပေး တိုက်တွန်းတဲ့လူဆီမှာ ဘာမှသက်သေအထောက်အထားမရှိပါဘူး အကြိုင်အဖို့ရာမှာသာ အချိန်မရွေး အရေးယူခံရမဲ့ သက်သေအထောက်အထားတွေ ရှိနေတယ်ဆိုတာ သတိပြုအုံးလေ''

စပယ်တင်မှည့်စိမ်းရှင် ရွှေမင်းသားက အထက်စီးနိုင်လုံးရထားသူပီပီ ခပ်အေးအေးလေသံဖြင့် ပြောနေသည်။

''ဒီမှာ.....ကိုသက်အောင်.....''

မမကြိုင်အသံက အံကို တင်းကြိတ်ထားရသဖြင့် သွားကြားမှ တိုးထွက်လာသည့် လေသံဖြစ်၏။

အိမ်ကလေး အောက်ထပ်မှ နားထောင်နေသော ဒေါ်အုံက ပေါလဲပေါ့တဲ့နာမည်တွေ။ အခု အသက်ကြီးသေခါနီးတော့ ဟိုနာမည်တွေပျောက်ပြီး ကိုသက်အောင်ဖြစ်နေမှကိုးဟု တွေးရင်းနားစွင့်နေသည်။

''အင်း.....ဆိုပါအုံး အကြိုင်ရာ''

ပေါ့ပေါ့လေသံဖြင့် ကိုသက်အောင်တစ်ဖြစ်လဲ့တဲ့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်း၏။

"ရှင့်သမီးကို အခုလို ကျမက ရှင့်အသိပေးပြီး ပြောင်ပြောင်တင်းတင်း ဖျက်ဆီးမယ် ပြောတာကလဲ ရှင့်အပေါ် နိုင်လုံးရှိလို့ အဲဆိုတာ မစဉ်းစားမိဘူးလား"

"ငါ့အပေါ် ဘာနိုင်လုံးရှိလို့လဲကွ....."

"ဟား.....ဟား.....ဟား.....ဟား"

ဒုတိယအကြိမ်အဖြစ် အော်ဟစ်ရယ်မော လိုက်သော မမကြိုင် အသံဖြစ်၏။

"ဆိုစမ်း မိကြိုင်၊ ဘာနိုင်လုံးလဲဟင်၊ ဘာနိုင်လုံးလဲ"

ကိုသက်အောင်အသံက ဒေါသသံပါနေသည်။

"ဆိုမှာပါ၊ ဆိုမှာပါ စိတ်ချ၊ ရှင် ကျူပ်ဆီမှာ ပြန်လာနေတာ ကျုပ်ကို မေတ္တာရှိလို့မှ မဟုတ်ဘဲ၊ ရှင် တောထဲက ထိုးဆေးတွေ ခိုးရောင်း၊ ပစ္စည်းတွေ ရမယ်ဆိုပြီး သောင်းကျန်းတွေဆီက ငွေတွေလိမ်၊ အဲဒီတော့ အစိုးရအနေနဲ့လဲ ရှင့်ကို ဖမ်းမယ်၊ သောင်းကျန်းအနေနဲ့လဲ ရှင့်ကိုသတ်မယ်၊ အဲဒီရန်တွေ ရှောင်တိမ်းနေဖို့ ကျွန်မဆီလာပြီး ခြေရာဖျောက်နေတာ ဟုတ်လား၊ ကျွန်မကအစိုးရကိုဖြစ်စေ၊ သောင်းကျန်းကိုဖြစ်စေ၊ နှစ်ဖက်လုံးကို အချိန်မရွေး သတင်းပေးနိုင်တယ်ဆိုတာလဲ စဉ်စားအုံးလေ၊ ပါးရိုက်ရင် နားကိုက်တတ်တယ်နော်"

မမကြိုင် စကားဆုံးသောအခါ ကိုသက်အောင်က ပြန်လှန်ချေပသော အသံကို မကြားရဘဲ မမကြိုင်ကို တစ်စုံတစ်ခုဖြင့် ပေါက်လိုက်သလား၊ ရိုက်လိုက်သလား မသိချေ။





ကိုယ်ခန္ဓာပေါ်ကို ပစ္စည်းတစ်ခု ထိမှန်သံနှင့်အတူ .....

"အမယ်လေး....."

ဟု ခပ်အုပ်အုပ်ညည်းလိုက်သော မမကြိုင်အသံ လဲပြိုသွားသံကို ကြားလိုက်ရသည်။ ဒေါ်အုံသည် သူ့စိတ်ကို လျှင်မြန်စွာ ဆုံးဖြတ်ချက်ချကာ စပယ်တင်မှည့်စိမ်းရှင် ရွှေမင်းသားဟုတ်မဟုတ် သေချာသည့်ထက် သေချာအောင် ကိုသက်အောင် ဆိုသူကို ရင်ဆိုင်ရန် ကားရုံအပေါ်ထပ်သို့ လျှင်မြန်စွာတက်လာခဲ့၏။ ဒေါ်အုံ၏ မြင်ကွင်းတွင်ကား မမကြိုင်သည် တုံးတုံးလဲနေသည်။ ကိုသက်အောင်ဆိုသူက တုတ်ခိုင်သော ဒုတ်တစ်ချောင်းဖြင့် မမကြိုင်ကို ထပ်မံရိုက်နှက်မည့်ဆဲဆဲဖြစ်၏။

"ဟေ့ သက်အောင်.....ထွန်းမြင့်....."

မမကြိုင် ကိုယ်ပေါ်ကို နောက်ထပ် ဒုတ်ချက် မကျမီ ဒေါ်အုံက ကဗျာကသီ အသံပေးလိုက်၏။ ကိုသက်အောင်က ရိုက်မည့်ဆဲဆဲ လက်ကို အရှိန်သပ်ခါ အံ့အားသင့်ဟန်ဖြင့် လှည့်ကြည့်သည်။ ထိုသို့ လှည့်ကြည့်လိုက်သော မျက်နှာကား ငယ်ရုပ်ကို ကောင်းစွာ ဖမ်းနိုင်လောက်အောင်ပင် နုပျိုချောမောနေသေးသည့်အပြင် လက်ယာဘက် ပါးမို့မို့ပေါ်က ချစ်စဖွယ် စပယ်တင်မှည့်စိမ်းစိမ်းကလေးက ကြည်လင်စိုပြေစွာ ထင်ထင်ရှားရှားပင် ရှိနေသေးသည်ကို ဒေါ်အုံက ကောင်းစွာ မြင်နေရလေသည်။

သူ့နာမည် နှစ်မျိုးလုံးကို ခေါ်လိုက်သော ဒေါ်အုံအား ကိုသက်အောင် (ဝါ) ကိုထွန်းမြင့်။ သို့မဟုတ် မောင်မောင်ခွေ



www.burmeseclassic.com

www.burmeseclassic.com



က ဒေါ်အုံကို လုံးဝ မမှတ်မိချေ။ ရုပ်ဆင်းက မမှတ်မိနိုင်အောင် ပင် ပျက်စီးယိုယွင်း နေ၍တစ်ကြောင်း၊ သူဖျက်ဆီးလာခဲ့သော မိန်းမတွေကို ပြန်လည် သတိရခြင်း မရှိတော့၍တစ်ကြောင်း။

''ခင်ဗျားက ဘယ်သူလဲ၊ ဘာကိစ္စ ကျုပ်နာမည်ကို ခေါ်ရတာလဲ''

ဟု စိမ်းစိမ်းကားကားပင် မေးသည်။

''နင် တကယ်မမှတ်မိတော့ဘူးလား ထွန်းမြင့်ရဲ့ လူရောပစ္စည်းရော ဘဝတစ်ခုလုံး အဖတ်ဆည်မရအောင် စော်ကားဖျက်ဆီး အရှက်ခွဲပြီး စွန့်ပစ်ထားခဲ့တဲ့ ခင်စောအုံလေ— ခင်စောအုံ၊ မှတ်မိရဲ့လား၊ သတိရရဲ့လား''

နာကျည်းလှသော စိတ်ဖြင့် ဒေါ်အုံက အံ့ကြိတ်ပြီး ပြောသည်။ ကိုထွန်းမြင့်သည် နှစ်ပေါင်းများစွာ စုံးစုံးမြှုပ်နေ ရာမှ မမျှော်လင့် မတွေးထင်ဘဲ အသက်ရှင်လျက် သူ့အား နာကျည်းစွာ ပြောနေသော ဒေါ်အုံကို အလွန်အမင်း အံ့အား သင့်စွာ ကြည့်နေလေသည်။

''အော်.....ခင်စောအုံ၊ မင်း မသေသေးဘဲကိုး။ အခု ဘာကိစ္စလာတာလဲ''

သေသေချာချာကြည့်ပြီးမှ မှတ်မိသွားဟန်ဖြင့် အံ့အား သင့်သော အမူအရာပျောက်ခါ လေသံမာမာဖြင့် မေးလိုက်သည်။

''နင်ရှိမှန်းသိလို့လာတာ မဟုတ်ဘူး။ ငါ့ကိစ္စနဲ့ငါလာ တာ။ အခု နင့်ကို မမျှော်လင့်ဘဲတွေ့တော့.....''

ဒေါ်အုံက ပြောပြောဆိုဆို သူ့လက်ထဲ ကိုင်လာသော ပစ္စည်းတစ်ခုဖြင့် ကိုထွန်းမြင့် မျက်နှာကို လျှင်မြန်စွာပေါက် လိုက်



သည်။ ထိုပစ္စည်းကား လှေခါးဒေါင့်ချိုးအောက်တွင် သူ နိုဝင်နေရင်း လက်လှမ်းမှီရာ အဆင်သင့်တွေ့၍ ယူလာခဲ့သော သံချေးအထပ် ထပ် တက်နေပြီဖြစ်သည့် အစိတ်သားစီ အလေး တစ်လုံး ဖြစ်သည်။

အားရှိသမျှ ပစ်ပေါက်လိုက်သော အလေးအရှိန်က ကိုထွန်းမြင့်၏ နဖူးကို တည့်တည့်ကို ဝင်လာသည်။ မတွေးထင် မမျှော်လင့်သော လျှင်မြန်မှု ဖြစ်၍ ကိုထွန်းမြင့်က ရုတ်တရက် ရှောင်တိမ်းလိုက်ရသောကြောင့် ခြေလှမ်းပျက်ပြီး ဘေးသို့ ယိုင်ခါကိုယ်ဟန် အခြေပျက်သွားခိုက်မှာ မမျှော်လင့်သော အဖြစ်က ဖြစ်လိုက်လေသည်။ ထိုအဖြစ်ကား အရိုက်ခံရသည့်ဒဏ်ကြောင့် လဲနေခဲ့သော မမကြိုင်က ကိုထွန်းမြင့်နှင့် ဒေါ်အုံတို့ စကား ပြောနေခိုက်မှာ လဲရာကထပြီး အကွက်ကောင်းကို ချောင်းနေ ခဲ့သည်။ ဒေါ်အုံပစ်ပေါက်လိုက်သည့် အလေးဒဏ်ကြောင့် ကိုယ်ဟန်ယိုင်သွားသော ကိုထွန်းမြင့် ခြေထောက်နှစ်ချောင်းကို ကိုင်ဆွဲယူခါ ကိုထွန်းမြင့်ကို လှဲချလိုက်၏။ တချိန်တည်းလိုလို ခံလိုက်ရသော ဒဏ်များကြောင့် ကိုထွန်းမြင့် လဲသွားသည်။ ကျားနာလိုဖြစ်နေကြသော မမကြိုင်နှင့် ဒေါ်အုံက ဒေါသအရှိန် မထိန်းနိုင်ကြတော့ဘဲ နှစ်ယောက်သား အားပါးတရ ရိုက်နှက်ဦး မည်ဟု ဟန်ပြင်လိုက်၏။ သို့သော် သူတို့နှစ်ယောက် ရိုက်ရန် မလိုတော့ချေ။ လဲသွားသော ကိုထွန်းမြင့်၏ နောက်စေ့ တည့်တည့်ကား စားပွဲဒေါင့်စွန်းနှင့် အရှိန်ပြင်းစွာ ဆောင့်မိ လိုက်သည်ဖြစ်ရာ ကိုထွန်းမြင့်ခမျာမှာ မည်သည့်အခါမှ မထ တော့သော လဲခြင်းဖြင့် လဲနေရှာပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

''ဟော.....သူသေပါပြီကော ဒေါ်အုံ''

သူတို့နှစ်ယောက်ရှေ့မှာပင် နောက်စေ့ကွဲသည့် ဒဏ်ရာဖြင့် လျှင်မြန်စွာသေဆုံးသွားသော ကိုသက်အောင်၊ ဝါကိုထွန်းမြင့်ကို ကြည့်ရင်း မမကြိုင်က ဆို၏။

''စောစောကသေရင် ဒီ့လို အတဲ့ မိန်းမတွေ ဒုက္ခဖြစ်မှာမဟုတ်ဘူး။ အသေနောက်ကျတယ်''

ဒေါ်အုံက မည်သို့မျှ မထိခိုက်ဟန်ဖြင့်ဆို၏။ ဒေါ်အုံနှင့် မမကြိုင်ကား ကြားကြရသည့် စကားတွေအရ တစ်ယောက်ရာဇဝင် တစ်ယောက် သဘောပေါက်ကြပြီးဖြစ်၍ အထွေအထူးမေးမြန်းခြင်း မပြုကြတော့ချေ။

''စားပွဲစွန်းနဲ့ သူ့နောက်စေ့ ရိုက်မိလို့သေတာပဲ၊ ကျွန်မတို့ အမှုမပတ်ပါဘူး။ ဆရာဝန်က အမှန်အတိုင်း အစီရင်ခံပါလိမ့်မယ်၊ ရဲကိုအကြောင်းကြား နောက်ပြီး ကျော်ဆင့်ကို အကြောင်းအမှန် ပြောပြရအုံးမယ်''

မမကြိုင်က လည်ပတ်သူပီပီ ဥပဒေကို နားလည်သည်။ သူ့အပေါ်မှာ သွားလေသူ ကိုသက်အောင်က နိုင်လုံးကိုင်ထားသည်ဆိုသော အကြောင်းကား.....ကိုသက်အောင်တစ်ယောက်သာ သိသည်။ ယခု ကိုသက်အောင်က သေပြီဖြစ်၍ ထိုကိစ္စသည် မည်ကဲ့သို့သော အကြောင်းကိစ္စဟု မည်သူမှမသိနိုင်တော့သော အခြေအနေမှာ ရှိနေလေပြီ။

သို့သော် မမကြိုင်သည် သူတကိုယ်တည်း ရှိနေသည့် အလား အနားက ဒေါ်အုံကိုပင် ဂရုမစိုက်မိသည့်ဟန်ဖြင့် တကိုယ်တည်း တီးတိုး ရေရွတ်နေလေသည်။





''ငါ့ကို နိုင်လုံးရှိတယ် ရှိတယ်နဲ့ ကျိန်းပါအုံးလား လူယုတ်မာ၊ နင့်အကြံဉာဏ်ကို လိုက်ခဲ့ရလို့ ငါ့တစ်သက်မှာ မမေ့နိုင်အောင် စိတ်ချောက်ခြားခဲ့ရတယ်.....တောက်.....''

''စိတ်ကိုဖြေပါ မမကြိုင်''

ဒေါ်အုံက မမကြိုင်၏ တောက်ခေါက်သံသည် စိတ်မကောင်း၍ မချိတင်ကဲ ထွက်လာသော တောက်ခေါက်သံဟု ထင်သည်။ တီးတိုးပြောဆိုသော စကားကို စကားလုံးကွဲအောင် မကြားရ၍ ဘာမှန်းမသိချေ။

''ဒေါ်အုံက ကျွန်မစိတ်မကောင်းဖြစ်နေတယ် ထင်လို့လား.....''

မမကြိုင်က မေး၏။

''ဟုတ်ပါတယ်''

''အောင်မယ်လေး ဒေါ်အုံရယ်....ဝေးသေးတယ်၊ ကျွန်မတောက်ခေါက်တာ ဒင်းကြောင့် မလုပ်သင့်တဲ့ အလုပ်ကြီးတစ်ခုလုပ်ခဲ့မိတာ၊ သတိရတိုင်း စိတ်ထဲမှာ ချောက်ခြားနေတယ်၊ ဒင်းကြောင့်လေ ဒင်းကြောင့်.....''

''ဘယ်လိုဖြစ်တာလဲ မမကြိုင်''

ဒေါ်အုံကမေး၏။

''သူနဲ့ကျွန်မ အိမ်ထောင်ကျခါစကပေါ့။ သူ့ဦးလေးဆိုတဲ့လူတစ်ယောက် ရှိတယ်၊ အဲဒီလူက တော်တော်ချမ်းသာတာဘဲ၊ ဒါပေမယ့် ကျန်းမာရေးမကောင်းဘူး၊ သူ့ဦးလေးကို ပြုစုပါဆိုတော့ ကျွန်မကလဲ စေတနာကောင်းနဲ့ ပြုစုတာပါဘဲ၊ သူတိုက်ခိုင်းတဲ့ဆေး ကျွန်မက တိုက်တာပေါ့၊ သူ့ဆေးပုလင်းဆေး



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဆေးတိုက်ခိုင်းတာ လူမသိလူမမြင်ဘူး၊ ကျွန်မ ဆေးတိုက်နေရတာကသာ လူသိလူမြင်တယ်။ နောက်တော့ အဲဒီလူကြီးသေရော ပစ္စည်းတွေ အားလုံး သူရတယ်။ ဒီလူကြီးသေတာ မသင်္ကာဘူးရယ်လို့ ရဲဘက်ကစစ်တော့ ဒီလူကြီးက အဆိပ်မိတာလိုက ဆရာဝန်က အစီရင်ခံတယ်၊ အဆိပ်က သူတိုက်တဲ့ ဆေးထဲမှာပါတယ်တဲ့၊ ကျွန်မကို အမှုပတ်တာပေါ့၊ ဒါပေမဲ့ သူဘယ်လို ကြံစည်တယ်တော့ မသိဘူး၊ အမှုကတော့ ပြီးသွားပါရဲ့၊ ဒီလူကြီးကို ကျွန်မက အဆိပ်ခပ်သတ်တယ်၊ အဆိပ်ပါတဲ့ ဆေးပုလင်းရော ဖာလ်ခွက်ရော ကျွန်မလက်ဗွေရာရော သူသိမ်းထားတယ်ဆိုပြီး ကျွန်မကို ဖိညှစ်ထားကာပေါ့ ဒေါ်အုံး၊ ဒီလူကြီးသေတာလဲ ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မကို နိုင်လုံးရှိတယ်လို့ သူကျိန်းနေတာ အဲဒီကိစ္စဘဲ....."

"ဖြစ်ပြီးတာကတော့ ထားပါတော့လေ၊ အခဟာသာ သူ့ဘာသာ သူမတော်တဆလဲပြီး ဖြစ်တာပါလို့ ကျွန်မသက်သေခံပါမယ် မမကြိုင်"

"ဒါနဲ့ ဒေါ်အုံးက အခုရောက်လာတာ ဟိုကိစ္စ အောင်မြင်ခဲ့လို့လား....."

သူ ဆေးခပ်ခိုင်းသည့် ကိစ္စကို ရည်ရွယ်ပြီး မမကြိုင်က မေးလေသည်။

"ကျွန်မ မလုပ်သင့်ဘူးထင်လို့ မလုပ်တော့ဘူး ဆိုတာ မမကြိုင်ကို လာပြောတာပါ။ အိမ်အောက်မှာ ကျွန်မရောက်နေတာ ကြာပါပြီ၊ စကားပြောတာတွေ နားထောင်ရင်း စပါယ်တင်မှည့်စိမ်းကလေး ဆိုတဲ့ စကားပါလာတော့ ကျွန်မကို ဖျက်ဆီး





သွားတဲ့ လူယုတ်မာပဲလို့ တွေးမိနေခိုက် မမကြိုင် အရိုက်ခံရတာသိလို့ လက်လွှန်မခံရအောင် ပြေးတက်လာတာပါ....."

"အင်း.....ကျေးဇူးတင်တယ် ဒေါ်အုံး၊ ရှင်သာမလာရင် ကျွန်မ သူ့ကို ဘယ်လိုမှ မကာကွယ်နိုင်ဘူး၊ သေအောင် ရိုက်သတ်နေလဲ ခံရမှာဘဲ၊ ရာဇဝတ်မှုမကင်းတဲ့ ကျွန်မကိစ္စကြီးကလဲ ရှိနေတော့ သူ့ကို ကြောက်နေရတဲ့ ဘဝကတော့ ဝဋ်ကျွတ်ပါပြီလေ....."

မမကြိုင်က ပေါ့ပါးသော လေသံဖြင့် ပြော၏။

"ဆေးခပ်ခိုင်းတဲ့ကိစ္စ မေးပါရစေအုံး၊ သီသီနိုင်အမေဆီမှာ မမကြိုင်ပစ္စည်းရှိတာ အမှန်ပဲလား....."

"ဘာမှ မရှိဘူး၊ ဒါပေမဲ့ ဟိုတစ်ချိန်က စိတ်ညစ်စိတ်လေပြီး ဖဲချည်းနင်းရိုက်လာခဲ့တာ ဖဲရှုံးတော့ ငွေလိုတာပေါ့၊ အဲဒီတော့ ကျွန်မတူကလေးနဲ့ ဒီကလေးမလေး မေတ္တာရှိနေတာလဲသိထားတော့ ပစ္စည်းလိုချင်တာလဲတစ်ကြောင်း အခုတင်က ပြောသလို ဒင်းကို စိတ်နာလွန်းလို့ လက်စားချေတဲ့ နည်းမျိုးပေါ့၊ ဒင်းသမီးရော ပစ္စည်းရော တူကလေးလက်ထဲ ရောက်အောင်ကြံတာပါ၊ တူ သူတော်ကောင်းကလဲ ကျွန်မအကြံအစည် ရည်ရွယ်ချက်လဲ သေသေချာချာသိရော ကျွန်မကို အဆက်အသွယ်ဖြတ်ပြီး ဆင်းပြေးရော။ ဒေါ်အုံးကိစ္စ အောင်မြင်လာရင်လဲ တူကို ခေါ်လို့တော့မရဘူး၊ ဒင်းကိုပဲ ခေါ်သွားပြီး ဒင်းသမီးကို ဒင်းပြန်နိုးခိုင်းမယ် စိစဉ်တာပါ၊ အခုတော့လဲ ဒီစိတ်တွေ မရှိတော့ပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကျွန်မ ဆေးခပ်ချင်စိတ် ပေါက်လာအောင် မမကြိုင်က ပြောတယ်ဆိုပါတော့....."

"အင်း.....ဒီသဘောပေါ့ ဒေါ်အုံးရဲ့"

"ဒီကိစ္စ မအောင်မြင်တာ တော်သေးတာပေါ့ မမကြိုင်ရယ်....."

"ကဲ.....ရဲဌာနသွားဖို့ကိစ္စ ရှိသေးတယ် ဒေါ်အုံးရေ။ နှစ်ယောက်လုံး စကားအတိုင်အပေါက် ညီအောင် စီစဉ်ရအောင်....."

ကံတူအကျိုးပေး နှစ်ယောက်သည် ရဲဌာနမသွားမီ တိုင်ကြားရမည့်စကား၊ စစ်ဆေးမေးမြန်းသော် ထွက်ဆိုရမည့် စကားတွေကို နှစ်ယောက်သား တိုင်ပင် စီစဉ်လိုက်ကြ၏။

မမကြိုင်က ခြေထောက်ဆွဲပြီး လှဲချလိုက်၍ လဲသွားရသည်ကို ဒေါ်အုံးက ထိမ်ဝှက်ထားလိုက်သည့် နည်းတူ၊ ခြေထောက်ဆွဲလှဲချခွင့်ရအောင် ကိုယ်ဟန်ပျက်ပြီး ယိုင်သွားစေသော ဒေါ်အုံးပစ်ပေါက်လိုက်သည့်အလေးကို မမကြိုင်က ကောက်ယူ၍ အိမ်နှင့်ဝေးဝေး ချုံထူထပ်သည့်နေရာသို့ လွှင့်ပစ်လိုက်လေသည်။

"ဒေါ်အုံး ပေါက်လိုက်တဲ့ အလေးကလဲ သူ့နဖူး မမှန်ပါဘူး"

မမကြိုင်ကပြောသည်။ တကယ်မှာလည်း မထိမှန်ပေ။ ထို့ကြောင့် ရဲနှင့်ဆရာဝန်က စစ်ဆေးလျှင် စားပွဲစွန်းနှင့် နောက်စေ့ပြင်းထန်စွာ ရှိမှာ်မိသည့်ဒဏ်ရာ ကြမ်းပေါ်ကို ပက်လက်လဲကျသည်ဖြစ်ရာ၊ နောက်စေ့မှာ ပြင်းထန်သောဒဏ်ရာ၊ ဤဒဏ်ရာကို နှစ်ကြိမ်တိုင်တိုင် တပြိုင်တည်းခံစားသဖြင့် ယခုကဲ့သို့ လျင်မြန်စွာ သေဆုံးသွားခြင်းဖြစ်သည်။ ကံတူအကျိုးပေး မမကြိုင်နှင့် ဒေါ်အုံးတို့မှာ မည်သည့်နည်းမှ အပြစ်မရှိ၊ အမှု မပတ်နိုင်ပေ။







www.burmeseclassic.com

www.burmeseclassic.com

## ၁၇

"ဒေါ်လေးရေ့....ဒီနေ့ တနင်္ဂနွေနေ့နော်"

သီသီနိုင်က ပြောသည်ကို.....

"အဲဒါ ဘာဖြစ်လဲ မိသီ၊ ညည်းကိစ္စ တစ်ခုခုရှိပြီ ထင်တယ်"

ဟု ဒေါ်ခင်မော်က ထင်မြင်ချက်ပေး၏။ သီသီနိုင်က ရယ်သွမ်းကလေး သွေးပြီး.....

"ဟုတ်တယ် ဒေါ်လေး၊ ကိုကျော်ဆင့်က သူ့ပေါ် သံသယကင်းအောင် အကြောင်းမှန်ကို ရှင်းပြလိုတဲ့ အတွက် ဒေါ်လေးဆီ လာခွင့်ပေးပါလို့ ပြောတယ်လေ၊ ဒါနဲ့ သီသီကလဲ ခွင့်ပေးခဲ့တယ်"

ဟုပြော၏။





"ဘာကိုရှင်းပြချင်တာလဲကွယ့်"

"မသိဘူး ဒေါ်လေး။ သူ့ကိုယ်ရေးရာဇဝင်နဲ့ ပတ်သက် ပြီး ပွင့်ပွင့်လင်းလင်း မပြောဘဲနေတာ သဘောမကျလို့ သီသီလဲ ခါတိုင်းလို သွက်သွက်လက်လက် မခေါ်မပြောဘဲ ခပ်ကင်းကင်း နေခဲ့တယ်။ မနေ့ကမှ သူလာတောင်းပန်လို့ ဒေါ်လေး"

"အေးလေ.....သူပြောတာ ဘာတွေလဲဆိုတာ နားထောင်ရတာပေါ့"

"ဟို - သူ့အဒေါ် ယောက်ျား သေတဲ့ကိစ္စ၊ သူ့အဒေါ် နဲ့ဒေါ်အုံကို ရဲကစစ်ဆေးသေးတယ်တဲ့"

"ဒေါ်အုံက ဘယ်လို ပတ်သက်ပြီး အစစ်ခံလိုက် ရပါလိမ့်"

"အဲဒီအချိန်က ဒေါ်အုံ သူ့အဒေါ်အိမ်မှာ ရောက်နေ တဲ့ အခိုက်ဖြစ်တာလို့ ပြောတာဘဲ ဒေါ်လေး၊ လာတော့မှ သေသေချာချာ မေးကြည့်တာပေါ့"

တူအရီးနှစ်ယောက် စကားပြောနေခိုက်မှာ မောင်ကျော် ဆင့်က ရောက်လာသည်။ နေရာထိုင်ခင်းပေးပြီး တူအရီးနှစ် ယောက်က မောင်ကျော်ဆင့်ကို စတင် မေးမြန်းခြင်း မပြုဘဲ အကဲခပ်ကြည့်နေကြသည်။ မောင်ကျော်ဆင့်က စတင် စကားပြော၏။

"ဟိုအရင်တခါ ကျွန်တော် လာစဉ်က ကျွန်တော့် မျိုးရိုးဇာတိနဲ့ ပတ်သက်ပြီး ဒေါ်လေးတို့ မေးမြန်းတာကို ကျေနပ်အောင် အဖြေမပေးခဲ့တဲ့ အတွက် တောင်းပန်ပါတယ် ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



''အခုရော အဖြေပေးနိုင်ပြီလား''

ဒေါ်ခင်မော်က မေးသည်။

''ဟုတ်ကဲ့.....ကျွန်တော် အမှန်အတိုင်း ဝန်ခံပါမယ်။ ကျွန်တော့်အဒေါ်က ငယ်ငယ်ထဲက မိခင်ရင်းလို မွေးလာတော့ အဒေါ်ပြောတာတွေ ယုံခဲ့မိလို့ပါဘဲ။ ကျွန်တော်တို့ ပြည်မြို့ဇာတိမှန်ပါတယ်။ ကျွန်တော့် မိဘတွေက ကျောင်းဆရာ ဆရာမတွေပါဘဲ၊ ဦးဘမြင့်၊ ဒေါ်သင်းနွဲ့ပါ''

''ဪ.....ကိုဘမြင့်နဲ့ မသင်းနွဲ့ ငါသိတာပေါ့၊ ဒို့ကောလိပ်မှာ အတူတူနေခဲ့ကြတာဘဲ''

ဒေါ်ခင်မော်က ကျေနပ်စွာ ဆိုသည်။

''ကျွန်တော့်ကို မျက်နှာမမြင်ခင်မှာ ဖေဖေက ဆုံးသွားပါတယ်။ ကျွန်တော် မျက်နှာမြင်ပြီး မေမေကလဲ ဆုံးပါတယ်။ မေမေ့ညီမအရင်း ဒေါ်သင်းကြိုင်က ညီအမနှစ်ယောက်ပိုင် ပစ္စည်းရော၊ ကျွန်တော့်ကိုရော ထိန်းကျောင်းလာခဲ့ရာက ရုပ်ချောသလောက် စိတ်သဘောထားယုတ်တဲ့ ယောက်ျားနဲ့ အကြောင်းပါပြီး ပစ္စည်းတွေ အားလုံး ကုန်ခမ်းပြီး ကျွန်တော့်အဒေါ်ပါ စိတ်သဘောထား လေလွင့် ပေါ့ပျက်တဲ့ အဖြစ်ရောက်ခဲ့ရပါတယ်''

မောင်ကျော်ဆင့်က စကားကို ခေတ္တဖြတ်ထားပြီး စဉ်းစားနေသည်။ သူ့အဒေါ်ယောက်ျားသည် သီသီနိုင်၏ ဖခင်ဖြစ်ကြောင်း ပြောရကောင်းနိုး၊ ထိန်ချန်ရကောင်းနိုး စဉ်းစားနေသည်။ ပြောလိုက်လျှင် သီသီနိုင် အနေဖြင့် သိပြီးသည် ဖြစ်စေ၊ မသိရသေးသည်ဖြစ်စေ ရှက်သွားမည်ကို စိုးရိမ်သည်။ ထို့ကြောင့်





အဆင်ပြေသလိုသာ ပြောခြင်းသည် ကောင်းမည်ဟု တွေး၏။ သီသီတို့ တူအရီးကား မောင်ကျော်ဆင့် စကားဆက်မည်ကို စောင့်နေကြသည်။ မောင်ကျော်ဆင့်က စကားဆက်ပြော၏။

''အဒေါ် ဖဲရှုံးတော့ ပေါ့ပေါ့တန်တန် စိတ်ရှိသူပြီပြီ သီသီနဲ့ ကျွန်တော် မေတ္တာရှိတာကို အခွင့်ကောင်းယူပြီး ပစ္စည်းတွေချိုင်ဖို့ အကြံဉာဏ်ပေးတယ်။ ဒေါ်လေးတို့နဲ့ ကျွန်တော့်မိဘတွေနဲ့ ရန်ဘက်ဖြစ်ကြောင်း မိဘမျိုးရိုးဇာတိကိုမေးရင် ထိန်ဝှက်ထားဖို့ အကြောင်း တင်းတင်းကျပ်ကျပ် မှာတာနဲ့ ဟုတ်နိုးထင်ပြီး ကျွန်တော်အတိအကျ မပြောဘဲ ထိန်ဝှက်ထားခဲ့မိတာပါ ဒေါ်လေး.....''

မောင်ကျော်ဆင့်က အဆင်ပြေအောင် ပြောခြင်းဖြစ်သည်။ မမကြိုင် ပြောစကားကမူ သူ့ယောက်ျားသည် မောင်ကျော်ဆင့်အမေ ပစ္စည်းတွေရော၊ မမကြိုင် ပစ္စည်းတွေပါ မယားငယ်ဖြစ်သူ ဒေါ်ခင်သော်ကို ပုံပေးခဲ့ကြောင်း ပြောခဲ့သည်ကို ဟိုယခင်က မောင်ကျော်ဆင့် ယုံစားမိခဲ့၏။ အခုမှ ကိုသက်အောင် သေပြီး၍ မမကြိုင် စိတ်ပြောင်းခါ သီသီနိုင်တို့သားအမိမှာ ဘာအပြစ်မှမရှိဘဲ၊ ကိုသက်အောင်ကို စိတ်နာ၍သာ သူ့သမီးနှင့်ပစ္စည်းတွေ ရအောင် ကြံစည်ခိုင်းခဲ့ကြောင်း ဖွင့်ပြောသည့်အတွက် မောင်ကျော်ဆင့်မှာ အမှန်အတိုင်း သိရခြင်းဖြစ်သည်။

''အင်း.....မင်းအဒေါ် တကယ်လည်တဲ့ မိန်းမဘဲ။ ဆက်ပြောစမ်းပါအုံး''

ဒေါ်ခင်မော်က တိုက်တွန်း၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကျွန်တော် သူခိုင်းတဲ့အတိုင်း မလုပ်ချင်ဘူး။ သီသီကို ကျွန်တော် တကယ်ချစ်တာ သူက လူရော၊ ပစ္စည်းရော အပိုင်စီးခိုင်းတာ နားမထောင်ချင်တာနဲ့ အဒေါ်နဲ့ခွဲပြီး ကျွန်တော် တစ်ယောက်ထဲ သီးသန့်နေခဲ့တယ်။ ဒီလိုနေခဲ့တာကိုလဲ သီသီသိပြီးဖြစ်ပါတယ် ဒေါ်လေး"

"အေး....သီသီ ပြောပြတယ်...."

ဒေါ်ခင်မော်က ပြော၏။

"အခု သူ့ယောက်ျား ဆုံးတော့ သူလဲ တရားကျပြီး မဟုတ်တာတွေ ဘာမှမလုပ် မပြောတော့ပါဘူး။ အနှိပ်သည် ဒေါ်အုံနဲ့အတူ သီလရှင်ဝတ်ကြဖို့ စီစဉ်နေပါတယ် ဒေါ်လေး"

"အကျွတ်တရားရသွားတာ ကောင်းပါတယ်ကွယ်။ ဒါထက် မင်းအဒေါ်ယောက်ျား ဆုံးတဲ့ကိစ္စမှာ အနှိပ်သည် ဒေါ်အုံက ဘာကိစ္စဝင်ပြီး အစစ်အဆေး ခံနေရတာလဲကွဲ့"

ဒေါ်ခင်မော်က မေးသည်။

"ကျွန်တော့် အဒေါ် ယောက်ျားက လူလည်လူရှယ် အနှိပ်သည် ဒေါ်အုံကိုလဲ ပစ္စည်းရောလူရော အဖတ်ဆည် မရအောင် နှိပ်စက်လာခဲ့တယ်လို့ ပြောတယ်။ အဲဒီနေ့က အိမ်မှာသူတို့ဆုံပြီး စာရင်းရှင်းကြတယ်နဲ့ တူပါတယ် ဒေါ်လေးရယ်"

ဒေါ်ခင်မော်သည် ယခုမှ ကွင်းဆက်ကို တွေးမိ၏။ မမကြိုင်ကို လူရော၊ ပစ္စည်းရော ဖျက်ဆီးသူသည် သူ့အမ ဒေါ်ခင်သော်ကိုလည်း ငှင်းနည်းတူ ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် မမကြိုင် စိတ်ထဲတွင် သူပစ္စည်းတွေကို ဒေါ်ခင်သော်အား ဖို့ခဲ့





လေသလား ဟူသောအတွေး၊ သူ့ချစ်လင်ကို လုယူသူဟူသော အတွေးဖြင့် သီသီခိုင်နှင့်ပစ္စည်းကို အရ ချိုင်ခိုင်းခြင်းဖြင့် လက်တုံ့ပြန်သည့် သဘောမျိုး ပြုမူခြင်းဖြစ်ရမည်ဟု ယူဆသည်။ သို့သော် မမကြိုင်ကို ဒေါ်ခင်မော် စိတ်မဆိုးချေ။ လင်ကို ချစ်သောမိန်းမ မှန်လျှင် ဤအတိုင်းပင် ဖြစ်ကြလိမ့်မည်ဟု မျှတစွာတွေးပြီး ခွင့်လွှတ်၏။

"ဒါလောက် နှမချင်းမစာ သမီးချင်းမစာ ယုတ်မာတဲ့ လူ၊ သူ့မှာ သမီးတစ်ယောက်လောက်တော့ မွေးထားခဲ့ဖို့ ကောင်းတယ်။ ဒါမှ သမီးချင်းစာတတ်မှာ"

သီသီခိုင်က ပြော၏။ သူ့ဖခင်သည် သမီးချင်းမစာတတ်သော်ငြားလည်း သမီးကို ဖျက်ဆီးခံရမည့် အရေးကိုကား မခံမရပ်နိုင်အောင် နာတတ်သွားသည်ကို သီသီခိုင် မသိလိုက်ရှာချေ။ မောင်ကျော်ဆင့်က သီသီခိုင်ကို ကြင်နာစွာ ကြည့်သလို ဒေါ်ခင်မော်ကလည်း တူမလေးကို ကြင်နာစွာ ကြည့်သည်။

"မင်းမိဘ ဘယ်သူဘယ်ဝါ ဆိုတာ သိရတာ ငါ ကျေနပ်ပါတယ်။ မင်းတို့ကိစ္စ မင်းတို့ ကျေကျေလည်လည် တိုင်ပင်ကြအုံး"

ဒေါ်ခင်မော်က ပြောပြီး အလုပ်တစ်ခုကို ရမယ်ရှာ၍ ထမင်းစားခန်း ဝင်သွားသည်။

ညှိခန်းတွင် ကျန်ရစ်သော မောင်ကျော်ဆင့်နှင့် သီသီခိုင်တို့က သူတို့ ဘဝရှေ့ရေးအတွက်က ချောချောမောမောပင် ဖြစ်ဖို့ ရှိသည်ကိုတွေးမိ၍ ဘဝရှေ့ရေးအတွက် အထူးတလည်ပြောစရာ မလိုတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



သီသီနိုင် စိတ်ထဲမှာ အဒေါ်ဖြစ်သူ ဒေါ်ခင်မော်ကို ကျေးဇူးတင်နေမိသည်။ ဒေါ်ခင်မော်၏ စေ့စပ်သေချာစွာ တွေးတောစဉ်းစား၍ ဆိုဆုံးမသော စကားကို နာခံမိ၍သာလျှင် လက်ထပ်ရေးကိုလည်း အလျင်မလိုခဲ့ဘဲ မောင်ကျော်ဆင့်၏ ကိုယ်ရေးရာဇဝင်ကို စောင့်ကြည့်အကဲခပ်နေမိသောကြောင့်သာ အမှား မတွေ့ခဲ့ရခြင်း ဖြစ်သည်။ အကယ်၍သာ ဒေါ်ခင်မော် ဆုံးမစကား နားမထောင်၊ အိမ်ထောင်ပြုရေး၏ အတိမ်အနက်ကို မစဉ်းစားဘဲ မောင်ကျော်ဆင့် ပူဆာသည့် အချိန်ကသာ လိုက်လျောခွင့်ပြုခါ လက်ထပ်လိုက်မိပါက အဒေါ်ဖြစ်သ မမကြိုင်စကား နားဝင်နေသော လင်ယောကျ်ားအတွက် မည်မျှ စိတ်ဆင်းရဲရမည်ကို မတွေးဝံ့တော့ချေ။

ယခု အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဒေါ်ခင်မော် စကားနားထောင်ခဲ့မိသောကြောင့်သာ အချိန်အခါက ပြဿနာကို ရှင်းပေးခြင်းဖြင့် ပွင့်ပွင့်လင်းလင်း စိတ်သန့်ရှင်းဖွယ် ဖြစ်ရပေသည်ဟု သီသီနိုင်က တွေးမိလေ အဒေါ်ကို ကျေးဇူးတင်လေ ဖြစ်နေသည်။

''ငြိမ်လှချေလား သီသီရဲ့''

မောင်ကျော်ဆင့်က မေးသဖြင့် အတွေးလွန်နေသော သီသီနိုင်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြီးဖြေသည်။

''ဟိုတေးထပ်ကလေးကို သတိရလိုက်လို့ပါ ကိုကျော်ဆင့်ရယ်.....''

''ဘယ်တေးထပ်လဲ''

''တက္ကသိုလ် ဆရာတစ်ဦးက မှာဘူးသည့်နှုတ်ရည် ဆိုတဲ့ တေးထပ်လေ''

''အော်.....သီသီက အိမ်ထောင်ရေးမှာ အတော် စဉ်းစားခဲ့တယ် ထင်တယ်''

''စဉ်းစားရတာပေါ့ ကိုကျော်ဆင့်ရယ်''

ထိုအခိုက် သစ်ခေါင်ဆိုးရောင် ကိုယ်ရုံပခုံးတင်တွေကို သေသပ်စွာ ဝတ်ရုံထားသော သီလရှင်ကြီး နှစ်ပါးသည် ကြည်ညိုစဖွယ်ကောင်းသော ဣန္ဒြေဖြင့် အိမ်ရှေ့ ရောက်လာကြသည်။

''ဟော.....ဒေါ်ဒေါ်.....''

''ဟင်.....ဒေါ်ဒေါ်.....''

မောင်ကျော်ဆင့်နှင့် သီသီနိုင်တို့ ပြိုင်တူအသံပြုလိုက်မိကြသည်။ သီလရှင်ကြီးနှစ်ပါးကို အိမ်ထဲပင့်ဖိတ်ပြီး.....

''ဒေါ်လေးရေ သီလရှင်တွေ ကြွလာတယ်''

ဟု သီသီက အသံပြုလိုက်၏။ ဒေါ်ခင်မော်က ထွက်လာသည်။ သီလရှင်နှစ်ပါးကား ဒေါ်မမကြိုင်နှင့် ဒေါ်ခင်စောအုံတို့ ဖြစ်၏။

''ဆရာကြီးတို့ကို အခုလိုမြင်ရတော့ ရင်ထဲမှာအေးသွားပါတယ်.....''

သီလရှင်နှစ်ပါးအား နေရာထိုင်ခင်း ပေးပြီး ဒေါ်ခင်မော်ကပြောသည်။ ဒေါ်အုံကမူ ဘာမှမပြောဘဲ မျက်လွှာချခါ ဆိတ်ငြိမ်စွာ ထိုင်နေ၏။ ဒေါ်မမကြိုင်က ငြင်သာသော အသံဖြင့် ပြန်ပြောသည်။

''ကျုပ်တို့ မှားခဲ့တာတွေကို ဝန်ချ တောင်းပန်မိပါတယ်။





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒီတူကလေးကို ဒေါ်ခင်မော် လက်ထဲလာအပ်တာ ပါဘဲ။ ဒေါ်ခင်မော် လက်ခံမယ်လို့ မျှော်လင့်ပါတယ်''

''သူတို့လူငယ်တွေ စိတ်ချမ်းသာမှုကို လိုက်လျောသင့်သမျှ လိုက်လျောပါမယ်။ စိတ်အေးအေးနဲ့သာ တရားအားထုတ်ပါ ဆရာကြီး''

''ဝမ်းသာတယ်၊ ကျေးဇူးတင်တယ် ဒေါ်ခင်မော်၊ ကျုပ်အသက်ငယ်စဉ်က အိမ်ထောင်ရေးကို ပေါ့ပေါ့သာ တွေးခဲ့မိလို့ အခုလို စိတ်ဆင်းရဲမှု ကြုံခဲ့ရတာကို နောင်ခါမှရတဲ့ နောင်တက အချိန်နှောင်းခဲ့ပြီလေ၊ ကဲ.....ဒေါ်အုံကရော ဘာများ ပြောချင်သေးသလဲ.....''

ဆိတ်ငြိမ်နေသော ဒေါ်အုံကို ဒေါ်မကြိုင်က မေး၏။

''ဒေါ်ခင်မော်တို့ တူအရီးက အားလုံးသိပြီး ဖြစ်နေလို့ ဘာမှ ပြောစရာမရှိပါဘူး'' ဒေါ်အုံကဖြေသည်။

''ဆရာကြီးတို့ ဘယ်မှာ တရားအားထုတ်မလဲ''

ဒေါ်ခင်မော်က မေး၏။

''ကျုပ်တို့နှစ်ယောက်လုံး စစ်ကိုင်းတောင်ရိုးသွားကြတော့မယ်.....'' ဒေါ်အုံကဖြေသည်။

ဒေါ်ခင်မော်က သီလရှင်ကြီး နှစ်ပါးအား ခရီးစရိတ်အဖြစ်တပါးလျှင် ငွေတစ်ရာစီလှူလိုက်သည်။ သီလရှင်ကြီးနှစ်ပါးက သာဓုခေါ် မေတ္တာပို့ ဆုတောင်းပြီး အိမ်ထဲမှ တည်ငြိမ်သော ဣန္ဒြေဖြင့် ထွက်သွားကြလေသည်။





''အင်း.....တက္ကသိုလ်ဆရာတစ်ဦးက မှာဘူးသည့်နှုတ်ရည်၊ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး။ ဤသုံးခုချက်မပိုင်လျှင် နောင်ပြင်နိုင်ခဲသည့်အမျိုး'' ဆိုတဲ့ ပညာရှိတွေစာဟာ တကယ်မှန်ပါလားကွယ်၊ အိမ်ထောင်ရေးလွဲမှားခဲ့ရှာတဲ့ အမျိုးသမီးကြီးတွေရဲ့ ဘဝဖြစ်စဉ်ကဖြင့် မှတ်မှတ်သားသားကို မော်ကွန်းတင်ထိုက်ပါပေတယ်၊ လူငယ်တွေအဖို့ ဘယ်လောက် သတိတရားရစရာကောင်းလဲ ကလေးတို့''

ထွက်ခွာသွားသော သီလရှင်ကြီးနှစ်ပါးကို လှမ်းမျှော်ကြည့်ရင်း ဒေါ်ခင်မော်က ညည်းညည်းညူညူ ပြောသည်။

မောင်ကျော်ဆင့်သည် သူ့အဒေါ်ကို လှမ်းမျှော်ကန့်တော့ရင်း စိတ်ထဲမှာ ဝမ်းနည်းစိတ် ပေါ်လာသည်။ ဒေါ်ခင်မော်ကိုလည်း ကျေးဇူးထင်မိသည်။ ဒေါ်ခင်မော် မတားဆီး၍ သူတို့စဉ်းစားမှုမရှိဘဲ စောလျှင်စွာ လက်ထပ်ခဲ့လျှင် သူတို့အိမ်ထောင်ရေးလည်း စိတ်ဆင်းရဲမှုမှာ စုံးစုံးမြုပ်၍ ဒေါ်မကြိုင်လည်း ယခုလို သူတော်ကောင်း ဘဝ မရောက်ဘဲ ဆိုးယုတ်သော ဘဝမှာသာ နစ်မွန်းနေပေလိမ့်မည်ဟု တွေးခါ သူတို့အိမ်ထောင်ရေးကို အေးချမ်းသာယာအောင် အတတ်နိုင်ဆုံးကြိုးစားမည်ဟု စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်လေသည်။

ထိုသို့ ဆုံးဖြတ်ပြီး သီသီခိုင်ကို ကြည့်သည်။ သီသီခိုင်က သူ့ကိုပြန်ကြည့်သည်။ တစ်ယောက်မျက်နှာ တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး ပြုံးနေကြသော တူနှင့်တူမကို ဒေါ်ခင်မော်က မမြင်ဟန်ဆောင်၍ အိမ်အတွင်းခန်းသို့ လှည့်ဝင်သွားလေသည်။

မဝင်းမြင့်

ခင်ဦးဝင်း ၈၂၆၀

www.burmeseclassic.com